# မ၊ မာ၊ လု၊ ယော (အတ္တုပ္ပတ္တိ)

## ၁။ ခရစ်တော်၏ ကိုယ်ရေးရာဇဝင်မှတ်တမ်း ၄ ခု (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်)

၎င်းကိုရေးသူ တယောက်စီတိုင်း၏ ရေးသားချက်သည် တဦးနှင့်တဦးမတူ ကွဲပြားခြားနားကြ၏။

က၊ ရှင်မဿဲသည် သွန်သင်သူဆရာ အနေထားမှ ရေးသားခဲ့သည်။ ခရစ်တော်ကို ဘုရားအဖြစ်(မိလေနိလနှစ် ၁၀၀၀)၊ ခြင်္သေ့အဖြစ်(မိလေနိလနှစ် ၁၀၀၀ ၌ ခိုင်မာသောသံ)၊ ဥပမာပေး၍၎င်း ခရစ်တော်၏ ဩဝါဒများကို ရေးပေး၍ ရေးသားတင်ပြခဲ့သည်။ ယုဒ(ဣသရေလ)လူမျိုးများအတွက် ဦးတည်၍ ရေးသားခဲ့သည်။

ခ၊ ရှင်မာကုသည် ဘာသာရေးဟောပြောသူ ဆရာအနေထားမှ ရေးသားခဲ့သည်။ ခရစ်တော်ကို ဘုရားရှင်အစေခံတဦးကဲ့သို့၎င်း၊ နွားထီး(အစေခံ)အဖြစ်၎င်း ရေးသားတင်ပြခဲ့သည်။ အထူးသဖြင့် ခရစ်တော်၏ တန်ခိုးပြခြင်း၊ နိမိတ်လက္ခဏာများကို အရေးပေး၍၎င်း ရေးသားခဲ့သည်။ ရောမလူမျိုးများအတွက် ဦးတည်ရေးသားခဲ့သည်။

ဂ၊ ရှင်လုကာသည် ရာဇဝင်သမိုင်းဆရာ အနေအထားမှ ရေးသားခဲ့သည်။ ခရစ်တော်ကို အပြစ်ကင်းစင်သော လူသားတဦးအဖြစ်၎င်း၊ လူသားတဦးအဖြစ်၎င်း တင်ပြရေးသားခဲ့သည်။ အထူးသဖြင့် ခရစ်တော်၏ ဥပမာစကားများကို အလေးပေး ရေးသားခဲ့သည်။ ဂရိလူမျိုးများအတွက် ဦးတည်ရေးသားခဲ့သည်။

ဃ၊ ရှင်ယောဟန်သည် ဘာသာရေး အတွေးအခေါ်ပညာရှင် (သီအိုလော်ဂျီ)အနေထားမှ ရေးသားခဲ့သည်။ ခရစ်တော်ကို အနန္တတန်ခိုးရှင် ဘုရားသခင်အဖြင့်၎င်း၊ သိန်းငှက်(ရွှေလင်းတ / အမြင့်ပျံ – အလုံးစုံမြင်သော)အဖြစ်၎င်း၊ တင်ပြရေးသားခဲ့၍ ခရစ်တော်၏ သွန်သင်ကုသချက်(ဒီလမ်းလိုက်ပါ – ဒါကိုရမည်)များကို အထူးအရေးပေး၍ ရေးသားခဲ့သည်။ ကမ္ဘာ့သားများအတွက် ဦးတည်ရေးသားခဲ့သည်။

## ၂။ စကားချီးနိဒါန်း ၂ ခု

က၊ ရှင်လုကာ၏စကားချီး (လု ၁း၁–၄)

၁. ခရစ်တော်၏အကြောင်းကို များစွာသောသူတို့ ရေးသားမှတ်တမ်းတင်ပြီးကြောင်း (လု ၁း၂)

၂. မိမိ(လုကာ)သည်လည်း အထက်ပါလူများကဲ့သို့ပင် ရေးသားသူတဦးဖြစ်ပါကြောင်း

၃. မိမိသည် ဤခရစ်ဝင်ကျမ်းကို မိတ်ဆွေကြီးသော်ဖိလုသို့ သိစေရန် အကြံဖြင့် ရေးသားလိုက်ပါကြောင်း (လု ၁း၄၊ တ ၁း၁)

ခ၊ ရှင်ယောဟန်၏စကားချီး (ယော ၁း၁–၅)

၁. ယေရှုခရစ်တော်သည် အတိတ်ကာလကတည်းက ခမည်းတော်ဘုရားနှင့်အတူ ရှိနေသူဖြစ်ကြောင်း

၂. ယေရှုခရစ်တော်သည် အရာအားလုံးကို ဖန်ဆင်းသူဖြစ်ကြောင်း

၃. ယေရှုခရစ်တော်သည် အလင်းနှင့် လူသားများကို အသက်ရစေခဲ့သူ ဖြစ်ခဲ့ကြောင်း

၄. ယေရှုခရစ်တော်သည် အမှောင်ထုအတွင်းသို့ ငြိမ်းသတ်၍မရနိုင်သောအလင်းရောင် ပေးသူဖြစ်ကြောင်း

## ၃။ မျိုးရိုးဆင်းသက်မှု ၂ မျိုး

က၊ ရှင်မဿဲရေးသောမျိုးရိုး (မ ၁း၁–၁၇)

၁. ရှင်မဿဲ၏ ခရစ်တော်မျိုးရိုး၌ နံမည် ၄၁ ခုကို ဖော်ပြခဲ့မှုတွင် တာမာ၊ ရာခပ်၊ ရုသနှင့် ဗာသရှေဗ အမည်ရှိ အမျိုးသမီး ၄ ဦး ပါခဲ့သည်။

၂. ရှင်မဿဲသည် ခရစ်တော်၏ မျိုးရိုးမှတ်တမ်းကို အာဗြဟံမှ အစပြု၍ ယောသပ်(မာရိခင်ပွန်း)မှ အဆင့်ဆင့်ဖော်ပြမှုမှ စတင်ခဲ့သည်။

၃. ယောသပ်(မာရိခင်ပွန်း)၏ မျိုးရိုးဆက်ကို ယူခဲ့သည်။

၄. ဒါဝိဒ်နှင့်သား ရှောလမုန် မျိုးရိုးမှ အဆင့်ဆင့် ဖော်ပြခဲ့သည်။

ခ၊ ရှင်လုကာရေးသားခဲ့သော မျိုးရိုး (လု ၃း၂၃–၃၈)

၁. ရှင်လုကာက ခရစ်တော်၏မျိုးရိုးကို ဖော်ပြရာတွင် အမည် ၄၇ ခု ပါဝင်ခဲ့သည်။

၂. ရှင်လုကာသည် ခရစ်တော်၏ မျိုးရိုးမှတ်တမ်းကို ယောသပ်(မာရိခင်ပွန်း)မျိုးရိုးစဉ်ဆက် နောက်သို့ပြန်ကာ အာဒံအထိ အဆင့်ဆင့်ဖော်ပြမှုဖြင့် စတင်ခဲ့သည်။

၃. ဒါဝိဒ်၏သား နာသန်မျိုးရိုးမှ အဆင့်ဆင့် ဖော်ပြခဲ့သည်။

၄. လုကာသည် မယ်တော်မာရိမျိုးရိုးဆက်ကို ယူခဲ့သည်။

## ၄။ ကြိုတင် အသိပေးကြေညာချက် (၃) ရပ်

က၊ ဇာခရိသို့ ခရစ်တော်၏ရှေ့ပြေး ဗတ္တိဇံဆရာယောဟန် မွေးဖွားမည့်အကြောင်း ထုတ်ဖော်ကြေညာခြင်း (လု ၁း၅–၂၅)

၁. ကြေညာချက် (၁း၇)၊ ကောင်းကင်တမန်ဂါဗြေလသည် ဗိမာန်တော်၌ ယဇ်ပူဇော်နေသော ယဇ်ပုရောဟိတ်ဇာခရိသို့ ထင်ရှားပြ၍ အချက်(၆)ချက်ပါ ကြေညာချက်ကို ကြေညာခဲ့သည်။

- က– သူနှင့်ဇနီး ဧလိရှဗက်သည် သားယောကျ်ားတဦး ရရှိလိမ့်မည်။(၁း၁၃)
- ခ– ထိုသားအမည်ကို ယောဟန်ဟု မှည့်ရမည်။(၁း၁၃)
- ဂ– ထိုသူသည် ဝိညာဉ်တော်နှင့်ပြည့်ဝ၍ နာဇရိလူဖြစ်လိမ့်မည်။(၁း၁၅)
- ဃ– သူသည် ဘုရားအမှုတော်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်။(၁း၁၆)
- င– သူသည် မေရှိယ(ခရစ်တော်)ကြွလာခြင်းအတွက် ပြင်ဆင်သူဖြစ်လိမ့်မည်။(၁း၁၇)
- စ– သူ့ အကျင့်အကြံ အပြုအမူများမှာ ဧလိယကဲ့သို့ ဖြစ်လိမ့်မည်။(၁း၁၇)

၂. သံသယဖြစ်ခြင်း (၁း၁၈)၊ ဇာခရိနှင့် သူ့ဇနီးတို့သည် လူအို အသက်ကြီးရင့်ကြပြီ ဖြစ်၍ ကောင်းကင်တမန်၏ မိန့်ကြားချက်များကို ဇာခရိသည် သံသယဖြစ်ခဲ့၏။

၃. အ အ ဖြစ်ခြင်း (၁း၁၉–၂၀)၊ ကောင်းကင်တမန်သည် ယဇ်ပုရောဟိတ်ဇာခရိကို အပြစ်တင်၍ သားယောဟန် မမွေးမီတိုင်အောင် သင် အ အ ဖြစ်လိမ့်မည်ဟု ပြောဆို၏။

၄. စောင့်ဆိုင်းနေကြခြင်း (၁း၂၁–၂၂)၊ အချိန်တန်၍ ယဇ်ပုရောဟိတ် ဗိမာန်တော်အတွင်းမှ ပြန်မထွက်လာသဖြင့် လူအပေါင်းတို့ စောင့်မျှော်နေကြရာ ဇာခရိ ပြန်ထွက်လာသော်လည်း အ အ ဖြစ်သွားသောကြောင့် ခြေဟန်လက်ဟန်ဖြင့်သာ စကားပြောရသည်။

၅. ဝတ်ပြုကိုးကွယ်ခြင်း (၁း၂၃–၂၅)၊ မကြာမီတွင် ဇာခရိ၏ဇနီး ဧလိရှဗက်သည် ပဋိသန္ဓေရှိ၍ ၅ လ လတိုင်အောင် အိမ်တွင်းအောင်း၍ ဘုရားရှင်ကို ချီးမွမ်းဆုတောင်းလျက် နေ၏။

ခ၊ မယ်တော်မာရိသို့၊ ခရစ်တော်မွေးဖွားမည့်အကြောင်း ထုတ်ဖော်ကြေညာခြင်း (၁း၃၆–၃၈)

၁. သူမွေးဖွားမည့်အကြောင်း (၁း၃၁)၊ ကောင်းကင်တမန်ဂါဗြေလသည် မယ်တော်မာရိထံသို့သွား၍ ဘုရားရှင်သည် သူ၏သားတော် ယေရှုခရစ်မွေးဖွားရန် မယ်တော်မာရိကို ရွေးချယ်ထားကြောင်း အသိပေး ကြေညာသည်။

၂. သူမွေးဖွားခြင်း၏ အခြေခံနည်းလမ်း (၁း၃၅) – *ကောင်းကင်တမန်ကလည်း သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍ အမြင့်ဆုံးသောဘုရား၏ တန်ခိုးအာနုဘော်တော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်* –

၃. သူမွေးဖွားခြင်း၏ ရည်ရွယ်ချက် (၁း၃၂–၃၃) – *အမြင့်ဆုံးသောဘုရား၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင် ဘုရားသခင်သည် သူ့အား ပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏* –

၄. သူမွေးဖွားခြင်းကို ရိုကျိုး နာခံ သဘောတူခြင်း (၁း၃၈) – *မာရိ က အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏စကားအတိုင်း အကျွန်ုပ်၌ ဖြစ်ပါစေသောဟု ဝန်ခံပြီး* –

ဂ၊ ယောသပ်သို့ မယ်တော်မာရိ သန့်ရှင်းစင်ကြယ်ကြောင်း ထုတ်ဖော်ကြေညာချက် (မ ၁း၁၈–၂၅)

၁. ယောသပ်၏သံသယများ (၁း၁၈–၁၉)၊ မာရိ၏ ပဋိသန္ဓေကိစ္စကို ယောသပ် ကြားသိခဲ့ရသည်။

– *ယောသပ်သည် သူတော်ကောင်းဖြစ်၍ မာရိအသရေကို မပျက်စေခြင်းသောကြောင့် တိတ်ဆိတ်စွာစွန့်ပယ်မည်ဟု အကြံရှိသည် – (မ ၁း၁၉)*

၂. ကောင်းကင်တမန် ဖျောင်းဖြခြင်း (၁း၂၀)၊ ထိုအတောအတွင်း တည်၌ ကောင်းကင်တမန်သည် ယောသပ်အား အိမ်မက်အားဖြင့် ခရစ်တော်မွေးဖွားရမည့် မာရိသည် အပျိုစင်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

၃. ကလေး၏ဘွဲ့အမည် (၁း၂၁–၂၃)၊ ကောင်းကင်တမန်ကလည်း မွေးလာမည့် သားယောကျ်ားလေးသည် ဧမာနွေလ ဘွဲ့တွင်စေမည်ဟု ပြောခဲ့သည်။ ဧမာနွေလ အဓိပ္ပါယ်ကား *"ငါတို့နှင့်အတူရှိသော ဘုရား"* ဖြစ်သည်။

## ၅။ ဂုဏ်တော်ချီးမွန်းသော သီချင်း (၃) ပုဒ်

က၊ ဧလိရှဗက်မှ မာရိကို ချီးမွန်းခြင်း (လု ၁း၃၉–၄၅)

၁. မာရိ၏ ကြိုဆိုနှုတ်ဆက်မှုအပေါ် ဧလိရှဗက်၏ ဝမ်း၌ရှိသော သူငယ်သည် ခုန်၍ မြူးလျက်ရှိပြီး သူမကိုယ်တိုင်လည်း သန့်ရှင်းသောဝိညာဉ်ဖြင့် ပြည့်ဝလျက်ရှိသည်။
၂. ဧလိရှဗက်မှ မာရိကို ကောင်းကြီးပေးသည်။

ခ၊ မယ်တော်မာရိမှ ဘုရားရှင်သို့ချီးမွမ်းခြင်း (လု ၁း၄၆–၅၆)၊ ဤအပိုဒ်၌ မာရိသည် ဓမ္မဟောင်းကျမ်းမှ ဂုဏ်တော်ချီးမွမ်းခြင်းကျမ်းပိုဒ် ၁၅ ပိုဒ်ကို အသုံးချ၍ ဘုရားရှင်ကို ချီးမွမ်းခဲ့သည်။
၁. ဘုရားရှင်၏ ကျေးဇူးတော် (၁း၄၆–၄၈)
၂. ဘုရား၏ တန်ခိုးတော် (၁း၄၉၊ ၅၁–၅၂)
၃. ဘုရား၏ ဂရုဏာတော် (၁း၅၀)
၄. ဘုရား၏ သန့်ရှင်းခြင်း (၁း၄၉)
၅. ဘုရား၏ ကောင်းမြတ်ခြင်း (၁း၅၃)
၆. ဘုရား၏ သစ္စာကတိရှိခြင်း (၁း၅၄–၅၆)

ဂ၊ ဇာခရိမှ ဘုရားရှင်ကိုချီးမွမ်းခြင်း (လု ၁း၆၇–၇၉)၊ ဇာခရိသည် သားယောဟန် အရေဖျားခံသောနေ့၌ အ အ အဖြစ်မှ စကားပြောနိုင်ခဲ့သည်။
၁. သူမှ ဘုရားအပေါ် ဂုဏ်တော်ချီးမွမ်းခြင်း (၁း၆၈–၇၅)
က– ဘုရားရှင် ဒါဝိဒ်အပေါ်ထားခဲ့သော ပဋိညာဉ်အတွက် ကျေးဇူးတင်သည်။(၁း၆၈–၇၅)
ခ– ဘုရားရှင်က အာဗြဟံအပေါ်ထားခဲ့သော ပဋိညာဉ်အတွက် ကျေးဇူးတင်သည်။(၁း၇၃)
၂. သူ၏ ပရောဖက်ပြုချက်များ (၁း၇၆–၈၀)
က– ယောဟန်သည် ခရစ်တော်အတွက် ရှေ့ပြေး လမ်းခရီး ပြင်ဆင်သူ ဖြစ်မည်။
ခ– ယောဟန်သည် လူများကို ကယ်တင်ခြင်းတရားအတွက် အသိဉာဏ်ပေးလိမ့်မည်။
ဂ– သူသည် နောင်တ တရားကို ဟောပြောလိမ့်မည်။

## <u>အပိုင်း (၁)၊ ခရစ်တော်၏ အတ္တုပ္ပတ္တိ</u>

### ၁။ ခရစ်တော်ဖွားတော်မူခြင်း ( လု ၂း၁–၂၀ )
က၊ ခရစ်တော်သည် ဘုရင်မျိုးဖြစ်သည်။(၂း၁–၆)
ခ၊ ခရစ်တော်သည် သိုးသငယ်ကဲ့သို့ ဖြစ်ရမည်။(၂း၇)
ဂ၊ ကောင်းကင်တမန်များ (၂း၈–၁၄)
၁. ကြေညာကြခြင်း (၂း၁၀–၁၂)
၂. ဂုဏ်တော်ချီးမွမ်းကြခြင်း
ဃ၊ သိုးထိန်းများ
၁. ကိုးကွယ်ကြခြင်း (၂း၁၅–၁၆)
၂. သက်သေခံကြခြင်း (၂း၁၇–၁၈၊ ၂၀)
င၊ မိခင် (၂း၁၉)

### ၂။ ခရစ်တော်၏ အရေဖျားလှီးမင်္ဂလာခံခြင်း ( လု ၂း၂၁ )

### ၃။ ခရစ်တော်၏ ခေါ်ဝေါ်သမုတ်ခံရမှု ( ၂း၂၂–၃၈ )
က၊ ရှိမောင်၏ ကြေညာချက် (၂း၂၅–၃၅)
ခ၊ အန္န၏ ကြေညာချက် (၂း၃၈)

### ၄။ ပညာရှိများ လာရောက်ဖူးမျှော်ကြခြင်း ( မ ၂း၁–၁၂ )
က၊ ရောက်လာကြခြင်း (၂း၁)
ခ၊ မေးမြန်းစုံစမ်းကြခြင်း (၂း၂၊ ၅)
ဂ၊ ကိုးကွယ်ဖူးမျှော်ကြခြင်း (၂း၁၁)
ဃ၊ တိမ်းရှောင်ကြခြင်း (၂း၁၂)

၅။ အီဂျစ်ပြည်သို့ ပြေးရခြင်း ( မ ၂း၁၃–၂၀ )
က၊ ထွက်ပြေးရခြင်း၏ အကြောင်းအရင်း – ဟေရုဒ်ဘုရင်၏ အမျက်ဒေါသ (၂း၁၃–၁၈)
ခ၊ ထွက်ပြေးရမှု ပြီးဆုံးချိန် – ဟေရုဒ်ဘုရင် သေလွန်ချိန် (၂း၁၉–၂၀)

၆။ ခရစ်တော်၏ နာဇရက်မြို့တွင်နေချိန် အစပိုင်းများ ( မ ၂း၂၁–၂၃ )
( လု ၂း၄၀၊ ၅၂ )

၇။ ခရစ်တော်၏ အသက် ၁၂ နှစ်အရွယ် ဗိမာန်တော်သို့ အလည်အပတ်ခရီး
( လု ၂း၄၁–၅၁ )

၈။ ဗတ္တိဇံဆရာယောဟန်၏ လုပ်ကိုင်ဆောင်ရွက်မှုများ ( မ ၃း၁–၁၂၊ မာ ၁း၁–၈၊
လု ၁း၈၀၊ ၃း၁–၁၈၊ ယော ၁း၆–၃၄ )
သူ၏အောင်မြင်မှု အတိုင်းအတာ – ယောဟန်သည် နာဇရိလူအဖြစ်နှင့် တရားဟောခဲ့သည်။
က၊ သူ၏ရည်ရွယ်ချက်။ ။မှန်ကန်သော အလင်းစစ်မှန်ကို ရရှိကြရန် (ယော ၁း၆–၁၄)
ခ၊ သူ့အဝတ်အစားနှင့် အစားအသောက်။ ။သူသည် ကုလားအုပ်မွေးသရေဖြင့်လုပ်သော အင်္ကျီကိုဝတ်၍ ကျိုင်းကောင်နှင့် တောပျားရည်ကိုသာ စားသည်။(မ ၃း၄၊ ၁၁း၇–၈)
ဂ၊ သူ၏ဟောကြားချက်
၁. တည်ရန်။ ။နီးကပ်လာပြီဖြစ်သော ကောင်းကင်နိုင်ငံအတွက် နောင်တတရားကိုဟောသည်။ (မ ၃း၂)
၂. ဘုရားရှင်၏ လမ်းခရီးအတွက် အသင့်ပြင်ဆင်သည်။(လု ၃း၄–၆)
၃. နောင်တရခြင်း၏ သက်သေ အမှတ်အသားအဖြစ် ယောဒန်မြစ်တွင် နှစ်ခြင်းပေးသည်။ (မ ၃း၅–၁၀)
၄. ဘုရားရှင်၏ဂရုဏာတော်နှင့် အမျက်တော်ကို ခွဲခြားရွေးယူကြရန် တရားဟောသည်။ (မ ၃း၁၁–၁၂)
ဃ၊ သူ၏ သက်သေခံချက်
၁. မေရှိ(ခရစ်တော်)အပေါ် သက်သေခံချက်
က– ခရစ်တော်သည် မောရှေ၏ ပညတ်တရားဝန်အောက်မှ ဘုရားရှင်၏ ကျေးဇူးတရားနှင့် သစ္စာတရားကို ဖြစ်ပေါ်စေသူ ဖြစ်သည်။(ယော ၁း၁၆–၁၇)
ခ– ခရစ်တော်သည် ဘုရားသခင်၏ သဏ္ဌာန်တော်ကို ပြသထင်ရှားသူ ဖြစ်သည်။(၁း၁၈)
ဂ– ခရစ်တော်သည် ဘုရားရှင်ဝိညာဉ်တော်၏ ဘိသိက်သွန်းခြင်းကို ခံရသူဖြစ်သည်။(၃း၃၄)
ဃ– ခရစ်တော်သည် ဘုရားရှင်၏ ချစ်မြတ်နိုးသော သားတော်ဖြစ်သည်။(၃း၃၅)
၂. မိမိအပေါ် သက်သေခံချက်
က– မိမိသည် ခရစ်တော်မဟုတ်။(ယော ၁း၂၀၊ ၃း၂၈)
ခ– မိမိသည် ဧလိယမဟုတ်။(၁း၂၁)
ဂ– မိမိသည် မောရှေပြောခဲ့သော ပရောဖက်မဟုတ်။(၁း၂၁)
ဃ– မိမိသည် တောထဲ၌အော်သောအသံ ဖြစ်သည်။(၁း၂၃)
င– မိမိသည် အရံသတို့သား ဖြစ်သည်။(၃း၂၉)
စ– မိမိသည် ဂုဏ်သရေမရှိသူ ဖြစ်သည်။(၁း၂၇၊ ၃း၃၀)

၉။ ခရစ်တော် ဗတ္တိဇံခံခြင်း ( မ ၃း၁၃–၁၇၊ မာ ၁း၉–၁၁၊ လု ၃း၂၁–၂၂၊
ယော ၁း၃၂၊ ၃၃ )
က၊ ခရစ်တော်နှင့်ယောဟန် – မငြင်းဆန် သဘောတူခြင်း (မ ၃း၁၃–၁၅)

ခ၊ ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော် – ဘိသိက်သွန်းခြင်း (၃း၁၆)
ဂ၊ ခရစ်တော်နှင့် ခမည်းတော်ဘုရား – ထောက်ခံသဘောတူခြင်း (၃း၁၇)

## ၁၀။ ခရစ်တော် စုံစမ်းနှောက်ယှက်ခံရခြင်း ( မ ၄း၁–၁၁၊ မာ ၁း၁၂၊ ၁၃၊ လု ၄း၁–၁၃ )

က၊ ပထမအကြိမ်
၁. နှောက်ယှက်ခံရခြင်း (မ ၄း၃)
၂. ကျော်လွှားအောင်မြင်ခြင်း (၄း၄)
ခ၊ ဒုတိယအကြိမ်
၁. နှောက်ယှက်ခံရခြင်း (၄း၅–၆)
၂. ကျော်လွှားအောင်မြင်ခြင်း (၄း၇)
ဂ၊ တတိယအကြိမ်
၁. နှောက်ယှက်ခံရခြင်း (၄း၈–၉)
၂. ကျော်လွှားအောင်မြင်ခြင်း (၄း၁၀၊ ၁၁၊ လု ၄း၁၃)

## ၁၁။ ခရစ်တော်သည် ဘုရားရှင်၏ သိုးသငယ်ကဲ့သို့ ဖြစ်သည် ( ယော ၁း၂၉ )

## ၁၂။ ပထမအကြိမ် ဗိမာန်တော်ကို သန့်စင် ရှင်းလင်းခြင်း ( ယော၂း၁၃–၂၅ )

 က၊ ဈေးရောင်းသူများကို သူ့အဖ ဗိဗာန်တော်မှ နှင်ထုတ်ရှင်းလင်းသည်။(၂း၁၃–၁၇)
ခ၊ မိမိကိုယ်ခန္ဓာတည်းဟူသော ဗိမာန်တော် ရှင်ပြန်ထမြောက်မည်ကို ကြိုတင်နိမိတ်ဖတ် ဟောသည်။ (၂း၁၈–၂၁)
၁. ယုဒ(ဂျူး)ခေါင်းဆောင်များ အနက်အဓိပ္ပါယ် နားမလည်ကြ (၂း၁၈–၂၁)
၂. ယုဒခေါင်းဆောင်များ၏ ပရိယာယ် (၂း၂၃–၂၅)

## ၁၃။ နိကောဒင် နောင်တရ ပြောင်းလဲလာခြင်း ( ယော ၃း၁–၂၁ )

က၊ အသစ်မွေးဖွားရန် လိုအပ်သည်။(၃း၃)
၁. အဘယ်ကြောင့်ဆိုသော် လူသား မတတ်နိုင်သောကြောင့် ဖြစ်သည်။(၃း၅)
၂. အဘယ်ကြောင့်ဆိုသော် လူသားသည် မကောင်းမှုလုပ်သောကြောင့် ဖြစ်သည်။(၃း၁၉)
ခ၊ အသစ်မွေးဖွားခြင်းကိစ္စကို သဘောမပေါက်ဖြစ်ခြင်း (၃း၄)
၁. သူ့အဆင့်အတန်းကြောင့် သူ့ကို သဘောမပေါက်ခြင်း ဖြစ်စေနိုင်သည်။(၃း၁)
၂. သူ့ဘာသာရေးကြောင့် သူ့ကို သဘောမပေါက်ခြင်း ဖြစ်စေနိုင်သည်။(၃း၁၀)
ဂ၊ အသစ်မွေးဖွားခြင်းကိစ္စကို ဥပမာပေးရှင်းလင်းခြင်း
၁. ရုပ်ပိုင်းဆိုင်ရာ အကိုးအကားဖြင့် ရှင်းလင်းခြင်း (၃း၆)
၂. သဘာဝအကိုးအကားဖြင့် ရှင်းလင်းခြင်း (၃း၈)
၃. ဓမ္မဟောင်းကျမ်း အကိုးအကားဖြင့် ရှင်းလင်းခြင်း (၃း၁၄)
ဃ၊ အသစ်မွေးဖွားခြင်း၏ အဓိပ္ပါယ်များ
၁. ခမည်းတော်ဘုရား၏ အစပြုခြင်းမှ စတင်ခြင်းဖြစ်သည်။(၃း၁၆)
၂. သားတော်ဘုရား၏ စွန့်လွှတ် ဝယ်ယူမှုကြောင့် ဖြစ်သည်။(၃း၁၄)
၃. သန့်ရှင်းသောဝိညာဉ်တော်၏ အပြီးသတ်ဆောင်ရွက်မှုကြောင့် ဖြစ်သည်။(၃း၃–၈)
၄. ယုံကြည်လက်ခံခြင်းကြောင့် ဖြစ်သည်။(၃း၁၅)

## ၁၄။ ရှမာရိအမျိုးသမီး နောင်တရ ပြောင်းလဲလာခြင်း ( ယော ၄း၁–၄၂ )

က၊ အမျိုးသမီး (၄း၅–၂၆)
၁. ခရစ်တော်မှ ရေတွင်းရေနှင့် အသက်ရေကို ခွဲခြားရှင်းပြခြင်း
က– ခရစ်တော်၏ ဗျာဒိတ် (၄း၁၀၊ ၁၃–၁၄)
ခ– အမျိုးသမီး၏ တုံ့ပြန်မှု
(၁) မောက်မာမှု (၄း၉)
(၂) စိတ်ဝင်စားမှု (၄း၁၅)

(၃) ထိုးထွင်းသိမြင်မှု (၄း၁၆–၁၉)
၂. ခရစ်တော်က မှန်ကန်စွာ ဝတ်ပြုကိုးကွယ်မှု နည်းစနစ်ကို ရှင်းလင်းသင်ပြခြင်း
က– မကွဲပြားဘဲ လုံးထွေးနေခြင်း (၄း၂၀)
ခ– အမှန်သို့ ပြုပြင်ပေးခြင်း (၄း၂၃–၂၄)
ဂ– ကောက်ချက်ချခြင်း (၄း၂၅–၂၆)
ခ၊ တပည့်တော်များ (၄း၂၇–၃၈)
၁. စစ်မှန်သော အစားအစာ (၄း၃၁–၃၄)
၂. စစ်မှန်သော လယ်ကွင်းများ (၄း၃၅)
ဂ၊ ပြည်သူလူထုများ (၄း၃၉–၄၂)
၁. သက်သေခံသူ အမျိုးသမီးကြောင့် လူအများ ယုံကြည်ကြသည်။(၄း၃၉)
၂. ခရစ်တော်ဟောပြောမှုကြောင့် လူအများ ယုံကြည်ကြသည်။(၄း၄၁)

## ၁၅။ အမှုတော်ဆောင် တပည့်တော် (၁၂) ဦးကို ရွေးချယ်ခြင်း ( မ ၁၀း၁–၄၊ မာ ၃း၁၃–၁၉၊ လု ၆း၁၂–၁၆ )

ခရစ်တော်သည် ဤတပည့်တော်(၁၂)ဦးကို မရွေးချယ်မီက ဤတပည့်တော်(၁၂)ဦးထဲမှ အချို့နှင့် အနည်းဆုံး ၄ ကြိမ်ခန့် တွေ့ဆုံခဲ့ပြီးပြီဖြစ်သည်။
က၊ အန္ဒြေ၊ ယောဟန်နှင့် ပေတရုကို တွေ့ဆုံခြင်း (ယော ၁း၃၅–၄၂)
၁. ယောဟန်သည် ဇေဗဒဲမြို့သားဖြစ်၍ ယောဟန်၏မိတ်ဆွေ၊ အခြားတဦးဖြစ်သူ အန္ဒြေမှာ ဗတ္တိဇံဆရာယောဟန်၏ တပည့်ရင်းဖြစ်၍ ထိုမှတဆင့် ခရစ်တော်နောက် လိုက်ခဲ့ကြခြင်း ဖြစ်သည်။
၂. ၎င်းနောက် အန္ဒြေသည် ၎င်း၏အကိုဖြစ်သူ ပေတရုကို ခရစ်တော်ထံသို့ ပို့ခဲ့လေသည်။
က– အန္ဒြေက ပေတရုအား – *ငါတို့သည် မေရှိကိုတွေ့ကြပြီဟု ပြောဆိုလျက် သူ့ကို ယေရှုထံသို့ ပို့ဆောင်လေ၏။ မေရှိအနက်ကား ခရစ်တော်ဟု ဆိုလိုသတည်း – (၁း၄၁)*
ခ– ခရစ်တော်က ပေတရုအား – *သင်သည် ယောနဩသား ရှိမုန်ဖြစ်၏။ ကေဖအမည်သစ်ကို ရလတ္တံ့ဟု မိန့်တော်မူ၏။ ကေဖအနက်ကား ပေတရုဟု ဆိုလိုသတည်း – (၁း၄၂)*
ခ၊ ဖိလိပ္ပုနှင့် နာသနေလကို ခေါ်တော်မူခြင်း (၁း၄၃–၅၁)
၁. ထင်ရှားစွာ ဖေါ်ပြမှု (၁း၄၅)
၂. စစ်ဆေးမေးမြန်းမှု (၁း၄၆)
၃. ဖိတ်ခေါ်မှု (၁း၄၆)
၄. ရှင်းလင်းသဘောပေါက်မှု (၁း၄၉)
ဂ၊ ပေတရု၊ ယာကုပ်၊ ယောဟန်နှင့် အန္ဒြေတို့ကို ခေါ်တော်မူခြင်း (မ ၄း၁၈–၂၂) (မာ ၁း၁၆–၂၀၊ လု ၅း၁–၁၁)
ဃ၊ မဿဲကို ခေါ်တော်မူခြင်း (မ ၉း၉၊ မာ ၂း၁၄၊ လု ၅း၂၇–၂၉)

## ၁၆။ ဗတ္တိဇံဆရာယောဟန် အကျဉ်းကျခံရခြင်း ( မ ၄း၁၂၊ မာ ၆း၁၇–၁၈ )

## ၁၇။ တပည့်တော်(၁၂)ပါးကို စေလွှတ်ခြင်း ( မ ၁၂း၁–၄၂၊ မာ ၆း၇–၁၃၊ လု ၉း၁–၆ )

အောက်ပါအချက်များသည် ခရစ်တော်က တပည့်တော်(အမှုဆောင်)အမျိုးအစား ၃ မျိုးနှင့် ပတ်သက်၍ သင်ကြားခဲ့ချက်များ ဖြစ်သည်။
က၊ ရှေ့ယခင် အရင်ဆုံး အမှုဆောင် တပည့်တော်များသို့ (ခရစ်တော် အသက်ရှင်စဉ်ကာလရှိ တပည့်တော် ၁၂ ပါးကို ဆိုလိုသည် ) (မ ၁၀း၁၅၊ မာ ၆း၇–၁၁၊ လု ၉း၁–၅)
၁. သူတို့အဖွဲ့ သွားရမည့်တာဝန် (မ ၁၀း၅–၆)
၂. ဟောရမည့်အကြောင်းရာ (၁၀း၇)
၃. လုပ်ရမည့်ကိစ္စများ (၁၀း၈)
၄. သယ်ယူသွားရမည့် အသုံးဆောင်များ (၁၀း၉–၁၀)
၅. တုံ့ပြန်မှုကို လုပ်ဆောင်ရမည့် နည်းလမ်း (မ ၁၀း၁၄၊ မာ ၆း၁၂–၁၃)
ခ၊ အနာဂါတ်ကာလ အမှုဆောင်များသို့ (ဘေးဒါဏ်ကြီးကာလ အမှုဆောင်များကို ဆိုလိုသည်၊ လူ ၁၄၄၀၀၀ မှ ဖြစ်နိုင်သည်) (မ ၁၀း၁၆–၂၃)
၁. ဘုရားရှင်ရန်သူများ၏ မလိုမုန်းတီးခြင်း

က– ဘာသာရေး အလုပ်သမားများက ညှင်းပန်းခြင်း (၁၀း၁၇)

ခ– အုပ်ချုပ်သူ အစိုးရများက ညှင်းပန်းခြင်း (၁၀း၁၈)

ဂ– မိသားစုမှ ညှင်းဆဲခြင်း (၁၀း၂၁)

၂. ဘုရားရှင်ဝိညာဉ်တော်၏ ကူညီစောင့်မခြင်း (၁၀း၁၉–၂၀)

၃. သားတော်ဘုရား၏ ဆု (၁၀း၃၂–၃၂)

ဂ၊ ယုံကြည်မှုအားကောင်းသော အမှုဆောင်များသို့ (အသင်းတော်ကာလ အမှုဆောင်များ) (၁၀း၂၄–၄၂)

၁. အမှုတော်ဆောင်အစစ် တန်ဘိုး

က– ခရစ်တော်အတွက် ဒုက္ခရောက်ရန် လိုအပ်သည်။

(၁) ခရစ်တော်၏ ဒုက္ခစရိယာက ထိုအချက်ကို သတိပေးထားသည်။(၁၀း၂၄၊ ၂၅)

(တပည့် တချက်ခံရလျှင် ဆရာ နှစ်ချက်ခံရမည်)

(၂) ခရစ်တော်၏ ဟောကြားချက်က ထိုအချက်ကို သတိပေးထားသည်။(၁၀း၃၄–၃၆)

၂. အမှုတော်ဆောင်အစစ်၏ ယုံကြည်ချက်ခိုင်မြဲမှု (၁၀း၃၇၊ ၃၈)

## ၁၈။ ဗတ္တိဇံဆရာယောဟန်၏ စိတ်ချလက်ချဖြစ်မှု ( မ ၁၁း၂–၅၊ လု ၇း၁၆–၂၂ )

## ၁၉။ ဗတ္တိဇံဆရာယောဟန် သေခြင်း

က၊ ခရစ်တော်က ချီးကျူးခြင်း (မ ၁၁း၇–၁၄၊ လု ၇း၂၄–၃၀)

၁. ဗတ္တိဇံဆရာယောဟန်သည် ပရောဖက်မာလခိ၏ စကားအတိုင်း ပေါ်လာသူဖြစ်သည်။ (မ ၁၁း၁၀၊ မာလ ၃း၁)

၂. ဗတ္တိဇံဆရာယောဟန်သည် ဧလိယ၏ဝိညာဉ်ဖြင့် ပေါ်လာခဲ့သူဖြစ်သည်။(မ ၁၁း၁၄)

ခ၊ ဟေရုဒ်ဘုရင်က အဆုံးစီရင်ခြင်း (မ ၁၄း၃–၁၂၊ မာ ၆း၁၇–၂၉)

၁. သူ၏ သေရက် (မာ ၆း၂၁)

၂. သူသေရခြင်း၏ အကြောင်းအရာ (မာ ၆း၁၈–၁၉)

က– သမီးပျို၏ အက (၆း၂၂)

ခ– မိခင်၏ တောင်းဆိုချက် (၆း၂၄)

ဂ– ပရောဖက်၏ သေခြင်း (၆း၂၇)

## ၂၀။ မယုံကြည်သူများ နောင်တရကြရန် ခရစ်တော်၏ မိန့်မှာချက်များ ( မ ၄း၁၇၊ လု ၅း ၃၂၊ ၁၃း၁–၅ )

## ၂၁။ ယုံကြည်သူများအား (လယ်လုပ်သူ) အမှုဆောင်များအတွက် ဆုတောင်းကြရန် ခရစ်တော်၏ မိန့်မှာချက် ( မ ၉း၃၇၊ ၃၈၊ လု ၁၀း၂ )

## ၂၂။ ရှိမုန်၏အိမ်၌ ခရစ်တော် ဆီမွှေးဖြင့် ဂုဏ်ပြုအလောင်းခံရခြင်း ( လု ၇း၃၆–၃၉ )

က၊ ဝမ်းနည်းကြေကွဲနေသော ပြည်တန်ဆာမ (၇း၃၇–၃၈)

ခ၊ စိတ်လေးနေသော ဖါရိရှဲ (၇း၃၉)

## ၂၃။ ခရစ်တော်၏ နာဇရက်မြို့သို့ နောက်ဆုံးအလည်အပတ်ခရီး ( မ ၁၃း၅၃–၅၈၊ မာ ၆ း၁–၆ )

က၊ ပြည်သူများက ယေရှုသည် ခရစ်တော်ဖြစ်သည်ကို လက်မခံကြ (မ ၁၃း၅၅–၅၆)

ခ၊ ခရစ်တော်သည် ထိုဒေသ၌ မိမိတန်ခိုးများကို မပြ (၁၃း၅၇–၅၈)

၂၄။ ဘုရင်ဆိုးဟေရုဒ်၏ ပူပင်ကြောင့်ကြမှု ( မ ၁၄း၁–၂၊ မာ ၆း၁၄–၁၆၊ လု ၉း၇–၉ )

၂၅။ ခရစ်တော်၏ မဟာဖိတ်ခေါ်မှု ( မ ၁၁း၂၈–၃၀ )

၂၆။ မယုံကြည်သောမြို့များသို့ အပြစ်တင်ခြင်း ( မ ၁၁း၂၀–၂၄ )

၂၇။ ရှင်ပေတရု၏ မဟာဝန်ခံချက် ( မ ၁၆း၁၃–၂၀၊ မာ ၈း၂၇–၃၀၊ လု ၉း၁၈–၂၁ )
- က၊ ခရစ်တော် မည်သူဖြစ်သည်ကို – လူနှစ်စုခွဲ၍ မေးခွန်းထုတ်ခြင်း (၁၆း၁၃–၁၆)
- ခ၊ ခရစ်တော်၏ ဖွင့်လှစ်ရှင်းပြ၍ – ဂတိနှစ်မျိုးပေးခြင်း
  - ၁. သူသည် အသင်းတော်ကို တည်ထောင်မည်။(၁၆း၁၈)
  - ၂. သူသည် သူ့အာဏာကို အသင်းတော်အားပေးမည်။(၁၆း၁၉)

၂၈။ ခရစ်တော်၏ အဆင်းသဏ္ဌာန်ပြောင်းလဲခြင်း ( မ ၁၇း၁–၃၊ မာ ၉း၂–၁၃၊ လု ၉ း၂၈–၃၆ )
- က၊ နေရာဒေသ "မြင့်လှစွာသောတောင်ထိပ်ပေါ်" (မ ၁၇း၁) ဟေရမုန်တောင် ဖြစ်နိုင်သည်။
- ခ၊ ရည်ရွယ်ချက် – _ယေရှုသည် ပေတရု၊ ယောဟန်၊ ယာကုပ်တို့ကိုခေါ်၍ ဆုတောင်းခြင်းအလို့ငှါ တောင်ပေါ်သို့ တက်ကြွတော်မူ၏ – (လု ၉း၂၈)_
- ဂ၊ သဏ္ဌာန်တော်
  - ၁. ကယ်တင်ရှင်ခရစ်တော်
    - က– "သူတို့ရှေ့တွင် ထူးခြားသောအဆင်းအရောင်နှင့် ပြည့်စုံသည်" (မာ ၉း၂)
    - ခ– မျက်နှာတော်သည် ထူးခြားသောအဆင်းရောင် ရှိသည်။(လု ၉း၂၉)
    - ဂ– "မျက်နှာတော်သည် နေမင်းကဲ့သို့ထွန်းတောက်လျက်" (မ ၁၇း၁)
    - ဃ– အဝတ်တော်သည် ပြောင်လက်လျက် မိုးပွင့်ကဲ့သို့ အလွန်ဖြူလျက်ရှိသည်။(မာ ၉း၃)
  - ၂. ကောင်းကင်သား နှစ်ဦး (လု ၉း၃၀၊ ၃၁)
  - ၃. မြေကြီးသား သုံးဦး (ပေတရု၊ ယာကုပ်၊ ယောဟန်)
    - က– သူတို့၏ ယောင်ယမ်းခြင်း (လု ၉း၃၃)
    - ခ– သူတို့၏ ကြောက်ရွံ့ခြင်း (မာ ၉း၆)
  - ၄. အဖခမည်းတော်ဘုရား (မ ၁၇း၅)

၂၉။ ခရစ်တော်သည် မှန်ကန်သောယုံကြည်ခြင်းရှိသည့် အသင်းတော်ခြင်းတူပါရက်နှင့် ခွဲထွက်ခြင်း၊ ဂိုဏ်းဂဏ အစွဲထားခြင်းသမားများအပေါ် အပြစ်တင်ခြင်း ( မာ ၉း၃၈ –၄၁၊ လု ၉း၄၉–၅၀ )

၃၀။ ဖေါက်ပြန်မှုပြုသော အမျိုးသမီးအပေါ် ခွင့်လွှတ်ခြင်း ( ယော ၈း၁–၁၁ )
- က၊ မကောင်းမှုပြုသူနှင့် မကောင်းကြံသူများ (၈း၃)
- ခ၊ မကောင်းမှုပြုကြခြင်း (၈း၄–၆)
- ဂ၊ စီရင်ခြင်း (၈း၇)
- ဃ၊ စီရင်မှု ဖြစ်ပျက်မှု (၈း၉)
- င၊ ရှင်းလင်းခဲ့ခြင်း (၈း၁၀–၁၁)

၃၁။ ရှမာရိရွာသားတို့က ခရစ်တော်ကို လက်မခံကြခြင်း ( လု ၉း၅၁–၅၆ )
- က၊ ရှမာရိသားတို့၏အပြစ် – ခရစ်တော်ကို လက်မခံကြမှု (၉း၅၁၊ ၅၃)
- ခ၊ တပည့်တော်များ၏အပြစ် – ရန်တုံ့ပြန်ကြမှု (၉း၅၄–၅၆)

## ၃၂။ အမှုတော်ဆောင် ၇၀ ဦးကို စေလွှတ်ခြင်း ( လု ၁၀း၁–၂၄ )

ကျ၊ ခရစ်တော်က အမှုဆောင် ၇၀ ဦးကို အလုပ်ခန့်အပ်ခြင်း (၁၀း၁–၁၆)
ခ၊ ခရစ်တော်နှင့်အမှုဆောင် ၇၀ ဦးတို့၏ ဝမ်းမြောက်မှု (၁၀း၁၇–၂၄)
၁. အမှုဆောင် ၇၀ တို့၏ ဝမ်းမြောက်ခြင်း
က– ကြုံတွေ့ရမှုအပေါ် ဝမ်းမြောက်မှု (၁၀း၁၇) (လတ်တလော)
ခ– တည်မြဲနေမည့် အရာအပေါ် ဝမ်းမြောက်မှု (၁၀း၁၈–၂၀၊ ၂၃၊ ၂၄)
၂. ခရစ်တော်၏ ဝမ်းမြောက်မှု (၁၀း၂၁၊ ၂၂)

## ၃၃။ မာရိနှင့်မာသအိမ်သို့ လည်ပတ်ခြင်း ( လု ၁၀း၃၈–၄၂ )

ကျ၊ မာသ၏ညစ်ညူးမှု – မာသသည် မီးဖိုးချောင်၌ ခရစ်တော် စားသောက်ရေးကိစ္စအပေါ် စိတ်ဝင်စားနေသဖြင့် မာရိကို အကူအညီခေါ်သည်။ မာရိမူကား ခရစ်တော်ကို ကိုးကွယ်ခြင်းကိစ္စအပေါ် စိတ်ဝင်စားမှု များနေသူဖြစ်သည်။(ကာယရေးနှင့်ဝိညာဉ်ရေး)
ခ၊ ခရစ်တော်၏ ဆုံးမစကား (၁၀း၄၁–၄၂)

## ၃၄။ ကလေးသူငယ်များကို ကောင်းကြီးပေးခြင်း ( မ ၁၉း၁၃–၁၅၊ မာ ၁၀း၁၃–၁၆၊ လု ၁၈း၁၅–၁၇ )

ကျ၊ မိသားစုများ၏ တောင်းဆိုချက် (မ ၁၉း၁၃)
ခ၊ တပည့်တော်များ၏ ငြင်းပယ်ချက် (မာ ၁၀း၁၃)
ဂ၊ ခရစ်တော်၏ တုံ့ပြန်ချက် (မာ ၁၀း၁၄–၁၆)

## ၃၅။ ခရစ်တော်နှင့် ချမ်းသာကြွယ်ဝသော လူငယ်အရာရှိ ( မ ၁၉း၁၆–၂၆၊ မာ ၁၀း ၁၇–၂၇၊ လု ၁၈း၁၈–၂၇ )

ထိုလူငယ်၌ ပြဿနာလေးခုဖြင့် ရှုတ်ထွေးလျက်ရှိသည်။ ခရစ်တော်သည် ထိုပြဿနာလေးခုကို ရှင်းလင်းသင်ကြားပေးခဲ့သည်။
ကျ၊ ပထမပြဿနာနှင့် ရှင်းလင်းချက်
၁. ပြဿနာ။ ။ခရစ်တော်၏ ဘုရားအမှုနှင့်ပတ်သက်၍ သဘောမပေါက်ခြင်း (မာ ၁၀း၁၇)
၂. ရှင်းလင်းချက်။ ။(၁၀း၁၈)
မှတ်ချက် – ထိုသူသည် ယေရှုကို ဘာသာရေးဆရာအဖြင့်သာ သဘောထား၏။(မာ ၁၀း၁၇) သို့ဖြစ်၍ ခရစ်တော်က ဆရာဟူသည် အပြည့်အဝ မကောင်းမြတ်နိုင်၊ ဘုရားသခင်သာလျှင် အပြည့်အဝ ကောင်းမြတ်သည်။ ဆိုလိုသည်မှာ မိမိသည် ဆရာမဟုတ်၊ ဘုရားသခင်ဖြစ်သည်။ မိမိကို ကောင်းမြတ်သည်ဟုခေါ်ပါက ဘုရားဟု နားလည်ရမည်၊ ဆရာဟု နားလည်ထားပါက ကောင်းမြတ်သည်ဟု ခေါ်ခွင့်မရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။
ခ၊ ဒုတိယပြဿနာနှင့် ရှင်းလင်းချက်
၁. ပြဿနာ။ ။အချည်းနှီးသောကောင်းမှုများ လုပ်ဆောင်မှုနှင့်ပတ်သက်၍ သဘောမပေါက်ခြင်း (မ ၁၉း၁၆)
၂. ရှင်းလင်းချက်။ ။(၁၉း၁၇)
ဂ၊ တတိယပြဿနာနှင့် ရှင်းလင်းချက်
၁. ပြဿနာ။ ။လူသည် အပြစ်သားဖြစ်သည့်အချက်နှင့် ပတ်သက်၍ သဘောမပေါက်ကြခြင်း (၁၉း၂၀)
၂. ရှင်းလင်းချက်။ ။(၁၉း၂၁)
ဃ၊ စတုတ္ထပြဿနာနှင့် ရှင်းလင်းချက်
၁. ပြဿနာ။ ။ဥစ္စာပစ္စည်း ကြွယ်ဝပိုင်ဆိုင်မှုနှင့်ပါတ်သက်၍ သဘောမပေါက်ခြင်း (၁၉း၂၂)
၂. ရှင်းလင်းချက်။ ။(၁၉း၂၃–၂၆)

## ၃၆။ ခရစ်တော်၏နိုင်ငံတော်၌ နေရာပြင်ဆင်ထားမှု ( မ ၂၀း၂၀–၂၈၊ မာ ၁၀း၃၅–၄၅ )

ကျ၊ ပုဂ္ဂိုလ် ၂ ဦး၏ တောင်းဆိုမှု (မာ ၁၀း၃၅–၃၇)

ခ၊ ပုဂ္ဂိုလ် ၁၀ ဦးတို့၏ အမျက်ထွက်မှု
ဂ၊ ခရစ်တော်၏ အဖြေ
၁. ပုဂ္ဂိုလ် ၂ ဦးအား ဆုံးမခြင်း (မ ၂၀း၂၃)
၂. ပုဂ္ဂိုလ် ၁၀ ဦးတို့အား (၂၀း၂၆–၂၈)

## ၃၇။ ဗကွဲ ပြောင်းလဲခြင်း ( လု ၁၉း၁–၁၀ )

က၊ အပြစ်သား ဇက္ခဲ (၁၉း၁–၂)
ခ၊ စူးစမ်းကြည့်ရှုတတ်သူ ဇက္ခဲ (၁၉း၃၊ ၄)
ဂ၊ သန့်ရှင်းသူ ဇက္ခဲ
၁. ခရစ်တော်၏ တောင်းဆိုချက် (၁၉း၅)
၂. ခရစ်တော်၏ စကား (၁၉း၆)
၃. လူအများ၏ ဝေဖန်မှု (၁၉း၇)
၄. စေ့စပ်သေချာသော သက်သေပြချက် (၁၉း၈–၁၀)
မှတ်ချက်။ ။ဇက္ခဲသည် ခရစ်တော်ကိုလက်ခံပြီးသောအခါ အသေးစိတ်ပြောင်းလဲ၏၊ စည်းစိမ်ထက် ကောင်းကင်ကို ပိုမက်၏။

## အပိုင်း (၂)၊ နောက်ဆုံးသော ရက်သတ္တပါတ်
## ( စနေနေ့ )

### ၁။ အောင်ပွဲဖြင့်ဝင်ရောက်ခြင်း ( မ ၂၁း၁–၁၁၊ ၁၄–၁၇၊ မာ ၁၁း၁–၁၁၊ လု ၁၉း၂၉–၄၄ ယော ၁၂း၂–၁၉ )

က၊ မြည်းငယ်ကလေး (၁၁း၇)
ခ၊ လူစုလူဝေး (ယော ၁၂း၁၂–၁၃)
ဂ၊ အခမ်းအနားပွဲ
၁. သူတို့၏ ခရစ်တော်ကို ကြိုဆိုချီးမွမ်းမှု (မ ၂၁း၉၊ မာ ၁၁း၈၊ ယော ၁၂း၁၃)
၂. သူတို့၏ မိမိအဝတ်အစားများကို လမ်း၌ ခင်းကြမှု (မ ၂၁း၈၊ မာ ၁၁း၈၊ လု ၁၉း၃၆)
ဃ၊ သူတို့၏ ကြွေးကြော်မှု (မာ ၁၁း၁၀)
င၊ အပြစ်ရှာဝေဖန်ခြင်း (လု ၁၉း၃၉–၄၀)
စ၊ ကလေးများ (မ ၂၁း၁၅–၁၆)
ဆ၊ ကယ်တင်ရှင်ခရစ်တော်
၁. ငိုကြွေးခြင်း (လု ၁၉း၄၁–၄၂)
၂. သတိပေးခြင်း (၁၉း၄၃–၄၄)
၃. လုပ်ဆောင်ခြင်း (မ ၂၁း၂၄)

## ( တနင်္ဂနွေနေ့ )

### ၂။ ဒုတိယအကြိမ် ဗိမာန်တော်ကို ရှင်းလင်းခြင်း ( မ ၂၁း၁၂–၁၃၊ မာ ၁၁း၁၅–၁၈၊ လု ၁၉း၄၅–၄၈ )

### ၃။ သင်္ဘောသဖန်းပင် ဒါဏ်စီရင်ခံရခြင်း ( မ ၂၁း၁၈–၁၉၊ မာ ၁၁း၁၂–၁၄ )

( တနင်္လာနေ့ )

၄။ ဂရိ( ဟေလသ )လူများ၏ တောင်းဆိုခြင်း ( ယော ၁၂း၂၀–၂၃ )

၅။ ဖါရိရှဲတို့နှင့်ခရစ်တော် ဆန့်ကျင် အတိုက်အခံ ဖြစ်ရခြင်း
က၊ အတိတ်က အတိုက်အခံဖြစ်ရမှု။ ။ခရစ်တော် ဒေသနာ စဟောစဉ်မှစ၍ ဖါရိရှဲတို့နှင့် အမြဲတစေ အတိုက်အခံ ဖြစ်ခဲ့ရသည်။ ဖါရိရှဲတို့သည် ခရစ်တော်နှင့်အသင်းတော်ကို အမြဲအပြစ်ရှာ၍ လမ်းမှား ရောက်အောင် ချောက်တွန်းတတ်ကြသည်။
၁. ဖါရိရှဲတို့၏ စွပ်စွဲချက်
က– ခရစ်တော်သည် ဥပုပ်နေ့ကို မလေးစားသူဖြစ်သည်။(မ ၁၂း၉–၁၂၊ လု ၁၄း၃–၅၊ ယော ၅း၁–၁၀၊ ၉း၁–၁၆)
(၁) ခရစ်တော်သည် မိမိတပည့်များ ဥပုပ်နေ့၌ ဂျုံစပါးများကို စားခွင့်ပေးခဲ့သူဖြစ်သည်။ (မာ ၂း၂၃–၂၈)
(၂) ခရစ်တော်သည် ဥပုပ်နေ့၌ အနာရောဂါကို ကုသသူဖြစ်သည်။(မ ၁၂း၁၀–၁၂)
ခ– ခရစ်တော်သည် အဖဘုရားရှင်၏ ဥပဒေ၊ ထုံးတမ်းများကို မလိုက်သူဖြစ်သည်။ (မ ၁၅း၁–၉၊ မာ ၇း၁–၁၆)
ဂ– ခရစ်တော်သည် မိမိတပည့်တို့အား အစာရှောင်ရန်ကိစ္စကို ဂရုပြုမှု၊ တိုက်တွန်းမှု မပြုခဲ့သူ ဖြစ်သည်။(မာ ၂း၁၈–၂၀)
ဃ– ခရစ်တော်သည် အပြစ်သားများနှင့် အရောဝင် စားသောက်သူဖြစ်သည်။(မာ ၂း၁၅–၁၇)
င– ခရစ်တော်သည် ဘုရားကို ပြစ်မှားသူဖြစ်သည်။
(၁) သူသည် အပြစ်ကိုလွှတ်သောကြောင့် ဖြစ်သည်။(မ ၉း၁–၃)
(၂) သူသည် ဘုရားသခင်ဖြစ်သည်ဟု မိမိကိုယ်ကိုဆိုသောကြောင့် ဖြစ်သည်။ (ယော ၁၀း၃၁–၃၃)
စ– ခရစ်တော်သည် နတ်ဆိုးထံမှ တန်ခိုးရရှိသူဖြစ်သည်။(မ ၁၂း၂၂–၂၄)
၂. ပရိယာယ်များ
က– နိမိတ်လက္ခဏာ တောင်းကြသည်။(မ ၁၂း၃၈၊ ၁၆–၁)
ခ– လင်မယားပြဿနာကို မေးမြန်းကြသည်။(မ ၁၉း၃)
ဂ– ဖေါက်ပြန်သောအမျိုးသမီးကို ခရစ်တော်ထံ ဆောင်ခဲ့ကြသည်။(ယော ၈း၃)
ခ၊ အင်္ဂါနေ့ (ပသခါပွဲ)၌ အတိုက်အခံဖြစ်ရမှု
၁. သူ၏ အခွင့်အာဏာရရှိမှုနှင့် ပတ်သက်၍ (မ ၂၁း၂၃–၂၇၊ မာ ၁၁း၂၇–၃၃၊ လု ၂၀း၁–၈)
၂. ကဲသာဘုရင်ကို အခွန်ဆက်မှုနှင့် ပတ်သက်၍ (မ ၂၂း၁၅–၂၂၊ မာ ၁၂း၁၃–၁၇၊ လု ၂၀း၂၀–၂၆)
၃. ရှင်ပြန်ထမြောက်ခြင်းနှင့် ပတ်သတ်၍ (မ ၂၂း၂၃–၃၃၊ မာ ၁၂း၁၈–၂၇၊ လု ၂၀း၂၇–၄၀)
က– ဇဒ္ဒုကဲတို့၏ အကောက်ကြံသော မေးခွန်း (လု ၂၀း၂၇–၃၃)
ခ– ခရစ်တော်၏ တန်ခိုးပါသောအဖြေ (မ ၂၂း၂၉)
(၁) သူတို့သည် သမ္မာကျမ်းစာ၏ ရှင်ပြန်ထမြောက်ခြင်းနှင့်ပါတ်သက်သော ဆိုလိုရင်းကို သဘောမပေါက်ကြ (မာ ၁၂း၂၆–၂၇)
(၂) သူတို့သည် ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သော ဝိညာဉ်သဘာဝကို သဘောမပေါက် ကြ (မ ၂၂း၃၀)
၄. မဟာပညတ်တော်နှင့် ပတ်သက်၍ (မ ၂၂း၃၄–၄၀၊ မာ ၁၂း၂၈–၃၄)
၅. မေရှိယ(ခရစ်တော်)၏ ဘုရားဇာတိတော်နှင့် ပါတ်သက်၍ (မ ၂၂း၄၁–၄၆၊ မာ ၁၂း၃၅–၃၇၊ လု ၂၀း၄၁–၄၄)

၆။ ခရစ်တော်က ဖါရိရှဲတို့ကို ရှုံ့ချအပြစ်တင်ခြင်း ( မ ၂၃း၁–၃၉၊ မာ ၁၂း၃၈–၄၀၊ လု ၂၀း၄၅–၄၇ )
က၊ သူတို့အပြောနှင့် သူတို့အလုပ်သည် ကိုက်ညီမှုမရှိ။(မ ၂၃း၁–၃)
ခ၊ သူတို့၏ လေးလံသောဝိနည်းများကို သူတို့ကိုယ်တိုင် မထမ်းနိုင်ပါရက်နှင့် တပါးသူကို ထမ်းခိုင်း

တတ်၏။(၂၃:၄)

ဂ၊ သူတို့ဝတ်သောဝတ်စုံသည် သူတပါး ချီးမွမ်း အထင်ကြီးရန်အတွက်သာ ဖြစ်သည်။(၂၃:၅-၇)

ဃ၊ သူတို့သည် ကောင်းကင်နိုင်ငံဝင်ရန် အပေါက်ကို ကိုယ်တိုင်မဝင်ရုံမက သူတပါးဝင်လိုမှုကိုပါ ဆီးတားသူများ ဖြစ်သည်။(၂၃:၁၃)

င၊ သူတို့သည် မုဆိုးမ သူဆင်းရဲကို လိမ်ညာ စားသောက်တတ်သူများ ဖြစ်သည်။(၂၃:၁၄)

စ၊ သူတို့သည် ပရိယာယ်ပါသော မရိုးသားသည့် ဆုတောင်းချက်များကို အထပ်ထပ် ရွတ်ဆိုတတ်သည်။(၂၃:၁၄) [ မုဆိုးမ၏ သေသွားသောလင် ကျန်ခဲ့သည့်ပစ္စည်းများကို သိမ်းယူ၍ သေသွားသူ လင်အတွက် ဆုတောင်းပေးခြင်း ]

ဆ၊ သူတို့သည် တပါးသူကို သူတို့ဘက်သို့ ပါလာအောင်လုပ်၍ သူတို့၏ မကောင်းသောလမ်းကို သင်ပေးတတ်ကြသည်။(၂၃:၁၅)

ဇ၊ သူတို့သည် ကျမ်းကျိန်စကားကိုပြောရာ၌ အမှန်ကိုမယူဘဲ လျှာနှစ်ခွဖြင့် ပြောတတ်ကြသည်။(၂၃:၁၆-၂၂)

ဈ၊ သူတို့လုပ်ရပ်များသည် မောရှေ၏ပညတ်တရားကို ပျက်စီးစေခြင်းဖြစ်သည်။

၁. သူတို့၏ ဆယ်ဖို့တဖို့ (၂၃:၂၃-၂၄)

၂. သူတို့၏ဝိနည်းအရ ဆေးကြောသန့်စင်မှု (၂၃:၂၅-၂၆)

ည၊ သူတို့သည် အပြင်ပန်းကို မွန်းမံတတ်ကြသော်လည်း အတွင်းအပိုင်းကိုမူ ဥပက္ခာပြုတတ်ကြသည်။(၂၃:၂၇-၂၈)

ဋ၊ သူတို့သည် သူတို့သတ်ခဲ့သူများကို သူတို့ပြန်၍ အောက်မေ့တတ်ကြသည်။(၂၃:၂၉-၃၂)

ဌ၊ သူတို့သည် မြွေဆိုးများဖြစ်ကြသည်။(၂၃:၃၃)

ဍ၊ သူတို့သည် ဘုရားရှင်၏ ပရောဖက်များကို သတ်မည့်သူများ ဖြစ်သည်။(၂၃:၃၄)

ဎ၊ သူတို့သည် ဘုရားရှင်၏ ပရောဖက်များကို သတ်ခဲ့သူများ ဖြစ်သည်။(၂၃:၃၅)

၇။ မုဆိုးမနှင့် သူ၏အလှူငွေ (၂) ပြား ( မာ ၁၂:၄၁-၄၄၊ လု ၂၁:၁-၄ )

၈။ ယေရုရှင်မြို့အတွက် ငိုကြွေးခြင်း ( မ ၂၃:၃၇-၃၉ )

၉။ သံလွင်တောင်ပေါ်မှ မိန့်ကြားချက်စကားများ ( မ ၂၄:၂၅ )

၁၀။ ခရစ်တော်ကိုသတ်ဖြတ်ရန် တိုင်ပင်သည့် အစည်းအဝေး ( မ ၂၆:၁-၅၊ မာ၁၄:၁-၂၊ လု ၂၂:၁-၂ )

## ( အင်္ဂါနေ့ )

၁၁။ ဗေသနိရွာတွင် မာရိက ခရစ်တော်ကို ဆီမွှေးဖြင့်လောင်းခြင်း ( မ ၂၆:၆-၁၃၊ မာ ၁၄:၃-၉၊ ယော ၁၂:၂-၈ )

က၊ မာရိ - ပေးကန်းရက်ရောသူမိန်းကလေး

၁. သူမပေးကမ်းမှုသည် တန်ဖိုးကြီးမားခဲ့သည်။(ယော ၁၂:၃)

၂. သူမပေးကမ်းမှုသည် နိမိတ်ဖတ်ခြင်းဖြစ်သည်။(မာ ၁၄:၈)

၃. သူမ၏ပေးကမ်းမှုသည် အမှတ်တရဖြစ်စေခဲ့သည်။(မ ၂၆:၁၃)

ခ၊ ယုဒရှကာရုပ် - အကွက်ချောင်းနေသောသူခိုး (ယော ၁၂:၄-၆)

၁၂။ ခရစ်တော်အားအပ်နှံရန် ယုဒရှကာရုပ်၏ နောက်ဆုံးပြင်ဆင်မှု ( မ ၂၆:၁၄-၁၆၊ မာ ၁၄:၁၀-၁၁၊ လု ၂၂:၃-၆ )

၁၃။ ပသခါစားပွဲအတွက် ပြင်ဆင်ကြခြင်း ( မ ၂၆း၁၇–၁၉၊ မာ ၁၄း၁၂–၁၆၊ လု ၂၂း၇–၁၃ )

<u>က</u>၊ အမှာခံရသူများ (လု ၂၂း၈–၉)
<u>ခ</u>၊ လူ (၂၂း၁၀)
<u>ဂ</u>၊ မှာကြားချက် (၂၂း၁၁)
<u>ဃ</u>၊ စည်းဝေးမည့်နေရာ (၂၂း၁၂–၁၃)

## <u>( ဗုဒ္ဓဟူးနေ့ )</u>

၁၄။ အထက်ခမ်းမအတွင်း ဖြစ်ပျက်မှု ( မ ၂၆း၂၀–၃၅၊ မာ ၁၄း၁၇–၃၁၊ လု ၂၂း၁၄–၃၈၊ ယော ၁၃း၁၊ ၁၄၊ ၃၁ )

<u>က</u>၊ ပဋိညာဉ်ဟောင်း စားသောက်ပွဲ (အောင်မြင် လွတ်မြောက်ခြင်း စားသောက်ပွဲ)
၁. ခရစ်တော်၏ ဖွင့်ဟမှု (လု ၂၂း၁၄–၁၆)
၂. တပည့်တော်တို့၏မေးခွန်းကို ဖြေကြားခြင်း (၂၂း၂၄–၂၆)
၃. တပည့်တော်တို့၏ အနာဂါတ် အုပ်ချုပ်မှုအာဏာကို နိမိတ်ဖတ် ဖြေသိမ့်ခြင်း (၂၂း၂၈–၃၀)
၄. တပည့်တော်တို့၏ခြေကို ဆေးခြင်း (ယော ၁၃း၄–၁၇)
က– ရှိမုန်ပေတရုမှ ခရစ်တော်အလိုကို ငြင်းဆန်ခြင်း (၁၃း၈)
ခ– ရှိမုန်ပေတရုမှ လွန်ကဲစွာ ခရစ်တော်အလိုကို လိုက်လျှောခြင်း (၁၃း၉–၁၀)
၅. ခရစ်တော်က မိမိ သစ္စာအဖေါက်ခံရမည်ကို ကြေညာခြင်း (မ ၂၆း၂၁–၂၂၊ မာ ၁၄း၁၈–၂၁၊ လု ၂၂း၂၁–၂၂၊ ယော ၁၃း၁၈–၂၁)
က– တပည့် ၁၁ ဦး၏ တုန်လှုပ်ဝမ်းနည်းရမှု (မ ၂၆း၂၂၊ မာ ၁၄း၁၉၊ လု ၂၂း၂၃၊ ယော ၁၃း၂၂)
ခ– သူတော်ကောင်းယောင်ဆောင်သူတဦး (မ ၂၆း၂၅)
ဂ– ခရစ်တော်၏ စကားရိပ် ပေးမှု (မ ၂၆း၂၃–၂၄၊ မာ ၁၄း၂၀–၂၁၊ ယော ၁၃း၂၃–၂၆)
၆. ခရစ်တော်၏ မုန့်တလုတ်စာကို နှစ်ပြီး ယုဒရှကာရုတ်အား ပေး၍ တပန်းကန်တည်း စားခြင်း (ယော ၁၃း၂၆–၃၀)
<u>ခ</u>၊ ပဋိညာဉ်တရားသစ် စားသောက်ပွဲ (အောက်မေ့ဘွယ် မုန့်ဖဲ့ခြင်း)
၁. ခရစ်တော်က မိမိသေဆုံးရမည်ကို အခိုင်အမာပြောဆိုခြင်း (မ ၂၅း၃၁–၃၅၊ မာ ၁၄း၂၇–၃၁၊ လု ၂၂း၃၁–၃၈၊ ယော ၁၃း၃၆–၃၈)
က– သိုးထိန်းသည် အသတ်ခံရမည်။(မ ၂၆း၃၁)
ခ– သိုးများသည် အရပ်ရပ်သို့ ပျံ့လွင့်လိမ့်မည်။(၂၆း၃၁)
ဂ– အပြောကြီးသောသူသည် ရှက်ရလိမ့်မည်။(မာ ၁၄း၂၉–၃၁၊ လု ၂၂း၃၁–၃၂)
၂. ခရစ်တော် သေဆုံးရမည့်အချက်ကို ပုံဖေါ်ခြင်း (မ ၂၆း၂၆–၃၀၊ မာ ၁၄း၂၂–၂၅၊ လု ၂၂း၁၇–၂၀၊ ၁ကော ၁၁း၂၃–၂၆)
က– မုန့် = ခရစ်တော်၏ ညှင်းပမ်းအသတ်ခံရမည့် ကိုယ်ကို အဓိပ္ပါယ်ဆောင်သည်။ (လု ၂၂း၁၉)
ခ– စပျစ်ရည် = ခရစ်တော်၏ သွန်းလောင်းရမည့် အသွေး အဓိပ္ပါယ်ဆောင်သည်။ (မ ၂၆း၂၇–၃၀)

၁၅။ သံလွင်တောင်ပေါ်၌ တပည့်တော်များနှင့် အတူရှိနေခြင်း ( ယော ၁၅ – ၁၆ )

၁၆။ သံလွင်တောင်ပေါ်၌ ယဇ်ပရောဟိတ်အဖြစ် ဆုတောင်းခဲ့သော ခရစ်တော်၏ ဆုတောင်းချက် ( ယော ၁၇ )

<u>က</u>၊ မိမိအတွက် ဆုတောင်းခြင်း (၁၇း၁–၅)
၁. သတိပေးခြင်း –
– *<u>အိုအဖ အကျွန်ုပ်အချိန် ရောက်ပါပြီ</u>* – *<u>(၁၇း၁)</u>*

၂. အစီရင်ခံခြင်း –

က– “ကိုယ်တော်သည် သားတော်လက်သို့ အပ်ပေးတော်မူသမျှသော သူတို့အား ထာဝရအသက်ကို ပေးစေခြင်း” (၁၇း၂)

ခ– “ကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါပြီ” (၁၇း၅)

ဂ– “ကျွန်ုပ်ဆောင်ရွက်စရာဘို့ ကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို ကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ” (၁၇း၄)

၃. တောင်းဆိုချက်

က– အိုအဖ ဤကမ္ဘာမတည်ရှိမီ အထံတော်၌ အကျွန်ုပ်ခံစားသော ဘုန်းသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို အထံတော်၌ ချီးမြှောက်တော်မူပါ။(၁၇း၅)

ခ– ကျွန်ုပ်အားဖြင့် ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေပါ။(၁၇း၂)

ခ၊ တပည့်တော်များအတွက် ဆုတောင်းခြင်း (၁၇း၆–၁၉)

၁. သူ၏လုပ်ဆောင်ပြီးခဲ့မှု –

က– မိမိသည် ဖခမည်းတော်၏ နာမတော်ကို သူတို့အား ပြသ သိစေခဲ့သည်။(၁၇း၆)

ခ– မိမိသည် ဖခမည်းတော်၏ နှုတ်ကပတ်တော်ကို သူတို့အား ကြေညာခဲ့သည်။(၁၇း၈၊ ၁၄)

ဂ– သူတို့အား စောင့်ရှောက်ခဲ့သည်။(၁၇း၁၂)

ဃ– သူတို့အား လောကသို့ စေလွှတ်ခဲ့သည်။(၁၇း၁၈)

င– သူတို့အတွက် မိမိကိုယ်ကို ပူဇော်ခဲ့သည်။(၁၇း၁၉)

၂. အဖခမည်းတော်လုပ်ပေးရမည့် ကိစ္စများ –

က– သူတို့အား အုပ်ထိန်းပေးရန် (၁၇း၁၁)

ခ– သူတို့အား တလုံးတဝတည်း ဖြစ်စေရန် (၁၇း၁၁)

ဂ– သူတို့အား ကာကွယ်စောင်မရန် (၁၇း၁၅)

ဃ– သူတို့အား သန့်ရှင်းစေရန် (၁၇း၁၇)

၃. အသင်းတော်အတွက် ဆုတောင်းခြင်း (၁၇း၂၀–၂၆)

က– အသင်းတော်သည် ဝိညာဉ်ရေးရာ၌ တလုံးတဝတည်းဖြစ်ရန် (၁၇း၂၁–၂၂)

ခ– အသင်းတော်သည် ဝိညာဉ်ရေးရာ၌ ရှင်သန်စုံလင်စေရန် (၁၇း၂၃)

ဂ– အသင်းတော်သည် ယေရှု၏ဘုန်းတော်ကို ထင်ရှားစေရန် (၁၇း၂၄)

## ၁၇။ ဂေသရေမန်ဥယျာဉ်၌ ဖြစ်ပျက်မှု ( မ ၂၆း၃၆–၅၆၊ မာ ၁၄း၃၂–၅၂၊ လု ၂၂း၃၉–၅၃၊ ယော ၁၈း၁–၁၂ )

က၊ ဝေဒနာတော်

၁. ပထမအကြိမ်

က– ယေရှုသည် ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ကို ဆုတောင်း၍ စောင့်ရှောက်နေကြရန် မှာကြားခဲ့သည်။(မ ၂၆း၃၆–၃၇)

ခ– ယေရှုသည် စာတန်၏ အပြင်းအထန်နှောက်ယှက်ခြင်းကို ခံရသည်။(စာတန်သည်ထိုဥယျာဉ်၌ပင် ယေရှုအား သေရန်၊ လက်ဝါးကားတိုင်၌ အပြစ်လွှတ်ပေးရမည့် သေခြင်းမျိုးမဖြစ်ရန် ကြိုးစားခဲ့သည်။(မာ ၁၄း၃၃–၃၄)

ဂ– ယေရှု ပထမအကြိမ် ဆုတောင်းသည်။(၁၄း၃၅–၃၆)

ဃ– ယေရှုသည် တပည့်(၃)ယောက်ထံ ပြန်လာသည်။(၁၄း၃၇–၃၈)

၂. ဒုတိယအကြိမ်

က– ယေရှု ဒုတိယအကြိမ် ဆုတောင်းသည်။(မ ၂၆း၄၂)

ခ– ယေရှု သူ့တပည့် (၃)ယောက်ထံ ထပ်ပြန်လာကြည့်ရာ ထို (၃)ယောက် ထပ် အိပ်ပျော်နေပြန်သည်။(မာ ၁၄း၄၀)

၃. တတိယအကြိမ်

က– ယေရှုတတိယအကြိမ်ဆုတောင်းသည်။(လု ၂၂း၄၃–၄၄)

ခ– ယေရှုသည် အိပ်ပျော်နေသော သူ့တပည့်(၃)ဦးကို ထပ်နှိုးပြန်သည်။(မာ ၁၄း၄၁–၄၂)

ခ၊ ဖမ်းဆီးခြင်း

၁. သစ္စာဖေါက်ကောင် (ယော ၁၈း၂–၃၊ မ ၂၆း၄၈–၅၀)

၂. ခုတ်ဖြတ်သမား (လု ၂၂း၄၉–၅၀၊ ယော ၁၈း၁၀၊ မ ၂၆း၅၁–၅၃)

၃. ဖြန်ဖြေသူ (လု ၂၂း၅၁)

ဂ၊ စွန့်ပစ်ခြင်း

၁. တပည့်တော် ၁၁ ဦး စွန့်ပစ်ကြခြင်း (မ ၂၆း၅၆)

၂. လူငယ်တဦး စွန့်ပစ်ခြင်း (မာ ၁၄း၅၁–၅၂)

၁၈။ ပထမအကြိမ် မတရားဆွဲထုတ်သွားခြင်း – အန္နတ်ရှေ့မှောက်ရောက်ခြင်း ( ယော ၁၈း၁၂–၁၄၊ ၁၉–၂၃ )

က၊ စစ်ဆေးခြင်း (၁၈း၁၂၊ ၁၃၊ ၁၉–၂၀)

ခ၊ ပါးရိုက်ခြင်း (၁၈း၂၂)

၁၉။ ဒုတိယအကြိမ် မတရားဆွဲထုတ်သွားခြင်း – ကယာဖရှေ့မှောက် ရောက်ရခြင်း ( မ ၂၆း၅၇၊ ၅၉–၆၈၊ မာ ၁၄း၅၃၊ ၅၅–၆၅၊ လု ၂၂း၅၄၊ ၆၃–၆၅၊ ယော ၁၈း၂၄ )

က၊ မမှန် ထွက်ဆိုချက် (မ ၂၆း၅၇၊ ၅၉–၆၁)

ခ၊ ခိုင်မာစွာ ပြောဆိုချက် (၂၆း၆၃–၆၄)

ဂ၊ အပြစ်ဒါဏ်စီရင်ခြင်း (၂၆း၆၅–၆၆)

ဃ၊ ယုတ်မာသောလုပ်ဆောင်ချက် (မ ၂၆း၆၇–၆၈၊ လု ၂၂း၆၃–၆၅)

၂၀။ ပေတရု ယေရှုကို ၃ ကြိမ်ငြင်းပယ်ခြင်း ( မ ၂၆း၅၈၊ ၆၉–၇၅၊ မာ ၁၄း၅၄၊ ၆၆–၇၂၊ ယော ၁၁း၁၅–၁၈၊ ၂၅–၂၇ )

က၊ အဖြစ်အပျက်

၁. ပေတရုနှင့်ယောဟန် (ယော ၁၈း၁၅–၁၆)

၂. တံခါးစောင့်မိန်းမ (၁၈း၁၇)

၃. အရာရှိအချို့ (၁၈း၁၈၊ ၂၅)

၄. မာလခု (နားရွက်ပြတ်ဖူးသူ)၏ သူငယ်ချင်း (၂၆း၂၆–၂၇)

ခ၊ စွဲဆိုသူများ (မာ ၁၄း၆၇–၇၀၊ ယော ၁၈း၁၇၊ ၂၆)

ဂ၊ ငြင်းပယ်ခြင်း (မာ ၁၄း၆၈–၇၁၊ လု ၂၂း၅၇၊ ၆၀)

ဃ၊ ငိုးကြွေးခြင်း (လု ၂၂း၆၀–၆၂)

၂၁။ တတိယအကြိမ် ဆွဲခေါ်သွားခြင်း – ဘာသာရေးဆိုင်ရာ လွှတ်တော်အကြီးအကဲများ ရှေ့သို့ ရောက်ရခြင်း ( မ ၂၇း၁၊ မာ ၁၅း၁၊ လု ၂၂း၆၆–၇၁ )

၂၂။ ယုဒရှကာရုတ် နောင်တရ၍ မိမိကိုယ်ကိုသတ်သေခြင်း ( မ ၂၇း၃–၁၀၊ တ ၁း၁၈–၁၉ )

က၊ အသွေးကိုရောင်းစားမှု

၁. သူ၏ဝန်ခံဖြောင့်ဆိုချက် (မ ၂၇း၃–၄)

၂. သူ၏ပျက်စီးခြင်း

က– ဖြစ်ပျက်ပုံ (မ ၂၇း၆)

ခ– အကျိုးဆက် (တ ၁း၁၈)

ခ၊ အသွေးမှရသော မြေကွက်

၁. ယဇ်ပုရောဟိတ်များ အကြံရခက်နေခြင်း (မ ၂၇း၆)

၂. ယဇ်ပုရောဟိတ်များ၏ ဆုံးဖြတ်ချက် (၂၇း၇–၈)

၂၃။ စတုတ္ထအကြိမ် ဆွဲခေါ်သွားခံရခြင်း – ပိလတ်မင်းရှေ့သို့ ပထမအကြိမ် ရောက်ခြင်း

( မ ၂၇း၂၊ ၁၁–၁၄၊ မာ ၁၅း၁–၅၊ လု ၂၃း၁–၅၊ ယော ၁၈း၂၈–၃၈ )

က၊ ပထမအခေါက် – ပိလတ်မင်းနှင့် ယုဒလူကြီးများ (မ ၂၇း၂၊ မာ ၁၅း၁၊ လု ၂၃း၁–၂၊ ယော ၁၈း၂၈–၃၂)

ခ၊ ဒုတိယအခေါက် – ပိလတ်မင်းနှင့် ယေရှု (မ ၂၇း၁၁–၁၄၊ မာ ၁၅း၂–၅၊ လု ၂၃း၃၊ ယော ၁၈း၃၃–၃၈ က)

ဂ၊ တတိယအခေါက် – ပိလတ်မင်းနှင့် ယုဒလူကြီးများ (လု ၂၃း၄–၅၊ ယော ၁၈း၃၈ က)

၂၄။ ပဥ္စမအကြိမ် ဆွဲခေါ်သွားခံရခြင်း – ဟေရုဒ်ဘုရင်နှင့် အန္တိပရှေ့မှောက် ရောက်ရခြင်း ( လု ၂၃း၆–၁၂ )

၂၅။ ဆဋ္ဌမအကြိမ် ဆွဲခေါ်သွားခံရခြင်း – ပိလတ်မင်းရှေ့မှောက် နောက်ဆုံးအကြိမ် ရောက်ရခြင်း ( မ ၂၇း၁၅–၂၆၊ မာ ၁၅း၅–၁၅၊ လု ၂၃း၁၃–၂၅၊ ယော ၁၈း၃၉၊ ၁၉း၁၆ )

က၊ လူသတ်သမားကို ရွေးနှုတ်ကြခြင်း (မာ ၁၅း၆–၇၊ မ ၂၇း၁၇၊ လု ၂၃း၁၈–၁၉)

ခ၊ မေရှိ(ခရစ်တော်)ကို ငြင်းပယ်ကြခြင်း

၁. ပိလတ်မင်း စည်းဝေးတိုင်ပင်ခြင်း (လု ၂၃း၁၃–၁၆)

၂. ပိလတ်ဇနီး၏ မှာကြားချက် (၂၇း၁၉)

၃. ယုဒဘာသာဝင်များ၏ ကြွေးကြော်မှု (မ ၂၇း၂၅၊ မာ ၁၅း၁၃၊ ယော ၁၉း၇၊ ၁၂–၁၄)

၄. စစ်သားများ၏ ကြမ်းကြုတ်ရက်စက်မှု (ယော ၁၉း၁–၅)

၅. ပိလတ်မင်း၏ ဝန်ခံဖြောင့်ဆိုချက် (မ ၂၇း၂၄)

၂၆။ သတ္တမအကြိမ် ဆွဲခေါ်သွားခံရခြင်း – ရောမစစ်သားများရှေ့မှောက် ရောက်ရခြင်း ( မ ၂၇း၂၇–၃၀၊ မာ ၁၅း၁၆–၁၉ )

၂၇။ ကရာနီသို့သွားရာ လမ်းခရီး ( မ ၂၇း၃၁–၃၂၊ မာ ၁၅း၂၀၊ ၂၁၊ လု ၂၃း၂၆–၃၂၊ ယော ၁၉း၁၆ )

က၊ ကုရေနေပြည်သားတဦး – ကားတိုင်ကို ကူညီထမ်းရသည်။(လု ၂၃း၂၆)

ခ၊ ဇိအုန်အမျိုးသမီးပျိုများ – ခရစ်တော်အတွက် ငိုကြွေးကြသည်။

၁. သူတို့၏ ဝမ်းနည်းမှု (၂၃း၂၇)

၂. ခရစ်တော်၏ သတိပေးချက် (၂၃း၂၈–၃၁)

၂၈။ ဂေါလဂေါသ တောင်ကုန်းပေါ်တွင်

က၊ ပထမ ၃ နာရီ – မနက် ၉း၀၀ မှ မွန်းတည့်အထိ (လု ၂၃း၃၃)

၁. စပျစ်ရည်ကို ငြင်းပယ်ခြင်း (မာ ၁၅း၂၃)

၂. လောင်းကစားကြခြင်း (ယော ၁၉း၂၃–၂၄)

၃. စာရေးကြခြင်း (၁၉း၁၉–၂၂)

၄. လူပရိတ်သတ်၏ လှောင်ပြောင်မှု

က– လှောင်ပြောင်ခနဲ့မှု ပြုသူများ

(၁) လူထု (လု ၂၃း၃၅)

(၂) ယဇ်ပုရောဟိတ်လူအကြီးနှင့် ကျမ်းပြုဆရာများ (မ ၂၇း၄၁)

(၃) စစ်သားများ (လု ၂၃း၃၆)

(၄) လူဆိုးဒါးပြများ (မ ၂၇း၄၄)

ခ– လှောင်ပြောင်ခနဲ့ကြပုံ (မ ၂၇း၄၃၊ မာ ၁၅း၂၉–၃၂၊ လု ၂၃း၃၆၊ ၃၇၊ ၃၉)

၅. ခရစ်တော်၏တောင်းဆိုချက် – ခရစ်တော်၏ ကားတိုင်ပေါ်မှ ပထမဆုံးမြွက်ဆိုချက် (လု ၂၃း၃၄)

၆. လူဆိုး နောင်တရခြင်း – ခရစ်တော်၏ ဒုတိယမြွက်ဆိုချက် (၂၃း၄၀–၄၃)
၇. ယောဟန်၏ တာဝန်များခံရခြင်း – ခရစ်တော်၏ တတိယအကြိမ်ပြောဆိုချက် (ယော ၁၉း၂၅–၂၇)
ခ၊ ဒုတိယ ၃ နာရီ – မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ (မ ၂၇း၄၅)
၁. ခရစ်တော်၏ စတုတ္ထပြောစကား (မာ ၁၅း၃၄–၃၆)
၂. ခရစ်တော်၏ ပဉ္စမပြောစကား (ယော ၁၉း၂၈)
၃. ခရစ်တော်၏ ဆဋ္ဌမပြောစကား (ယော ၁၉း၃၀)
၄. ခရစ်တော်၏ သတ္တမပြောစကား (လု ၂၃း၄၆)

## ၂၉။ ခရစ်တော် ကားတိုင်၌အသေခံချိန် ဖြစ်ပွားခဲ့သော ထူးဆန်းသည့် အဖြစ်ပျက်များ ( မ ၂၇း၅၁–၅၆၊ မာ ၁၅း၃၈–၄၁၊ လု ၂၃း၄၅၊ ၄၇၊ ၄၉ )

က၊ ကောင်းကင်ဘုံအခြေအနေ
၁. ဗိမာန်တော် (မာ ၁၅း၃၈)
၂. မြေပြင် (မ ၂၇း၅၁)
၃. ကျောက်တုံးကြီးများ (၂၇း၅၂–၅၃)
ခ၊ လူအများ၏ အနေအထား (မ ၂၇း၅၄–၅၆)

## ၃၀။ ခရစ်တော်ကို သင်္ဂြိုဟ်ကြခြင်း ( မ ၂၇း၅၇–၆၁၊ မာ ၁၅း၄၂–၄၇၊ လု ၂၃း၅၀–၅၆၊ ယော ၁၉း၃၁–၄၂ )

က၊ ခရစ်တော်၏ခန္ဓာကိုယ်ကို ထိုးဖေါက်ခြင်း (ယော ၁၉း၃၁–၃၄)
ခ၊ အလောင်းတော်ကို ပြင်ဆင်ကြခြင်း
၁. အရိမသဲမြို့သားယောသပ် တောင်းဆိုရယူခြင်း (မ ၂၇း၅၇–၅၈)
၂. နိကောဒင်မှ တောင်းဆိုရယူခြင်း (ယော ၁၉း၃၉–၄၀)
ဂ၊ ခရစ်တော်အလောင်းအတွက် နေရာ (ယော ၁၉း၄၁၊ မ ၂၇း၅၉–၆၀)

## ( ကြာသာပတေးနေ့ )

## ၃၁။ ဂူအတွင်းတွင် ပိတ်လှောင်ထားခြင်း ( မ ၂၇း၆၂–၆၆ )

က၊ တောင်းလျှောက်ကြခြင်း (၂၇း၆၂–၆၄)
ခ၊ အစောင့်တပ်ဖွဲ့ (မ ၂၇း၆၅–၆၆)

## ( တနင်္ဂနွေနေ့ )

## ၃၂။ ခရစ်တော် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း ( မ ၂၈၊ မာ ၁၆၊ လု ၂၄၊ ယော ၂၀ – ၂၁ )

*ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ဖေါ်ပြချက် –– သချိုင်းပွင့်လှစ်နေမှု*
က၊ ဂူသို့ သွားကြခြင်း (မ ၂၈း၁၊ မာ ၁၆း၁)
ခ၊ ဂူ၌ ထိတ်လန့်မှုများ ဖြစ်ကြခြင်း (မ ၂၈း၂–၄)
ဂ၊ ဂူအတွင်းမှ ပြောဆိုမှုများ (မာ ၁၆း၂–၇)
ဃ၊ သက်သေခံ ပြောဆိုခြင်းများ (မ ၂၈း၈)
င၊ ဂူနှင့်ပါတ်သက်သော ပြောဆိုမှု (လု ၂၄း၁၀–၁၂)

*သေချာခိုင်ခံ့သော ရှင်ပြန်ထမြောက်ခြင်း –– ခရစ်တော်ရှင်ပြန်ခြင်း*
က၊ ပထမကြိမ် ထင်ရှားပြခြင်း – မာဂဒလမာရိသို့ (မာ ၁၆း၉–၁၁၊ ယော ၂၀း၁၁–၁၈)
၁. သနားဂရုဏာရှင်တဦး (ယော ၂၀း၁၁)

၂. ရောင်ချည်တော်တေါက်နေသူများ (၂၀း၁၂၊ ၁၃)
၃. ရှင်ပြန်သူတဦး (၂၀း၁၄–၁၈)
 က– မာရိ၏လွဲချော်မှု (၂၀း၁၄–၁၅)
ခ– မာရိ ဘဝင်မကျဖြစ်ခြင်း (၂၀း၁၆–၁၈)
ခ၊ ဒုတိယအကြိမ် ထင်ရှားပြခြင်း – အမျိုးသမီးအုပ်စုသို့ (မ ၂၈း၉–၁၅)
၁. အမျိုးသမီးများ ကိုးကွယ်ကြခြင်း (၂၈း၉–၁၀)
၂. စစ်သားများ လိမ်ညာခြင်း ( ၂၈း၁၁–၁၅ )
ဂ၊ တတိယအကြိမ် ထင်ရှားပြခြင်း – ရှိမုန်ပေတရုသို့ (လု ၂၄း၃၄၊ ကော ၁၅း၅)
ဃ၊ စတုတ္ထအကြိမ် ထင်ရှားပြခြင်း – ဧမောက်ရွာသို့သွားကြသော တပည့်တော် ၂ ဦးသို့
(မာ ၁၆း၁၂–၁၃၊ လု ၂၄း၁၃–၃၅)
၁. ခရီးသွားကြခြင်း (လု ၂၄း၁၃)
၂. ပြန်ပြောင်း စဉ်းစား ပြောဆိုကြခြင်း (၂၄း၁၄–၁၅)
၃. မမြင်ကြခြင်း (၂၄း၁၆)
၄. မေးမြန်းခြင်း (၂၄း၁၇)
၅. တင်ပြကြခြင်း (၂၄း၁၈–၂၄)
၆. ဆုံးမခြင်း (၂၄း၂၅–၂၆)
၇. ရှင်းပြခြင်း (၂၄း၂၇–၂၉)
၈. နှိုးခြင်း (၂၄း၃၀–၃၂)
၉. အစီရင်ခံကြခြင်း (၂၄း၃၃–၃၅)
င၊ ပဥ္စမအကြိမ် ထင်ရှားပြခြင်း – တပည့်တော် ၁၁ ပါးသို့ (လု ၂၄း၃၆–၄၈)
၁. တပည့်တော်များကို ထင်ရှားပြခြင်း
က– တပည့်တော်များ၏ ကြောက်ရွံ့မှု (လု ၂၄း၃၆–၃၇)
ခ– ခရစ်တော်၏ အားပေးနှစ်သိမ့်မှု (လု ၂၄း၃၈–၄၀)
၂. တပည့်တော်နှင့်အတူတကွ စားသောက်ခြင်း (လု ၂၄း၄၁–၄၃)
၃. တပည့်တော်များ သန့်ရှင်းသောဝိညာဉ်တော် ခံရခြင်း (ယော ၂၀း၂၁–၂၃)
၄. တပည့်တော်များကို ကျမ်းစာနားလည်ရန် ဉာဏ်ဖွင့်ပေးခြင်း (လု ၂၄း၄၄–၄၅)
စ၊ ဆဋ္ဌမအကြိမ် ထင်ရှားပြခြင်း – သောမနှင့်တပည့်တော်များသို့ (ယော ၂၀း၂၄–၃၁)
၁. သောမ၏ ယုံကြည်ခြင်းအားနည်းမှု (၂၀း၂၄–၂၅)
၂. သောမကို ထင်ရှားပြခြင်း (၂၀း၂၆)
၃. သောမကို ဖိတ်ခေါ်ခြင်း (၂၀း၂၇)
၄. သောမ၏ ခိုင်မာစွာဝန်ခံချက် (၂၀း၂၈–၂၉)
ဆ၊ သတ္တမအကြိမ် ထင်ရှားပြခြင်း – တပည့်တော် ၇ ပါးသို့ ဂါလိလဲပြည်တွင် ပြန်လည်ပြခြင်း
(ယော ၂၁)
၁. စိတ်ပျက်နေခြင်း (၂၁း၃)
၂. ခိုင်းစေခြင်း (၂း၄–၆)
၃. မီးခဲနှင့်မီးဖို (၂၁း၉–၁၁၊ ၁၃)
၄. ဖွင့်ဟဝန်ခံခြင်း (၂၁း၁၅–၁၇)
၅. လက်ဝါးကားတိုင် (၂၁း၁၈–၁၉)
၆. မရှင်းမလင်းဖြစ်ခြင်း (၂၁း၂၀–၂၃)
ဇ၊ အဋ္ဌမအကြိမ် ထင်ရှားပြခြင်း – တပည့်တော်များနှင့် အမှုဆောင် ၅၀၀ သို့
(၂၈း၁၆–၂၀၊ မာ ၁၆း၁၅–၁၈၊ ၁ကော ၁၅း၆)
၁. မဟာ လုပရိတ်သတ် (၁ကော ၁၅း၆)
က– အမြင်နှစ်မျိုး (၂၈း၁၇)
ခ– မိန့်မှာချက် လေးမျိုး (မာ ၁၆း၁၇–၁၈)
၂. မဟာ အသင်းအဖွဲ့ (မ ၂၂း၁၈–၂၀)
ဈ၊ နဝမအကြိမ် ထင်ရှားပြခြင်း – ရှင်ယာကုပ်(ခရစ်တော်၏ ညီဝမ်းကွဲ) သို့ (၁ကော ၁၅း၇)
ည၊ ဒသမအကြိမ် ထင်ရှားပြခြင်း – သံလွင်တောင်ပေါ်၌ တပည့်တော် ၁၁ ပါးသို့
(လု ၂၄း၄၉–၅၀၊ တ ၁း၃–၈)
၁. နောက်ဆုံးပိတ် မှာကြားမှု (တ ၁း၄)

၂. နောက်ဆုံးပိတ်မေးခွန်း (တ ၁း၆-၇)
၃. နောက်ဆုံးပိတ် ဂတိ (တ ၁း၈)
၄. နောက်ဆုံးပိတ် ကောင်းကြီးမင်္ဂလာ (လု ၂၄း၅၀)

၃၃။ ခရစ်တော် ကောင်းကင်ဘုံသို့ တက်ကြွခြင်း ( မာ ၁၆း၁၉-၂၀၊ လု ၂၄း၅၁၊ ၅၃၊ တ ၁း၉-၁၁ )
က၊ သူ၏ တက်ကြွသွားရာ နေရာ (မာ ၁၆း၁၉)
ခ၊ တက်ကြွပုံ (တ ၁း၉)
ဂ၊ အဘယ်ကြောင့် တက်ကြွရပုံ (ယော ၁၄း၂-၃၊ တ ၁း၁၀၊ ၁၁)

## မ၊ မာ၊ လု၊ ယော (နိမိတ်လက္ခဏာများ)

၁။ ရေကို စပျစ်ရည်အဖြစ်သို့ ပြောင်းလဲခြင်း ( ယော ၂း၁-၁၁ )
က၊ ယုံကြည်ခြင်းများကို စစ်ဆေးခြင်း (၂း၃)
၁. မာရိ၏ ယုံကြည်ခြင်း (၂း၅)
၂. အစေခံများ၏ ယုံကြည်ကြခြင်း (၂း၇)
ခ၊ မြည်းစမ်းကြည့်ခြင်း (၂း၉-၁၀)

၂။ အမတ်၏သားသို့ အနာရောဂါကို ပျောက်ကင်းစေခြင်း ( ယော ၄း၄၃-၅၄ )
က၊ အသနားခံ တောင်းလျှောက်ခြင်း (၄း၄၉)
ခ၊ အာမခံပြောဆိုခြင်း (၄း၅၀)
ဂ၊ စုံစမ်းစစ်ဆေးခြင်း (၄း၅၁-၅၂)
ဃ၊ လက်ခံယုံကြည်ခြင်း (၄း၅၃-၅၄)

၃။ ကပေရနောင်မြို့မှ နတ်ဆိုးစွဲသူကို ပျောက်ကင်းစေခြင်း ( မာ ၁း၂၁-၂၈၊ လု ၄း၃၁-၃၇ )
က၊ နတ်ဆိုး၏ နားလည်သိရှိမှု (မာ ၁း၂၄)
ခ၊ ခရစ်တော်၏ အမိန့်ထုတ်မှု (၁း၂၅-၂၆)
ဂ၊ လူအပေါင်းတို့၏ အံ့ဩမှု (၁း၂၇)

၄။ ပေတရုယောက္ခမ၏ ရောဂါကို ပျောက်ကင်းစေခြင်း
( မ ၈း၁၄-၁၇၊ မာ ၁း၂၉-၃၄၊ လု ၄း၃၈-၄၁ )
က၊ ဤအကြောင်းအရာ၏ ကျယ်ပြန့်ပုံ
၁. ခရစ်တော်သည် ပေတရုယောက္ခမ ရောဂါကို ပျောက်ကင်းစေခဲ့သည်။(လု ၄း၃၉)
၂. ခရစ်တော်သည် လူအများ၏ ရောဂါကိုလည်း ပျောက်ကင်းစေခဲ့သည်။(၄း၄၀-၄၁)

ခ၊ ဤအကြောင်းအရာကို ပရောဖက် ဟောထားခဲ့ပုံ (မ ၈း၁၇)

၅။ ငါးများစွာကို ဖမ်းမိစေခြင်း ( မ ၄း၁၈–၂၂၊ မာ ၁း၁၆–၂၀၊ လု ၅း၁–၁၁ )
က၊ တံငါသည် (၅း၄)
ခ၊ အခွင့်အရေးရခြင်း (၅း၅–၇)
ဂ၊ ဝန်ချတောင်းပန်ခြင်း (၅း၈–၉)
ဃ၊ နောက်တော်သို့လိုက်ခြင်း (၅း၁၀–၁၁)

၆။ အနူစွဲသူကို ရောဂါပျောက်ကင်းစေခြင်း( မ ၈း၂–၄၊ မာ ၁း၄၀–၄၅၊ လု ၅း၁၂–၁၆ )
က၊ အနူစွဲသူ၏ ရှိခိုးခြင်း (မာ ၁း၄၀–၄၄)
ခ၊ အနူစွဲသူ၏ သက်သေခံခြင်း (၁း၄၅)

၇။ လက်ခြေသေသူကို ရောဂါပျောက်ကင်းစေခြင်း ( မ ၉း၁–၈၊ မာ ၂း၁–၁၂၊ လု ၅း၁၇–၂၆ )
က၊ အိမ်အမိုးမှ အပေါက်ဖေါက်၍ လျှော့ချခြင်း (မာ ၂း၁–၅)
ခ၊ ကပျက်ကချော်ပြုခြင်း (မာ ၂း၆–၁၂)
၁. ကျမ်းတတ်များ၏ စွဲဆိုချက် (၂း၆–၇)
၂. ခရစ်တော်၏ ရှင်းလင်းချက် (၂း၈–၁၂)

၈။ လက်တဖက်သေသူကို ရောဂါပျောက်ကင်းစေခြင်း ( မ ၁၂း၉–၁၄၊ မာ ၃း၁–၆၊ လု ၆း၆–၁၁ )
က၊ နမိတ်လက္ခဏာပြရန် လိုအပ်ပုံ (လု ၆း၆)
ခ၊ နမိတ်လက္ခဏာပြမှုကို အပြစ်ရှာပုံ (လု ၆း၇)
ဂ၊ နမိတ်လက္ခဏာပြခြင်းအမှုကို ကာကွယ်ပြောဆိုခြင်း (မ ၁၂း၁၁–၁၂၊ မာ ၃း၄)
ဃ၊ နမိတ်လက္ခဏာပြခြင်း (မာ ၃း၅)
င၊ နမိတ်လက္ခဏာပြခြင်းအပေါ် သက်ရောက်မှု (မာ ၃း၆၊ လု ၆း၁၁)

၉။ စစ်တပ်မှူး၏ ငယ်သားရောဂါကို ပျောက်ကင်းစေခြင်း ( မ ၈း၅–၁၃၊ လု ၇း၁–၁၀ )
က၊ တပ်မှူးမှ မိမိငယ်သားအတွက် အကြောင်းကြားခြင်း (၇း၂–၃)
ခ၊ တပ်မှူး၏ ဣသရေလတို့အပေါ်ထားသည့် မေတ္တာ (၇း၄–၅)
ဂ၊ တပ်မှူး ခရစ်တော်အပေါ် ယုံကြည်မှု (၇း၆–၁၀)
ဃ၊ တပ်မှူး၏ အဖိုးတန်ဆုံး ဆုလဒ် (မ ၈း၁၁–၁၂)

၁၀။ မုဆိုးမ၏သားကို ရှင်ပြန်စေခြင်း ( လု ၇း၁၁–၁၇ )
က၊ သေသောသူအတွက် ငိုကြွေးကြခြင်း (၇း၁၁–၁၃)
ခ၊ သေသောသူကို စကားပြောခြင်း (၇း၁၃–၁၄)
ဂ၊ သေခြင်းမှ ရှင်ပြန်ခြင်း (၇း၁၅–၁၆)
၁. လူအများ ဘုရားဂုဏ်တော်ကို ချီးမွမ်းကြသည်။(၇း၁၆)
၂. လူအများ ဘုရားရှင်၏ပရောဖက်ဖြစ်သည်ဟု ဝန်ခံကြသည်။(၇း၁၆)

၁၁။ ဂါလိလဲပင်လယ်မှ မုန်တိုင်းကို ငြိမ်သက်စေခြင်း ( မ ၈း၁၈၊ ၂၃–၂၇၊ မာ ၄း၃၅–၄၁၊ လု ၈း၂၂–၂၅ )
က၊ ပင်လယ်ပြင်မုန်တိုင်း (လု ၈း၂၂–၂၃၊ မာ ၄း၃၇)
ခ၊ ကြောက်ရွံ့မှုဖြင့် လျှောက်တင်ခြင်း (မာ ၄း၃၈)
ဂ၊ အန္တရာယ်မှ လွတ်မြောက်ခြင်း (၄း၃၉)
ဃ၊ အံ့ဩဝမ်းသာ ဖြစ်ကြခြင်း (မ ၈း၂၇)

## ၁၂။ ကြမ်းကြုတ်သော နတ်ဆိုးစွဲသူကို ကုသပျောက်ကင်းစေခြင်း
( မ ၈း၂၈–၃၄၊ မာ ၅း၁–၂၀၊ လု ၈း၂၆–၃၉ )

*ပထမမြင်ကွင်း*

က၊ နတ်ဆိုးဝင်သောကြောင့် ကြမ်းကြုတ်ဆိုးဝါးနေသူ (ယနေ့ လောကသားများ ပုံသဏ္ဍာန်)
- ၁. နေထိုင်ရာနေရာ = သင်္ချိုင်းဂူ (မာ ၅း၂–၃)
- ၂. ပုံသဏ္ဍာန်နှင့် အခြေအနေ
  - က– အဝတ်အစား ဝတ်ထားခြင်းမရှိ။(လု ၈း၂၇)
  - ခ– ကြမ်းကြုတ်သည်။(၈း၂၈)
  - ဂ– မည်သူမျှ ချုပ်နှောင်ထိန်းသိမ်းခြင်း မပြုနိုင်။(မာ ၅း၃–၄)
  - ဃ– နေ့ညမပြတ် အော်ဟစ်၍ မိမိကိုယ်ကို ကျောက်စောင်းဖြင့် ရှအောင်လုပ်နေသည်။(မာ ၅း၅)
  - င– လေဂေါင်အမည်ရှိ နတ်ဆိုးက ဝင်စီးနေခြင်းဖြစ်သည်။(မာ ၅း၉၊ လု ၈း၂၉)

ခ၊ ဂါလိလဲနယ်သား ခရစ်တော်မှ နတ်ဆိုးကို နှိမ်နင်းထိန်းချုပ်ခြင်း
- ၁. ခရစ်တော်ကို သူတို့ နားလည်မှု (မ ၈း၂၉၊ မာ ၅း၇)
- ၂. ခရစ်တော်ကို သူတို့ ကြောက်ရွံ့မှု (မ ၈း၂၉၊ မာ ၅း၇)
- ၃. ခရစ်တော်ကို သူတို့ နာခံမှု (မာ ၅း၈–၁၃)

*ဒုတိယမြင်ကွင်း*

က၊ မဟာအပြောင်းအလဲ
- ၁. နတ်ဆိုးဝင်ခဲ့သူ၏ အခြေအနေ (လု ၈း၃၅)
- ၂. နတ်ဆိုးဝင်ခဲ့သူ၏ တောင်းဆိုချက် (မ ၈း၁၈–၁၉)
- ၃. နတ်ဆိုးဝင်ခဲ့သူ၏ သက်သေခံချက် (၅း၂၀)

ခ၊ လူပရိတ်သတ်၏ ကြောက်ရွံ့မှု (လု ၈း၃၇)

## ၁၃။ သွေးသွန်နာစွဲသော အမျိုးသမီးကို ရောဂါပျောက်ကင်းစေခြင်း
( မ ၉း၂၀–၂၂၊ မာ ၅း၂၅–၃၄၊ လု ၈း၄၃–၄၈ )

က၊ ရောဂါဝေဒနာ အခြေအနေ
- ၁. ငွေကုန်လူပန်းဖြစ်ခဲ့ရသော နှစ်ပေါင်း (မာ ၅း၂၅–၂၇)
- ၂. သူ၏ ယုံကြည်စိတ်ချစွာ မျှော်လင့်နေမှု (၅း၂၈)
- ၃. အချိန်တိုအတွင်း အောင်မြင်မှု (၅း၂၉)

ခ၊ ကုသသူ
- ၁. အာရုံဖြင့် ခံစားသိရှိလိုက်မှု (လု ၈း၄၅–၄၇)
- ၂. ခွင့်လွှတ်ခြင်း (မာ ၅း၃၄)

## ၁၄။ ယာဣရု၏သမီးကို သေခြင်းမှ ရှင်ပြန်စေခြင်း
( မ ၉း၁၈–၁၉၊ ၂၃–၂၆၊ မာ ၅း၂၂–၂၄၊ ၃၅–၄၃၊ လု ၈း၄၁–၄၂၊ ၄၉–၅၆ )

က၊ သေအံ့ဆဲဆဲ သမီးငယ် (လု ၈း၄၁–၄၂)

ခ၊ သေဆုံးသွားသော သမီးငယ်
- ၁. အစေခံ၏ အမြင် (၈း၄၉)
- ၂. ခရစ်တော်၏ ဂတိတော် (၈း၅၀–၅၁)
- ၃. ပျက်ယယ်ပြုကြခြင်း (၈း၅၂–၅၃)

င၊ သမီးငယ် အသက်ပြန်ရှင်ခြင်း (၈း၅၄–၅၆)

## ၁၅။ မျက်စိကန်းနှစ်ဦးကို ရောဂါပျောက်ကင်းစေခြင်း ( မ ၉း၂၇–၃၁ )

က၊ လူကန်းများ၏ တောင်းဆိုချက် (၉း၂၇)

ခ၊ စကားပြောဆိုခြင်း

၁. ခရစ်တော်၏စုံစမ်းချက် (၉း၂၈)
၂. ခရစ်တော်၏ တို့ထိချက် (၉း၂၉–၃၁)

## ၁၆။ နတ်ဆိုးစွဲ၍ အ နေသောသူကို ရောဂါပျောက်ကင်းစေခြင်း ( မ ၉း၃၂–၃၄ )

က၊ တန်ခိုးတော် (၉း၃၃)
ခ၊ အံ့သြခြင်း (၉း၃၃)
ဂ၊ မလိုတမာပြောကြခြင်း (၉း၃၄)

## ၁၇။ ၃၈ နှစ်ရောဂါစွဲနေသူကိုကုသခြင်း ( ယော ၅း၁–၁၆ )

က၊ ကိုယ်အင်္ဂါ ချို့ယွင်းနေသူ (၅း၁–၉)
၁. အိပ်ယာထက်တွင် လူးလွန့်နေသော ရောဂါဝေဒနာရှင် (၅း၂–၅)
က– ခရစ်တော် ဖိတ်ခေါ်ခြင်း (၅း၆)
ခ– ဝေဒနာရှင်၏ အသိဉာဏ်ခေါင်းပါးမှု (၅း၇)
၂. ဝေဒနာရှင် မိမိအိပ်ယာကိုထမ်း၍ လမ်းလျှောက်ခြင်း (၅း၈–၉)
ခ၊ ပျောက်ကင်းခြင်း (၅း၁၀–၁၃)
ဂ၊ ပြောင်းလဲခြင်း (၅း၁၄–၁၆)

## ၁၈။ လူ ၅၀၀၀ ကို ကျွေးမွေးခြင်း ( မ ၁၄း၁၄–၂၁၊ မာ ၆း၃၁–၄၄၊ လု ၉း၁၀–၁၇၊ ယော ၆း၁–၁၃ )

က၊ အခြေအနေမှန်ကို နားလည်တတ်သော သိုးထိန်း
၁. ခရစ်တော်သည် တပည့်တော်များ၏ လိုအပ်မှုကို သိနှင့်နေသည်။(မာ ၆း၃၀–၃၂)
၂. ခရစ်တော်သည် လူအစုအဝေး၏ လိုအပ်ချက်ကို သိနှင့်နေသည်။(၆း၃၄)
က– သူတို့၌ သင်ကြားပေးမည့်ဆရာ လိုအပ်နေသည်။(မာ ၆း၃၄၊ လု ၉း၁၁)
ခ– သူတို့၌ အနာရောဂါကုသပေးမည့်သူ လိုနေသည်။(လု ၉း၁၁)
ဂ– သူတို့၌ အစားအစာလိုနေသည်။(မ ၁၄း၁၅၊ ယော ၆း၅–၉)
ခ၊ စနစ်တကျ လုပ်ဆောင်တတ်သော သိုးထိန်း (မာ ၆း၃၉–၄၀၊ ယော ၆း၁၀)
ဂ၊ တန်ခိုးရှင် သိုးထိန်း (မာ ၆း၄၁–၄၂)
ဃ၊ လိုလေသေးမရှိသော သိုးထိန်း (ယော ၆း၁၂–၁၃)

## ၁၉။ ရေပြင်ပေါ်တွင် လမ်းလျှောက်ခြင်း ( မ ၁၄း၂၄–၃၃၊ မာ ၆း၄၇–၅၂၊ ယော ၆း၁၆–၂၁ )

က၊ အလုပ်မဖြစ်သော လှေ (မ ၁၄း၂၄၊ မာ ၆း၄၈၊ ယော ၆း၁၈)
ခ၊ ပင်လယ်ပြင်၌ ပေါ်လာခြင်း (မာ ၆း၄၁–၄၂)
ဂ၊ ကယ်တင်ရှင်၏ နှစ်သိမ့်စကား (၁၄း၂၇)
ဃ၊ လှေသား၏ မဆင်မခြင်ပြုလုပ်ချက်
၁. သူ၏ ကြိုးစားမှု (၁၄း၂၈–၂၉)
၂. သူ၏ အော်ဟစ်ငိုကြွေးမှု (၁၄း၃၀–၃၁)

## ၂၀။ နတ်ဆိုးဝင်သူ အမျိုးသမီးကို ကုသပျောက်ကင်းစေခြင်း ( မ ၁၅း၂၁–၂၈၊ မာ ၇း၂၄–၃၀ )

က၊ ရင်ကွဲပက်လက်ဖြစ်နေသော မိခင်
၁. သူမ၏ ပြဿနာ
က– သူမသည် တပါးအမျိုးသား (ဟေလသ = ဂရိ)လူမျိုး ခါနန်နယ်သား ဖြစ်သည်။
ခ– သူမ၌ နတ်ဆိုးဝင်နေသောသမီး ရှိသည်။
၂. သူမ၏ တောင်းပန် တိုးလျှောက်ထားမှု (၁၅း၂၂)
ခ၊ စိတ်မာသော အမှုဆောင်များ (မ ၁၅း၃၃)

ဂ၊ စိတ်ကောင်းသော မေရှိ
၁. ခရစ်တော်၏ အကျိုးအကြောင်းတင်ပြမှု (မ ၁၅း၂၄–၂၆)
၂. ခရစ်တော်၏ ဂရုဏာကြွယ်ဝသော ပြောဆိုမှု (၁၅း၂၇–၂၈)

## ၂၁။ နားပင်း၍ စကားအသူကို ပျောက်ကင်းချမ်းသာစေခြင်း ( မာ ၇း၃၁–၃၇ )

က၊ ပြင်ဆင်ခြင်း
၁. ခရစ်တော်သည် မိမိလက်ကို ထိုသူ၏နားပေါက်သို့ သွင်းသည်။
၂. ခရစ်တော်သည် မြေပြင်ပေါ်သို့ တံတွေးထွေးသည်။
၃. ခရစ်တော်သည် ထိုသူ၏လျှာကို လက်ဖြင့် တို့သည်။
၄. ခရစ်တော်သည် ကောင်းကင်သို့မျှော်ကြည့်၍ ဧဖသ (ပွင့်စေ)ဟု ပြော၏။
ခ၊ စကားပြောနိုင်ခြင်း (၇း၃၅)
ဂ၊ သတိပေးခြင်း (၇း၃၆)
ဃ၊ မိန်းမောတွေဝေကြခြင်း (၇း၃၇)

## ၂၂။ လူယောက်ျား ၄၀၀၀ နှင့် သူတို့၏မိသားစုတို့ကို ကျွေးမွေးခြင်း ( မ ၁၅း၃၂–၃၈၊ မာ ၇း၁–၉ )

## ၂၃။ လူကန်းကို မျက်စိပြန်မြင်စေခြင်း ( မာ ၈း၂၂–၂၆ )

က၊ ပထမအကြိမ် တို့ထိခြင်း (၈း၂၃–၂၄)
ခ၊ ဒုတိယအကြိမ် တို့ထိခြင်း (၈း၂၅)

## ၂၄။ မွေးစကတည်းက မျက်စိကန်းသူကို ပြန်မြင်စေခြင်း ( ယော ၉း၁–၄၁ )

က၊ နားမလည်ကြခြင်း – တပည့်တော်များနှင့် မျက်စိကန်းသူ (၉း၁–၂)
ခ၊ ဝမ်းမြောက်ဖွယ်ကောင်းခြင်း – ခရစ်တော်နှင့် မျက်စိကန်းသူ၊ သူတို့ ပထမအကြိမ်တွေ့ဆုံမှု
၁. ခရစ်တော်မှ သူ့အားဖြင့် ဘုရားရှင်၏မေတ္တာကို ထင်ရှားစေရန် ထင်မြင်မှု (၉း၃)
၂. ခရစ်တော်မှ ဘုရားရှင်၏အမှုတော်ဆောင်ဖြစ်သည်ဟု မိမိကိုယ်ကို ထင်မြင်မှု (၉း၄–၅)
(က) ခရစ်တော်၏ ဆောင်ရွက်မှု (၉း၆)
(ခ) ခရစ်တော်၏ ညွှန်ကြားမှု (၉း၇)
ဂ၊ စဉ်းစားတွေးဆကြခြင်း – မျက်စိကန်းသူနှင့် အိမ်နီးချင်းများ (၉း၈–၁၁)
ဃ၊ ပြဿနာရှာကြခြင်း – ဖါရိရှဲနှင့်မျက်စိကန်းသူ
၁. ပထမအကြိမ် – မျက်စိကန်းသူနှင့် ဘုန်းကြီးများ
က– လူကန်း၏ ဝန်ခံပြောဆိုချက် (၉း၁၅)
ခ– ဖါရိရှဲတို့၏ ပြန်ပြောချက် (၉း၁၆)
၂. ဒုတိယအကြိမ် – မျက်စိကန်းခဲ့သူ၏ မိဘများနှင့် ဖါရိရှဲများ
က– ဖါရိရှဲတို့၏ မေးမြန်းချက် (၉း၁၈–၁၉)
ခ– မိဘများ၏ မယုတ်မလွန် ပြောဆိုချက် (၉း၂၀–၂၂)
၃. တတိယအကြိမ် – မျက်စိကန်းခဲ့သူနှင့် ဖါရိရှဲများ
က– ဖါရိရှဲတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်း (၉း၂၄)
ခ– မျက်စိကန်းခဲ့သူ၏ သက်သေခံခြင်း (၉း၂၅)
၄. စတုတ္ထအကြိမ် – မျက်စိကန်းခဲ့သူနှင့် ဖါရိရှဲများ
က– ဖါရိရှဲတို့မှ သရော်ခနဲ့ခြင်း (၉း၂၈–၂၉)
ခ– မျက်စိကန်းခဲ့သူမှ ရှင်းပြခြင်း (၉း၃၀၊ ၃၂–၃၃)
ဂ– ဖါရိရှဲတို့၏ တုံ့ပြန်မှု (၉း၃၄)
င၊ ကယ်တင်ခြင်း = ကယ်တင်ရှင်နှင့် မျက်စိကန်းခဲ့သူ – သူတို့၏ နောက်ဆုံးအကြိမ် တွေ့ဆုံမှု
၁. ခရစ်တော် ဖိတ်ခေါ်ခြင်း (၉း၃၅)
၂. အလင်း ထွန်းလင်းခြင်း (မှတ်ချက် – ထိုမျက်စိကန်းခဲ့သော ပုဂ္ဂိုလ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖွင့်ပြမှုကြောင့် ခရစ်တော်ကို မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို ဖွင့်ဟပြောဆိုနိုင်ခဲ့သည်)

သူက ခရစ်တော်ကို အောက်ပါအတိုင်း ခေါ်ဝေါ်ခဲ့သည် –
က– လူတဦး (၉း၁၁)
ခ– ပရောဖက်တဦး (၉း၁၇)
ဂ– ဘုရားရှင်ထံမှ လာသူ (၉း၃၃)
ဃ– ဘုရားရှင်၏ သားတော် (၉း၃၅–၃၈)

## ၂၅။ နတ်ဆိုးစီးသူ လူငယ်တဦးထံမှ နတ်ဆိုးထွက်အောင်လုပ်ခြင်း ( မ ၁၇း၁၄–၂၀၊ မာ ၉ း၁၄–၂၉၊ လု ၉း၃၇–၄၃ )

က၊ ဖခင်ဖြစ်သူ၏ အကူအညီတောင်းခံမှု (လု ၉း၃၈)

ခ၊ ရူးသွတ်နေသော သား

၁. ရောဂါ၏ အရင်းခံဇစ်မြစ် – နတ်ဆိုးစီးခြင်း (မာ ၉း၁၇)

၂. ရောဂါ၏ လက္ခဏာများ

က– နတ်ဆိုး၏ဝိညာဉ်သည် ထိုသူအတွင်းသို့ဝင်၍ သူ့ကို မြေသို့ လွဲချတတ်၏။(မာ ၉း၁၈)

ခ– နတ်ဆိုးသည် ထိုသူကို ရေကန်ထဲသို့၄င်း၊ မီးဖိုထဲသို့၄င်း တွန်းလှဲချတတ်၏။(မာ ၉း၂၂)

ဂ– ထိုသို့ လဲကျချိန်၌ ပါးစပ်မှ အမြုပ်ထွက်ခြင်း၊ အံသွားခဲကြိတ်ခြင်း ဖြစ်တတ်သည်။ (မာ ၉း၁၈)

ဃ– အော်ဟစ်တတ်သည်။(လု ၉း၃၉)

င– တောင့်မာသွားတတ်သည်။(လု ၉း၃၉)

စ– တဖြည်းဖြည်းနှင့်သေအောင် လုပ်သည့်ကိစ္စ ဖြစ်သည်။(မာ ၉း၁၈)

၃. ရောဂါကြာရှည်သည့် ကာလ (မာ ၉း၂၁)

ဂ၊ တန်ခိုးမဲ့နေသော တပည့်တော်များ (မ ၁၇း၁၆)

ဃ၊ ပြိုင်ဘက်ကင်းသော ကယ်တင်ရှင်

၁. ဖခင်သို့ – – – – နှိုးဆော်ခြင်း (မာ ၉း၂၃–၂၄)

၂. နတ်ဆိုးသို့ – – – – နှင်ထုတ်ခြင်း (၉း၂၅–၂၆)

၃. နတ်ဆိုးဝင်ခဲ့သူ သားသို့ – – – – လွတ်မြောက်ချမ်းသာစေသည်။(၉း၂၇)

၄. တပည့်တော်များသို့ – – – – ရှင်းလင်းပြောဆိုသည်။(၉း၂၈–၂၉)

## ၂၆။ အခွန်တော်ကိစ္စ နိမိတ်လက္ခဏာ ( မ ၁၇း၂၄–၂၇ )

က၊ အခြေအနေ လွတ်လပ်လျက်ရှိသည် – သို့သော် ပေတရုက ခရစ်တော် အခွန်ငွေပေးပါမည်ဟု ဂတိပေးခဲ့သည်။

ခ၊ ရည်လည်အောင်ရှင်းပြခြင်း – ဤပြောဆိုချက်၌ ခရစ်တော်သည် အခွန်ပေးရန်မလိုကြောင်း၊ သို့သော် သူတပါး အမှားအယွင်းမဖြစ်ရအောင် ပေးခဲ့သည်။

ဂ၊ ပေးဆောင်ခြင်း – ခရစ်တော်သည် အခွန်ငွေကို ငါးပါးစပ်အတွင်းမှ ရသောငွေဖြင့် အခွန်ပေးခဲ့သည်။

## ၂၇။ နတ်ဆိုးစွဲ၍ မျက်မမြင်၊ အ နေသူကို ပျောက်ကင်းစေခြင်း ( မ ၁၂း၂၂၊ လု ၁၁း၁၄ )

## ၂၈။ ခါးကုန်းရောဂါစွဲနေသည့် မိန်းမကို ပျောက်ကင်းစေခြင်း ( လု ၁၃း၁၀–၁၇ )

က၊ အကူညီမဲ့နေသူတဦး (၁၃း၁၁)

၁. ခရစ်တော် ဖိတ်ခေါ်ခြင်း (၁၃း၁၂)

၂. သူမ၏ ဝမ်းမြောက်ခြင်း (၁၃း၁၃)

ခ၊ နှလုံးသားမဲ့သူတဦး

၁. သူ၏ မောက်မာမှု (၁၃း၁၄)

၂. သူ၏ သူတော်ကောင်းယောင်ဆောင်မှု (၁၃း၁၅–၁၆)

## ၂၉။ ရေဖျဉ်းရောဂါစွဲသူကို ပျောက်စေခြင်း ( လု ၁၄း၁–၆ )

က၊ နိမိတ်လက္ခဏာပြပုံ (၁၄း၂–၄)

ခ၊ နိမိတ်လက္ခဏာပြသည့် နေရာ (၁၄း၁)
ဂ၊ နိမိတ်လက္ခဏာပြသော အချိန်ကာလ (၁၄း၁)
ဃ၊ နိမိတ်လက္ခဏာပြရခြင်း အကြောင်းရင်း (၁၄း၃၊ ၅-၆)

## ၃၀။ နူနာစွဲသူ ၁၀ ဦးကို ပျောက်ကင်းစေခြင်း ( လု ၁၇း၁၈-၁၉ )

က၊ လူ ၁၀ ဦး၏ တောင်းဆိုချက်
၁. သူတို့၏ အော်ဟစ်မှု (၁၇း၁၂-၁၃)
၂. သူတို့၏ ပညတ်တရား (၁၇း၁၄)
၃. သူတို့ သန့်ရှင်းကြခြင်း (၁၇း၁၄)
ခ၊ လူတယောက်ပြန်လာခြင်း
၁. သူသည် မည်သူဖြစ်သည်။(၁၇း၁၆)
၂. ဘာကြောင့် ပြန်လာရသည်။(၁၇း၁၅)
၃. သူဘာကို လက်ခံရရှိသည်။(၁၇း၁၉)

## ၃၁။ လာဇရုကို သေခြင်းမှ ရှင်ပြန်စေခြင်း ( ယော ၁၁း၁-၄၆ )

က၊ အမျိုးအစား - (နာမကျန်းဖြစ်နေသော ယုံကြည်သူ)
၁. နာမကျန်းဖြစ်နေသူ (၁၁း၁-၂)
၂. သူ နာမကျန်းဖြစ်နေမှုကို အကြောင်းကြားခြင်း (၁၁း၃)
၃. သူ နာမကျန်းဖြစ်ရခြင်း၏ အရင်းခံ အကြောင်းရင်း
က- ဘုရားရှင်၏ ဘုန်းတော်ထင်ရှားရန် (၁၁း၄)
ခ- ဘုရားရှင်၏ ချစ်ခြင်းကို ပြသရန် (၁၁း၅)
ခ၊ အသိပေးခြင်း (၁၁း၇)
၁. တပည့်တော်တို့၏ ပြောဆိုခြင်း (၁၁း၈)
၂. မရှင်းမလင်းဖြစ်ခြင်း (၁၁း၁၁-၁၅)
၃. တပည့်တော်၏ ယူဆပုံ (၁၁း၆)
ဂ၊ အလင်းပြသွန်သင်ခြင်း
၁. ယေရှုနှင့်မာသ
က- မာသ ယူကြုံးမရ ဖြစ်ခြင်း (၁၁း၂၁)
ခ- မာသ၏ ခိုင်မာသော ယုံကြည်မျှော်လင့်ချက် (၁၁း၂၂-၂၄)
ဂ- မာသ၏ ခရစ်တော်အပေါ် နားလည်ဝန်ခံမှု (၁၁း၂၅-၂၇)
၂. ယေရှုနှင့်မာရိ (၁၁း၂၈-၂၉၊ ၃၂)
ဃ၊ စိတ်ညှိုးငယ်တော်မူခြင်း (၁၁း၃၃-၃၅)
င၊ အံ့အားသင့်ခြင်း
၁. ခရစ်တော်က မာသကို စေခိုင်းခြင်း (၁၁း၃၈-၄၀)
၂. ခရစ်တော် ခမည်းတော်နှင့်စကားပြောခြင်း (၁၁း၄၁-၄၂)
၃. ခရစ်တော် လာဇရုကို ခေါ်တော်မူခြင်း (၁၁း၄၃-၄၄)
စ၊ ထမြောက်အောင်မြင်ခြင်း - ဤ ရှင်းလင်းပြတ်သားသော ထမြောက်အောင်မြင်မှုသည် ဘုရားရှင်၏ ဘုန်းတော် ကြီးမားပုံကို နှစ်ဆတိုး ယုံကြည်စေမှုကို ဖြစ်ပေါ်စေသည်။
၁. ဘုရားရှင်၏ ဘုန်းတော်၊ ဂုဏ်တော် (၁၁း၄၊ ၄၀)
က- ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ထင်ရှားစေသည်။(၁၁း၄၃-၄၄)
(ခိုင်မာမှုဖြစ်စေသည်၊ ယုံကြည်စိတ်ချမှု + အကျိုးသက်ရောက်စေသည်)
ခ- ယေရှုသည် လူသားဖြစ်ကြောင်းကို ထင်ရှားစေသည်။(၁၁း၃၅)
ဂ- ယေရှု၏ အခွင့်အာဏာ ရရှိမှုကို ထင်ရှားစေသည်။(၁၁း၄၁၊ ၄၂)
ဃ- ယေရှု၏ ချစ်ခြင်းမေတ္တာကို ထင်ရှားစေသည်။(၁၁း၅၊ ၃၆)
၂. ဘုရားရှင်၏သားသမီး(ခရစ်ယာန်)များအတွက် ကောင်းကျိုး
က- တပည့်တော်များ ယုံကြည်ချက် ခိုင်မာစေသည်။(၁၁း၁၅)
ခ- လာဇရုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေသည်။(၁၁း၄၄)
ဂ- ယုဒလူအများအပြားမှ ခရစ်တော်ကိုယုံကြည်မှု ဖြစ်စေသည်။(၁၁း၄၅)

ဃ– လာဇရုမိသားစုနှင့် နောက်တကြိမ် အတူတွေ့ဆုံမှုကို ဖြစ်စေသည်။(၁၂း၁–၃)

## ၃၂။ လူကန်း “ဗဗာတိမဲ” နှင့်သူ့အဖေါ်ကို မျက်စိအလင်း ရစေခြင်း ( မ ၂၀း၂၉–၃၄၊ မာ ၁၀း၄၆–၅၂၊ လု ၁၈း၃၅–၄၃ )

က၊ တိမဲ၏သား လူကန်း (မာ ၁၀း၄၆)
  ၁. ဗာတိမဲ၏ ကြွေးကြော် အကူအညီတောင်းခံမှု (၁၀း၄၇)
  ၂. ဗာတိမဲ၏အနီးရှိ လူများမှ အော်ငေါက်မှု (၁၀း၄၈)
ခ၊ ဒါဝိဒ်၏သားတော် တန်ခိုးရှင်
  ၁. မျက်စိကန်းကို ခေါ်ခြင်း (၁၀း၄၉–၅၀)
  ၂. မျက်စိကန်းသို့ မေးခွန်းထုတ်ခြင်း (၁၀း၅၁)
  ၃. မျက်စိအလင်း ရစေခြင်း (၁၀း၅၂)

## ၃၃။ သင်္ဘောသဖန်းပင်ကို ဖျက်ဆီးခြင်း ( မ ၂၁း၁၇–၂၀၊ ၄၃၊ မာ ၁၁း၁၂–၁၄၊ ၂၀၊၂၁ )

က၊ သစ်ပင်ကို တွေ့မြင်ခြင်း (မာ ၁၁း၁၂–၁၃)
ခ၊ သစ်ပင်သေခြင်း (မ ၂၁း၁၉)
ဂ၊ သစ်ပင်သေရသည့် အကြောင်းရင်း (၂၁း၄၂–၄၃)၊ ဤသစ်ပင်သည် ဣသရေလများအား ရည်ညွှန်းသော နမူနာပြရုပ် ဖြစ်သည်။ ဘုရားရှင်သည် ဣသရေလတို့ကို ရွေးချယ်ခဲ့၏။ သို့သော် ဣသရေလများ အသုံးမကျ ဆိုးယုတ်၍ မယုံကြည်ကြ။ ထို့ကြောင့် ထိုလူမျိုးကို စွန့်ပစ်ရလေသည်။

## ၃၄။ ပြတ်သွားသောနားရွက်ကို ပြန်ဆက်ခြင်း ( မ ၂၆း၅၁–၅၄၊ မာ ၁၄း၄၆–၄၇၊ လု ၂၂း၄၉–၅၁၊ ယော ၁၈း၁၀–၁၁ )

က၊ ပေတရု၏ မှားယွင်းသောလုပ်ရပ်
  ၁. သူ၏တိုက်ခိုက်ခြင်း (ယော ၁၈း၁၀)
  ၂. တဖက်လူခံရမှု (၁၈း၁၀)
ခ၊ ခရစ်တော်၏ ကောင်းမွန်သောလုပ်ရပ်
  ၁. တပည့်တော်သို့ အပြစ်တင်ခြင်း (မ ၂၆း၅၂)
  ၂. မိမိ လမ်းရွေးချယ်ထားမှုကို ရှင်းပြခြင်း
    က– မိမိအစွမ်းအစ လုပ်နိုင်စွမ်းရှိမှု (၂၆း၅၃)
    ခ– မိမိ၏ လုပ်ကိုင်ရမည့်အမှု (ယော ၁၈း၁၁)
  ၃. နားရွက်ကို ပြန်ဆက်ခြင်း (လု ၂၂း၅၁)

## ၃၅။ ဒုတိယအကြိမ် ငါးများစွာကို ဖမ်းမိစေခြင်း ( ယော ၂၁း၁–၁၄ )

က၊ ပင်လယ်ပြင်တံငါသည်
  ၁. သူတို့လူစု (၂၁း၁–၂)
  ၂. သူတို့၏ အချည်းအနှီးဖြစ်မှု (၂၁း၃)
ခ၊ မဟာတံငါသည်နှင့်တွေ့ဆုံခြင်း (၂၁း၄)
  ၁. တောင်းဆိုခြင်း (၂၁း၅)
  ၂. အကြံပေးခြင်း (၂၁း၆)
  ၃. အတူတကွပါဝင်ခြင်း (၂၁း၉–၁၃)

# ခရစ်တော်၏ ဥပမာစကားများ

## ၁။ မုန်တိုင်းကြားမှ အိမ်နှစ်လုံး ( မ ၇း၂၄–၂၇ ) ( လု ၆း၄၃–၄၉ )

က၊ ပညာရှိ၏ မပြိုလဲနိုင်သောအိမ် (မ ၇း၂၄–၂၅) (ဘာသာရေးသမား)
ခ၊ လူမိုက်၏ မခိုင်ခံ့သောအိမ် (မ ၇း၂၆–၂၇) (ခရစ်တော်၏ ကျောက်မှာတည်ပုံ)

## ၂။ အကြွေးငါးဆယ်နှင့်ငါးရာကို လျှော်ပစ်ခြင်း ( လု ၇း၃၆–၅၀ )

က၊ ဤဥပမာ ဖြစ်လာရခြင်း၏နောက်ခံ – ရှိမုန်အမည်ရှိသော ဖါရိရှဲနှင့်ခရစ်တော် ညစာအတူစားနေစဉ် ပြည့်တန်ဆာမတယောက်သည် နောင်တဖြင့် ဝမ်းနည်းငိုကြွေးလျက် ခရစ်တော်၏ခြေကို ဆံမြွေးဖြင့် လူးကာ ဆံပင်ဖြင့်သုတ်ခဲ့သည်။ ဖါရိရှဲသည်လည်း စိတ်ထဲ၌ကြိတ်၍ ဤလုပ်ရပ်အား အပြစ်တင်လျက် ရှိသည်။
ခ၊ ဤဥပမာ၏ ဆိုလိုချက်
  ၁. ဖါရိရှဲတို့၏ ဖေါက်ပြန်သော စိတ်နှလုံးရှိပုံကို ဖေါ်ပြသည်။
  ၂. ပြည့်တန်ဆာ၏ နှလုံးသား သန့်ရှင်းပုံကို ဖေါ်ပြသည်။
ဂ၊ ဤဥပမာ၏ အခြေခံအကြောင်းတရား (၇း၄၁–၄၂)
ဃ၊ ဤဥပမာ၏ အဖြေ (၇း၁၃)
င၊ ဤဥပမာ တင်စားပြောဆိုခြင်း (၇း၄၄–၄၆)
စ၊ ဤဥပမာ၏ အကျိုး
  ၁. ပြည့်တန်ဆာသည် အပြစ်လွတ်ခြင်း၊ စင်ကြယ်ခြင်းသို့ ရောက်ရ၏။(၇း၄၈)
  ၂. ဖါရိရှဲတို့သည် ဗလုံးဗထွေးခြင်း၊ ရှုတ်ထွေးခြင်း အဖြစ်သို့ ရောက်ရ၏။(၇း၄၉)

## ၃။ ခွန်အားကြီးသူကို နှိမ်နင်းခြင်း ( မ ၁၂း၂၂–၃၇၊ မာ ၃း၂၂–၃၀ )

က၊ သဘာဝမကျသော စွဲဆိုချက် (မ ၁၂း၂၂–၂၄)
ခ၊ သဘာဝကျသော တုံ့ပြန်ပြောဆိုချက် (၁၂း၂၅–၂၆၊ ၂၉)
ဂ၊ လွတ်ခွင့်မရသောအပြစ် (၁၂း၃၁–၃၂)

## ၄။ မဟာမျိုးကြဲသူ ( မ ၁၃း၄–၈၊ ၁၉–၂၃၊ မာ ၄း၄–၈၊ ၁၅–၂၀၊ လု ၈း၅–၈၊ ၁၂–၁၅ )

က၊ ဤ ဥပမာပါ ဇာတ်ကောင်များမှာ – မျိုးကြဲသူ(ခရစ်တော်)၊ မြေအမျိုးစားလေးမျိုးသို့ကျသော မျိုးစေ့ (ဘုရားရှင်၏ နှုတ်ကပတ်တော်)
  ၁. လမ်းမမြေ အမျိုးအစား (မ ၁၃း၄၊ မာ ၄း၄၊ လု ၈း၅)
  ၂. ကျောက်ပေါ်သော မြေအမျိုးစား (မ ၁၃း၅၊ မာ ၄း၅–၆၊ လု ၈း၆)
  ၃. ဆူးပင်ပေါက်သော မြေအမျိုးစား (မ ၁၃း၇၊ မာ ၄း၇၊ လု ၈း၇)
  ၄. ကောင်းသောမြေအမျိုးစား (မ ၁၃း၈၊ မာ ၄း၈၊ လု ၈း၈)
ခ၊ ဤ ဥပမာ အဓိပ္ပါယ်ရှင်းလင်းချက်
  ၁. လမ်းမမြေအမျိုးအစား (မ ၁၃း၁၉၊ မာ ၄း၁၅၊ လု ၈း၁၂)
  ၂. ကျောက်ပေါ်သောမြေ (မ ၁၃း၂၀–၂၁၊ မာ ၄း၁၆–၁၇၊ လု ၈း၁၃)
  ၃. ဆူးပင်ပေါက်သောမြေ (မ ၁၃း၂၀၊ မာ ၄း၁၈–၁၉၊ လု ၈း၁၄)
  ၄. ကောင်းသောမြေအမျိုးစား (မ ၁၃း၂၃၊ မာ ၄း၂၀၊ လု ၈း၁၅)

## ၅။ လျှို့ဝှက်သောမျိုးစေ့ ( မာ ၄း၂၆–၂၉ )

၆။ ကယ်တင်ရှင်၏ လယ်ကွင်းထဲရှိ စာတန်၏ပေါင်းပင် ( မ ၁၃း၂၄–၄၃ )
- ၁. ဉာဉ်ပမာ၏ အကြောင်းရာ (၁၃း၂၄–၃၀)
- ၂. ဉာဉ်ပမာ၏ အဓိပ္ပါယ်ရှင်းလင်းချက် (၁၃း၃၆–၄၃)

၇။ စွမ်းအားရှိသော မုန်ညင်းစေ့ ( မ ၁၃း၃၁–၃၂၊ မာ ၄း၃၀–၃၂၊ လု ၁၃း၁၈–၁၉ )

၈။ တဆေးနှင့်ကောင်းကင်နိုင်ငံ ( မ ၁၃း၃၃ )

၉။ လယ်ကွင်း၌ ဖွက်ထားသောဘဏ္ဍာကို တွေ့ခြင်း ( မ ၁၃း၄၄ )

၁၀။ အဖိုးတန်သောပုလဲ ( မ ၁၃း၄၅–၄၆ )

၁၁။ ပင်လယ်ပြင် ငါးဖမ်းပိုက်ကွန် ( မ ၁၃း၄၇–၅၀ )

၁၂။ သင်တန်းဆရာနှင့်သူ၏ဘဏ္ဍာ ( မ ၁၃း၅၂ )

၁၃။ သတို့သား၏ အစာရှောင်သော မိတ်ဆွေများ
( မ ၉း၁၄–၁၅၊ မာ ၂း၁၈–၂၀၊ လု ၅း၃၃–၃၅ )

၁၄။ အထည်သစ်ပေါ်က အဝတ်ဟောင်း ( မ ၉း၁၆၊ မာ ၂း၂၁၊ လု ၅း၃၆ )

၁၅။ ဟောင်းသောသားရေဗူးနှင့် သစ်သောစပျစ်ရည်
( မ ၉း၁၇၊ မာ ၂း၂၂၊ လု ၅း၃၇–၃၉ )

၁၆။ အကြပ်ကိုင်သောလူမျိုး ( မ ၁၁း၁၆–၁၉၊ လု ၇း၂၉–၃၅ )
- က၊ မကျေနပ်သူများ (လု ၇း၃၀–၃၁)
- ခ၊ မကျေနပ်ချက် (လု ၇း၃၂–၃၄)

၁၇။ ခွင့်မလွှတ်တတ်သူကို ခွင့်လွှတ်ခြင်း
- က၊ ပထမမြင်ကွင်း –– ဆရာနှင့်သူ၏ငယ်သား
  - ၁. ငယ်သား၏ အနူးအညွတ်တောင်းပန်မှု (၁၈း၂၆)
  - ၂. ဆရာ၏ ပြည့်ဝစွာခွင့်လွှတ်ခြင်း (၁၈း၂၇)
- ခ၊ ဒုတိယမြင်ကွင်း –– ငယ်သားနှင့်အခြားငယ်သား
  - ၁. အခြားငယ်သား၏ အနူးအညွတ်တောင်းပန်မှု (၁၈း၂၉)
  - ၂. ငယ်သား၏ မောက်မာမှု (၁၈း၃၀)
- ဂ၊ တတိယမြင်ကွင်း –– ငယ်သားနှင့်သူ၏ဆရာ
  - ၁. ဆရာ၏ အမျက်ဒေါသ (၁၈း၃၁–၃၃)
  - ၂. ဆရာ၏ လုပ်ဆောင်မှု (၁၈း၃၄)

၁၈။ သင်၏အနီးစပ်ဆုံးသောသူ ( လု ၁၀း၂၅–၃၇ )
- က၊ ပါဝင်သည့် ဇာတ်ကောင်များ၊ ခရီးသွားတဦး၊ ဒါးပြအချို့၊ ဘုန်းကြီးတပါး၊ လေဝိလူတဦးနှင့် ရှမာရိလူမျိုးတဦး၊
- ခ၊ အဖြစ်အပျက်

၁. ခရီးထွက်ခြင်း (၁၀း၃၀)
၂. ဒုက္ခကြုံရခြင်း (၁၀း၃၀)
၃. စမ်းသပ်ခြင်း
က– ဘုန်းကြီး ကျရှုံးခြင်း (၁၀း၃၁)
ခ– ကျမ်းတတ်(လေဝိ) ကျရှုံးခြင်း (၁၀း၃၂)
ဂ– ရှမာရိလူ အောင်မြင်ခြင်း (၁၀း၃၃–၃၅)
ဂ၊ တဦးချင်းစီ၏ စိတ်သဘောထား
၁. သူခိုး(ဒါးပြ)၏ စိတ်သဘောထား –"သူတပါး၏ပစ္စည်းကို ကိုယ့်ဥစ္စာဖြစ်လိုသည်" (စာတန်)
၂. ဘုန်းကြီးနှင့် လေဝိ(ကျမ်းတတ်)၏ စိတ်သဘောထား – "မိမိပစ္စည်းကို မိမိသာပိုင်လိုသည်၊ တပါးသူအား မဝေငှလို" (ဘာသာရေးသမားများ)
၃. ရှမာရိလူ၏သဘောထား – "မိမိပစ္စည်းဥစ္စာကို သူတပါးအားပေးလိုသည်" (ယေရှု)

## ၁၉။ နတ်ဆိုးများနှင့် သန့်ရှင်း ပြင်ဆင်ထားသောအိမ် ( ကောင်းမှုပြု ကြိုးစားသော်လည်း ကယ်တင်ခြင်းမရခြင်း ) ( မ ၁၂း၄၃–၄၅၊ လု ၁၁း၂၄–၂၆ )

က၊ အသစ်ပြုပြင် ကောင်းအောင်လုပ်သော်လည်း အကျိုးအမြတ်မရရှိမှု။(လု ၁၁း၂၄–၂၅)
ခ၊ အသစ်ပြုပြင် ကောင်းအောင်လုပ်သော်လည်း အကျိုးအမြတ်မရသူအတွက် ကျိန်စာ။(၁၁း၂၆)

## ၂၀။ အသုံးမကျသူသော၏ တလွဲသောအသိဉာဏ် ( လု ၁၂း၁၃–၂၁ )

က၊ သူ၏ အကြံရခက်နေမှု (၁၂း၁၆–၁၇)
ခ၊ သူ၏ ဆုံးဖြတ်ချက် (၁၂း၁၈)
ဂ၊ သူ၏ စိတ်ကူး (၁၂း၁၉)
ဃ၊ သူ၏ ဖျက်ဆီးခံရခြင်း (၁၂း၂၀)

## ၂၁။ သတိမဲ့သောသူနှင့် သတိရှိ အသင့်ပြင်ထားသောသူ ( မ ၂၄း၄၂–၅၁၊ လု ၁၂း၃၅–၄၈ )

က၊ သတိရှိရန်
၁. သတိရှိ အသင့်ပြင်ထားရန် ညွှန်ကြားချက် (လု ၁၂း၃၅–၃၆)
၂. သတိရှိ အသင့်ပြင်ထားရမည့် အကြောင်းအရာ (၁၂း၄၀)
၃. သတိရှိ အသင့်ပြင်ထားရသည့်အတွက် ရရှိသည့်အဖြေ (၁၂း၃၇၊ ၄၃–၄၄)
ခ၊ သတိမရှိသူအတွက် ကျိန်စာ
၁. အစပြုခဲ့ပုံများ (၁၂း၄၅)
၂. အဆုံးသပ်ခဲ့ပုံများ (၁၂း၄၆–၄၈)

## ၂၂။ အသီးမတင်သော သင်္ဘောသဖန်းပင် ( လု ၁၃း၆–၉ ) ( ဣသရေလသို့ )

## ၂၃။ ခမ်းနားသောညစာစားပွဲမှ အောင်မြင်သူ ( လု ၁၄း၇–၁၄ )

က၊ သင်သည် အခမ်းအနား ဧည့်ခံပွဲသို့တက်ရောက်လျှင် အညံ့သောနေရာတွင် ရွေး၍ထိုင်ပါ။(၁၄း၇–၁၁)
ခ၊ သင်သည် အစားအသောက် ကျွေးမွေးပွဲကို ကျင်းပပါက ဆင်းရဲသား နွမ်းပါးသူ၊ သူတောင်းစား စသည်တို့ကို ခေါ်ဖိတ်ပါ။(၁၄း၁၂–၁၄)

## ၂၄။ လူမိုက်နှစ်ဦးနှင့် မယားကိုကြောက်သူတဦး ( လု ၁၄း၁၅–၂၄ )

က၊ ဘုရားရှင်၏ ပထမအကြိမ် ဖိတ်ခေါ်မှု (၁၄း၁၆–၁၇)
ခ၊ လူ၏ တုံ့ပြန်မှု

၁. ပထမလူမိုက် (၁၄း၁၈)
၂. ဒုတိယလူမိုက် (၁၄း၁၉)
၃. မယားကြောက်သူတဦး (၁၄း၂၀)
ဂ၊ ဘုရားရှင်၏ ဒုတိယအကြိမ် ဖိတ်ခေါ်မှု (၁၄း၂၁–၂၄)

## ၂၅။ ပျောက်သောသိုး၊ ပျောက်သောငွေဒင်္ဂါးနှင့် ပျောက်သောသား ( လု ၁၅း၁–၃၂ )

က၊ ပျောက်သောသိုး (၁၅း၃–၇)
၁. ဇတ်ကောင်များ (၁၅း၃–၆)
က– ပျောက်သောသိုးတကောင် (၁၀၀ မှာတယောက်)
ခ– ပျောက်သောသိုးကိုရှာသူ (ယေရှု)
ဂ– အခြားပျော်ရွှင် ဝမ်းမြောက်ကြသူများ (ခရစ်ယာန်များ)
၂. ဖြစ်ပျက်ပုံ (၁၅း၄–၆)
၃. ကောင်းကင်ဘုံမှ ပွဲတင်သံ (၁၅း၇)
ခ၊ ပျောက်သောငွေဒင်္ဂါးပြား (၁၅း၈–၉)
၁. ဇတ်ကောင်များ
က– ပျောက်သောငွေဒင်္ဂါး တပြား (၁၀မှာတယောက်)
ခ– ဗျာများရသော အမျိုးသမီး (သန့်ရှင်းသောဝိညာဉ်တော်)
ဂ– အခြားပျော်ရွှင် ဝမ်းမြောက်သူများ (ကောင်းကင်တမန်များ)
၂. ဖြစ်ပျက်ပုံ (၁၅း၈–၉)
၃. ကောင်းကင်ဘုံမှ ပွဲတင်သံ (၁၅း၁၀)
ဂ၊ ပျောက်သောသား
၁. ဇတ်ကောင်များ
က– ငယ်ရွယ်သောသားပျို (နှစ်ယောက်မှာတစ်ယောက်)
ခ– ဉာဏ်ကျယ်၍ ဝမ်းမြောက်သောအဖ (ကောင်းကင်ဘုံက အဖဘုရားရှင်)
ဂ– သားကြီးတဦး
ဃ– ဝက်မွေးမြူရေးသမားတဦး
၂. ဖြစ်ပျက်ပုံ
က– ငယ်ရွယ်သောသားပျို
(၁) သူ၏ ပုန်ကန်ခြင်း (၁၅း၁၂–၁၆)
(၂) သူ၏ အမြင်မှန်ရမှု (၁၅း၁၇)
(၃) သူ၏ နောင်တရခြင်း (၁၅း၁၈–၂၁)
(၄) သူ၏ ချီးမြှောက်ခံရမှု (၁၅း၂၂–၂၄)
ခ– သားကြီး
(၁) သူ၏ နာကြင်မှု (၁၅း၂၅–၃၀)
(၂) သူအား ဖျောင်းဖျမှု (၁၅း၃၁–၃၂)

## ၂၆။ ပါးနပ်သောဘဏ္ဍာထိန်း ( လု ၁၆း၁–၁၃ ) (လောကၡ နဲနဲပိုင်ဆိုင်ရလျှင် ကောင်းရာလုပ်ပါ။ ကောင်းကင်၌ ဘုရားရှင် ပိုပေးနိုင်မည်)

က၊ ဤဥပမာပါ အကြောင်းအရာများ
၁. ပြဿနာအစ (၁၆း၁–၂)
၂. စိတ်ပူပန်ခြင်း (၁၆း၃)
၃. ဆုံးဖြတ်ချက် (၁၆း၄)
၄. စာရင်းတွက်ခြင်း (၁၆း၅–၇)
၅. ချီးကျူးခြင်း (၁၆း၈)
ခ၊ ဤဥပမာကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း (၁၆း၉–၁၃)

## ၂၇။ ကျနုပ်တို့၏ အကောင်းဆုံးလုပ်ကိုင်သမျှသည် ဝတ်အဆင့်သာလျှင်ရှိသည်။ ( လု ၁၇း၇–၁၀ )

က၊ သစ္စာရှိသောအစေခံ၏ ကြိုးစားလုပ်ကိုင်မှု (၁၇း၇-၉)
ခ၊ သစ္စာရှိသောအစေခံအပေါ် သတ်မှတ်ချက် (၁၇း၁၀)

## ၂၈။ မုဆိုးမတဦးနှင့် နားငြီးမခံနိုင်သော တရားသူကြီး ( လု ၁၈း၁-၈ )
က၊ တရားသူကြီးဆိုး မည်ကဲ့သို့ မတရား အပြစ်စီရင်သနည်း။(၁၈း၁-၅)
ခ၊ တရားသူကြီးဆိုး လက်ခံလာအောင် မည်သို့ မဆုတ်မနစ်ပြုသနည်း။(၁၈း၆-၈)

## ၂၉။ မာနကြီးသော ဖာရိရှဲနှင့် နှိမ့်ချသောအခွန်ခံ ( လု ၁၈း၉-၁၄ )
က၊ လူနှစ်ဦး ဗိမာန်တော်သို့ တက်ရောက်ကြသည်။(လု ၁၈း၉-၁၀)
၁. ဖါရိရှဲ - သူ၏ ကြွားဝါသောဆုတောင်း (၁၈း၁၁-၁၂)
၂. အခွန်ခံ - သူ၏ နှိမ့်ချသောဆုတောင်း (၁၈း၁၃)
ခ၊ လူနှစ်ဦး ဗိမာန်တော်မှ ထွက်ခွါသွားကြသည်။
၁. ဖါရိရှဲ - ဘုရားရှင်၏ ပယ်ချခံရ၍ အပြစ်မပြေဘဲ ပြန်သွားရသည်။(၁၈း၁၄)
၂. အခွန်ခံ - ဘုရားရှင်၏ အပြစ်လွှတ်ခြင်းကို ခံသွားရသည်။(၁၈း၁၄)

## ၃၀။ ညစ်ညူးခြင်း၏ အခြေခံအကြောင်း ( မ ၁၅း၁၀-၂၀၊ မာ ၇း၁၄-၂၃ )
က၊ ညစ်ညူးခြင်းအကြောင်းကို ရှင်းပြခြင်း
၁. ညစ်ညူးခြင်းမဖြစ်သည့် အရာ (မာ ၇း၁၅)
၂. ညစ်ညူးခြင်းဖြစ်သည့် အရာ (၇း၁၇-၂၀)
ခ၊ ညစ်ညူးခြင်း၏ သက်သေသာကေ (မ ၁၅း၁၂-၁၄)
ဂ၊ ညစ်ညူးခြင်းဖြစ်သည့် ကိစ္စများ (မာ ၇း၂၁-၂၃)

## ၃၁။ နာရီစားလုပ်သားနှင့်နေ့စားလုပ်သား ( မ ၂၀း၁-၁၆ )
က၊ အလုပ် (၂၀း၁)
ခ၊ လုပ်ခ (၂၀း၂)
ဂ၊ အလုပ်ချိန် (၂၀း၁-၇)
ဃ၊ ဒေါသ (၂၀း၈-၁၂)
င၊ ဉာဏ်ပညာအသုံးချပုံ (၂၀း၁၃-၁၆)

## ၃၂။ ပြောင်းပြန်လုပ်ကြသော သားနှစ်ဦး ( မ ၂၁း၂၈-၃၂ )
က၊ ဤ ဥပမာတွင်ပါဝင်သည့် ဇာတ်ကောင်များ
၁. ငြင်းဆန်သောသား "ငါမသွားဘူး"၊ သို့သော် သွား၏။(၂၁း၂၈-၂၉)
၂. နားထောင်သောသား "သွားပါမည်"၊ သို့သော် မသွား။(၂၁း၃၀)
ခ၊ ဆက်စပ်တင်ပြခြင်း (၂၁း၃၁-၃၂)

## ၃၃။ အကျင့်ယုတ်သော စပျစ်လုပ်သားများ ( မ ၂၁း၃၃-၄၆ ) ( မာ ၁၂း၁-၂၊ လု ၂၀း၉-၁၉ )
က၊ လုပ်ငန်း (မာ ၁၂း၁)
ခ၊ တာဝန်ခံများ (မ ၂၁း၃၄)
ဂ၊ သစ္စာဖေါက်ခြင်း
၁. ပထမလွှတ်သောယ်သားကို ရိုက်နှက်၍ လက်ချည်း ပြန်လွှတ်လိုက်၏။(မာ ၁၂း၃)
၂. ဒုတိယလွှတ်သောယ်သားကို ဂဲနှင့် ခေါင်းကိုပစ်ပေါက်ခွဲပြီး အရှက်ခွဲ၍ ပြန်လွှတ်လိုက်သည်။ (မာ ၁၂း၄)
၃. တတိယစေလွှတ်သောယ်သားကို ဂဲနှင့်ပစ်ကြပြန်သည်။(မ ၂၁း၃၅)
၄. နောက်ဆုံးယ်သားကိုမူ သတ်ပစ်ကြသည်။(မာ ၁၂း၅)
ဃ၊ နည်းဗျူဟာ (လု ၂၀း၁၃)

င၊ မကောင်းကြံခြင်း (၂၀း၁၄–၁၅)
စ၊ ရက်စက်ခြင်း (မ ၂၁း၄၀–၄၁)

## ၃၄။ မင်္ဂလာဝတ်စုံကိုမဝတ်ဘဲ မင်္ဂလာပွဲတက်သူ ဥပမာပုံပြင် ( မ ၂၂း၁–၁၄ )

က၊ မင်္ဂလာပွဲတက်ရန် ဖိတ်ခေါ်ကြေညာခြင်း
၁. မူလဥပမာပုံပြင် စာရင်း
*ပထမဖိတ်ခေါ်ခြင်း*
က– ဖိတ်ခေါ်ခြင်း (၂၂း၃)
ခ– ငြင်းပယ်ခြင်း (၂၂း၃)
နောက်ဆုံးဖိတ်ခေါ်ခြင်း
ဂ– ဖိတ်ခေါ်ခြင်း (၂၂း၄)
ဃ– ငြင်းပယ်ခြင်း (၂၂း၅)
င– ယုတ်မာခြင်း (၂၂း၆)
စ– တုံ့ပြန်အရေးယူခြင်း (၂၂း၇)
၂. ဥပမာပုံပြင်စာရင်း တိုးချဲ့ခြင်း (၂၂း၈–၁၀)
ခ၊ မင်္ဂလာဆောင်ပွဲ၌ အနှောက်ယှက်ဖြစ်ရမှု (ခရစ်ယာန်အတု ကယ်တင်ခြင်းမရသူ)
၁. ပြဿနာ
က– ဝတ်စုံမဝတ်ထားသော ဥပမာပုံပြင် (၂၂း၁၁)
ခ– ရှင်းမပြနိုင်သော ဥပမာပုံပြင် (၂၂း၁၂)
၂. အပြစ်ဒဏ်ခတ်ခြင်း (၂၂း၁၃–၁၄)

## ၃၅။ အနာဂါတ်နှင့်သင်္ဘောသဖန်းပင် ( မ ၂၄း၃၂–၃၅၊ မာ ၁၃း၂၈–၃၁၊ လု ၂၁း၂၉–၃၃ )

က၊ ဤ ဥပမာအပေါ် အသိပေးထားခြင်း (မာ ၁၃း၂၉–၃၀)
ခ၊ ဤ ဥပမာ၏ အဓိပ္ပါယ် ရှင်းလင်းချက်။
၁. သင်္ဘောသဖန်းပင် = ဣသရေလ
၂. အခြားသစ်ပင်များ = တပါးအမျိုးသား
၃. သင်္ဘောသဖန်းပင် အရွက်နုထွက်ခြင်း = ဣသရေလများ နိုင်ငံပြန်ဝင်ခြင်း
၄. နွေကာလနီးခြင်း = နောက်ဆုံးအကြိမ် ရောက်ခါနီးခြင်း
(ဤဥပမာသည် ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်းနှင့် ပတ်သက်သည်)

## ၃၆။ သတို့သမီးများ၊ မီးခွက်များနှင့် နိုးကြားသတိရှိခြင်း ( မ ၂၅း၁–၁၃ )

က၊ သတို့သမီး ကြိုတင်မျှော်ကြခြင်း
၁. အခက်အခဲကြုံရခြင်း – ဆီဘူးမယူလာသူ (၂၅း၃)
၂. အဆင်သင့် အဆင်ပြေသူ – ဆီဘူးယူလာသူ (၂၅း၄)
ခ၊ သတို့သမီးများ၏ ကံကြမ္မာ
၁. သတို့သားရောက်လာခြင်း (၂၅း၆–၇)
က– မိုက်သောသူများ၏ တောင်းဆိုချက် (၂၅း၈)
ခ– လိမ္မာသောသူများ၏ ငြင်းဆိုချက် (၂၅း၉)
၂. အခန်းတံခါးပိတ်ခြင်း (၂၅း၁၀–၁၃)

## ၃၇။ အမတ်တဦး၊ အစေခံ (၁၀) ဦးနှင့် ငွေ ၁၀ ပိဿာ ( လု ၁၉း၁၁–၂၇ )

က၊ လွှဲအပ်ထားခြင်း (၁၉း၁၂–၁၃)
ခ၊ လုပ်ကိုင်ဆောင်ရွက်ထားချက်များ
၁. ပထမငယ်သား
က– သူ၏ အစီရင်ခံချက် (၁၉း၆)
ခ– သူရရှိသောဆု (၁၉း၁၇)
၂. ဒုတိယငယ်သား

က– သူ၏ အစီရင်ခံချက် (၁၉း၁၈)
ခ– သူရရှိသောဆု (၁၉း၁၉)
၃. တတိယငယ်သား
က– သူ၏ အစီရင်ခံချက် (၁၉း၂၀–၂၁)
ခ– သူ၏ အပယ်ချခံရမှု (၁၉း၂၂–၂၆)

## ၃၈။ ခရီးသွားတဦး၊ ငယ်သားသုံးဦး၊ ငွေအခွက် ၈၀ ( မ ၂၅း၁၄–၃၀ )

## ၃၉။ ဆိတ်များကြားမှ သိုးကို ရွေးချယ်ခွဲထုတ်ခြင်း ( မ ၂၅း၃၁–၄၆ )

က၊ ရွေးချယ်ခွဲထုတ်သူ (၂၅း၃၁)
ခ၊ ရွေးချယ်ခွဲထုတ်ခြင်း (၂၅း၃၂)
ဂ၊ ရွေးချယ်ခွဲထုတ်ပုံ (၂၅း၃၃)
၁. သိုး "ကောင်းကြီးမင်္ဂလာကို ခံသောသူတို့" (၂၅း၃၄)
က– သူတို့ရရှိသော အခြေခံဆု (၂၅း၃၄)
ခ– သူတို့ ဆုရ ရခြင်း၏ အကြောင်းရင်း (၂၅း၃၅–၃၆)
ဂ– သူတို့ ဆုရခြင်းအပေါ် ရှင်းလင်းတင်ပြချက်
(၁) သူတို့၏ မေးခွန်း (၂၅း၃၇–၃၉)
(၂) ခရစ်တော်၏ အဖြေ (၂၅း၄၀)
၂. ဆိတ်များ "ကျိန်ခြင်းခံရသောသူတို့" (၂၅း၄၁)
က– သူတို့ရရှိသော ဒါဏ်ခတ်မှု (၂၅း၄၁–၄၆)
ခ– သူတို့ ဒါဏ်ခတ်ခံရခြင်း၏ အကြောင်းရင်း (၂၅း၄၂–၄၃)
ဂ– သူတို့ ဒါဏ်ခတ်ရခြင်းအပေါ် ရှင်းလင်းတင်ပြချက်
(၁) သူတို့၏ မေးခွန်း (၂၅း၃၇–၃၉)
(၂) ခရစ်တော်၏ အဖြေ (၂၅း၄၅)

# မ၊ မာ၊ လု၊ ယော (သြဝါဒများ)

## ၁။ ဟေရှာယ၏ ကျမ်းစာလိပ်ကိုအကြောင်းပြု၍ နာဇရက်မြို့၌ သြဝါဒပေးခြင်း ( လု ၄း၁၆–၃၀ )

က၊ သြဝါဒပေးရန် အခွင့်ကြုံခြင်း (၄း၁၆)
ခ၊ သြဝါဒပေးရန် အဆင်သင့်ကြုံတွေ့ရသည့် ကျမ်းပိုဒ် – ဟေရှာယ ၆၁း၁–၃ (လု ၄း၁၇–၁၉) ဖြစ်သည်။
ဂ၊ သြဝါဒကို စိတ်ဝင်စားကြခြင်း (၄း၂၀)
ဃ၊ သြဝါဒကို ကြေညာခြင်း (၄း၂၁)
င၊ သြဝါဒ၏ စွမ်းအား (၄း၂၂)
စ၊ သြဝါဒကို ထပ်ဆင့်ခြင်းနှင့် ဥပမာပေးမှု (၄း၂၅–၂၆)
၁. ဧလိယနှင့်ဇတ်မွတ်သော မုဆိုးမအကြောင်း ဥပမာပေး တင်ပြခြင်း (၄း၂၅–၂၆)
(ယုံကြည်သူများအပေါ်သာ ကျေးဇူးတော် သက်ရောက်သည်)
၂. ဧလိယနှင့် နူနာစွဲသူအကြောင်း ဥပမာပေး တင်ပြခြင်း (၄း၂၈–၃၀)
ဆ၊ သြဝါဒအပေါ် တုံ့ပြန်ကြခြင်း (၄း၂၈–၃၀)

## ၂။ တောင်ပေါ်၌ သြဝါဒပေးခြင်း ( မ ၅း၁ မှ ၇း၂၉ ထိ ) ( လု ၆း၁၇–၄၉ )

က၊ ဘုရားရှင်၏ သားသမီးနှင့် နိုင်ငံတော်အကြောင်း (မ ၅း၁–၁၆၊ လု ၆း၂၄–၂၆)
၁. လိုက်နာရမည့် အကျင့်စာရိတ္တများ –– ထိုအရာများသည် ခရစ်ယာန်တိုင်း၌ရှိနေ၍ ကြိုးစားရမည့်အရာများ ဖြစ်သည်။
က– ယုံကြည်သူများ၏ အနေအထား
(၁) နှိမ့်ချသောဝိညာဉ် (မ ၅း၃)
(၂) စိတ်မသာ ညည်းတွားခြင်း (၅း၄)

(၃) နူးညံ့သိမ်မွေ့ခြင်း (၅း၅)
(၄) ဖြောင့်မတ်ခြင်းကို ဆာငတ်မွတ်ခြင်း (၅း၆)
(၅) သနားခြင်း (၅း၇)
(၆) စိတ်ဖြူစင်ခြင်း (၅း၈)
(၇) ငြိမ်းချမ်းရေး ဖြန်ဖြေသမား (၅း၉)
(၈) ဖြောင့်မတ်ခြင်းတရားအတွက် ညှင်းဆဲခံရခြင်း (၅း၁၀–၁၂)

ခ– ယုံကြည်သူများအတွက် ဆုများ
(၁) ကောင်းကင်နိုင်ငံတော်ကို ပိုင်ဆိုင်ခွင့်ရသည်။(၅း၃)
(၂) သက်သာခြင်းသို့ရောက်ရသည်။(၅း၄) (အပြစ်ကိုတောင်းပန်ပါက ခွင့်လွှတ်ခွင့်ရသည်)
(၃) ကမ္ဘာမြေကြီးကို အမွေခံ အုပ်ချုပ်ခွင့်ရသည်။(၅း၅) (မိလေနီလ)
(၄) ဝပြောခြင်းသို့ ရောက်ရသည်။(၅း၆)
(၅) သနားခြင်းခံရသည်။(၅း၇)
(၆) ဘုရားရှင်ကို မြင်ခွင့်ရသည်။(၅း၈)
(၇) ဘုရားရှင်၏ သားသမီးများဟု ခေါ်ဝေါ်ခြင်းခံရသည်။(၅း၉)
(၈) ကောင်းကင်နိုင်ငံကို ပိုင်ဆိုင်ခွင့်ရသည်။(၅း၁၀)

ဂ– ယုံကြည်သူများ၏ လောကနှင့်ဆက်ဆံခြင်း
(၁) လောက၏ ဆားကဲ့သို့ လောကသားတို့အပေါ် ပြုမူဆက်ဆံရမည်။(၅း၁၃)
(၂) လောကသိုးတို့အပေါ် လောက၏အလင်းကဲ့သို့ ပြုမူဆက်ဆံရမည်။(၅း၁၄)

၂. ရှောင်ကျဉ်ရမည့်ကိစ္စများ –– ထိုအရာများကို ခရစ်ယာန်တိုင်း ကြိုးစား၍ ရှောင်ရှားရမည့်အချက်ဖြစ်သည်။(လု ၆း၂၄–၂၆)

ခ၊ ပညတ်တရားနှင့် နိုင်ငံတော်အကြောင်း (မ ၅း၁၇–၂၀၊ ၇း၁၂)

ဂ၊ ဓမ္မဟောင်းကျမ်းနှင့် နိုင်ငံတော်အကြောင်း (မ ၅း၂၁–၄၈)
၁. လူသတ်သမားနှင့်ပတ်သက်၍ (၅း၂၁–၂၆)
၂. ကာမဂုဏ် လွန်ကျူးသူနှင့်ပတ်သက်၍ (၅း၂၇–၃၀)
၃. လင်မယားကွာရှင်းမှုနှင့် ပတ်သက်၍ (၅း၃၁–၃၂)
၄. ကျိန်စာပြုခြင်းနှင့် ပတ်သက်၍ (၅း၃၃–၃၇)
၅. အချင်းချင်းဆက်ဆံမှုနှင့် ပတ်သက်၍ (၅း၃၈–၄၂)
၆. ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ (၅း၄၃–၄၈)

ဃ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် နိုင်ငံတော် (မ ၆း၁ – ၇း၁၁ ထိ)
၁. ပေးကမ်းလှူဒါန်းခြင်း (မ ၆း၁–၄၊ လု ၆း၃၈)
၂. ဆုတောင်းခြင်း (မ ၇း၇–၁၁၊ လု ၆း၅–၁၅)

က– ဆုတောင်းချိန်၌ လုပ်ဆောင်ထားရှိရမည့် ပုံစံနှင့် သဘောထား (မ ၆း၅–၈)

ခ– အခြေခံဆုတောင်းနည်း (၆း၉–၁၃)
(၁) ယုံကြည်ခြင်း – *ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ – (၆း၉)*
(၂) ကိုးကွယ်ခြင်း – *နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော – (၆း၉)*
(၃) မျှော်လင့်ခြင်း – *နိုင်ငံတော် တည်ထောင်ပါစေသော – (၆း၁၀)*
(၄) နာခံခြင်း – *အလိုတော်သည် ကောင်းကင်ဘုံမှာပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေစေသော – (၆း၁၀)*
(၅) တောင်းလျှောက်ခြင်း – *အသက်မွေးလောက်သောအစာကို ကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ – (၆း၁၁)*
(၆) အပြစ်ဝန်ချခြင်း – *ကျွန်ုပ်တို့၏အပြစ်များကို ဖြေလွှတ်တော်မူပါ – (၆း၁၂)*
(၇) သနားကိုယ်ချင်းစာခြင်း – *ကျွန်ုပ်တို့ပြစ်မှားသောအပြစ်များကို ကျွန်ုပ်တို့သည် ခွင့်လွှတ်သကဲ့သို့ – (၆း၁၂)*
(၈) ခိုလှုံအားကိုးခြင်း – *အပြစ်သွေးဆောင်ရာသို့ မလိုက်ပါစေဘဲ မကောင်းသောအမှုရာမှ ကယ်နှုတ်တော်မူပါ – (၆း၁၃)*
(၉) ဝန်ခံအသိမှတ်ပြုခြင်း – *အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။ အာမင် – (၆း၁၃)*

ဂ– ဆုတောင်းသူသို့ တိုက်တွန်းအားပေးချက် (၇း၇–၁၁)

၃. အစာရှောင်ခြင်း (၆း၁၆–၁၈)

၄. လောကဉစ္စာဘဏ္ဍာ (ဖြေး၁၉–၂၃)
၅. အစေခံခြင်း (ဖြေး၂၄)
၆. စိတ်ချခြင်း (ဖြေး၂၅–၃၄)
က– ဉပမာပေး ရှင်းပြမှု
(၁) မိုးကောင်ကင်မှ ငှက်များ (ဖြေး၂၆)
(၂) မြေပြင်မှမြက်ပင်များ (ဖြေး၂၈–၃၀)
ခ– ဖိတ်ခေါ်ခြင်း (ဖြေး၃၁–၃၄)
၇. တရားစီရင်ခြင်း (၇း၁–၅)
၈. သက်သေခံခြင်း (၇း၆)
ဌ၊ နိုင်ငံတော်သို့ ဝင်ပေါက် (မ ၇း၁၃–၂၇)
၁. လမ်း (၇း၁၃–၁၄)
၂. သတိပေးချက် (၇း၁၅–၂၃)
က– မှားယွင်းသော ပရောဖက်များအကြောင်း သတိပေးချက် (မ ၇း၁၅–၂၀)
ခ– ထို အမှားအဖွဲ့များအပေါ် ပွင့်ပွင့် လင်းလင်း ထုတ်ဖေါ်ထားချက် (မ ၇း၂၁–၂၃)
၃. ဉာဏ်ပညာ (၇း၂၄–၂၇)

## ၃။ ငရဲနှင့်ပါက်သက်သော ဩဝါဒ ( လု ၁၆း၁၉–၃၁ )

က၊ ဩဝါဒပါ လူနှစ်ဦး
၁. သူဌေး (၁၆း၁၉) (မယုံကြည်သူ)
က– သူ၏ မြေပြင်ပေါ်နေစဉ် သက်တာအကုန်လုံး ကြွယ်ဝပြည့်စုံသည်။
ခ– သူ၏ ဝိညာဉ်လောက ပြန်ရောက်ချိန်သက်တာ –– ဗလာနိတ္တိ ဘာမျှမရှိသူ ဖြစ်သည်။
၂. လာဇရု (၁၆း၂၀–၂၁)
က– သူ၏ မြေပြင်ပေါ်နေစဉ်သက်တာ –– မြို့တော်ရှိ သူတောင်းစားဖြစ်သည်။
ခ– သူ၏ ဝိညာဉ်လောကသက်တာ –– ရွှေမြို့တော်၌ ကြွယ်ဝစွာ နေရ၏။
ခ၊ ဩဝါဒပါ နေရာနှစ်ခု
၁. ပရဒိသုဘုံ (၁၆း၂၂)
၂. ငရဲဘုံ (၁၆း၂၂–၂၃)
၃. ဩဝါဒပါ ဆုတောင်းချက်နှစ်ရပ်
က– သူဌေး၏ သူ့ကိုယ်ခန္ဓာ သက်သာခွင့်ရရန် တောင်းဆိုမှု (၁၆း၂၄–၂၆)
ခ– သူဌေးမှ လောကရှိ မိမိညီအကိုများအား ကယ်တင်ရန် တောင်းဆိုမှု (၁၆း၂၇–၃၁)

## ၄။ အသက်၏ မူလအစ ဩဝါဒ ( ယော ၅း၁၇–၄၇ )

က၊ ခရစ်တော်သည် သူ့ဖခမည်းတော်နှင့် တလုံးတဝတည်းရှိ၏။
၁. သူ၏ ဘုရားရှင်နှင့် အဆင့်အတန်းတူညီမှု (၅း၁၈)
၂. သူ၏ ခမည်းတော်အပေါ် မှီတည်နေမှု (၅း၁၉)
၃. သူ၏ ခမည်းတော်ထံမှ တာဝန်ယူထားမှု
က– အနာဂါတ်ကာလ ရှင်ပြန်ခြင်းကိစ္စနှင့် ပါတ်သက်၍ (၅း၂၁)
ခ– အနာဂါတ်ကာလ တရားစီရင်ခြင်းကိစ္စနှင့် ပါတ်သက်၍ (၅း၂၂)
၄. ဘုရားရှင်က သူ့(ခရစ်တော်)အပေါ် အလေးပေးမှု
က– ဘုရားရှင်က သူ ခရစ်တော်အပေါ်ထားသည့် ချစ်ခြင်းမေတ္တာ (၅း၂၀)
ခ – ဘုရားရှင်က ခရစ်တော်အား လောကသားများကိုးကွယ်ရန် ချီးမြှောက်ထားမှု (၅း၂၃)
၅. သူ၏ အဖဘုရားရှင်ကို နာခံမှု (၅း၃၀)
၆. အဖဘုရားရှင်ထံမှရသော အာဏာ (၅း၄၃)
ခ၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း နှစ်ရပ်
၁. ယုံကြည်သူများ၏ ရှင်ပြန်ထမြောက်ခြင်း
က– ပစ္စုပ္ပန်ကာလ၌ ယုံကြည်သူ၏ဝိညာဉ် သေရာမှ ယခု ရှင်နေလျက်ရှိခြင်း (၅း၂၄)
ခ– အနာဂါတ်ကာလ၌ ကိုယ်ခန္ဓာ ပြန်ရှင်လိမ့်မည် (၅း၂၅၊ ၂၈–၂၉)
၂. မယုံကြည်သူများ၏ ရှင်ပြန်ထမြောက်ခြင်း (၅ း၂၇ ၊ ၂၉ )

ဂ၊ ခရစ်တော်နှင့်ပါတ်သက်သော သက်သေခံခြင်း ၄ ရပ် –
၁. ဗတ္တိဇံဆရာယောဟန်၏ သက်သေခံချက် (၅း၃၃–၃၅)
၂. ခရစ်တော်ကိုယ်တိုင်၏ လုပ်ရပ်ဖြင့် သက်သေခံချက် (၅း၃၆)
၃. ခမည်းတော်ဘုရား၏ သက်သေခံချက် (၅း၃၇–၃၈)
၄. နှုတ်ကပတ်တော်(ကျမ်းစာ)၏ သက်သေခံချက် (၅း၃၉–၄၇)

## ၅။ အသက်မုန့် ဩဝါဒ ( ယော ၆း၂၂–၇၁ )

က၊ ခရစ်တော်နှင့် လူပရိတ်သတ် (၆း၂၂–၄၀)
၁. ဘုရားရှင်၏ ကယ်တင်ခြင်းနှင့်ပါတ်သက်၍ ခရစ်တော်ပြောကြားချက်
က– သူတို့၏နားမရှင်းမှု
(၁) သူတို့သည် ခရစ်တော်ကို ပေါင်မုန့်စားရန်အတွက် သက်သက်သာ ရှာကြံကြသည်။ (၆း၂၆)
(၂) သူတို့သည် ဘုရားရှင်၏ ကျေးဇူးတော်နှင့်ပါတ်သက်၍ အသိပညာကင်းမဲ့လျက် ရှိကြသည်။(၆း၂၈)
(၃) သူတို့က ဓမ္မဟောင်းကျမ်းစာပါ မောရှလက်ထက် ကောင်းကင်မှကျသော မန္နမုန့်ဟုသာ ယူဆကြသည်။(၆း၃၁)
ခ– ခရစ်တော်၏ ရှင်းလင်းပြမှု
(၁) သူတို့သည် အသက်မုန့်ကိုရရန် သူ့ထံသို့လာရမည်။(၆း၃၅)
(၂) သူတို့သည် ခရစ်တော်ကို ယုံကြည်လက်ခံခြင်းအားဖြင့် ဘုရားရှင်၏အလိုကို လိုက်ခြင်း ဖြစ်စေသည်။(၆း၂၉)
(၃) ဓမ္မဟောင်းကျမ်းမှ မန္နမုန့်သည် သူ(ခရစ်တော်)ကို ဆိုလိုခြင်းဖြစ်သည်။(၆း၃၂–၃၃)
၂. သူသည် ဘုရားရှင်၏ သနားခြင်းဂရုဏာတော်အကြောင်းကို ရှင်းလင်းပြောပြခဲ့သည်။
က– ဤအာမခံချက်၌ ရွေးချယ်ခံရသောသူ အားလုံးတို့သည် ခရစ်တော်သို့ လာကြမည်။(၆း၃၇)
ခ– ဤအာမခံချက်၌ ယုံကြည်လက်ခံသူများသည် ခရစ်တော်၌ မပျောက်မပျက် ဆက်လက်တည်ရှိနေကြ လိမ့်မည်။(၆း၃၉–၄၀)
ခ၊ ခရစ်တော်နှင့် ယုဒဘုန်းကြီးများ (၆း၄၁–၅၉)
၁. သူတို့သည် ခရစ်တော်၏ မူလအစနှင့်ပါတ်သက်၍ မရှင်းမလင်း ဖြစ်ကြသည်။(၆း၄၂)
၂. သူတို့သည် ခရစ်တော်လုပ်မည့် ကယ်တင်ခြင်းကို သဘောမပေါက်ကြချေ။(၆း၅၁–၅၂)
ဂ၊ ခရစ်တော်နှင့် အသွေးအသား (ဇာတိပကတိ)လူများ (၆း၅၉–၆၆)
ဃ၊ ခရစ်တော်နှင့် ရွေးကောက်ခြင်း (၆း၆၇–၇၁)
၁. ခရစ်တော်နှင့်တပည့်တော် (၁၁) ဦး (၆း၆၇–၆၉)
၂. ခရစ်တော်နှင့် မကောင်းဆိုးဝါးတပည့်တော် (၁)ဦး (၆း၇၀–၇၁)

## ၆။ သကေနေ (တဲတော်) ပွဲနေ့ ဩဝါဒ ( ယော ၇း၁–၅၃ )

က၊ ခရစ်တော်၏ မယုံကြည်သောညီများ (၇း၁–၉)
၁. သူတို့၏ သရော်လှောင်ပြောင်မှု (၇း၃–၅)
၂. သူ၏ ဖြေကြားမှု (၇း၆–၇)
ခ၊ ဗိမာန်တော်ရှိ လူပရိတ်သတ် ကွဲပြားခြင်းသို့ ရောက်ရခြင်း (၇း၁၀–၃၀၊ ၄၀–၄၃)
၁. အချို့လူတို့က သူ(ခရစ်တော်)သည် လူကောင်းဖြစ်သည်ဟု ဆိုကြသည်။(၇း၁၂)
၂. အချို့လူတို့က သူသည် လှည့်ဖြားသောသူဖြစ်သည်ဟု ဆိုကြ၏။(၇း၁၂)
၃. အချို့လူတို့က သူသည် နတ်ဆိုးစွဲသောသူဖြစ်သည်ဟု ဆိုကြ၏။(၇း၂၀)
၄. အချို့လူတို့က သူသည် ရိုးရိုးလူဖြစ်သည်ဟု ဆိုကြ၏။(၇း၂၇)
၅. အချို့လူတို့က သူသည် ပရောဖက်ဖြစ်သည်ဟု ဆိုကြ၏။(၇း၄၀)
၆. အချို့လူတို့က သူသည် မေရှိဖြစ်သည်ဟု ဆိုကြ၏။(၇း၃၁၊ ၄၁)
ဂ၊ ဖါရိရှဲတို့၏ မလိုမုန်းထားမှု
၁. သူတို့သည် ခရစ်တော်ကိုဖမ်းဆီးရန် ကြိုးစားကြ၏။ သို့သော်လည်း သူတို့၏တပည့်များက မဖမ်းဆီးချင်ကြပေ။(၇း၃၂၊ ၄၄–၄၇)
၂. သူတို့သည် ခရစ်တော်ကို အပြစ်ရှာကြသော်လည်း၊ သူတို့အထဲမှတဦး(နိကောဒင်)က လက်မခံ

ငြင်းဆန်ခဲ့သည်။(၇း၅၀)

ဃ၊ ရေတော်ခြင်းနှင့်ပါတ်သက်သော မိန့်ကြားချက်

၁. ခရစ်တော်၏ ဖိတ်ခေါ်ကြေညာချက် (၇း၃၇–၃၉)

၂. လက်ခံယုံကြည်ကြခြင်း (၇း၃၁)

## ၇။ ဗိမာန်တော် ဘဏ္ဍာတိုက်၌ ပြောသောဩဝါဒ ( ယော ၈း၁၂–၅၉ )

က၊ မယုံကြည်သူ ယုဒလူများနှင့် ငြင်းခုံမှုဖြစ်ခြင်း

၁. သူတို့၏မေးခွန်း

က– သူတို့က သူ(ခရစ်တော်)သည် မည်သူဖြစ်သည်ကို သိလိုကြသည်။(၈း၂၅)

ခ– သူတို့က သူ့အဖသည် မည်သူဖြစ်သည်ကို သိလိုကြသည်။(၈း၁၉)

ဂ– သူတို့က သူသည် သူတို့၏အဖ အာဗြဟံထက်သာ၍ ကြီးမြတ်သည်ဆိုသည့်အချက်ကို သိလိုကြသည်။(၈း၅၃)

၂. သူ၏အဖြေ

က– မိမိနှင့်ပါတ်သက်၍

(၁) မိမိသည် လောက၏အလင်းဖြစ်သည်။(၈း၁၂)

(၂) သူသည် လူသားအားလုံးအတွက် လောကသို့ အလင်းယူဆောင်လာသူ ဖြစ်သည်။ (၈း၁၂)

(၃) သူသည် မေရှိ(ခရစ်တော်)ဖြစ်သည်။(၈း၂၄–၂၈)

(၄) သူသည် အပြစ်ကင်းစင်သူ ဖြစ်သည်။(၈း၄၆)

(၅) သူသည် အထက်အရပ်မှလာသူ ဖြစ်သည်။(၈း၂၃)

(၆) သူသည် သိုးသငယ်ဖြစ်လိမ့်မည်။(၈း၂၈)

ခ– သူ့ဖခင်နှင့်ပါတ်သက်၍

(၁) သူသည် သူ့အဖခမည်းတော်ထံမှ လာခဲ့သူဖြစ်သည်။(၈း၁၈၊ ၄၂)

(၂) သူသည် အဖဘုရားရှင်၏ သားတော်ဖြစ်သည်။(၈း၁၉)

(၃) သူသည် သူ့ခမည်းတော် သင်ကြားမှုအတိုင်း လုပ်သူဖြစ်သည်။(၈း၂၈)

(၄) သူသည် ခမည်းတော်၏ ဂုဏ်ယူချီးမြှောက်ခံရသူ ဖြစ်သည်။(၈း၅၄)

(၅) သူသည် ခမည်းတော်အတွက် ပြောဆိုနေသူဖြစ်သည်။(၈း၂၆)

(၆) သူသည် အဖဘုရားရှင်ထံသို့ ပြန်သွားမည့်သူ ဖြစ်သည်။(၈း၂၁)

၃. သူတို့၏စွပ်စွဲချက်

က– သူ(ခရစ်တော်)သည် ကိုယ့်ကိုကိုယ် ပြန်သက်သေခံသူ ဖြစ်သည်။(၈း၁၃)

ခ– သူသည် ကိုယ့်ကိုကိုယ် ပြန်သတ်သေမည်ဟု ကြိမ်းဝါးသူဖြစ်သည်။(၈း၂၂)

ဂ– သူသည် မျောက်မထားပြီး မွေးဖွါးလာသူဖြစ်သည်။(၈း၄၁)

ဃ– သူသည် နတ်ဆိုးစွဲနေသော ရှမာရိလူဖြစ်သည်။(၈း၄၈၊ ၅၂)

၄. သူ၏ ကာကွယ်ပြောဆိုချက် (၈း၁၄၊ ၁၇၊ ၁၈၊ ၄၉၊ ၅၀)

၅. သူတို့၏ လွဲမှားသောနားလည်မှု

က– သူတို့သည် မည်သူ့ထံ၌မှ ကျွန်မဖြစ်ဖူးကြ။(၈း၃၃)

ခ– သူတို့သည် အာဗြဟံ၏ မျိုးစစ်စစ် ဖြစ်သည်။(၈း၃၃၊ ၃၉)

၆. သူ၏ မှန်ကန်စွာရှင်းပြချက် (၈း၃၄၊ ၃၉၊ ၄၀၊ ၄၄)

၇. သူတို့၏ ငြင်းပယ်မှု (၈း၅၉)

၈. သူ၏ ပြတ်သားသောမိန့်ဆိုချက် (၈း၂၄)

ခ၊ ယုံကြည်လက်ခံသူ ယုဒအချို့အပေါ် ရည်မှန်းစွာ ပြောဆိုသည့်စကား (၈း၃၀–၃၂၊ ၃၆၊ ၅၁)

## ၈။ ကောင်းသောသိုးထိန်း ဩဝါဒ ( ယော ၁၀း၁–၃၉ )

က၊ သိုးထိန်း၏ အကျင့်စာရိတ္တနှင့် လမ်းစဉ်များ

၁. သူသည် တံခါးပေါက်မှ ဝင်သည်။(၁၀း၂)

၂. သူသည် တံခါးစောင့်နှင့်လည်း သိကျွမ်းသည်။(၁၀း၃)

၃. သူက သိုးများကို သိကျွမ်းသည်။(၁၀း၃)

၄. သိုးများကလည်း သူ့(သခင်)ကို သိသည်။(၁၀း၄၊ ၁၄၊ ၂၇)
၅. သူသည် သိုးများကို ဦးဆောင်သည်။(၁၀း၃)
၆. သူသည် တဦးတည်းသော သိုးထိန်းအစစ်အမှန် ဖြစ်သည်။(၁၀း၈)
၇. သူသည် သိုးများအတွက် အသက်စွန့်သည်။(၁၀း၁၁၊ ၁၅၊ ၁၇)
၈. သူသည် သိုးများအတွက် မိမိအသက်ကို ပြန်ရှင်စေခဲ့သည်။(၁၀း၁၇–၁၈)
၉. သူသည် သိုးများအသက်ရစေရန် ဝေမျှ လှူပေးခဲ့သည်။(၁၀း၉–၁၀)
၁၀. သူသည် သိုးများ ကြွယ်ဝပြည့်စုံသော အသက်ဖြစ်စေရန် ပေးဝေခဲ့သည်။(၁၀း၁၀)
၁၁. သူသည် သိုးများ ထာဝရအသက်ရစေရန် ပေးဝေခဲ့သည်။(၁၀း၁၀)
၁၂. သူသည် သူ့အဖခမည်းတော်နှင့် သဘောတူညီမှု ရှိသူ ဖြစ်သည်။(၁၀း၁၄)
၁၃. သူသည် အဖဘုရားရှင်၏ ချစ်ခြင်းကို ရခဲ့သူဖြစ်သည်။(၁၀း၁၇)
၁၄. သူသည် အဖဘုရားရှင်၏ ခွင့်ပြုချက်ရခဲ့သူ ဖြစ်သည်။(၁၀း၁၈)
၁၅. သူသည် အဖဘုရားရှင်နှင့် တလုံးတဝတည်းရှိသူ ဖြစ်သည်။(၁၀း၃၀၊ ၃၈)
၁၆. သူသည် အဖဘုရားရှင်၏ သားတော်ဖြစ်သည်။(၁၀း၃၆)

ခ၊ သိုးများ၏ စရိုက်လက္ခဏာ (ယုံကြည်သူ)
၁. မဆိုင်သော တပါးသူ၏နောက်သို့ မလိုက်တတ်။(၁၀း၅–၈)
၂. သိုးထိန်းအပေါ်သာ မှီခိုအားကိုးသည်။(၁၀း၁၂)
၃. အမျိုးတူသော သိုးများနှင့်အတူ ခြံတခုတွင်း၌သာ နေသည်။(၁၀း၁၆)

ဂ၊ သူခိုးဒါးပြများ၏ စရိုက်လက္ခဏာ (၁၀း၁၊ ၈၊ ၁၀)
၁. သူတို့သည် ခရစ်တော်အရင် ပေါ်လာဘူးသည်၊ မကြာမကြာလည်း ပေါ်လာတတ်သည်။(၁၀း၈)
၂. တံခါးပေါက်မှ ဝင်လာလေ့မရှိ။(၁၀း၁)
၃. သူတို့သည် သိုးကိုခိုးရန် (သို့) သတ်ပစ်ရန် လာကြခြင်းဖြစ်သည်။(၁၀း၁၀)

ဃ၊ လူငှါး(အငှါးသိုးထိန်း)များ၏ စရိုက်လက္ခဏာ (၁၀း၁၂–၁၃)
၁. သူသည် သက်ဆိုင်သူ ပိုင်ရှင်မဟုတ်ပေ။
၂. သူသည် မစောင့်ရှောက် မကွယ်ကာပေ။(၁၀း၁၂–၁၃)

င၊ ဆိတ်များ၏ စရိုက်လက္ခဏာ (၁၀း၁၉၊ ၂၀၊ ၃၁–၃၉) (မယုံကြည်သူ)
၁. သူတို့သည် သိုးထိန်းကို အမြဲတမ်း ငြင်းဆန်တတ်ကြသည်။(၁၀း၃၃)
၂. ၄င်းတို့သည် သိုးထိန်းကို နတ်ဆိုးစွဲနေသူဟု အပြစ်ရှာတတ်ကြသည်။(၁၀း၂၀)
၃. ၄င်းတို့သည် သိုးထိန်းတို့အား ဘုရားကို ပြစ်မှားသူဟု စွပ်စွဲတတ်ကြသည်။(၁၀း၃၃–၃၆)
၄. ၄င်းတို့သည် သိုးထိန်းကိုသတ်ဖြတ်ရန် ကြိုးစားအားထုတ်ကြသည်။(၁၀း၃၁၊ ၃၉)

## ၉။ သံလွင်တောင်ပေါ်မှ ဩဝါဒ ( မ ၂၄း၁–၃၁၊ မာ ၁၃း၁–၂၇၊ လု ၂၁း၅–၂၈ )

က၊ ခရစ်တော်မှ ဗိမာန်တော်ပျက်မည့်အကြောင်း အမှတ်အသားပြု ဟောပြောချက် –
၁. ဤဩဝါဒ ဖြစ်ပေါ်လာပုံ (မ ၂၄း၁၊ လု ၂၁း၅–၆၊ မာ ၁၂း၁–၂)
၂. မေးခွန်း (မာ ၁၃း၃၊ ၄)
၃. ရှင်းလင်းချက် (လု ၂၁း၂၀)
က– ဒုတိယဗိမာန်တော်သည် အေဒီ(၇၀)တွင် ရောမဘုရင်နေရိုးနှင့် သားတိတု၏ တပ်များက ဖျက်ဆီးခြင်း ခံခဲ့ရသည်။
ခ– တတိယဗိမာန်တော်ကို အနာဂါတ် ဘေးဒါဏ်ကြီးကာလ၌ အန္တိခရစ်က ဖျက်ဆီးလိမ့်မည်။

ခ၊ ခရစ်တော်မှ ဘေးဒါဏ်ကြီးကာလ၌ ဗိမာန်တော် အဖျက်ခံရခြင်းနှင့် ပါတ်သက်၍ အမှတ်အသားပြု ဟောပြောချက် –
၁. အဖြစ်ပျက်များသည် ဘေးဒါဏ်ကြီးကာလ၏ ပထမ(၃)နှစ်ခွဲ၌ တဖြည်းဖြည်း ပေါ်ပေါက်လာလိမ့်မည်။(မ ၂၄း၈)
က– ဘုရားရှင်၏ အမျက်တော်
(၁) ကမ္ဘာနှင့် အာကာသ သဘာဝများ ဗရုပ်သုက္ခ ဖြစ်မည့်အကြောင်း
(က) အာကာသ လောက (လု ၂၁း၁၁၊ ၂၅၊ ၂၆)
(ခ) လက်ရှိကမ္ဘာ (မ ၂၄း၇၊ လု ၂၁း၂၅)
(၂) ကမ္ဘာပေါ်ရှိ ဘာသာရေးအဖွဲ့များ၏ လှည့်စားမှု ပရိယာယ်များ
(က) မှားယွင်းသော ပရောဖက်များ (မ ၂၄း၁၁)

(ခ) ခရစ်တော်အတုများ (၂၄း၅၊ ၂၄)

(၃) ကမ္ဘာ့စစ်ပွဲကြီးများ (၂၄း၆၊ ၇)

ခ– ဘုရားရှင်၏ သက်သေခံချက်များ

(၁) စာတန်၏ အစွမ်းကုန် ရမ်းကားဖျက်ဆီးမှုများ

(က) အုပ်ချုပ်သူများက ဖမ်းဆီးချုပ်နှောင်မည်။(မာ ၁၃း၉)

(ခ) မိမိ မိသားစုများမှ သစ္စာဖေါက်ကြမည်။(လု ၂၁း၁၆)

(ဂ) အများတကာတို့၏ ရွံမုန်းခြင်း ခံရမည်။(၂၁း၁၇)

(၂) ဘုရားရှင်၏ မဟာ အသုံးချမှုများ

(က) ဘုရားရှင်၏ ဉာဏ်ပညာဖြင့် အမှုဆောင်ကြမှု။(မာ ၁၃း၁၁)

(ခ) ဘုရားရှင်၏ နှုတ်ကပါတ်တော်ကို သက်သေခံကြမှု။(မ ၂၄း၁၄)

၂. အောက်ပါအဖြစ်အပျက်များသည် ဘေးဒါဏ်ကြီးကာလ၏ နောက်ဆုံး ၃ နှစ်ခွဲအတွင်းဖြစ်မည့် အဖြစ်အပျက်များ ဖြစ်သည်။(မ ၂၄း၂၁–၂၂)

က– ဗိမာန်တော်ကို ညစ်ညူးစေခြင်း (၂၄း၁၅)၊ (ဗိမာန်တော်၌ ရုပ်တုများ ပြည့်နေမည်ကို ဆိုလိုသည်)

ခ– ဘုရားရှင်၏မြို့တော် (ယေရုရှလင်) ပျက်စီးခြင်း (လု ၂၁း၂၀၊ ၂၄)

ဂ– ဘုရားရှင်က မိမိ၏လူများကို အုပ်ထိန်း(ကွယ်ကာစောင်မ)ခြင်း (မ ၂၄း၁၆–၂၀၊ ၂၆၊ ၂၇)

ဃ– အာကာသကောင်းကင်ပြင် မှောင်မိုက်ခြင်း (၂၄း၂၉)

င– ဘုရားရှင်၏သားတော် ပြန်လည်ကြွလာခြင်း (၂၄း၃၀–၃၁)

## ၁၀။ ကြာသပတေးနေ့ည မုန့်၊ စပျစ်ရည်စားသောက်ချိန် ဩဝါဒ ( ယော ၁၄ – ၁၆ )

က၊ ဤဩဝါဒပေးရခြင်း၏ အကြောင်းအရင်း (၁၄း၂၅)

၁. ယုံကြည်လက်ခံပြီးသူများ ဝမ်းမြောက်ရွှင်လန်းစေရန် (၁၅း၁၁)

၂. ကျုနုပ်တို့ စိတ်မပျက်ကြစေရန် (၁၆း၁)

၃. သူ၏ဩဝါဒများကို ကျုနုပ်တို့ မမေ့လျော့ကြစေရန် (၁၆း၄)

၄. ကျုနုပ်တို့ ငြိမ်သက်ခြင်းရစေရန် (၁၆း၃၃)

ခ၊ ဤဩဝါဒ၌ပါတ်သက်သော အကြောင်းအရာများ

၁. ခရစ်တော်နှင့်ပါတ်သက်သော အကြောင်းအရာများ

က– ခရစ်တော်နှင့် ခမည်းတော်ဘုရား

(၁) သူက ခမည်းတော်ကို ထင်ရှားပြခြင်း (၁၄း၇–၉)

(၂) သူသည် ခမည်းတော်နှင့် တသားတည်း ခွဲမရဖြစ်သည်။(၁၄း၁၀–၁၁)

(၃) သူသည် ခမည်းတော်ကို ဘုန်းထင်ရှားစေသည်။(၁၄း၁၃)

(၄) သူသည် ခမည်းတော်ထံသို့ သွားလိမ့်မည်။(၁၄း၂၊ ၁၂၊ ၂၈၊ ၁၆း၁၀၊ ၁၆၊၂၈)

ခ– ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်

(၁) သူ၏ဆုတောင်းမှုကြောင့် သန့်ရှင်းသောဝိညာဉ်တော် လာလိမ့်မည်။(၁၄း၁၆)

(၂) သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ဘုန်းကို ထင်ရှားစေရန်နှင့် ခရစ်တော်အကြောင်း သက်သေခံရန် ရောက်လာသည်။(၁၅း၂၆၊ ၁၆း၁၃–၁၅)

(၃) သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်အတွက် အောက်ပါအလုပ် ၃ မျိုးကို ပြီးမြောက်စေရန် လုပ်ဆောင်ပေးသည်။(၁၆း၇–၁၁)

(က) လောကီသားတို့သည် အပြစ်သားများ ဖြစ်ကြောင်းကို၄င်း (၁၆း၈)

(ခ) လောကရှိ အပြစ်ကင်းလွတ်ခွင့် လမ်းကို၄င်း (၁၆း၈)

(ဂ) လောကသားတို့အား အပြစ်စီရင်မည့် အကြောင်းကို၄င်း (၁၆း၈)

ထင်ရှားစွာ ဖေါ်ပြသည်။

ဂ– ခရစ်တော်နှင့် ယုံကြည်သူများ

(၁) သူသည် ယုံကြည်သူများအတွက် တဖန်ပြန်လာမည်။(၁၄း၂–၃)

(၂) သူသည် ယုံကြည်သူများနှင့် အတူနေထိုင်မည်။(၁၄း၂၀)

(၃) ယုံကြည်သူများအတွက် တာဝန် ၃ ရပ် –

(က) အသီး သီးရမည်။(၁၅း၂) *ယုံကြည်ခြင်း*

(ခ) အသီးများ ပိုသီးရမည်။(၁၅း၂) *သက်သေခံခြင်း*

(ဂ) အသီးများများ ပိုသီးရမည်။(၁၅း၅) *ယုံကြည်သူ များလာခြင်း*

၂. ယုံကြည်သူများ(သန့်ရှင်းသူများ)နှင့် ပါတ်သက်သော အကြောင်းအရာ

က– ယုံကြည်သူနှင့် ခမည်းတော်ဘုရား

(၁) ယုံကြည်သူကို ခမည်းတော်ဘုရားက မိမိအရပ်၌ နေရာချထားပေးလိမ့်မည်။(၁၄း၂၃)

(၂) ယုံကြည်သူကို ခမည်းတော်ဘုရား ချစ်သည်။(၁၄း၂၁၊ ၁၆း၂၇)

(၃) ယုံကြည်သူက ခမည်းတော်ဘုရားထံမှ တန်ခိုးများ ရမည်။(၁၄း၁၂)

ခ– ယုံကြည်သူနှင့်သန့်ရှင်းသောဝိညာဉ်တော်

(၁) ယုံကြည်သူကို သန့်ရှင်းသောဝိညာဉ်တော်က သင်ကြားပြသပေးမည်။(၁၄း၂၆)

(၂) သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူ၌ အမြဲထာဝရတည်၍ ကိန်းဝပ်တော်မူမည်။(၁၄း၁၆)

ဂ– ယုံကြည်သူနှင့် အခြား ယုံကြည်သူများ (၁၅း၁၂–၁၄)

ဃ– ယုံကြည်သူနှင့် ဘာသာရေးအတွက် ညှင်းဆဲခံရမှုများ

(၁) ယုံကြည်သူကို ညှင်းဆဲဒုက္ခများက စောင့်ကြိုလျက်ရှိသည်။(၁၅း၁၈–၂၁၊ ၁၆း၁–၃)

(၂) ညှင်းဆဲဒုက္ခ အားလုံးအပေါ် ဝမ်းမြောက်မှုရှိရန် (၁၄း၁၊ ၂၇၊ ၁၆း၂၀–၂၂၊ ၃၃)

င– ယုံကြည်သူနှင့် အသီးသီးခြင်း (၁၅း၁–၈၊ ၁၆)

## ပရောဖက်ပြုချက်များ

### ၁။ အသင်းတော်

က၊ အသင်းတော်၏အခြေခံ – ခရစ်တော်အပေါ် အခြေခံသည်။(မ ၁၆း၁၃–၁၉)

ခ၊ အသင်းတော်၏ လုပ်ငန်းများ (မ ၂၈း၁၉၊ ၂၀၊ တ ၁း၈)

ဂ၊ အသင်းတော်၏ လုပ်ငန်းတည်ရာဒေသ (မ ၂၈း၁၉၊ တ ၁း၈) – နိုင်ငံအနှံ့ ကမ္ဘာအနှံ့ ဖြစ်သည်။

ဃ၊ အသင်းတော်၏ အခွင့်အာဏာ (မ ၁၆း၁၉၊ ၁၈း၁၈၊ ယော ၂၀း၂၃)

င၊ အသင်းတော် ဒုက္ခခံရခြင်း (မ ၁၀း၁၆–၂၂၊ ၂၃း၃၄၊ ယော ၁၅း၁၈–၂၁၊ ၁၆း၁–၃၊ ၃၃)

စ၊ အသင်းတော်၏ စည်းကမ်းများ (မ ၁၈း၁၅–၁၇)

ဆ၊ အသင်းတော် ပြောင်းရွှေ့မည့်နေရာ (၁၄း၂–၃)

### ၂။ အဆင်းသဏ္ဍာန် ပြောင်းလဲမှု ( မ ၁၆း၂၈ )

(ခရစ်တော်၏ အဆင်းသဏ္ဍာန် ပြောင်းလဲမှုကို ပေတရု၊ ယောဟန်နှင့် ယာကုပ်တို့ မြင်ကြရသည်ကို ဆိုလိုသည် )

### ၃။ လာဇရု ရှင်ပြန်မည့်အကြောင်း ( ယော ၁၁း၁၁ )

### ၄။ ဧလိယ ပြန်လာမည့်အကြောင်း ( မ ၁၇း၁၁ )

### ၅။ ယုဒရှကာရုတ် သစ္စာဖေါက်မည့်အကြောင်း ( မ ၂၆း၂၁–၂၅၊ ယော ၆း၇၀၊ ၇၁ )

### ၆။ ပေတရုငြင်းဆိုခြင်းနှင့် ပေတရု၏သေခြင်းအကြောင်း ( မာ ၁၄း၃၀၊ လု ၂၂း၃၄၊ ယော ၁၃း၃၈၊ ၂၁း၁၈–၁၉ )

က၊ သူ၏ ငြင်းပယ်ခြင်း (လု ၂၂း၃၄)

ခ၊ သူ၏ သေခြင်း (ယော ၂၁း၁၈–၁၉)

### ၇။ တပည့်တော်များ စွန့်ပြေးမည့်အကြောင်း ( မ ၂၆း၃၁ )

၈။ သူ၏ ဒုက္ခစရိယာအကြောင်း ( မ ၁၆း၂၁၊ ၂၀း၁၈–၁၉၊ မာ ၉း၁၂၊ လု ၁၇း၂၅ )

၉။ သူ၏သေခြင်း ( မ ၁၆း၂၁၊ ၁၇း၂၃၊ ၂၀း၁၇–၁၉၊ ၂၆း၂၊ ယော ၃း၁၄၊ ၈း၂၈၊ ၁၀း၁၁၊ ၁၅၊ ၁၂း၂၃၊ ၂၄၊ ၃၂၊ ၃၃ )

၁၀။ သူ၏ ရှင်ပြန်ထမြောက်ခြင်း ( မ ၁၂း၃၀–၄၀၊ ၁၆း၂၁၊ ၁၇း၂၃၊ ၂၀း၁၉၊ ၂၆း၃၂၊ ယော ၂း၁၉၊ ၁၀း၁၇–၁၈ )

၁၁။ ယေရုရှလင်မြို့နှင့် ဗိမာန်တော် ပျက်စီးမည့်အကြောင်း ( မ ၂၄း၂၊ မာ ၁၃း၁–၂၊ လု ၁၉း၄၃–၄၄၊ ၂၁း၆၊ ၂၀၊ ၂၄၊ ၂၃း၂၇–၃၁ )

၁၂။ ပင်တေကုတ္တေပွဲနေ့နှင့် သန့်ရှင်းသောဝိညာဉ်တော် လာရောက် အမှုဆောင်မည့်အကြောင်း ( လု ၂၄း၂၀၊ ယော ၇း၃၇–၃၉၊ ၁၄း၁၆၊ ၁၇၊ ၂၆၊ ၁၅း၂၅၊ ၁၆း၇–၁၁၊ ၁၃၊ ၁၄၊ တ ၁း၈ )

က၊ သန့်ရှင်းသောဝိညာဉ်တော် အမှုဆောင်မည့် ကာလ အကြာအရှည် (ယော ၁၄း၁၆)
ခ၊ သန့်ရှင်းသောဝိညာဉ်တော် နေမည့်နေရာ (ယော ၁၄း၁၇)
ဂ၊ သန့်ရှင်းသောဝိညာဉ်တော်၏ အခြေခံအလုပ် ၃ ခု
(က) ခရစ်တော်နှင့်ပါတ်သက်၍ (၁၅း၂၆၊ ၁၆း၁၄)
(ခ) သန့်ရှင်းသူ(ယုံကြည်သူ)များနှင့် ပါတ်သက်၍ (၁၄း၂၆၊ ၁၆း၁၃)
(ဂ) အပြစ်သားများနှင့် ပါတ်သက်၍ (၁၆း၈)

၁၃။ သူ၏ ကောင်းကင်ဘုံသို့ ပြန်တက်မည်အကြောင်း ( ယော ၁း၅၀၊ ၅၁၊ ၆း၆၂၊ ၇း၃၃၊ ၁၆း၂၈ )

၁၄။ နောက်ဆုံးသောနေ့များအကြောင်း ( မ ၂၄း၃၆–၄၁၊ လု ၁၇း၂၆–၃၀ )

၁၅။ ဣသရေလလူမျိုးများနှင့်ပါတ်သက်၍ ( မ ၂၁း၄၃၊ ၂၃း၃၇–၃၉၊ ၂၄း၃၁ )

က၊ သူတို့၏ငြင်းပယ်မှု (မ ၂၁း၄၃)
ခ၊ သူတို့၏ မျက်စိကန်းနေမှု (မ ၂၃း၃၇–၃၉)
ဂ၊ သူတို့ တစုတစည်းတည်း ပြန်ဖြစ်မှု (၂၄း၃၁)

၁၆။ အနာဂါတ်၌ ကြုံတွေ့ရမည့် ဘေးဒါဏ်ကာလအကြောင်း ( မ ၂၄း၄–၂၆၊ မာ ၁၃း၅–၂၅၊ လု ၂၁း၈–၂၆ )

၁၇။ အန္တိခရစ် လာမည့်အကြောင်း ( မ ၂၄း၁၅၊ ၂၃၊ ယော ၅း၄၃ )

၁၈။ သူ ဒုတိယအကြိမ် ပြန်ကြွလာမည့်အကြောင်း ( မ ၁၆း၂၇၊ ၂၄း၃၀၊ ၂၆း၆၄၊ မာ ၈း၃၈ )

က၊ ဘုန်းတန်ခိုး အခြံအရံဖြင့် ကြွလာမည်။(မ ၂၄း၃၀)
ခ၊ သူ့ရန်သူများအပေါ် သတိပေးချက်။(၂၆း၆၃–၆၄)

၁၉။ အာမဂေဒုန် စစ်ပွဲအကြောင်း ( မ ၂၄း၂၈ )

၂၀။ သေခြင်းမှရှင်ပြန်ကြမည့်အကြောင်း ( မ ၂၂း၂၉–၄၃၊ ယော ၅း၂၈–၂၉၊ ဖ်း၄၀–၄၄ )

၂၁။ အနာဂါတ်ဆုလဒ်များအကြောင်း ( မ ၅း၁၂၊ ၁၀း၄၁၊ ၄၂၊ ၁၉း၂၉၊ မာ ၁၀း၂၈–၃၁ )

၂၂။ မိလေနီလ အနှစ် ၁၀၀၀ အကြောင်း ( မ ၈း၁၁၊ ၁၃း၄၃၊ ၁၉း၂၈၊ ၂၉၊ ၂ဖ်း၂၉၊ ၂၅း၃၄ )

၂၃။ ပလင်ဖြူရှေ့ တရားစီရင်ပွဲအကြောင်း ( မ ၇း၂၁–၂၃၊ ၁၀း၁၅၊ ၁၂း၄၁၊ ၄၂၊ ၁၃း၄၉၊ ၅၀၊ ၂၅း၃၁–၃၃၊ လု ၁၂း၄၇၊ ၄၈ )

၂၄။ ထာဝရငရဲအကြောင်း ( မ ၅း၂၉၊ ၃၀၊ ၈း၁၂း ၁၀း၂၈၊ ၁၁း၂၂–၂၄၊ ၁၂း၄၁–၄၂၊ ၁၃း၄၉၊ ၅၀၊ ၁၈း၈–၉၊ ၂၂း၁၃၊ ၂၃း၃၃၊ မာ ၉း၄၂–၄၈ )

## တမန်တော်ဝတ္ထု

ဤကျမ်းကိုရေးသူသည် ရှင်လုကာချစ်သော ဆေးသမားလုကာ (ကော ၄း၁၄) ဖြစ်သည်။ ဤကျမ်းကို ရှင်လုကာသည် ခရစ်ဝင်နှင့် တဆက်တည်း ရေးခဲ့ခြင်းဖြစ်သည်။ လုကာသည် ရှင်ပေါလု၏ ခရီးသွားဖက် မိတ်ဆွေဖြစ်သည် (၁ဖ်း၁၂၊ ၂၀း၅)။ တိမောသေသြဝါဒစာ ဒုတိယစောင်၌ ရှင်လုကာသည် ရောမမြို့၌ ရှင်ပေါလုနှင့်အတူနေခဲ့ဘူးကြောင်း တွေ့နိုင်သည်။ ရှင်ပေါလု ဖိလေမုန်အားပေးခဲ့သော ဖိလေမုန်သြဝါဒစာ (၁း၂၄)၌လည်း ရှင်လုကာ၏နှုတ်ဆက်ခြင်းကို ဖော်ပြခဲ့သည်။

ဤကျမ်းကို ရှင်ပေါလု ပထမဆုံးအကြိမ် ရောမအကျဉ်းထောင်မှ လွတ်လာသောအချိန်၌ ရှင်လုကာ ရေးခဲ့ ခြင်းဖြစ်သည်။(၂၈း၃၀) (အေဒီ ၆၃)

ဤကျမ်း၏ အဖြစ်အပျက် ကာလအကြာအရှည်မှာ သခင်ခရစ်တော် သေခြင်းမှ ရှင်ပြန်ထမြောက်ချိန် မှအ စ ရှင်ပေါလု ရောမအကျဉ်းထောင်မှ ပထမအကြိမ်လွတ်လာသည့် ကာလကြားဖြစ်၍၊ ခန့်မှန်းခြေ ၃၃ နှစ်မှ ၃၅ နှစ်ကြာခဲ့သည်ဟု နားလည်ရပေသည်။

ဤကျမ်းကို အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာနိုင်ပေသည်။ ပထမပိုင်းဖြစ်သော အခန်းကြီး ၁ – ၁၂ ၌ ရှင်ပေတ ရုကို အဓိကထား ဖော်ပြခဲ့ပြီး ယေရုရှလင်မြို့ကို ဗဟိုပြုခဲ့၍ အထူးသဖြင့် ဣသရေလလူမျိုးများကို သာသနာပြု ခဲ့ပုံများကို ဖော်ပြခဲ့သည်။ ဒုတိယပိုင်းအဖြစ် အခန်းကြီး ၁၃ – ၂၈ ၌ ရှင်ပေါလုကို အဓိကထား ဖော်ပြခဲ့ပြီး အန္တိအုတ်မြို့ကို သာသနာပြု ဗဟိုစခန်းပြုလုပ်၍ အဓိကအားဖြင့် တပါးအမျိုးသားများကို သာသနာပြုခဲ့ပုံများ ကို ဖော်ပြခဲ့သည်။

ကျမ်း၏ အစပိုင်းများဖြစ်သော အခန်းကြီး ၆ – ၇ တွင် သတေဖန်၏ သာသနာပြုခြင်းကို အကျဉ်းချုပ် ဖော်ပြခဲ့၍ အခန်းကြီး ၈ တွင် ဖိလိပ္ပု၏ သာသနာပြုခြင်းကို ဖော်ပြခဲ့သည်။ အခန်းကြီး ၉ တွင် ရှင်ပေါလု၏ ပြောင်းလဲမှုအကြောင်းကို ဖော်ပြခဲ့သည်။ ထို့ပြင် ကဲသရိမြို့မှ ကောနေလိနှင့် ဒမာသက်မြို့မှ အာနနိအကြောင်းတို့ကိုလည်း ဖော်ပြခဲ့သည်။

မည်သို့ပင်ဆိုစေ ပထမအခန်းကြီး ၁၂ ခန်းသည် ရှင်ပေတရုနှင့်၊ ယေရုရှလင်မြို့နှင့် ဣသရေလလူတို့၏ အကြောင်းကို အသားပေး ဖော်ပြခဲ့သည်။ အခန်းကြီး ၁၃ –၂၈ ၌ အန္တိအုတ်မြို့ကို သာသနာပြုလုပ်ငန်း စတင်ရာနေရာအဖြစ်နှင့် ဖော်ပြခဲ့၍ ရှင်ပေါလု၊ ဗာနဗအကြောင်း၊ ရှင်ပေါလုနှင့်သိလအကြောင်း ဂရိကျွန်း၊ ဂလာတိမြို့၊ ကိလိကိပြည်၊ မာကေဒေါနိပြည်၊ ယေရုရှလင်မြို့၊ ကဲသရိမြို့သို့ ခရီးထွက်ခြင်းနှင့် နောက်ဆုံး သင်္ဘောဖြင့် ရောမမြို့သို့ ခရီးထွက်ခြင်းများကို ဖော်ပြခဲ့လေသည်။

ရှင်ပေါလုသည် အခွင့်သင့်တိုင်း ဣသရေလလူမျိုးများထံသို့သွား၍ သာသနာပြုခဲ့သည်။ သို့သော် အများအားဖြင့် တပါးအမျိုးသားများဆီ၌သာ အမှုဆောင်သည်။

ဤကျမ်းအားဖြင့် ဆရာဝန်လုကာသည် ကျနုပ်တို့အား ခရစ်ယာန်များနှင့် အသင်းတော်များ၏ သမိုင်း၊ ကျနုပ်တို့ တပါးအမျိုးသား ခရစ်ယာန်များနှင့် အသင်းတော်များ၏သမိုင်းကို ရေးသား သိစေခဲ့သည်။

ရှင်လုကာသည် ၎င်း၏ ခရစ်ဝင်ကျမ်း၌ ခရစ်တော်၏ ဆွေစဉ်မျိုးဆက်စာရင်းမှ စတင်ဖော်ပြခဲ့ပြီး၊ ခရစ်တော် ရှင်ပြန်ထမြောက်ပြီးချိန် မှာကြားချက်များဖြင့် နိဂုံးချုပ်ခဲ့သည်။

တမန်တော်ဝတ္ထု၌ ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၄င်း၊ တမန်တော် အသင်းတော်အားဖြင့်၄င်း၊ ဆက်လက်၍ အလုပ်လုပ်ခဲ့ကြောင်း ဖေါ်ပြခဲ့သည်။ အရေးအကြီးဆုံး အချက်မှာ တကမ္ဘာလုံးသို့ ဝမ်းမြောက်ဘွယ်သတင်းကောင်းကို သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဟောကြားရန် ဖြစ်သည်။ ပထဝီအနေထားအရ ယေရုရှလင်မြို့၊ ယုဒပြည်၊ ရှမာရိပြည်မှစ၍ ကမ္ဘာအနှံ့သို့ သတင်းကောင်းဟောကြားရန် ဖြစ်သည်။ ရှင်လုကာသည် ခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုကို ရှင်ပေါလုကိုယ်စား ရေးခဲ့ပါသလား၊ မဟုတ်ပေ။ ထိုကဲ့သို့ဖြစ်ကြောင်း ကျမ်းအထောက်အထား တစုံတရာမရှိပေ။ ရှင်လုကာသည် သူ့အား ဘုရားရှင်ဖွင့်ပြသိစေခဲ့သော အရာများကို သိရသလောက် ရေးခဲ့ခြင်းသာ ဖြစ်သည်။

ရှင်ပေါလု၏ ခိုင်းစေချက်ကြောင့် ရေးခဲ့ခြင်း မဟုတ်သလို အခြားသူတဦးဦးက စေခိုင်းသောကြောင့်လည်း မဟုတ်ချေ။ မိမိစိတ်ကူးဉာဏ်ဖြင့် ရေးခဲ့ခြင်းမဟုတ်သလို၊ မျက်မြင်တဦးဦး၏ ပြောကြားချက်ကို ရေးခဲ့ခြင်းလည်း မဟုတ်ပေ။ ဘုရားရှင် မိမိအား ဖွင့်ပြသမျှကို ကိုယ်တိုင်လေ့လာ စီစစ်ပြီးမှ ရေးသားခဲ့ခြင်း ဖြစ်သည်။ (လု ၁း၃-၄)

## ပထမပိုင်း / သန့်ရှင်းရာမြေ ယေရုရှလင်တခွင်မှ သာသနာပြု လုပ်ရှားသူ - ခေါင်းဆောင်သူ တံငါသည် ပေတရုနှင့် လက်ထောက်ယောဟန်၊ သတေဖန်နှင့် ဖိလိပ္ပုတို့ အကြောင်း ( တမန် ၁း၁၂ )

### ၁။ ပေတရု၏ ဆောင်ရွက်ချက်များ -

<u>က</u>၊ ပေတရုနှင့် အခြားလူ ၁၂၀ ဦး (၁း၁-၂၆)

၁. သံလွင်တောင်ပေါ် အဖြစ်အပျက် (၁း၁-၁၂)

**က- ခရစ်တော်၏ သေချာသော မိန့်မှာချက်ကို ခံယူကြခြင်း**

- *<u>သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏ - (၁း၈)</u>*

**ခ- ခရစ်တော် ကောင်းကင်ဘုံသို့ တက်ကြွခြင်းကို သက်သေခံခြင်း**

- *<u>အို ဂါလိလဲလူတို့ အဘယ်ကြောင့် ကောင်းကင်သို့မျှော်ကြည့်လျက် နေကြသနည်း။ သင်တို့နှင့်ခွါ၍ ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူ တဖန် ကြွလာတော်မူလတ္တံ့ - (၁း၁၁)</u>*

၂. အိမ်၏ အထက်ခန်းမ၌ ဖြစ်ပျက်မှု (၁း၁၃-၂၆)

**က- စည်းဝေး ဆုတောင်းကြခြင်း (၁း၁၃-၁၄)**

- *<u>ထိုသူအပေါင်းသည် ယေရှု၏မယ်တော် မာရိမှစ၍ မိန်းမတို့နှင့်၄င်း၊ တညီတညွတ်တည်း ကြိုးစား၍ ဆုတောင်းပဌနာပြုလျက် နေကြသည် - (၁း၁၄)</u>*

**ခ- ဝေယျာဝစ္စ စည်းဝေးကြခြင်း (၁း၁၅-၂၆)**

**(၁) ယုဒရှကာရုတ်၏ ဖေါက်ပြန်မှုနှင့် ပတ်သက်သည့်ကိစ္စ (၁း၁၅-၂၀)**

**(၂) မဿိကို ရွေးကောက်တင်မြှောက်သည့် ကိစ္စ (၁း၂၁-၂၆)**

<u>ခ</u>၊ ပေတရုနှင့် ပင်တေကုတ္တပွဲနေ့ လူစုလူဝေး (၂း၁-၄၇)

၁. ခြားနားသော ဘာသာစကားများ (၂း၁-၄)

- *<u>ထိုခဏခြင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍ ထိုသူအသီးသီးတို့အပေါ်၌ တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြသည် - (၂း၃-၄)</u>*

၂. လူစုလူဝေး (၂း၅-၁၁)

- *<u>လူအပေါင်းတို့သည် အံ့သြ မိန်းမောတွေဝေလျက်ရှိ၍ ယခု ဟောပြောသောသူအပေါင်းတို့သည် ဂါလိလဲလူဖြစ်ကြသည်မဟုတ်လော။ သို့ဟုတ်လျှင် ငါတို့သည် အသီးအသီး မွေးဖွါးရာဌါန၏ ဘာသာစ</u>*

*ကားကို ကြားရသည်ကား အဘယ်သို့နည်း – (၂း၇–၈)*

၃. မိန်းမောတွေဝေကြခြင်း (၂း၁၂–၁၃)

– *လူအပေါင်းတို့သည် မိန်းမောတွေဝေသောစိတ်ရှိသည်နှင့် ဤအမှုအရာသည် အဘယ်သို့သောအမှုအရာဖြစ်သနည်းဟု တယောက်ကိုတယောက် ပြောဆိုကြ၏။ လူအချို့တို့က ဤသူတို့သည် ချိုသောစပျစ်ရည်နှင့် ပြည့်ဝသည်ဟု ကဲ့ရဲ့ပြောဆိုကြသည် – (၂း၁၂–၁၃)*

၄. ရှင်းပြကြခြင်း (၂း၁၄–၁၅)

– *ယခုအချိန်ကား နံနက်တချက်တီးအချိန်သာရှိသည်ဖြစ်၍ သင်တို့ထင်သည်အတိုင်း ဤသူတို့သည် ယစ်မူးကြသည်မဟုတ် – (၂း၁၅)*

၅. နှိုင်းယှဉ်ဖေါ်ပြခြင်း (၂း၁၆–၂၁)

– *ဤအရာကား ပရောဖက်ယောလဟောဘူးသော အရာဖြစ်သတည်း – (၂း၁၆)*

၆. အပြစ်တင်ခြင်း (၂း၂၂–၂၈)

က– မေရှိယ(ခရစ်တော်)သည် ဣသရေလများလက်ချက်ဖြင့် ကားတိုင်၌ ကွပ်မျက်ခံရသည်။ (၂း၂၂–၂၄)

ခ– မေရှိယ(ခရစ်တော်)သည် အဖခမည်းတော်အားဖြင့် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။ (၂း၂၉–၃၆)

၇. နိဂုံးချုပ် ဟောကြားချက် (၂း၂၉–၃၆)

– *ထိုယေရှုကို ဘုရားသခင် ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည် သက်သေခံဖြစ်ကြ၏။ ထိုသို့ ဘုရားသခင်သည် လက်ျာလက်တော်နှင့် ချီးမြှင့်တော်မူသဖြင့် ထိုသခင်သည် ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီးဖြစ်၍၊ သင်တို့သိမြင် ကြားရသောအရာကို ညွန်းလောင်းတော်မူ၏။ ဒါဝိဒ်သည် ကောင်းကင်သို့မတက်သေး၊ သို့ရာတွင် ထာဝရဘုရားက သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချမထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ့သခင်အားမိန့်တော်မူသည်ဟု ဒါဝိဒ်စကားရှိ၏။ ထို့ကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၎င်း၊ အစိုးရသော အရှင်အရာ၌၎င်း၊ ခန့်ထားတော်မူသည်အကြောင်းကို ဣသရေလအမျိုးသားအပေါင်းတို့ သိမှတ်ကြလော့ – (၂း၃၂–၃၆)*

၈. အပြစ်ရှိကြောင်း ထင်ရှားသိရှိကြခြင်း (၂း၃၇–၄၀)

– *ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံးပူပန်ခြင်းရှိ၍ ညီအကိုတို့ အဘယ်သို့ ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသောတမန်တော်တို့အား မေးမြန်းကြ၏။ ပေတရုကလည်း သင်တို့အပြစ်ကိုလွတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှမကြွင်း ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည် – (၂း၃၇–၃၈)*

၉. ပြောင်းလဲကြခြင်း (၂း၄၁)

– *ထိုစကားကို အသင့်နှလုံးသွင်းမိသောသူတို့သည် ဗတ္တိဇံကိုခံ၍ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့သည် ဝင်ကြ၏ – (၂း၄၁)*

၁၀. မိဿဟာယ ဖွဲ့ကြခြင်း (၂း၄၂–၄၇)

– *ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏ / ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့် မိမိတို့ရှိသမျှကိုဆက်ဆံ၍ သုံးဆောင်ကြ၏ – (၂း၄၂၊ ၄၄)*

ဂ၊ ပေတရုနှင့်ခြေမစွမ်းသူ (၃း၁–၂၆)

၁. အံ့ဘွယ်နိမိတ်လက္ခဏာ (၁၃း၁–၁၁)

က– ကုသရန် လိုအပ်ခြင်း (၃း၂)

ခ– ကုသသူ၏ နာမတော်

– *နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ထ၍ လှမ်းသွားလော့ – (၃း၆)*

ဂ– ပျောက်ကင်းချမ်းသာပြီးနောက် ပြောင်းလဲခြင်း (၃း၈)

၂. ကြေညာသိစေခြင်း (၃း၁၂–၂၆) – ပေတရုသည် ဤတကြိမ်၌ ကားတိုင်၏ အပြစ်လွတ်ခွင့်တန်ခိုးအကြောင်းကို ဟောလေသည်။

က– ကားတိုင်တင်ရန် ကမကထပြုသူများ –– ဣသရေလများ (၃း၁၃–၁၅)

ခ– ကားတိုင်အကြောင်း ပရောဖက်ပြုထားချက်များ –– ဓမ္မဟောင်းကျမ်း (၃း၁၈)

ဂ– ကားတိုင်၏ တန်ခိုး (၃း၁၆–၂၆)

(၁) ထိုတန်ခိုးသည် လူ၏ကိုယ်ခန္ဓာကို ကျန်းမာစေနိုင်စွမ်း ရှိသည်။(၃း၁၆–၂၆)

(၂) ထိုတန်ခိုးသည် လူသားအားလုံး၏ ဝိညာဉ်ရောဂါကို ပျောက်ကင်းစေနိုင်စွမ်း ရှိသည်။

(၃း၂၆)

ဃ– ကားတိုင် စီစဉ်ထားချက်များ (၃း၁၅၊ ၁၈၊ ၂၁)

(၁) ခရစ်တော်သည် ဝေဒနာတော်နှင့် သတ်ခြင်းကို ခံရမည်။(၃း၁၈)

(၂) ဘုရားရှင်သည် သူ့ကို သေခြင်းမှ ရှင်စေသည်။(၃း၁၅)

(၃) ခရစ်တော်သည် ကောင်းကင်ဘုံ၏ သိမ်းဆည်းမှုကို ခေတ္တ ခံရယူမည်။(၃း၂၁)

(၄) ခရစ်တော် တဖန် ပြန်ကြွလာမည်။(၃း၁၉–၂၀)

င– ကားတိုင်၏ တောင်းဆိုချက် (၃း၂၀၊ ၂၆)

– *သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့ – (၃း၂၀)*

ဃ၊ ပေတရုနှင့် ယဇ်ပုရောဟိတ် (၄း၁–၃၇) – ယဇ်ပုရောဟိတ်မင်း အန္နတ်နှင့် အကြီးအကဲများက ပေတရုနှင့်ယောဟန်ကို ဖမ်းဆီးခြင်း

၁. ဖမ်းဆီးရခြင်း၏ အကြောင်းအရင်း

– *တမန်တော်တို့သည် လူများတို့အား ဆုံးမဩဝါဒပေး၍ ယေရှုကိုအကြောင်းပြုလျက် သေခြင်းမှ ထမြောက်ခြင်းတရားကို ဟောသောကြောင့် ထိုမင်းများတို့သည် စိတ်ပူပန်ခြင်းရှိသည် – (၄း၂)*

၂. ဖမ်းဆီးရခြင်း၏ သက်သေ အထောက်အထားများ (၄း၄)

၃. ဖမ်းဆီးမှု၌ ပြောဆိုသော စကားများ

က– သူတို့၏ မေးခွန်း

– *တမန်တော်တို့ကို အလယ်၌ထား၍ သင်တို့သည် အဘယ်သို့သောတန်ခိုး အဘယ်သူ၏ နာမအားဖြင့် ဤအမှုကိုပြုသနည်းဟု မေးမြန်းကြ၏ – (၄း၇)*

ခ– ပေတရု၏ အဖြေ (၄း၈–၁၂)

– *သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍၊ ဘုရားသခင်သည် သေခြင်းမှ ထမြောက်စေတော်မူသော နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ဤသူသည် သင်တို့မျက်မှောက်၌ ကျန်းမာလျက်ရှိသည်ကို သင်တို့မှစ၍ ဣသရေလ လူအပေါင်းတို့သည် သိမှတ်ကြလော့ / ထိုသခင်၏ နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ – (၄း၁၀၊ ၁၂)*

၄. ဖမ်းဆီးချိန်၌ပြုလုပ်သော စည်းဝေးပွဲ (၄း၁၃–၁၇)

၅. ဖမ်းဆီးမှု၌ သတိပေးချက်နှင့် တုံ့ပြန်ချက် (၄း၁၈–၂၂)

က– သင်တို့ ဆက်မလုပ်ကြနှင့်။(၄း၁၈)

ခ– ကျုနုပ်တို့ ဆက်လက်လုပ်ဆောင်မည်။(၄း၁၉–၂၀)

၆. ထိုဖမ်းဆီးမှုနှင့်ပါတ်သက်၍ ဘုရားရှင်ဂုဏ်တော် ချီးမွှမ်းကြခြင်း (၄း၂၃–၃၀)

၇. ထိုဖမ်းဆီးမှုမှရသော ကောင်းကြီးမင်္ဂလာနှင့် အခြား အကျိုးသက်ရောက်မှုများ (၄း၃၁–၃၇)

က– ယုံကြည်သူများ သန့်ရှင်းသောဝိညဉ်တော်နှင့် ပြည့်ဝကြခြင်း။(၄း၃၁)

ခ– ယုံကြည်သူ ညီအကိုခြင်း တလုံးတဝတည်း ရှိကြသည်။(၄း၃၂၊ ၃၄၊ ၃၅)

င၊ ပေတရုနှင့် အာနနိ၊ ရှဖိရေ (၅း၁–၁၁)

၁. သူတို့၏လှည့်စားမှု

– *သို့ရာတွင် အာနနိနှင့်ရှဖိရေအမည်ရှိသော လင်မယားနှစ်ယောက်တို့မူကား ဥစ္စာတစုံတခုကိုရောင်းပြီးလျှင်၊ ထိုသူသည် မိမိခင်ပွန်းနှင့်သဘောတူလျက် အဘိုး၏တဘို့ကို ထိမ်ဝှက်သဖြင့် တဘို့ကိုသာ ယူဆောင်ခဲ့၍ တမန်တော်တို့၏ခြေရင်း၌ ထားလေ၏ – (၅း၁–၂)*

၂. သူတို့အပေါ် တွေ့ရှိမှု

– *ပေတရုကလည်း အာနနိ၊ သင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို လှည့်စား၍ မြေကိုရောင်းသောအဘိုး၏ တဘို့ကို ထိမ်ဝှက်မည်အကြောင်း စာတန်သည် သင်၏စိတ်နှလုံးကို အဘယ်ကြောင့် ပြည့်စေရသနည်း – (၅း၃)*

၃. သူတို့သေကြခြင်း (၅း၅၊ ၁၀)

စ၊ ပေတရုနှင့် နာမကျန်းသူ (၅း၁၂–၁၆)

– *ပေတရုသည် လမ်း၌ရှောက်သွားစဉ် အနာစွဲသောသူတို့တွင် တယောက်ယောက်ကို သူ၏အရိပ် လွှမ်းမိုးစေခြင်းငှါ လူနာတို့ကို လမ်းနားသို့ထုတ်၍ ခုတင်မွေ့ရာပေါ်မှာ ထားကြ၏။ ပတ်လည်ဝန်းကျင်၌ရှိသော မြို့သူရွာသားအပေါင်းတို့သည် အနာစွဲသောသူ၊ နတ်ဆိုးညှင်းဆဲသောသူတို့ကိုဆောင်ခဲ့လျက် ယေရုရှလင်မြို့သို့ စုဝေးလာကြ၍ ထိုလူနာအပေါင်းတို့သည် အနာကင်းလွတ်ခြင်းသို့ ရောက်ကြ၏ – (၅း၁၅၊ ၁၆)*

ဆ၊ ပေတရုနှင့် ဥပဒေပညာရှိ ဂါမလျေလ (၅း၁၇–၄၂)၊ ရှင်ပေတရု ခရစ်တော်၏ဒေသနာကြောင့် ဒုတိယ

အကြိမ် ဖမ်းဆီးခံရခြင်း –

၁. ဇဒ္ဒုကဲတို့၏ ဒေါသ (၅း၁၇–၁၈)

၂. ဘုရားရှင်၏ ကောင်းကင်တမန် ထင်ရှားပြခြင်း (၅း၁၉၊ ၂၀)

၃. ထောင်မှူး၏ အံ့အားသင့်ခြင်း (၅း၂၁–၂၆)

၄. ဟောပြောသူ၏ ပြောဆိုချက် (၅း၂၇–၃၂)

၅. ဥပဒေပညာရှင်၏ အကြံပေးချက် (၅း၃၃–၃၉)

၆. တမန်တော်တို့၏ တုံ့ပြန်မှု သဘောထား (၅း၄၀–၄၂)

ဇ၊ ပေတရုနှင့် နတ်ဝိဇ္ဇာဆရာ ရှိမုန် (၈း၉–၂၅)

၁. ရှိမုန်၏ ထောင်လွှားမှု (၈း၉–၁၁)

၂. သူ၏ နားလည်မှုလွဲမှားခြင်း (၈း၁၈–၁၉)

၃. သူ ဒါဏ်ခတ်ခံရခြင်း (၈း၂၀–၂၁)

၄. သူ၏ တောင်းပန်ချက် (၈း၂၄)

ဈ၊ ပေတရုနှင့် အဲနေ (၉း၃၂–၃၅)

– *ပေတရုသည် အရပ်ရပ်တို့ကို လှည့်လည်သည်တွင် သန့်ရှင်းသူတို့ရှိရာ လုဒ္ဒမြို့သို့ရောက်လေ၏။ ထိုအရပ်၌ အဲနေအမည်ရှိသော လက်ခြေသေ၍ ရှစ်နှစ်ပတ်လုံး အိပ်ရာ၌ တုံးလုံးနေသောသူတယောက်ကို တွေ့လျှင်၊ အဲနေ ယေရှုခရစ်သည် သင့်အား ချမ်းသာပေးတော်မူ၏။ ထ၍ အိပ်ရာကိုပြင်လော့ဟု ပေတရုဆိုသော် ထိုသူသည် ချက်ခြင်းထ၏ – (၉း၃၂–၃၄)*

ည၊ ပေတရုနှင့် ဒေါ်ကာ၏ ရှင်ပြန်ထမြောက်ခြင်း (၉း၃၆–၄၂)

ဋ၊ ပေတရုနှင့် ကောနေလိ (၉း၄၃ – ၁၀း၄၈)

၁. ကောနေလိ – ဘာသာရေးတရားကိုင်းရှိုင်းသော ကဲသရိမြို့မှ အပြစ်သား (၁၀း၁–၈)

က– သူ၏ ဘုရားကိုကြည်ညိုမှု (၁၀း၁–၂)

ခ– သူ့ဆီသို့ ဘုရားရှင်ထံမှ ဧည့်သည်လာခြင်း (၁၀း၃–၈)

၂. ပေတရု – တွန့်ဆုတ်ဖြစ်နေသော ယုပ္ပေမြို့မှ ဝိညာဉ်များကို ကယ်တင်သူ (၁၀း၉–၂၃)

– *နက်ဖြန်နေ့၌ ထိုသူတို့သည် သွား၍ ယုပ္ပေမြို့အနီးသို့ ရောက်ကြသောအခါ နှစ်ချက်တီးအချိန်တွင် ပေတရုသည် ဆုတောင်းခြင်းငှါ အိမ်မိုးပေါ်သို့တက်လေ၏။ ဆာမွတ်၍ အစာအဟာရကို အလိုရှိလျှင် သူတပါးတို့သည် အစာအဟာရကို ပြင်ဆင်ကြစဉ်အခါ ပေတရုသည် ဘဝင်ဖြစ်နေသဖြင့် – (၁၀း၉–၁၀)*

က– ရူပါရုံ၏မှာကြားချက် (၁၀း၁၁–၁၄)

– *စကားအသံ သည်လည်း ပေတရု ထ၍သတ်စားလော့ဟု လာ၏။ ပေတရုကလည်း မဖြစ်နိုင်ပါသခင်၊ ညစ်ညူးသောအရာနှင့် မစင်ကြယ်သောအရာကို အကျွန်ုပ်သည် တရံတခါမျှ မစားဘူးပါဟု ပြောဆို၏ – (၁၀း၁၃–၁၄)*

ခ– ရူပါရုံ၏ အနက်အဓိပ္ပါယ် (၁၀း၁၅–၂၃)

– *နောက်တဖန် စကားသံကား ဘုရားသခင် စင်ကြယ်စေတော်မူသောအရာကို ညစ်ညူးသည်မထင်နှင့်ဟု လာပြန်၏ – (၁၀း၁၅)*

၃. ပေတရုနှင့်ကောနေလိ – ရွေးနှုတ်ခံရသော ခရစ်တော်၏ သန့်ရှင်းသူများ (၁၀း၂၄–၃၅)

က– ကောနေလိနှင့် ရင်းနှီးပြူငှါစွာ ပြောဆိုကြခြင်း (၁၀း၂၄–၃၅)

(က) ကြိုဆိုခြင်း (၁၀း၂၅–၂၆)

(ခ) နားလည်သဘောပေါက်ခြင်း (၁၀း၂၈၊ ၃၄–၃၅)

– *ပေတရုက ယုဒလူဖြစ်သော သူတို့သည် တပါးအမျိုးသားတို့နှင့် မပေါင်းဘော်၊ မချဉ်းကပ်အပ်သည်ကို သင်တို့သိကြ၏။ သို့သော်လည်း ညစ်ညူးသည် မစင်ကြယ်သည်ဟု အဘယ်သူကိုမျှ မခေါ်ရမည်အကြောင်း ဘုရားသခင်သည် ငါ့အား ဆုံးမ ပြသတော်မူပြီ – (၁၀း၂၈)*

ခ– ကောနေလိသို့ ရှင်းလင်းဖော်ပြခြင်း (၁၀း၃၆–၄၃)၊ ပေတရု၏ဩဝါဒ(၁၀း၃၈–၄၀၊ ၄၂–၄၃)

ဂ– ကောနေလိ၏ ပြောင်းလဲခြင်း (၁၀း၄၄–၄၈)

ဌ၊ ပေတရုနှင့် ယေရုရှလင်မြို့မှ ယုံကြည်သူ ဣသရေလများ (၁၁း၁–၁၈)

၁. စွပ်စွဲကြခြင်း (၁၁း၁–၃)

၂. အကျိုးအကြောင်း ရှင်းပြကြခြင်း (၁၁း၄–၁၇)

၃. မှန်ကန်ကြောင်း ဝန်ခံကြခြင်း (၁၁း၁၈)

ဥ၊ ပေတရုနှင့် ကောင်းကင်တမန် (၁၂း၁–၂၄)

၁. အကျဉ်းထောင်တွင်းမှ ကောင်းကင်တမန် (၁၂း၁–၁၈)

က– အာဇာနည် ရှင်ယာကုပ်

– *<u>ထိုအခါ ဟေရုဒ်မင်းကြီးသည် သင်းဝင်သူအချို့တို့ကို ညှင်းဆဲခြင်းငှါစီရင်၍ ယောဟန်၏အကို ဖြစ်သော ယာကုပ်ကို ထားနှင့်ကွပ်မျက်လေ၏ – (၁၂း၁–၂)</u>*

ခ– ပေတရု လွတ်မြောက်ခြင်း (၁၂း၃–၁၈)

(၁) သူ၏ အနှောင်အဖွဲ့ အကျဉ်းထောင်မှ ကျွတ်လွတ်သွားခြင်း (၁၂း၃–၁၁)

– *<u>ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ပေါ်လာလျှင် ထောင်အိမ်၌ အလင်းထွန်း တောက်လေ၏။ ကောင်းကင်တမန်သည် ပေတရု၏နံဖေးကို ပုတ်ခတ်၍ အလျင်အမြန်ထ လော့ဟု ဆိုလျက် ထစေ၏။ သံကြိုးသည် ပေတရုလက်မှ ကျွတ်လေ၏ – (၁၂း၇)</u>*

(၂) ပေတရု သူ့အတွက်ဆုတောင်းနေသောအိမ်သို့ ဝင်ရောက်ခြင်း (၁၂း၁၂–၁၇)

(၃) စစ်သားများ စိတ်ရှုပ်ထွေးကုန်ကြခြင်း (၁၂း၁၈)

၂. ဟေရုဒ်နန်းတော်သို့ရောက်သော ကောင်းကင်တမန် (၁၂း၁၉–၂၄)

## ၂။ သတေဖန်၏ တက်ကြွရဲရင့်ခြင်း ( ၆း၁ – ၇း၆၀ )

<u>က</u>၊ သင်းဝင်အချို့တို့၏ ငြီးငြူချက်များ (၆း၁)

<u>ခ</u>၊ တမန်တော် ၁၂ ပါးတို့၏ စည်းဝေးမှု (၆း၂–၄)

<u>ဂ</u>၊ လူ ၇ ယောက်ကို ရွေးကြခြင်း (၆း၅–၇) – ယခုအခါ ပထမဆုံးအကြိမ်အဖြစ် သင်းထောက် ၇ ယောက်ကို ရွေးချယ်ပြီးဖြစ်သည်။ သတေဖန်သည်လည်း ထိုအထဲမှ သင်းထောက်တဦး ဖြစ်သည်။

၁. ဝိညာဉ်ရေးရာရင့်ကျက်သော သတေဖန်

က– သူသည် ယုံကြည်ခြင်းထက်သန်သူ ဖြစ်သည်။(၆း၅)

ခ– သူသည် ဝိညာဉ်တော်နှင့် ပြည့်ဝသောသူ ဖြစ်သည်။(၆း၅၊ ၁၀)

ဂ– သူသည် ညဏ်ပညာကြွယ်ဝသူ ဖြစ်သည်။(၆း၁၀)

၂. သတေဖန် နိမိတ်လက္ခဏာပြခြင်း (၆း၈)

– *<u>သတေဖန်သည် ကျေးဇူးတော်နှင့်၄င်း၊ တန်ခိုးတော်နှင့်၄င်း ပြည့်စုံသဖြင့် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို လူများရှေ့မှာပြုလေ၏ – (၆း၈)</u>*

၃. သတေဖန်ကို မတရား စွပ်စွဲကြခြင်း (၆း၉–၁၄)

၄. သတေဖန်၏ ပုံသဏ္ဍာန် သိမ်မွေ့မှု (၆း၁၅)

၅. သတေဖန်၏ ဟောကြားချက် (၇း၁–၅၃)

သတေဖန်ကို ဖမ်းဆီးကြသူများက စွပ်စွဲသည်မှာ သတေဖန်သည် ဗိမာန်တော်ပျက်စီးရာကို လွန် ကျူးပြောဆိုသည်ဟု ဖြစ်သည် (၆း၁၃–၁၄)။ ထိုကိစ္စနှင့်ပါတ်သက်၍ သတေဖန်က ခုခံခြေပသည် မှာ ––

က– ဣသရေလတို့သည် ရှောလမုန်မင်း ဗိမာန်တော် မတည်ခင်ကတည်းက ဘုရားရှင်ထံမှ ကောင်းကြီးမင်္ဂလာများ ကြွယ်ဝစွာ ခံစားခဲ့ရပေသည်။

(၁) ဘုရားရှင်သည် အာဗြဟံအား ခါနန်ပြည်သို့ ပို့ခဲ့သည်။(၇း၂–၈)

(၂) ဘုရားရှင်သည် အာဗြဟံ၏အမျိုးကို အီဂျစ်ပြည်၌ စောင့်ရှောက်ခဲ့သည်။(၇း၉–၁၇)

(၃) ဘုရားရှင်သည် ဣသရေလများကို အီဂျစ်ပြည်မှ ကယ်နှုတ်ခဲ့သည်။(၇း၁၈–၃၆)

(၄) ဘုရားရှင်သည် သူတို့ကို ခါနန်ပြည်သို့ တဖန် ပြန်ပို့ဆောင်ပေးသည်။(၇း၃၇–၄၅)

ခ– သို့ပါသော်လည်း ဣသရေလများသည် ဘုရားရှင်ထံမှ လမ်းလွဲတတ်ကြသည်။

(၁) ပထမဗိမာန်တော် ကာလအချိန်က မှားယွင်းမှု (၇း၄၃)

(၂) ဒုတိယဗိမာန်တော် ကာလအချိန် မှားယွင်းမှု

– *<u>လည်းပင်းခိုင်မာ၍ နှလုံးဖြင့်၄င်း၊ နားဖြင့်၄င်း အရေဖျားလှီးခြင်းကို မခံသောလူတို့ သင် တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အစဉ်မပြတ် ဆန့်ကျင်ဘက်ပြုလေ့ ရှိကြ၏။ သင်တို့ဘိုးဘေးများ၏အလေ့နှင့် သင်တို့အလေ့တူ၏။ သင်တို့ဘိုးဘေးများသည် အဘယ် ပရောဖက်ကိုမျှ မညှင်းဆဲဘဲနေသနည်း။ ဖြောင့်မတ်သောသူ ကြွလာတော်မူမည်အကြောင်း အရာကို ဟောပြောပြည့်နှင်သောသူတို့ကို ကွပ်မျက်ကြ၏။ ထိုဖြောင့်မတ်သောသူကိုပင် ယခု လည်း သင်တို့သည် အပ်နှံ၍ အသေသတ်ကြပြီ။ သင်တို့သည် ကောင်းကင်တမန်များ ခင်း ကျင်းသောအားဖြင့် ပညတ်တရားတော်ကို ခံရသော်လည်း မစောင့်မရှောက်ကြဟု သတေ</u>*

*ဖန်မြွက်ဆို၏ – (၇း၅၁–၅၃)*

၆. အာဇာနည် သတေဖန် (၇း၅၄–၆၀)

က– သူ့ကို သတ်ဖြတ်သူများ (၇း၅၄၊ ၅၇၊ ၅၈)

ခ– သူ ဘုရားရှင်၏ဘုန်းတော်ကို ဖူးမြင်ရခြင်း (၇း၅၅–၅၆)

ဂ– သူ၏ ဆုတောင်းချက် (၇း၅၉–၆၀)

(၁) သူ့အတွက်

– *သခင်ယေရှု ကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူတော်မူပါ – (၇း၅၉)*

(၂) သူ့ရန်သူများအတွက်

– *ဒူးထောက်လျက်၊ သခင် ဤသူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့် – (၇း၆၀ က)*

(၃) သူ့ထွက်ခွါမှု (၇း၆၀)

– *ကြွေးကြော်ပြီးမှ ကျိန်းစက်လေ၏ – (၇း၆၀ ခ)*

## ၃။ ဖိလိပ္ပု၏ တက်ကြွရဲရင့်ခြင်း ( ၆း၅၊ ၈း၅–၈၊ ၂၆–၄၀ )

က၊ ရှမာရိနယ်သို့ သာသနာပြုသူ ဖိလိပ္ပု (၈း၅–၈)

ခ၊ ဂါဇမြို့အရောက် ကယ်တင်ခြင်းတရားဟောသူ ဖိလိပ္ပု (၈း၂၆–၄၀)

၁. ကောင်းကင်တမန်၏ အကြောင်းကြားမှု (၈း၂၆)

၂. အမတ်မင်းထံ သက်သေခံမှု (၈း၂၇–၄၀)

က– အမတ်မင်း၏ မရှင်းမလင်းဖြစ်မှု (၈း၃၁–၃၄)

ခ– အမတ်မင်း ပြောင်းလဲခြင်း (၈း၃၆–၃၇)

ဂ– အမတ်မင်း ဝန်ခံခြင်း (၈း၃၇–၄၀)

# ဒုတိယပိုင်း / တကမ္ဘာလုံးသို့ သာသနာပြုလုပ်ရှားသူ ခေါင်းဆောင် တဲရှင်ချုပ်သူ ပေါလုနှင့် လက်ထောက် ဗါနဗ၊ သိလ၊ တိမောသေ၊ မာကုနှင့် လုကာအကြောင်း ( တ ၁၃–၂၈ )

## ၁။ ရှင်ပေါလု ပြောင်းလဲခြင်း ( ၉း၁–၉၊ ၂၂း၅–၁၆၊ ၂၆း၁၂ )

က၊ ဘုရားရှင်၏ သန့်ရှင်းသူများအပေါ် သူ၏ ရန်ငြိုးဖွဲ့ ရက်စက်မှု (၉း၁–၂၊ ၂၂း၄၊ ၂၆း၉–၁၂)

၁. ရှင်လုကာမှတ်သားထားသော ထို ရန်ငြိုးဖွဲ့ ရက်စက်မှု

– *ရှောလုသည်ကား သခင်ဘုရား၏ တပည့်တော်တို့တဘက်၌ ခြိမ်းခြောက်၍၊ အသေသတ်ခြင်း၄ါ ပြင်းစွါအသက်ရှူသဖြင့်၊ ထိုဘာသာဝင်သော ယောကျ်ားမိန်းမတို့ကိုတွေ့လျှင် ချည်နှောင်၍ ယေရုရှလင်မြို့သို့ ပို့ဆောင်ရမည်အကြောင်း ဒမာသက်မြို့၌ရှိသော တရားစရပ်မှူးတို့ထံသို့ မှာစာကိုပေးပါဟု ယဇ်ပုရောဟိတ်မင်းထံ၌ ဝင်၍တောင်းပြီ – (၉း၁–၂)*

၂. ရှင်ပေါလုကိုယ်တိုင် ဖေါ်ပြဝန်ခံထားသော ထို ရန်ငြိုးဖွဲ့ ရက်စက်မှု

– *ယောကျ်ားမိန်းမတို့ကိုချည်နှောင်၍ ထောင်ထဲမှာ လှောင်ထားလျက် အသေသတ်ခြင်းသို့တိုင်အောင် ထိုဘာသာကို ညှင်းဆဲပါပြီ – (၂၂း၄)*

ခ၊ ရှင်ပေါလု ဘုရားရှင်သားတော်၏ ရူပါရုံကို မြင်ရခြင်း (၉း၃–၉၊ ၂၂း၆–၁၁၊ ၂၆း၁၂–၁၈)

၁. သူမြင်ခဲ့ပုံ – မွန်းတည့်အချိန် ကောင်းကင်ကအလင်းတန်းတခု သူ့ပါတ်ဝန်းကျင်သို့ ရုတ်တရက် ထိုးစိုက်လာသည်။(၉း၃၊ ၂၂း၆၊ ၂၆း၁၃)

၂. သူကြားခဲ့ပုံ

က– ခရစ်တော်သိစေခြင်း – *ငါကား သင်ညှင်းဆဲသော ယေရှုဖြစ်သည်* – (၉း၄–၅၊ ၂၂း၇–၈၊ ၂၆း၁၄–၁၅)

ခ– ခရစ်တော်စေခိုင်းခြင်း – *ငါသည် သင့်ကိုစေခိုင်းမည်* – (၉း၆၊ ၂၂း၁၀၊ ၂၆း၁၆–၁၈)

ဂ၊ ပေါလုကို ဘုရားရှင်၏အမှုဆောင် လာရောက်တွေ့ဆုံခြင်း (၉း၁၀–၂၈၊ ၂၂း၁၃–၁၆)

၁. အာနနိ ငြင်းဆန်ခြင်း (၉း၁၁၊ ၁၃–၁၆)

၂. အာနနိ ဟောကိန်းထုတ်ခြင်း (၂၂း၁၄–၁၅)
၃. ကောင်းသောသင်းအုပ် အာနနိ (၉း၁၇–၁၈)

## ၂။ ရှင်ပေါလု၏ စောစောပိုင်း အမှုဆောင်ရွက်ပုံများ ( ၉း၁၉–၃၀၊ ၁၁း၂၄–၃၀၊ ၁၂း၂၅၊ ၁၃း၃၊ ၂၂း၂၁၊ ဂလာ ၁း၁၆–၂၁၊ ၂း၁–၁၀ )

က၊ ဒမာသက်မြို့ တရားဇရပ်၌ ခရစ်တော်အကြောင်း ဟောကြားသည်။(တ ၉း၁၉–၂၁)
ခ၊ အာရပ်သဲကန္တာရသို့ ချက်ခြင်းသွား၍ ၃ နှစ်ခန့် ခရစ်တော်တရား ဟောကြားသည်။(ဂလာ ၁း၁၆–၁၇)
ဂ၊ ဒမာသက်မြို့သို့ပြန်လာ၍ ဉာဏ်ပညာကြွယ်ဝစွာဖြင့် ခရစ်တော်အကြောင်း ဟောပြောသည်။ (၉း၁၁၊ ဂလာ ၁း၁၇)
ဃ၊ ဒမာသက်မြို့မှ ထွက်ပြေးရခြင်း (တ ၉း၂၃–၂၅)
င၊ ခရစ်ယာန်အဖြစ် ပြောင်းလဲပြီးနောက် ပထမဆုံးအကြိမ် ယေရုရှလင်မြို့သို့ အလည်သွားခြင်း (၉း၂၆–၂၉၊ ဂလာ ၁း၁၈–၁၉)
၁. ထို အလည်အပတ်သွားခြင်း ကာလအကြာအရှည် (ဂလာ ၁း၁၈–၁၉)
– *ထိုနောက် သုံးနှစ်လွန်ပြီးမှ ပေတရုကို အကျွမ်းဝင်လိုသောငှါ ယေရုရှလင်မြို့သို့သွား၍ သူနှင့်အတူ တဆယ်ငါးရက်နေ၏။ သူနှင့် သခင်ဘုရား၏ ညီတော်ယာကုပ်မှတပါး အခြားသောတမန်တော်တယောက်ကိုမျှ ငါမတွေ့မမြင် – (ဂလာ ၁း၁၈–၁၉)*
၂. ထို အလည်အပတ်ခရီး၌ အခက်အခဲကြုံရမှု (တ ၉း၂၆–၂၉)
က– ကြောက်ရွံ့ကြသည်။(၉း၂၆)
ခ– ပူပေါင်းကြသည်။(၉း၂၇)
စ၊ ယေရုရှလင်မြို့မှ တာရှုမြို့သို့ ထွက်ပြေးရခြင်း (၉း၂၉၊ ၃၀၊ ၂၂း၁၇–၂၁၊ ဂလာ ၁း၂၁)
၁. လူယုတ်မာများ ပေါလုကိုသတ်ရန် အားထုတ်ကြခြင်း (၉း၂၉)
၂. ထို သတ်ဖြတ်ရန်အားထုတ်မှုကို ပေါလု ရူပါရုံမြင်ရပုံ (၂၂း၁၇–၂၁)
ဆ၊ အန္တိအုတ်မြို့၌ အလုပ်လုပ်နေစဉ် ဗါနဗနှင့်တွေ့ဆုံခြင်း (၁၁း၁၉–၂၆)
၁. အန္တိအုတ်အသင်းတော်၏ နောက်ခံသမိုင်း (၁၁း၁၉–၂၆)၊ ဤအသင်းတော်ကို သတေဖန် အသတ်ခံရပြီး ယေရုရှလင်မြို့မှပြေးလာသော ခရစ်ယာန်များက တည်ထောင်ခဲ့ကြသည်။
၂. အန္တိအုတ်အသင်းတော်မှ သာသနာပြုသင်းအုပ်ဆရာ ဗါနဗ (၁၁း၂၂–၂၄)
၃. အန္တိအုတ်အသင်းတော်၏ လက်ထောက်ဆရာ ပေါလု(ရှောလု) (၁၁း၂၅–၂၆)
ဇ၊ ယေရုရှလင်မြို့သို့ ဒုတိယအကြိမ် အလည်သွားခြင်း၊ ယေရုရှလင်မြို့၌ လိုအပ်နေသော အကူအညီပစ္စည်းများကိုပါ ယူဆောင်သွားသည်။(၁၁း၂၇–၃၀၊ ဂလာ ၂း၁)
၁. ထို အလည်ခရီးသို့ ဘုရားရှင်ဝိညာဉ်တော်၏ အကြောင်းကြား အသိပေးမှု (၁၁း၂၈၊ ဂလာ၂း၂)
က– အဂဗု၏ ဗျာဒိတ် (၁၁း၂၈)
ခ– ပေါလု၏ဗျာဒိတ် (ဂလာ ၂း၂)
၂. ထို ခရီးထွက်မှု၌ ဘုရားရှင်၏ သန့်ရှင်းသူများနှင့် ဆွေးနွေးခြင်း (ဂလာ ၂း၉)
ဈ၊ အန္တိအုတ်မြို့သို့ပြန်လာ၍ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ဟောကြားခြင်း (တ ၁၂း၂၅ – ၁၃း၁)

## ၃။ ရှင်ပေါလု ပထမအကြိမ် သာသနာပြုခရီး ( ၁၃း၂ – ၁၄း၂ )

က၊ ပထမဆိုက်ရောက်သည့်နေရာ ကုပရု(ဆိုက်ပရပ်စ်)ကျွန်း (၁၃း၄–၁၂)
၁. ကျွန်း၏ အရှေ့ဘက်မြို့တော် ရှာလမိမြို့၌ တရားဟောခြင်း (၁၃း၅)
၂. ကျွန်း၏ အနောက်ဖက်မြို့တော် ပါဖုမြို့၌ တရားဟောခြင်း (၁၃း၆–၁၂)
က– အခွင့်ကောင်း ကြုံကြိုက်ခြင်း (၁၃း၆)၊ ရှင်ပေါလုနှင့်အဖွဲ့သည် ကျွန်းဘုရင်ခံ မြို့ဝန်မင်း “သေရဂိပေါလု” အား တရားဟောခွင့်ရသည်။ ၎င်းသည် ဘုရားရှင်၏တရားကို နာလိုစိတ်ရှိသူဖြစ်သည်။
ခ– ဆန့်ကျင်ဖက်ပြုခြင်း (၁၃း၆၊ ၈–၁၁)
(၁) သူ၏ မျက်နှာပြောင်တိုက်မှု (၁၃း၆–၈)
(၂) သူ၏ မျက်စိကန်းခြင်း (၁၃း၉–၁၁)
ဂ– ရင်ဖွင့်ကြိုဆိုခြင်း
– *ထိုအကြောင်းအရာကိုမြင်လျှင် မြို့ဝန်သည် ယုံကြည်ခြင်းသို့ရောက်၍ သခင်ဘုရား၏ဒေသနာတော်ကို အလွန်အံ့ဩ မိန်းမော၍နေ၏ – (၁၃း၁၂)*

ခ၊ ဒုတိယဆိုက်ရောက်သည့်နေရာ ပေဂေ(ပံဖုလိပြည်) (၁၃း၁၃)၊ ဤနေရာရောက်ချိန်၌ ယောဟန်(မာကု) (၁၅း၃၇) ယေရုရှလင်မြို့သို့ ပြန်သွားသည်။
ဂ၊ တတိယဆိုက်ရောက်သည့်နေရာ၊ ပိသိဒိပြည် အန္တိအုတ်မြို့ (၁၃း၁၄–၅၀)
ထိုမြို့၌ ပေါလုသည် ရက်သတ္တပတ်များစွာနေပြီး ထိုမြို့တရားဇရပ်သို့ဝင်၍ နှစ်ကြိမ် တရားဟောခဲ့သည်။

*သူ၏ ပထမသြဝါဒ* (၁၃း၁၄–၄၃)၊ ယေရှုခရစ်တော်သည် ကယ်တင်ရှင်ဖြစ်သည်။
၁. ထိုကယ်တင်ရှင်အတွက် ပြင်ဆင်ခဲ့မှုများ
က– ပြင်ဆင်ခဲ့ပုံသမိုင်း
(၁) ဘုရားရှင်သည် လူမျိုးတမျိုးကို ရွေးချယ်ခဲ့သည် –– ဣသရေလ (၁၃း၁၇)
(၂) ဘုရားရှင်သည် ထိုလူမျိုးကို အီဂျစ်ပြည်မှထွက်ခွာစေပြီး ခါနာန်ပြည်သို့ ပို့ခဲ့သည်။ (၁၃း၁၈–၁၉)
(၃) ဘုရားရှင်သည် တရားသူကြီးများအားဖြင့် သူတို့အား အုပ်ချုပ်စေခဲ့၏။(၁၃း၂၀)
(၄) ဘုရားရှင်သည် ဘုရင်များကိုရွေးချယ်၍ သူတို့အား အုပ်ချုပ်စေခဲ့၏။(၁၃း၂၁)
ခ– ပရောဖက်များဖြင့် ကြိုတင်ပြင်ဆင်ထားခဲ့ပုံ – ဆာလံကျမ်း၌ ကယ်တင်ရှင် အသေခံမည်၊ ရှင်ပြန်မည်ဟု ဖော်ပြခဲ့သည်။(၁၃း၃၃–၃၇)
ဂ– ဗတ္တိဇံဆရာယောဟန်၏ ပြင်ဆင်ခဲ့ပုံ (၁၃း၂၄–၂၅)၊ ဗတ္တိဇံဆရာယောဟန်သည် ထိုကိစ္စနှင့် ပတ်သက်၍ ဟောကြားခဲ့သည်။
၂. အထက်ပါ ကြိုတင်ဟောကြား လုပ်ဆောင်ခဲ့သမျှအတိုင်း ခရစ်တော်သည် တသွေမတိမ်းဖြစ်ခဲ့၏။
က– ခရစ်တော်သည် ဒါဝိဒ်မျိုးမှ ပေါ်ထွန်းခဲ့သည်။(၁၃း၂၃)
ခ– သူ့နာမယ်သည် ယေရှုဟူ၍ ခေါ်ဝေါ်ခဲ့သည်။(၁၃း၂၃)
၃. ထိုကယ်တင်ရှင်ကို ငြင်းပယ်ကြခြင်း (၁၃း၂၇–၂၉)
၄. ထိုကယ်တင်ရှင် သေရာမှ ရှင်ပြန်ခြင်း (၁၃း၃၀–၃၂)
၅. ထိုကယ်တင်ရှင်ထံမှ ရရှိနိုင်သော ကယ်တင်ခြင်း (၁၃း၃၈–၃၉)

*သူ၏ ဒုတိယအကြိမ်သြဝါဒ* (၁၃း၄၄–၅၀) – *နောက်ဥပုသ်နေ့၌ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နားထောင်အံ့သောငှါ တမြို့လုံးကုန်မတတ် စည်းဝေးကြ၏ – (၁၃း၄၄)*
၆. နားထောင်သူ ဣသရေလများ ငြင်းပယ်လက်မခံကြခြင်း (၁၃း၄၅၊ ၄၆၊ ၅၀)
၇. နားထောင်သူ တပါးအမျိုးသားများ လက်ခံယုံကြည်ကြခြင်း (၁၃း၄၇–၄၉)
ဃ၊ စတုတ္ထဆိုက်ရောက်သည့်နေရာ – ဣကောနိမြို့ (၁၃း၅၁ – ၁၄း၅)
င၊ ပဉ္စမဆိုက်ရောက်သည့်နေရာ – လုတ္တရနယ် (၁၄း၆–၂၃)
၁. ခြေမစွမ်းသူ (၁၄း၈)
၂. ကုသပျောက်ကင်းခြင်း (၁၄း၉–၁၀)
၃. ရုတ်ရုတ်သဲသဲဖြစ်ခြင်း (၁၄း၁၁)
၄. လွဲမှားစွာ နားလည်ကြခြင်း (၁၄း၁၂)
၅. တလွဲလုပ်ဆောင်ကြခြင်း (၁၄း၁၃)
၆. ယူကြုံးမရ ဖြစ်ရခြင်း (၁၄း၁၄)
၇. ရှင်းလင်းပြောပြခြင်း (၁၄း၁၅)
၈. ရန်ပြုကြခြင်း (၁၄း၂၀)
၉. ခိုင်ခံ့ မြဲမြံကြခြင်း (၁၄း၂၁–၂၃)
စ၊ ဆဌမရပ်နားသည့်နေရာ – ဆီးရီးယားပြည် အန္တိအုတ်မြို့သို့ ပြန်သည်။(၁၄း၁၄–၂၈)

## ၄။ ယေရုရှလင်မြို့ ညီလာခံ / ရှင်ပေါလု တက်ရောက်ခဲ့သည်။( ၁၅း၁–၃၅ )

က၊ ဤညီလာခံလုပ်ရခြင်း၏ အကြောင်းအရင်း (၁၅း၁၊ ၂၊ ၅၊ ၆)
*– ယုဒပြည်မှ အန္တိအုတ်မြို့သို့ ရောက်လာသောသူအချို့တို့က သင်တို့သည် မောရှေ၏တရားအတိုင်း အရေဖျားလှီးခြင်းကိုမခံလျှင် ကယ်တင်တော်မူခြင်းသို့ မရောက်နိုင်ဟု ညီအကိုတို့အား ဆုံးမသြဝါဒပေးကြ၏ – ထိုအခါ တမန်တော်တို့နှင့် သင်းအုပ်တို့သည် ထိုအမှုကို ကြည့်ရှုဆင်ခြင်ခြင်းငှါ စည်းဝေးကြ၏ – (၁၅း၁၊ ၆)*

ခ၊ ညီလာခံ၌ အစီရင်ခံကြခြင်း
၁. ပေတရု၏ အစီရင်ခံချက် (၁၅း၇–၁၁)
၂. ပေါလု၏ အစီရင်ခံချက် (၁၅း၁၂)
၃. ယာကုပ်၏ အစီရင်ခံချက် (၁၅း၁၃–၂၁)
က– အတိုချုပ်တင်ပြချက် – တပါးအမျိုးသား ခရစ်ယာန်များသည် အောက်ပါအချက်နှစ်ချက် ကြောင့် အရေဖျားလှီးမင်္ဂလာခံရန် မလို။
(၁) လက်ရှိအခြေအနေရ – ဘုရားရှင်သည် ယုံကြည်သူ တပါးအမျိုးသားများကို အရေဖျား လှီးမင်္ဂလာ မခံယူမီကတည်းက လက်ခံခဲ့ပြီးဖြစ်သည်။(၁၅း၁၄)
(၂) ပရောဖက်ပြုထားချက်အရ – ပရောဖက်အာမုတ်က ထိုအချက်ကို ကြိုတင်ဟောထား နှင့်ပြီ (၁၅း၁၅–၁၈)
ခ– ဆုံးဖြတ်ချက် (၁၅း၁၉–၂၁)
– *ထို့ကြောင့် တပါးအမျိုးသားတို့အထဲမှ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲသောသူတို့ကို မနှောင့် ယှက်ဘဲလျက် – (၁၅း၁၉)*
ဂ၊ ထိုညီလာခံမှ သဘောတူညီချက် (၁၅း၂၂–၃၅)
၁. ဤ သဘောတူညီချက်ကို သယ်ယူ၍ အကြောင်းကြားရမည့်သူများ (၁၅း၂၂–၂၇)
၂. ဤ သဘောတူညီချက်ပါ ဆက်လိုက်နာရမည့် ကြေညာချက် (၁၅း၂၈–၂၉)
– *ရုပ်တုရှေ့မှာ ပူဇော်သောယဇ်ကောင်ကိုင်း၊ အသွေးကိုင်း၊ လည်ပင်းကိုညှစ်၍ သတ်သောအရာကိုင်း မတရားသောမေထုန်ကိုင်း ကြဉ်ရှောင်ရမည်ဟူသော ပညတ်မှတပါး အခြားသောဝန် သင်တို့အပေါ်၌ တင်ခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်နှင့် ငါတို့သည် အလိုမရှိ။ ထိုအရာများကို ကြဉ်ရှောင်အပ်၏။ ကျန်းမာကြပါစေ – (၁၅း၂၈–၂၉)*

## ၅။ ပေါလုနှင့်ဗာနဗအကြား ကွဲပြားခြင်း ( ၁၅း၃၆–၄၀ )
က၊ ကွဲပြားရခြင်း၏ နောက်ခံသမိုင်း (၁၅း၃၆–၃၈)
ခ၊ ထိုကွဲပြားမှုမှရသော ကောင်းကြီးမင်္ဂလာ (၁၅း၃၉–၄၀)
– *ထိုအကြောင်းနှင့် အချင်းချင်းမသင့်သဖြင့် တခြားစီသွား၍ ဗါနဗသည် မာကုကိုခေါ်ပြီးလျှင် ကုပရုကျွန်းသို့ လွှင့်လေ၏။ ညီအကိုတို့သည် ပေါလုကို ဘုရားသခင်၏ကျေးဇူးတော်သို့ အပ်နှံကြသဖြင့် သူသည် သိလ ကိုရွေးချယ်ပြီးလျှင် ထွက်၍ – (၁၅း၃၉–၄၀)*
ထိုကွဲပြားမှုကြောင့် သာသနာပြုကွင်းပြင်သို့ အဖွဲ့များစွာ သွားရောက်ခွင့်ရကြ၏။

## ၆။ ရှင်ပေါလု၏ ဒုတိယအကြိမ် သာသနာပြုခရီး ( ၁၅း၄၁ – ၁၈း၂၂ )
က၊ ပထမဆိုက်ရောက်သည့်နေရာ – လုတ္တရမြို့ (၁၆း၁–၅)
၁. တိမောသေကိုခေါ်ခြင်း (၁၆း၁၊ ၂)
၂. အရေဖျားလှီးခြင်း ခံခဲ့ဘူးသူ တိမောသေ (၁၆း၃)
ခ၊ ဒုတိယဆိုက်ရောက်သည့်နေရာ – တရောမြို့ (၁၆း၆–၁၀)
၁. သန့်ရှင်းသောဝိညာဉ်တော်က မြောက်နှင့်တောင်ဘက်မသွားရန် တားမြစ်ခြင်း (၁း၆–၇)
၂. သန့်ရှင်းသောဝိညာဉ်တော်က အနောက်ဖက်သို့သွားရန် လမ်းညွှန်ခြင်း (၁၆း၆–၇)
– *ညအခါ ပေါလုသည် ဗျာဒိတ်ရူပါရုံကိုမြင်ရ၍ မာကေဒေါနိလူတယောက်က မာကေဒေါနိပြည်သို့ကူး ပါ၊ ငါတို့ကိုမစပါဟု ရပ်လျက်တောင်းပန်၏။ ထိုဗျာဒိတ်ရူပါရုံကိုမြင်ရလျှင် မာကေဒေါနိပြည်၌ ဧဝံ ဂေလိတရားကို ဟောစေခြင်းငှါ သခင်ဘုရားသည် ငါတို့ကို ခေါ်တော်မူသည်ဟု ငါတို့ သဘောကျသ ဖြင့် ထိုပြည်သို့သွားခြင်းငှါ ချက်ခြင်း ရှာကြံကြသည် – (၁၆း၉–၁၀)*
မှတ်ချက်။ ။ဤ (၁၆း၁၀) ၌ “ငါတို့” ဟူသောအသုံးအနှုန်းကို စတင်တွေ့ရှိရသည်။ ငါတို့ဆို သည်မှာ ဤကျမ်းရေးသူ လုကာက မိမိနှင့်မိမိအဖွဲ့ကို ဆိုလိုခြင်းဖြစ်သည်။ လုကာသည် ဤအ ခေါက်၌ ပေါလုနှင့်တဖွဲ့တည်း ခရီးထွက်သူဖြစ်သည်။
ဂ၊ တတိယဆိုက်ရောက်သည့်နေရာ – ဖိလိပ္ပိမြို့ (၁၆း၁၁–၄၀)၊ ဤဖိလိပ္ပိမြို့၌ အရေးပါသောလူသုံးဦး ခရစ်ယာန်ဖြစ်လာကြသည်။
၁. အဝတ်ထည်ဆိုင်ပိုင်ရှင်အမျိုးသမီး ကယ်တင်ခြင်း ခံရခြင်း (၁၆း၁၃–၁၅)
၂. နတ်ဆိုးဝင်နေသူ အမျိုးသမီး ကယ်တင်ခြင်း ခံရခြင်း (၁၆း၁၆–၁၈)
၃. ထောင်မှူး ကယ်တင်ခြင်းခံရခြင်း (၁၆း၁၉–၄၀)

က– အသရေဖျက်စကားပြောသူဟု စွပ်စွဲခံရသူ ပေါလု (၁၆း၁၉–၂၁)
ခ– ညှင်းဆဲခံရသူ ပေါလု (၁၆း၂၂–၂၄)
ဂ– သီချင်းဆိုသူ ပေါလု (၁၆း၂၅)
ဃ– ဝင်ရောက်ပြောဆိုသူ ပေါလု (၁၆း၂၆–၂၈)
င– ဝိညာဉ်ကို ကယ်တင်သူ ပေါလု (၁၆း၂၉–၃၄)
စ– နိုင်ငံသား ပေါလု (၁၆း၃၅–၄၀)

ဃ၊ စတုတ္ထဆိုက်ရောက်ရာနေရာ – သက်သာလောနိတ်မြို့ (၁၇း၁–၉)

င၊ ပဥ္စမဆိုက်ရောက်ရာနေရာ – ဗေရိမြို့ (၁၇း၁၀–၁၄ )၊ သိလနှင့်တိမောသေတို့ ဤ မြို့၌ နေရစ်ခဲ့ကြသည်။

စ၊ ဆဋ္ဌမဆိုက်ရောက်ရာမြို့ – အာသင်မြို့ (၁၇း၁၅–၃၄)၊ ဤမြို့၏ အာရေတောင်ကုန်းပေါ်၌ ရှင်ပေါလုသည် ဆွဲဆောင်မှုကောင်းသောသြဝါဒကို ပေးခဲ့သည်။
ဧပိကု – ထာဝရဘုရားကိုမယုံ မွေး၊ သေ ပြီးရော
၁. ဤသြဝါဒပေးရန် လိုအပ်ခဲ့ပုံ (၁၇း၁၆–၁၇)၊ ငယ် ၁၈ ဧပိကု (ထာဝရဘုရားရှိသည်ဟု မယုံ)
၂. ဤသြဝါဒကိုကြားနာသော ပရိတ်သတ်၏ အနေအထား (၁၇း၁၈–၂၁) (သတောအိမ် (ယုံ) သို့သော်လည်း အောက်မှာရှိနေ)
၃. ဤသြဝါဒကို နိဒါန်းပျိုးခြင်း (၁၇း၂၂)
၄. ဤသြဝါဒ၌ ကိုးကားထောက်ပြမှု (၁၇း၂၃)
၅. ဤသြဝါဒပါ အရေးကြီးသော အချက်များ (၁၇း၂၄–၃၁)
က– အတိတ်ကာလကို မျှော်ကြည့်ခြင်း = ဘုရားရှင်သည် လူအားလုံးကို ဖန်ဆင်းသူဖြစ်သည်။ (၁၇း၂၄၊ ၂၅၊ ၂၆၊ ၂၈၊ ၂၉)
ခ– ပစ္စုပ္ပန်ကာလကို ရှုမြင်ခြင်း = ဘုရားရှင်သည် လူအပေါင်းကို “ခန့်ထားသူ” ခရစ်တော်အားဖြင့် ကယ်တင်ခြင်း ပြန်ရရှိစေလိုသည်။(၁၇း၂၇–၃၁)
င– အနာဂါတ်ကိုရှုမြင်ခြင်း = ဘုရားရှင်သည် လူအားလုံးကို တရားစီရင်မည်။(၁၇း၃၁)
၆. ဤသြဝါဒအပေါ် တုံ့ပြန်မှု (၁၇း၃၂–၃၄)
က– အချို့က ကဲ့ရဲ့ကြသည်။(၁၇း၃၂)
ခ– အချို့က အချိန်ရွှေ့ကြသည်။(၁၇း၃၂)
ဂ– အချို့က လက်ခံယုံကြည်ကြသည်။(၁၇း၃၄)

ဆ၊ သတ္တမဆိုက်ရောက်ရာနေရာ၊ ကောရိန္သု (၁၈း၁–၁၈)
၁. ဤမြို့ရှိ ရှင်ပေါလု၏ မိတ်ဆွေ (၁၈း၁–၅)
က– တဲရှင်ချုပ်သူ (၁၈း၁–၃)၊ ပေါလုသည် အာကုနှင့်ပြစ်ကိလအမည်ရှိသော ဇနီးမောင်နှံ (တဲရှင်ချုပ်သူ )တို့နှင့်အတူ နေခဲ့သည်။
ခ– အဖွဲ့ဝင်များ (၁၈း၅)၊ ယခုအခါ သိလနှင့်တိမောသေတို့သည် မာကေဒေါနိပြည်မှ ပြန်ရောက်၍ ပေါလုနှင့်အတူ အမှုဆောင်ကြသည်။
၂. ဤမြို့ရှိ ပေါလု၏ရန်သူများ (၁၈း၅–၆၊ ၁၂–၁၇)
က– ယုဒလူများ (၁၈း၅)
– *ပေါလုသည် သူတို့နှင့်တကွ တရားဟောခြင်းအမှုကိုသာ ဆောင်ရွက်၍ ယေရှုခရစ်၏အကြောင်းကို ယုဒလူတို့အား ကြိုးစား၍ သက်သေခံလေ၏ –*
ခ– သူတို့၏ မောက်မာခြင်း (၁၈း၆)
ဂ– သူတို့၏ မတရားပြုမှု (၁၈း၁၂–၁၇)
(၁) သူတို့၏ အသလွတ်ကြိုးစားမှု (၁၈း၁၂–၁၆)၊ သူတို့သည် ပေါလုကို အနိုင်ထက်ပြု၍ ရောမဘုရင်ခံ ဂါလျုန်ထံ ခေါ်သွားကြသည်။
(၂) သူတို့၏ အသလွတ်စော်ကားမှု (၁၈း၁၇)
၃. ပေါလု ဤမြို့၌ရှိစဉ် ရရှိသောအမြတ်များ (၁၈း၈၊ ၁၁)
– *ကရိပ္ပု အမည်ရှိသော တရားစရပ်မှူးသည် မိမိအိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ သခင်ဘုရားကို ယုံကြည်လေ၏။ ကောရိန္သုပြည်သား အများတို့သည်လည်း ယုံကြည်၍ ဗတ္တိဇံကိုခံကြ၏ – ပေါလုသည် ထိုမြို့သူမြို့သားတို့အား ဘုရားသခင်၏ နှုတ်ကပါတ်တရားတော်ကို ဟောပြောသွန်သင်၍ တနှစ်နှင့်ခြောက်လပတ်လုံး နေလေ၏ –*
၄. ရှင်ပေါလု၏ ကောင်းကင်ဘုံမှအဖ (၁၈း၉၊ ၁၀)
– *ညဥ့်အခါ သခင်ဘုရားသည် ပေါလုအား ဗျာဒိတ်ရူပါရုံကိုပြ၍ သင်သည်မကြောက်နှင့်။ တိတ်ဆိတ်စွာ*

*မနေနှင့်။ ဟောပြောလော့။ ငါသည် သင်နှင့်အတူရှိ၏။ သင့်ကိုညှင်းဆဲခြင်းငှါ အဘယ်သူမျှ အနိုင်အထက်မပြုရ။ ဤမြို့၌ ငါ၏လူအများ ရှိကြသည်ဟု မိန့်တော်မူ၏ –*

ဇ၊ အဌမဆိုက်ရောက်ရာနေရာ = ဧဖက်မြို့ (၁၈း၁၉–၂၁)

၁. သူသည် သူ့မိတ်ဆွေလင်မယား အာကုလနှင့်ပြစ်ကိလတို့ကိုပါ သူနှင့်အတူ ခေါ်ဆောင်သွားသည်။ (၁၈း၁၈)

၂. သူသည် ဧဖက်မြို့ရှိ သူ့မိတ်ဆွေများ၏ တာရှည်စွာနေရန် ဖိတ်ခေါ်ချက်ကို လက်မခံခဲ့ချေ။ (၁၈း၂၀–၂၁)

ဈ၊ နောက်ဆုံးဆိုက်ရောက်ရာနေရာ = အန္တိအုတ်မြို့သို့ ပြန်သည်။(၁၈း၂၂)

## ၇။ ရှင်ပေါလု၏ တတိယအကြိမ် သာသနာပြုခရီး ( ၁၈း၂၃ – ၂၁း၂၄ )

က၊ ပထမဆိုက်ရောက်ရာနေရာ = အေရှမိုင်းနား (ဂလာတိ၊ ဖြုဂိ)

ပေါလုသည် ထိုမြို့ရှိ အသင်းတော်များကို ခိုင်ခံ့ မြဲမြံအောင် လုပ်ဆောင်ခဲ့သည်။

ခ၊ ဒုတိယဆိုက်ရောက်ရာနေရာ = ဧဖက်မြို့ (၁၈း၂၄ – ၁၉း၄၁)

၁. ရှင်ပေါလု၏ ဧဖက်မြို့မှ ရှေ့တော်ပြေး = အာပေါလု (၁၈း၂၄–၂၈)

က– အာပေါလု၏ သွန်သင်ချက် (၁၈း၂၅)

ခ– အာပေါလု၏ ဆရာများ (၁၈း၂၆)

၂. ဧဖက်မြို့၌ ရှင်ပေါလုရခဲ့သော အကျိုးအမြတ်များ (၁၉း၁–၄၁)

က– ဗတ္တိဇံဆရာယောဟန်၏ တပည့်များ (၁၉း၁–၇)၊ ရှင်ပေါလုသည် ဗတ္တိဇံဆရာ၏ တပည့် ၁၂ ယောက်ကို တွေ့သည်။ ၎င်းတို့သည် ခရစ်တော်ကို သိကြသော်လည်း ပင်တေကုတ္တနေ့ကိုမူ မသိကြချေ။ ပေါလုသည် သူတို့အား သင်ကြား ရှင်းပြခဲ့သည်။

– *ယေရှုခရစ်ကို ဆိုလိုသည်ဟူသော စကားကိုကြားလျှင် ထိုသူတို့သည် သခင်ယေရှု၏နာမ၌ ဗတ္တိဇံကိုခံကြသည်။ ပေါလုသည်လည်း သူတို့အပေါ်၌ လက်ကိုတင်လျှင် သန့်ရှင်းသောဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့် ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားကိုပြော၍ ပရောဖက်ပြုကြ၏ – (၁၉း၅–၆)*

ခ– တုရန္နုနှင့်အတူနေသည့် အချိန်ကာလ (၁၉း၈–၁၀)

ဂ– ပေါလု၏ အဝတ်အစားတန်ခိုး (၁၉း၁၁–၁၂)

ဃ– အနာဂါတ်ဆရာ “သကေဝ” ၏ သားများ (၁၉း၁၃–၁၇)

င– ပြောင်းလဲယုံကြည်မှု၏ အကျိုးဆက် (၁၉း၁၈–၂၀)

စ– ပေါလု၏ ဆုံးဖြတ်ချက် (၁၉း၂၁–၂၂) – ဤအချိန်၌ ပေါလုသည် ရောမမြို့သို့သွားရန် သံမိဋ္ဌါန်ချပြီး ဖြစ်သည်။

ဆ– ဒိုင်ယာရီ (အာတေမိ )နတ်ကို ကာကွယ်ကြသူများ (၁၉း၃၂–၄၁)

(၁) ဒေမေတရိ၏ စွဲဆိုချက် (၁၉း၂၃–၂၈) – ပေါလုကိုဆန့်ကျင်ရန် ဒေမေတရိသည် လူအပေါင်းတို့ကို စည်းဝေးစေသည်။ ဒေမေတရိသည် (အာတေမိ)နတ်ရုပ်လုပ်သူ ပန်းတိမ်သမားဖြစ်သည်။

(၂) လနတ်သမီး (အာတေမိ)၏ ပရိတ်သတ် (၁၉း၂၉–၃၄)

– *တမြို့လုံး ရုန်းရင်းခတ်မျှဖြစ်၍ ပေါလုနှင့်အတူ ဒေသစာရီလှည့်လည်သော မာကေဒေါနိလူဂါယုနှင့် အာရိတ္တာခုတို့ကို ဆွဲယူပြီးလျှင် ပွဲခံရာစရပ်ထဲသို့ ညီညွတ်စွာ တဟုန်တည်း ပြေးဝင်ကြ၏ – (၁၉း၂၉)*

– *ဧဖက်လူတို့၏ အာတေမိသည် ကြီးမြတ်တော်မူ၏ဟု နှစ်နာရီခန့်မျှလောက် လူအပေါင်းတို့သည် တသံတည်းနှင့် ဟစ်ကြ၏ – (၁၉း၃၄)*

(၃) မြို့စာရေး၏ အကျိုးအကြောင်း ဖြောင်းဖြချက် (၁၉း၃၅–၄၁)

ဤ ပါးနပ်သော ဂရိအရာရှိသည် လူများငြိမ်သက်ကြစေရန် အောက်ပါအချက်များကို အဓိကထား၍ နှစ်သိမ့်ဖြောင်းဖြ ပြောဆို၏။

တစ် – နတ်ဘုရား အချေအနေ (၁၉း၃၅–၃၆)

နှစ် – ဆန့်ကျင်ဘက်ပြုသူ၏ အချေအနေ (၁၉း၃၇)

သုံး – အမှု တရားလို၏ အချေအနေ (၁၉း၃၈–၃၉)

လေး – အုပ်ချုပ်သူ ရောမအာဏာပိုင်တို့၏ အချေအနေ (၁၉း၄၀)

ဂ၊ တတိယဆိုက်ရောက်ရာနေရာ – ဟေလသ(ဂရိ)ပြည် (၂၀း၁–၅)၊ ထိုနေရာ၌ သုံးလခန့်နေထိုင်စဉ်

ယုဒလူ(ဣသရေလ)များ၏ သတ်ဖြတ်ရန်အားထုတ်မှုကို ကြုံတွေ့ရသည်။

ဃ၊ စတုတ္ထဆိုက်ရောက်ရာနေရာ – တရောမြို့ (၂၀း၆–၁၂)

၁. သန့်ခေါင်ယံ တရားပွဲ (၂၀း၇)

၂. နံနက်ယံ မတော်တဆမှု (၂၀း၈–၉)

၃. ထူးဆန်းစွာ ရှင်ပြန်ခြင်း (၂၀း၁၀–၁၂)

– ပေါလုလည်း အောက်သို့ဆင်း၍ သူ၏အပေါ်သို့ ကိုယ်ကိုလှဲလျက် ဖက်ယမ်းပြီးမှ အုတ်အုတ်သဲသဲမပြု ကြနှင့်။ သူသည် အသက်ရှိ၏ဟု ဆို၍ တက်ပြန်လေ၏ – အသက်ရှင်လျက်ရှိသော ထိုလုလင်ကို ဆောင်ယူခဲ့၍ အလွန်သက်သာခြင်း ရှိကြ၏ – (၂၀း၁၀၊ ၁၂)

င၊ ပဉ္စမဆိုက်ရောက်ရာနေရာ = မိတုလင်မြို့ (၂၀း၁၃–၃၈)

၁. ရှင်ပေါလု အတိတ်အခြေအနေကို ရှင်းပြခြင်း

– ထို့ကြောင့် စောင့်ရှောက်၍နေကြလော့။ ငါသည် သုံးနှစ်ပတ်လုံး နေ့ညမပြတ် လူအပေါင်းတို့ကို မျက်ရည်နှင့်တကွ ဆုံးမ၍နေကြောင်းကို အောက်မေ့ကြလော့ – (၂၀း၃၁)

က– သူသည် ဘုရားရှင်၏ အစေခံကဲ့သို့ အုပ်ချုပ်လမ်းညွှန်ခဲ့သည်။(၂၀း၁၉)

ခ– သူသည် သန့်ရှင်းသူဆရာကဲ့သို့ အုပ်ချုပ်လမ်းညွှန်ခဲ့သည်။(၂၀း၂၀၊ ၂၇)

ဂ– သူသည် မိမိ အပြစ်သားဖြစ်ကြောင်း ဖော်ပြ၍ အုပ်ချုပ်လမ်းညွှန်ခဲ့သည်။(၂၀း၂၁၊ ၂၆)

၂. ရှင်ပေါလု ပစ္စုပ္ပန်အခြေအနေကို ရှင်းပြခြင်း

က– မိမိအခြေအနေကို ဖော်ပြခြင်း (၂၀း၂၂၊ ၂၃၊၂၅)

ခ– သူတို့၏အခြေအနေကို ဖော်ပြခြင်း (၂၀း၂၈၊ ၃၂)

(၁) သူတို့လုပ်ဆောင်ကြမည့် တာဝန် (၂၀း၂၈)

(၂) ဤကိစ္စအပေါ် သူတို့လုပ်ဆောင်ကြမည့် နည်းလမ်းများ (၂၀း၃၂)

ဂ– ရှင်ပေါလု အနာဂါတ်အခြေအနေကို ရှင်းပြခြင်း

(၁) သူ၏ ဆန္ဒများ (၂၀း၂၄)

– သို့ရာတွင် သခင်ဘုရား၏ ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှါ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှုတည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည်အကြောင်း ထိုညှင်းဆဲခြင်း အမှုတစုံတခုကိုမျှ ငါသည် ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းခြင်းမရှိ – (၂၀း၂၄)

(၂) ကျရောက်လာမည့် အန္တရာယ်များ (၂၀း၂၉–၃၀)

စ၊ ဆဋ္ဌမဆိုက်ရောက်ရာနေရာ = တုရုမြို့ (၂၁း၁–၆)

၁. ဝိညာဉ်တော်၏ မှာကြားချက် (၂၁း၄)

၂. သဲပြင်ပေါ်မှ ဆုတောင်းပွဲ (၂၁း၅–၆)

ဆ၊ သတ္တမဆိုက်ရောက်ရာနေရာ = ပတောလင်မြို့ (၂၁း၇)

ဇ၊ အဋ္ဌမဆိုက်ရောက်ရာနေရာ = ကဲသရိမြို့ (၂၁း၈–၁၄)

၁. ဘုရားရှင်၏ သူရဲကောင်း (၂၁း၈)

၂. ဘုရားရှင်၏ အမျိုးသမီးကောင်း (၂၁း၉)

၃. ဘုရားရှင်၏ သတိပေးချက် (၂၁း၁၀–၁၁)

၄. ဘုရားရှင်၏ အလိုတော် (၂၁း၁၂–၁၄)

– သခင်ယေရှု၏ နာမတော်ကြောင့် ယေရုရှလင်မြို့၌ ချည်နှောင်ခြင်းမက အသေသတ်ခြင်းကိုပင် ခံခြင်းငှါ ငါအသင့်ရှိသည်ဟုဆို၏။ ထိုသို့ သွေးဆောင်ခြင်းသို့ မလိုက်သောအခါ ငါတို့သည် မသွေးဆောင်ဘဲနေ၍ သခင်ဘုရား အလိုတော်ရှိသည်အတိုင်း ဖြစ်ပါစေဟု ဆိုကြ၏ – (၂၁း၁၃၊ ၁၄)

## ၈။ ရှင်ပေါလု၏ နောက်ဆုံးအကြိမ် ယေရုရှလင်မြို့သို့ လည်ပါတ်ခြင်း ( ၂၁း၁၅–၃၀ )

က၊ ပေါလုကိုဆန့်ကျင်သည့် ကောလဟာဠစကား (၂၁း၁၈–၂၂၊ ၂၇–၃၀)

၁. သူသည် မောရှေ၏တရားများကို ဆန့်ကျင်သူဖြစ်သည်။(၂၁း၁၈–၂၁)

ရှင်ယာကုပ်က များစွာသောဣသရေလတို့ ပေါလုအပေါ်စွပ်စွဲချက်ကို ပြောပြသည်။

၂. သူသည် ဗိမာန်တော်ကို ညစ်ညူးစေသူဖြစ်သည်။(၂၁း၂၇–၃၀) – သူသည် တပါးအမျိုးသား တရောဖိမ်ကို ဗိမာန်တော်ထဲသို့ သွင်းခဲ့သူဖြစ်သည်။

ခ၊ ပေါလု၏တုံ့ပြန်မှု (၂၁း၂၃–၂၆)၊ ပေါလုက မိမိ ထိုစွပ်စွဲသကဲ့သို့ မဟုတ်ရကြောင်းကို သက်သေပြသည့်အနေနှင့် ယုဒထုံးစံအတိုင်း အခြားလေးဦးနှင့်အတူ ခေါင်းရိတ်ခြင်းကိုခံခဲ့သည်ပြီး ၇ ရက် လွန်

အောင် စောင့်ရသည်။

ဂ၊ ပေါလုကို ကယ်ဆယ်ရခြင်း (၂၁း၃၀–၃၂)၊ ပေါလု မည်သို့လုပ်ဆောင်ပါသော်လည်း ဒေါသထွက်နေသောလူများကို မထိန်းနိုင်ခဲ့ချေ။ ပေါလုကိုရိုက်ကြရာ ရောမစစ်တပ်နှင့် အရာရှိ ရောက်မှ အရိုက်ရပ်ကြတော့သည်။

ဃ၊ ပေါလု၏ ပြန်လှန်ဖြေရှင်းချက် (၂၁း၃၃ – ၂၃း၁၀)

၁. သူ၏ စစ်အရာရှိကို ပြောပြမှု

က– ပထမပြောဆိုချက် (၂၁း၃၃–၃၉)

(၁) အရာရှိ၏ စွပ်စွဲချက် (၂၁း၃၈)

(၂) ပေါလု၏ ပြောဆိုချက် (၂၁း၃၉)

ခ– ဒုတိယပြောဆိုချက် (၂၂း၂၄–၃၀)

(၁) အရာရှိ၏အမိန့် (၂၂း၂၄)၊ အရာရှိသည် အဖြစ်မှန်ကို ပိုမိုသိရှိလို၍ ပေါလုအား ရိုက်စစ်စစ်ရန် အမိန့်ပေးလေသည်။

(၂) အရာရှိ၏ ရတက်မအေး ဖြစ်ရခြင်း (၂၂း၂၈–၂၉)

၂. သူ၏ ယုဒဘုန်းကြီးများအပေါ် ရှင်းပြချက် (၂၁း၄၀ – ၂၂း၂၃)

က– ပြောဆိုချက် (၂၂း၁–၂၁)

(၁) ပြောဆိုရှင်းလင်းမှု အသေးစိတ် (၂၂း၁–၁၆)

(၂) သူ၏ ခေါ်ခံရမှု (၂၂း၂၂–၂၃)

ခ– ဖြစ်ပျက်ကြပုံ (၂၂း၂၂–၂၃)

၃. သူ၏ လွှတ်တော်လူကြီးများအပေါ် ရှင်းပြမှု (၁၃း၁–၁၀)

က– ရိုက်ခြင်း (၂၃း၁–၂)

ခ– ပြန်လှန်ပြောဆိုကြခြင်း (၂၃း၃)

ဂ– အရှိန်သပ်ခြင်း (၂၃း၄–၅)

ဃ– ကွဲပြားကြခြင်း (၂၃း၆–၁၀)

– *အချင်းချင်း ငြင်းခုံခြင်းများသောအခါ ထိုသူတို့သည် ပေါလုကိုဆွဲငင်၍ အပိုင်းပိုင်းဆုတ်ဖြတ်မည်ကို စစ်သူကြီး စိုးရိမ်သောကြောင့်၊ စစ်သူရဲများ ဆင်းကြ၊ ပေါလုကို အရာရှိမင်းတို့အထဲမှ အနိုင်အထက်ယူ၍ ရဲတိုက်ထဲသို့ ပို့ဆောင်ကြဟု အမိန့်ရှိ၏ – (၂၃း၁၀)*

င၊ ပေါလုသို့ပေးသော ဗျာဒိတ် (၂၃း၁၁)

– *နက်ဖြန်နေ့ညဥ့်တွင် သခင်ဘုရားသည် ပေါလုအနား၌ ပေါ်လာတော်မူလျက်၊ ပေါလု မစိုးရိမ်နှင့်။ ငါ၏အကြောင်းအရာကို သင်သည် ယေရုရှလင်မြို့၌ သက်သေခံပြီးသည်နည်းတူ ရောမမြို့၌လည်း ခံရလေဦးမည်ဟု မိန့်တော်မူ၏ – (၂၃း၁၁)*

စ၊ ပေါလုကို လက်စားချေ ဆန့်ကျင်ကြခြင်း (၂၃း၁၂–၁၅)

ဆ၊ ပေါလု၏ အဆက်အနွယ် ပြခြင်း (၂၃း၁၆–၂၂)

ဇ၊ ပေါလုကို ရွှေ့ပြောင်းရ ခြင်း (၂၃း၂၃–၃၂)

၁. စစ်သားများ (၂၃း၂၃–၂၄)

၂. နှုတ်ဆက်ခြင်း (၂၃း၂၅–၃၂)၊ အရာရှိသည် ဖေလစ်မင်းထံ ပေါလုနှင့်ပါတ်သက်သည့် ကိစ္စများကို စာရေး၍ ပေးလိုက်သည်။

## ၉။ ကဲသရိမြို့ရောက် အကျဉ်းသား ပေါလု ( ၂၃း၃၃ – ၂၆း၃၂ )

က၊ ဖေလစ်မင်းရှေ့ရောက်သော ပေါလု (၂၃း၃၃ – ၂၄း၂၇)

၁. တေရတုလု၏ အပြစ်တင်စွပ်စွဲချက် (၂၄ ၁–၉)၊ ၄င်းသည် ဣသရေလ ဥပဒေပညာရှင်ဖြစ်ပြီး ပေါလုကို အောက်ပါအချက်သုံးချက်ဖြင့် စွဲချက်တင်ခဲ့သည်။

က– နိုင်ငံရေးသူပုန် (၂၄း၅)

ခ– ဘာသာရေးလမ်းမှားအောင် ပြုသူ (၂၄း၅)

င– ဗိမာန်တော်ကို ရှုံ့ချသူ (၂၄း၆)

၂. ပေါလု၏ ချေပပြောဆိုချက် (၂၄း၁၀–၂၁)

က– အထက်ပါစွပ်စွဲချက် ပထမနှင့်တတိယအချက်များနှင့် ပါတ်သက်၍ သက်သေမပြနိုင်ပါ။ (၂၄း၁၁–၁၃)

ခ– အထက်ပါစွပ်စွဲချက် ဒုတိယအချက်နှင့်ပတ်သက်၍ အပြစ်မရှိ။(၂၄း၁၄–၁၆၊ ၂၀–၂၁)

၃. ဖေလစ်မင်း နားလည်သဘောပေါက်ခြင်း (၂၄း၂၂–၂၇)
ခ၊ ဖေတ္တုမင်းရှေ့ရောက်သော ပေါလု (၂၅း၁–၁၂)
၁. ခရီးထွက်ခြင်း (၂၅း၁–၆) – ဖေလစ်၏အရိုက်အရာကို ဆက်ခံသော ဖေတ္တုမင်းသည် ယေရုရှလင်မြို့သို့အလည်သွား၍၊ ထိုမြို့မှ ဣသရေလများကိုဖိတ်ခေါ်၍ ကဲသရိမြို့ရှိ ပေါလုအမှုကို အတူတကွ ကြားနာစေသည်။
၂. တဖက်သတ် အပြစ်ရှာသူများ (၂၅း၇)
၃. အပြစ်ဖြေရှင်းခြင်း (၂၅း၈)
၄. လှည့်စားမြူဆွယ်ခြင်း (၂၅း၉)
၅. တမျိုးပြောင်းခြင်း (၂၅း၁၀–၁၂)
ဂ၊ အဂြိပ္ပမင်းရှေ့ရောက်သော ပေါလု (၂၅း၁၃ –၂၆း၃၂)
၁. အတိုချုပ် ရှင်းပြချက် (၂၆း၂–၂၃)
က– သူ၏ တချိန်က ဘာသာရေး၌ ပါဝင်တက်ကြွခဲ့ပုံ တင်ပြချက် (၂၆း၂–၅၊ ၉–၁၁)
– *ယေရုရှလင်မြို့တွင် ကိုယ်အမျိုးသားချင်းတို့၏အထဲ၌ အကျွန်ုပ်နေသဖြင့် ငယ်သောအသက်အရွယ်မှစ၍ အကျွန်ုပ်၏ အနေအထိုင် အပြုအမူများကို ယုဒလူအပေါင်းတို့သည် သိကြပါ၏။ အကျွန်ုပ်သည် ယုဒဘာသာ၌ အလွန်ကျပ်တည်းစွာသော နည်းဥပဒေသကိုခံ၍ ဖာရိရှဲဖြစ်သည်ကို ထိုသူတို့သည် သက်သေခံခြင်းငှါ အလိုရှိလျှင် ရှေ့ဦးစွာကပင် သိကြပါ၏ – (၂၆း၄–၅)*
ခ– သူ၏ ပြောင်းလဲခဲ့ပြီး တက်ကြွခဲ့ပုံ တင်ပြချက် (၂၆း၁၂–၂၃)
(၁) သူ၏ ပြောင်းလဲပုံ (၂၆း၁၂–၁၅)
(၂) သူ ခေါ်တော်မူခြင်း ခံခဲ့ရပုံ (၂၆း၁၆–၁၈)
(၃) သူ ဆက်ကပ်အပ်နှံခြင်း (၂၆း၁၉)
(၄) သူ အန္တရာယ်ကျရောက်ခြင်း (၂၆း၁၂)
(၅) သူ ရပ်တည်နိုင်မှု (၂၆း၂၂–၂၃)
၂. ဝိညာဉ်များကိုကယ်တင်သူ (၂၆း၂၄–၃၂)
က– ပေါလုနှင့်ဖေတ္တုမင်း (၂၆း၂၄–၂၅)
– *ထိုသို့ ပေါလုသည် အပြစ်ဖြေရာစကားကို လျှောက်သောအခါ ဖေတ္တုမင်းက ပေါလု သင်သည် သူရူးဖြစ်၏။ သိပ္ပံအတတ်များကိုသင်၍ သူရူးအဖြစ်သို့ရောက်ခဲ့ပြီဟု ကြီးသောအသံနှင့်ဆို၏။ ပေါလုကလည်း မြတ်တော်မူသောဖေတ္တုမင်း အကျွန်ုပ်သည် သူရူးမဟုတ်ပါ။ သမ္မာတရားနှင့်၄င်း၊ ကောင်းသောစိတ်နှင့်၄င်း ယှဉ်သောစကားကို ပြောပါ၏ – (၂၆း၂၄–၂၅)*
ခ– ပေါလုနှင့်အဂြိပ္ပမင်း (၂၆း၂၆–၃၂)
– *အိုအဂြိပ္ပမင်းကြီး ကိုယ်တော်သည် အနာဂတ္တိကျမ်းစာကို ယုံတော်မူသလော။ ယုံတော်မူသည်ကို အကျွန်ုပ်သိပါ၏ဟု လျှောက်၏။ အဂြိပ္ပမင်းကလည်း သင်သည် ဖြားယောင်းသွေးဆောင်သောအားဖြင့် ငါသည် ခရစ်ယာန်ဖြစ်လုပြီဟု ပြောဆိုလျှင် – (၂၆း၂၇–၂၈)*

## ၁၀။ ပေါလုရေလမ်းခရီးဖြင့် ရောမသို့သွားခြင်း ( ၂၇း၁ – ၂၈း၃၁ )

က၊ ပထမဖြစ်စဉ် = ကဲသရိမြို့မှ ဖိနတ်ဆိပ်ကမ်းသို့ (၂၇း၁–၁၂)
၁. ယုလိ၏ ပေါလုအပေါ် ကျေးဇူးပြုမှု (၂၇း၁–၃)
၂. ပေါလု၏ ယုလိအပေါ် အကြံပေးတင်ပြမှု (၂၇း၉–၁၁)
ခ၊ ဒုတိယဖြစ်စဉ် = ဖိနတ်ဆိပ်ကမ်းမှ မေလိတေကျွန်းသို့ (၂၇း၁၃–၄၄)
၁. ကြောက်မက်ဖွယ်လေမုန်တိုင်း (၂၇း၁၄–၂၀)
၂. စိတ်အေးလက်အေးရှိသော သန့်ရှင်းသူ (၂၇း၂၁–၂၆၊ ၃၃–၃၇)
– *ယခုတွင် စိတ်သက်သာခြင်း ရှိကြလော့ – (၂၇း၂၂)*
က– အနာဂတ္တိပိုင်း၌ ကျွမ်းကျင်သူ (၂၇း၂၃–၂၅)
– *အချင်းလူတို့ သက်သာခြင်းရှိကြလော့။ ငါ့အားမိန့်တော်မူသည်အတိုင်း ဖြစ်လိမ့်မည်ဟု ငါသည် ဘုရားသခင်ကိုအမှီပြု၍ ယုံခြင်းရှိ၏ – (၂၇း၂၅)*
(၁) မိမိတို့သည် အသက်မဆုံးရှုံးနိုင်။(၂၇း၂၂)
(၂) သင်္ဘောသည် ပျက်စီးလိမ့်မည်။(၂၇း၂၂)
(၃) မိမိတို့သည် ကျွန်းတကျွန်းပေါ်ရောက်လိမ့်မည်။(၂၇း၂၆)
ခ– လက်တွေ့လုပ်ရှားမှုအပိုင်း၌ ကျွမ်းကျင်သူ (၂၇း၃၃–၃၇)

– *မိုးလင်းလုသောအခါ အစာကိုစားစေခြင်းငှါ ပေါလုသည် လူအပေါင်းတို့ကိုတိုက်တွန်းလျက် သင်တို့သည် တဆယ်လေးရက်ပတ်လုံးမျှော်လင့်၍ ယနေ့တိုင်အောင် အစာမစားဘဲ ငတ်မွတ်လျက်နေကြ၏။ ထို့ကြောင့် အစာစားကြလော့။ စားလျှင် ချမ်းသာရခြင်းအကြောင်း ဖြစ်လိမ့်မည်။ သင်တို့ဆံခြည်တပင်မျှ မပျက်စီးရဟု ဆိုပြီးလျှင် ပေါလုသည် မုန့်ကိုယူ၍ ထိုသူများရှေ့၌ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ စားလေ၏ – (၂၇း၃၃–၃၅)*

ဂ– အုပ်ချုပ်ရေးပိုင်း၌ နားလည်ကျွမ်းကျင်သူ (၂၇း၃၉–၄၄)

ဂ၊ တတိယဖြစ်စဉ် – မေလိတေကျွန်း (၂၈း၁–၁၀)

၁. ပေါလုနှင့် လူများ (၂၈း၁–၆)

က– ပထမ လူသတ်သမားဟု ထင်မြင်ကြမှု (၂၈း၂–၄)

ခ– နောက်ဆုံး၌ နတ်ဘုရားဟု ထင်မြင်ကြမှု (၂၈း၅–၆)

၂. ပေါလုနှင့် ပုဗလိ (၂၈း၇–၁၀)

က– ထိုသူ၏ ယောက္ခမရောဂါကို ပျောက်ကင်းစေခြင်း (၂၈း၈)

ခ– ထိုသူ မိတ်ဆွေများ၏ရောဂါကို ပျောက်ကင်းစေခြင်း (၂၈း၉)

ဃ၊ စတုတ္ထဖြစ်စဉ် – မေတလိကျွန်းမှ ရောမသို့ (၂၈း၁၁–၁၅)

င၊ ပဥ္စမဖြစ်စဉ် – ရောမမြို့ (၂၈း၁၆–၃၁)

၁. တွေ့ဆုံပွဲနှစ်ခု – ရောမမြို့ရှိ ဣသရေလများကို ဧဝံဂေလိတရား ဟောသည့်ကာလ (၂၈း၁၇–၂၉)

က– ပထမတွေ့ဆုံပွဲ (၂၈း၁၇–၂၂)

(၁) တမန်တော်၏တင်ပြချက် = သူက မိမိလူမျိုးများက မိမိကို သံကြိုးဖြင့်ချည်ကြကြောင်း တင်ပြသည်။(၂၈း၁၇–၂၀)

(၂) နားထောင်သူများ၏ ပြောဆိုချက် (၂၈း၂၁–၂၂)

– *ထိုသူတို့က သင်၏အကြောင်းကို ကြားလိုက်သောစာကို ယုဒပြည်မှ အကျွန်ုပ်တို့မရကြ။ ထိုပြည်မှလာသော ညီအကိုတို့တွင် အဘယ်သူမျှ သင်၌အပြစ်ရှိကြောင်းကို မကြားမပြောပါ။ သို့သော်လည်း ဤဘာသာသည် အရပ်ရပ်တို့၌ ကဲ့ရဲ့အပြစ်တင်ခြင်းကိုခံရသော ဘာသာဖြစ်သည်ကို အကျွန်ုပ်တို့ သိကြသည်ဖြစ်၍ သင်၏အယူဝါဒကို သင်သည် ကိုယ်တိုင်ဘော်ပြသောစကားကို အကျွန်ုပ်တို့သည် နားထောင်သင့်သည် ထင်ပါ၏ – (၂၈း၂၁–၂၂)*

ခ– ဒုတိယတွေ့ဆုံပွဲ (၂၈း၂၃–၂၉)

(၁) ဘုရားရှင်အကြောင်း ရှင်းပြ ဩဝါဒပို့ချခြင်း (၂၈း၂၃–၂၄)

(၂) ဘုရားရှင်နှုတ်ကပတ်တော် ဖေါ်ပြချက်

– *ထိုသို့ အချင်းချင်း သဘောကွဲပြား၍ သွားကြ၏။ သွားကြစဉ်တွင် ပေါလုသည် စကားတခွန်းကိုပြောလိုက်သည်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ပရောဖက်ဟေရှာယအားဖြင့် မိန့်တော်မူချက်ဟူမူကား သင်တို့သည်ကြားလျက်ပင် အနက်ကို နားမလည်ဘဲကြားကြလိမ့်မည်။ မြင်လျက်ပင် အာရုံမပြုဘဲ မြင်ကြလိမ့်မည်ဟု ထိုလူမျိုးရှိရာသို့ သွား၍ပြောလော့ – (၂၈း၂၅–၂၆)*

(၃) ဘုရားရှင်၏ ကယ်တင်ခြင်း ပြန့်လွင့်ခြင်း (၂၈း၂၈)

၂. နှစ် နှစ်အကြာ – လူအားလုံးကို ဧဝံဂေလိတရား ဟောသည့်ကာလ (၂၈း၃၀–၃၁)

– *ထိုနောက်မှ ပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသောအိမ်၌နေသဖြင့် မိမိထံသို့လာသော သူအပေါင်းတို့ကိုဧည့်ခံ၍ အဘယ်သူမျှမမြစ်တားဘဲ ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို အတည့်အလင်းဟောပြော၍ သခင်ယေရှုခရစ်၏အကြောင်းများကို သွန်သင်ပြသလျက်နေ၏ – (၂၈း၃၀–၃၁)*

# ရောမသြဝါဒစာ

ရှင်ပေါလုရေးခဲ့သောသြဝါဒစာများကို အစဉ်တိုင်းရေတွက်ပါက သက်သာလောနိတ်သြဝါဒစာ ပဌမစောင်နှင့်ဒုတိယစောင်၊ ကောရိန္သုသြဝါဒစာ ပဌမစောင်နှင့်ဒုတိယစောင်၊ ဂလာတိသြဝါဒစာ၊ ရောမသြဝါဒစာ၊ ဖိလေမုန်သြဝါဒစာ၊ ကောလောသဲသြဝါဒစာ၊ ဧဖက်သြဝါဒစာ၊ ဖိလိပ္ပိသြဝါဒစာ၊ တိမောသေသြဝါဒစာပဌမစောင်၊ တိတုသြဝါဒစာနှင့်တိမောသေသြဝါဒစာဒုတိယစောင်တို့ ဖြစ်ကြသည်။ (ဟေဗြဲသြဝါဒစာကို ရေးသူအမည် မဖော်ပြခဲ့သော်လည်း ရှင်ပေါလုရေးသားခဲ့သည်ဟု မှတ်ယူရန်ရှိသည်) သို့သော် ဓမ္မသစ်ကျမ်း၌ အထက်ပါအတိုင်း အစဉ်အတိုင်း မဖော်ပြခဲ့ပေ။

ပေါလုကို တာရှု(တူရကီ)မြို့၌ မွေးဖွားခဲ့၍ သူသည် ယေရုရှလင်မြို့၌ ဂါမလျေလအမည်ရှိ ဘာသာရေးဆရာထံမှ ပညာကို သင်ယူခဲ့သည်။ သတေဖန် ဂဲနင့်ပစ်သတ်ခံရချိန်၌ ပေါလုသည်လည်း ရှိနေခဲ့သည်။ သူသည် ဒမာသက်မြို့သို့ ခရီးသွားချိန်၌ ခရစ်ယာန်အဖြစ် ပြောင်းလဲခဲ့သူ ဖြစ်သည်။ ၎င်းနောက် အာရေဗျပြည်၌ ၃ နှစ် ခန့် နေထိုင်ခဲ့သည်။ တာရှုမြို့တွင် အလုပ်လုပ်ကိုင်ခဲ့၍ မကြာမီပင် တပါးအမျိုးသားများသို့ ဧဝံဂေလိတရား ဟောသူမဟာ ဓမ္မအမှုတော်ဆောင် ဖြစ်လာခဲ့သည်။

ပေါလုသည် တချိန်က ဟေဗြဲဘာသာရေး၌ အယူသီးစွာ သက်ဝင်ဆည်းကပ်ခဲ့သူဖြစ်၍ ဗဟုသုတရှာတတ် သောဂရိလူမျိုးများထံမှ ပညာသင်ကြား တတ်မြောက်ခဲ့သူဖြစ်၏။ ရောမနိုင်ငံ တောသားအဖြစ် ခံယူထားသူဖြစ် သည်။ ဘုရားရှင်သည် ပေါလုကို ထိုသို့ အဖက်ဖက်မှ လေ့ကျင့်ပြင်ဆင်ထား၍ သူ၏ မဟာအမှုတော်မြတ်၌ အသုံးပြုရန်နှင့် အမှုတော်မြတ်အတွက် ဒုက္ခဆင်းရဲများကို ခံနိုင်စေခဲ့သည်။

အေဒီ ၅၇ – ၅၈ တွင် ပေါလုသည် နောက်ဆုံးအကြိမ်အဖြစ် ကောရိန္သုမြို့သို့ သွားရောက်ချိန်၌ ထိုမြို့မှတဆင့် ရောမလူမျိုးများအတွက် ဤသြဝါဒစာကို ရေးသားခဲ့ခြင်းဖြစ်သည်။

ဤသြဝါဒစာ၌ သူ့ကိုကူညီခဲ့ဘူးသော အာကုလနှင့်ပြစ်ကိလဇနီးမောင်နှံ့ကိုလည်း နှုတ်ဆက်ခဲ့သည်။ ထိုဇနီးမောင်နှံ့ကား သူနှင့်အတူ တချိန်က တဲရှင်ချုပ်အလုပ် လုပ်ခဲ့ဘူးသူဖြစ်သည်။(၁၆း၃–၅၊ တ ၁၈း၃) ဤသြဝါဒစာကို ရှင်ပေါလုသည် ကောရိန္သုမြို့အသင်းတော်မှ အလှူငွေများကို ယေရုရှလင်မြို့မှ ဆင်းရဲသားများထံပို့ရန် လက်ခံပြီးချိန်၌ ရေးခဲ့ခြင်းဖြစ်သည်။(၁ကော ၁၆း၁–၃) ဤကိစ္စကို ဤသြဝါဒစာ၌ ဖော်ပြခဲ့သည်။(၁၅း၂၅–၂၇) ဤသြဝါဒစာကို ပို့ဆောင်ပေးသူမှာ ကောရိန္သုမြို့အနီး ကင်းခြေမြို့မှ ဖိဗေအမည်ရှိ အမျိုးသမီးဖြစ်ဟန်တူသည်။(၁၆း၁)– ရှင်ပေါလုသည် ရောမမြို့သို့သွားရန် အစီစဉ်ရှိခဲ့သည်။ ထိုစဉ်က လူဦးရေ ၈၀၀,၀၀၀ ရှိသော ထိုရောမမြို့မှ ခရစ်ယာန်များသို့ ရှင်ပေါလု နံမည်နှင့်တကွ နှုတ်ဆက်ခဲ့ပုံကို ဤသြဝါဒစာ၌ တွေ့နိုင်သည်။ သို့သော် ထိုနံမည်များထဲ၌ ရှင်ပေတရုနံမည်မပါကြောင်းကို ထောက်သော် ရှင်ပေတရုသည် ရောမမြို့၌ မရှိခဲ့ကြောင်း ထင်ရှားလေသည်။(၁၆)

ရောမသြဝါဒစာသည် ဓမ္မသစ်ကျမ်းအတွက် မဟာသွန်သင်ချက်ဖြစ်သည်။ အပြစ်တရား၊ ကျေးဇူးတော်အားဖြင့်ရသော ကယ်တင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ထာဝရကယ်တင်ခြင်းဖြစ်ခြင်းနှင့် ကယ်တင်ခြင်းကို စိတ်ချနိုင် ခြင်းစသည်တို့ပါဝင်သည်။ အခန်းကြီး ၁၂ မှ ၁၅ ၌ ခရစ်ယာန်တို့၏တာဝန်များကို တွေ့နိုင်၍ အခန်းကြီး ၁၆ တွင်မူ ရှင်ပေါလုမှ ရောမမြို့ခရစ်ယာန်များသို့ နှုတ်ဆက်ခန်းကို တွေ့နိုင်သည်။

## *တရားရုံးတော်၏ ပညတ်တော် –– ဘုရားရှင်၏အမျက်တော်*
## (တရားစီရင်ခြင်းနှင့် ဖြောင့်မတ်ခြင်း) ( ရော ၁း၅ )

### ၁။ တရားရုံးတော်၌ အစီရင်ခံရေးသားသူ ( ၁း၁–၇ )

<u>က</u>၊ ရှင်ပေါလု၏ ဧဝံဂေလိတရားအတွက် သီးသန့် ခွဲထားခံရမှု။

– *<u>သန့်ရှင်းသောကျမ်းစာ၌ ဂတိထားတော်မူသော ဧဝံဂေလိတရားကို ဟောစေခြင်းငှါ ရွေးချယ်ခွဲထား၍ တမန်တော်အရာ၌ခန့်ထားသော ယေရှုခရစ်၏ကျွန် ငါပေါလုသည် – (၁း၄)</u>*

<u>ခ</u>၊ ရှင်ပေါလု၏ ဧဝံဂေလိတရားကို ရှင်းလင်းချက် (၁း၂–၅)

၁. ဤအရာသည် ဂတိတော်ဖြစ်သည်။

– *<u>သန့်ရှင်းသောကျမ်းစာ၌ ဂတိထားတော်မူသော ဧဝံဂေလိတရား – (၁း၃)</u>*

၂. ဤအရာသည် ပုဂ္ဂိုလ်ကို အကြောင်းပြုသည်။

– *<u>လူ့ဇာတိအားဖြင့် ဒါဝိဒ်အမျိုးဖြစ်တော်မူထသော သေခြင်းမှထမြောက်တော်မူ၍ သန့်ရှင်းသောဝိညာဉ်အားဖြင့် တန်ခိုးနှင့်တကွ ဘုရားသခင်၏သားတော် ထင်ရှားဖြစ်တော်မူသော ငါတို့သခင် ယေရှုခရစ်</u>*

*တည်းဟူသော မိမိသားတော်ကိုအကြောင်းပြု၍ – (၁း၁–၄)*

၃. ဤအရာသည် စီမံချက်တခုဖြစ်သည်။

– *သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ သခင်ယေရှုခရစ်၏ နာမတော်ကိုအမှီပြု၍ လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်စေခြင်းငှါ ထိုသခင်ထံ၌ ကျေးဇူးတော်နှင့်တမန်တော်အရာကို ခံရကြပြီ – (၁း၇)*

ဂ၊ ရှင်ပေါလုမှ ဧဝံဂေလိတရားအတွက် မှန်ကန်သောလုပ်ဆောင်ချက် (၁း၆–၁၃)

၁. သူသည် ရောမမြို့အသင်းတော်အတွက် ဆုတောင်းပေးခဲ့သည်။(၁း၉)

၂. သူသည် ရောမမြို့သို့ အလည်သွားရန် စီစဉ်သည်။(၁း၁၀–၁၃)

ဃ၊ ဧဝံဂေလိတရားကို ရှင်ပေါလုစိတ် ဝေဖန်မှု (၁း၁၄–၁၇)

– *ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏။ သို့ဖြစ်လျှင် ငါတတ်နိုင်သမျှအတိုင်း ရောမမြို့သားဖြစ်သောသင်တို့အား ဧဝံဂေလိတရားကို ဟောစေခြင်းငှါ စေတနာစိတ်ရှိ၏ – (၁း၁၄–၁၅)*

၁. ဧဝံဂေလိတရားသည် ဘုရားတန်ခိုးတော်အားဖြင့် အပြစ်မှ လွတ်စေသည်။(၁း၁၆)

၂. ဧဝံဂေလိတရားသည် ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရားအားဖြင့် အပြစ်မှ လွတ်စေသည်။(၁း၁၇)

## ၂။ တရားရုံးမှ အသိပေးညွှန်ပြခြင်း ( ၁း၁၈ – ၄း၂၅ )

က၊ တရားစွဲချက်။ ။ဘုရင်တို့၏ဘုရင်ကို ဆန့်ကျင်လွန်ကျူးမှု (၁း၁၈–၂၀)

ခ၊ တရားခံများ

၁. ဘုရားရှင်ကိုမသိသူ လောကသားများ (၁း၁၈–၃၂)

၂. သူတော်ကောင်း အယောင်ဆောင်များ (အကျင့်ဖြင့်ကြိုးစားနေသူ) (၂း၁–၁၆)

၃. ဣသရေလများ (ဘုရားကိုသိသူ) (၂း၁၇၊ ၃း၈)

ဂ၊ ပြစ်မှုအသေးစိတ်

၁. ပထမပြစ်မှု –– ကျေးဇူးမသိခြင်း (၁း၂၁)

၂. ဒုတိယပြစ်မှု –– မာနကြီးမောက်မာခြင်း (၁း၂၂)

၃. တတိယပြစ်မှု –– ရုပ်တုကိုးကွယ်ခြင်း (၁း၂၃)

၄. စတုတ္ထပြစ်မှု –– ကာမဂုဏ်ကျူးလွန်ခြင်း (၁း၂၄–၂၇)

က– မိန်းမချင်း လိင်တူဆက်ဆံခြင် (၁း၂၆)

ခ– ယောကျ်ားခြင်း လိင်တူဆက်ဆံခြင်း (၁း၂၇)

၅. ပဥ္စမပြစ်မှု – ပြစ်မှုအမျိုးမျိုး (၁း၂၈–၃၂)

ဃ၊ သုံးသပ်ချက်များ

၁. လူ၏ ပိုင်းခြားတတ်သော အသိဥာဏ် (၁း၁၉)

၂. တန်ရာတန်ရာပေးဆပ်ရမည့် တရား (၁း၆)

၃. ဘုရားရှင်၏ လက်ရာတော်များ ၁း၂၀)

၄. ဘုရားရှင်၏ ပညတ်တော်များ (၂း၁၂)

င၊ ခုခံချေပချက်များ

၁. ဘုရားကိုမသိသူ လောကသားများ၏ တုံ့ပြန်လျှောက်လဲချက် –

က– သူတို့၏ တုံ့ပြန်လျှောက်လဲချက် “ကျနုပ်မမှားပါ – အဘယ်ကြောင့်ဆိုသော် ဘုရားရှိကြောင်း ကျနုပ်မသိ၍ ဖြစ်သည်”

ခ– သူတို့၏လျှောက်လဲချက် အပယ်ခံရခြင်း “သင်တို့တွင် ပိုင်းခြားတတ်သောစိတ် ရှိနေသည်။ (၁း၁၉)– သင်တို့ကို သက်သေအဖြစ် ငါပြထားသော သဘာဝတရားပစ္စည်းများ ရှိနေသည်” (၁း၂၀)

၂. (သူတော်ကောင်းယောင်ဆောင်သူများ) အကျင့်ဖြင့် ကြိုးစားသူများ၏ တုံ့ပြန်လျှောက်လဲချက် –

က– သူတို့၏ တုံ့ပြန်လျှောက်လဲချက် “ကျနုပ်မမှားပါ – အဘယ်ကြောင့်ဆိုသော် ကျနုပ်သည် ကြိုးစားသည်၊ လောကသားများထက် ပိုကောင်းသည်”

ခ– သူတို့လျှောက်လဲချက် အပယ်ခံရခြင်း – သင်တို့သည်လည်း အပြစ်ရှိသည်။ အဘယ်ကြောင့်ဆိုသော်

– *သူတပါးကို စစ်ကြောစီရင်တတ်သောသူ၊ သင်သည် ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ။ အကြောင်းမူကား သင်သည် စစ်ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍ သူတပါးကို စစ်ကြော*

*စီရင်သည့်တွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏ – (၂း၁)*

ဂ– သူ၏ လျှောက်လဲချက်ကို ဆန်းစစ်ခြင်း

(က) သူသည် ပိုင်းခြားဆင်ခြင် သဘောမပေါက်သူ ဖြစ်သည်။(၂း၄–၅)

(၁) ဘုရားရှင်၏ သီးခံစောင့်ဆိုင်းသော အမျက်တော်ကို သဘောမပေါက်ချေ။

(၂) ဘုရားရှင်၏ ကောင်းမြတ်ခြင်း (ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း)ကို လက်မခံလိုပေ။

(ခ) သူသည် အသိဥာဏ်စဉ်းစားမှု ကင်းမဲ့သူ ဖြစ်သည်။(၂း၆၊ ၁၁၊ ၁၂၊ ၁၆)

(ဘုရားရှင် အပြစ်အလျောက် တရားစီရင်မည်။ မိမိအကျင့်သည် မပြည့်စုံနိုင်ဆိုသည့် အချက်ကို သဘောမပေါက်သူဖြစ်သည်) ဘုရားရှင်၏ တရားမျှတမှုကို သဘောမပေါက်ခြင်း။

– *ဘုရားသခင်သည် အဘယ်သူ၏မျက်နှာကိုမျှ မှတ်တော်မမူ – (၂း၁၁)*

၃. ဣသရေလများ(ဘုရားကိုသိသူများ)၏ တုံ့ပြန်လျှောက်လဲချက် (၂း၁၇ – ၃း၈)

က– သူတို့၏ တုံ့ပြန်လျှောက်လဲချက်။    ။ကျုပ်တို့မမှားပါ။ ကျုပ်တို့သည် ပညတ်တော်ကို သိသောသူ ဖြစ်ကြသည်။ သူတပါးကို သင်ကြားသူများလည်း ဖြစ်ကြသည်။(၂း၁၇–၂၀)

ခ– သူတို့လျှောက်လဲချက် အပယ်ခံရခြင်း။    ။သင်တို့အပြစ်ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် သူများကိုသင်သော်လည်း သင်တို့ကိုယ်တိုင်မှု မကျင့်ကြ။(၂း၂၅–၂၉)

ဂ– သူတို့၏ လျှောက်လဲချက်ကို ဆန်းစစ်ခြင်း။    ။သူတို့ဖြစ်ပုံသည် ဘုရားကိုမသိသူ လောကသားများနှင့်၄င်း၊ အကျင့်ဖြင့် ကြိုးစားနေသူများနှင့်၄င်း မတူပေ၊ ရှင်ပေါလုက အောက်ပါအချက် ၄ ချက်ဖြင့် ခွဲခြားပြသခဲ့သည်။(၃း၁–၈)

(၁) ပထမအချက် – ဣသရေလများသည် သွေးသားအားဖြင့် အကျိုးအာနိသင်အများ ရရှိသောလူမျိုး ဖြစ်သည်။ သို့သော် ဝိညာဉ်ရေးရာ၌မူ အခြားသူများကဲ့သို့ပင် အကျိုးအာနိသင်မရှိသူ ဖြစ်သည်။(၃း၁–၂)

(၂) ဒုတိယအချက် – ဣသရေလများ ခရစ်တော်ကို ငြင်းပယ်ကြသည့်တိုင် ဘုရားရှင်၏ဂတိမှ ဂတိအတိုင်းပင် ရှိနေသေးသည်။(ယုံကြည်လက်ခံမည့်သူ ရှိနေသေးသည်) (၃း၃–၄)

(၃) တတိယအချက် – ဣသရေလတို့၏ မဖြောင့်မတ်မှုသည် ဘုရားရှင်၏ ဖြောင့်မတ်မှုကို ထင်ရှားစေသည်။(အမှားမရှိက အမှန်ကိုမမြင်နိုင်) (၃း၅)

(၄) စတုတ္ထအချက် – ဣသရေလများသည်လည်း မဖြောင့်မတ်မှုအတွက် အပြစ်ဒါဏ်ခတ်ခံရမည်။(၃း၆–၈)

စ၊ သီအိုရီနိယာမ (၃း၉–၂၀)

– *လူအားလုံးသည် သန့်ရှင်းသောဘုရားရှင်ရှေ့၌ အပြစ်ရှိသူများဖြစ်ကြသည် – (၃း၁၀၊ ၁၁၊ ၂၃)*

၁. လူ၏စာရိတ္တသည် ဖေါက်ပြန်သည်။(၃း၁၂)

၂. လူ၏ပြောဆိုမှုသည် ဖေါက်ပြန်သည်။(၃း၁၃–၁၄)

၃. လူ၏ ပြုမူလုပ်ဆောင်မှုသည် ဖေါက်ပြန်သည်။(၃း၁၅–၁၈)

က– လူလူခြင်း သတ်သည်။(၃း၁၅၊ ၁၆၊ ၁၇)

ခ– ဘုရားရှင်ကို မထီမဲ့မြင်ပြု၍ မကြောက်တတ်ကြ။(၃း၁၈)

ဆ၊ တရားစီရင်ချက်

– *အပြစ်တရား၏အခကား သေခြင်းပေတည်း – (၆း၂၃ က)*

ဇ၊ အံ့ဘွယ်တန်ခိုးတော် (၃း၂၁–၃၁၊ ၆း၂၃)

– *ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရ အသက်ပေတည်း – (၆း၂၃ ခ)*

၁. ထိုအံ့ဘွယ်တန်ခိုးတော်အကြောင်း

– *ယေရှုခရစ် ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏ – (၃း၂၄)*

၂. ထိုအံ့ဘွယ်တန်ခိုးတော် လုပ်ဆောင်သူ – – – – ခမည်းတော်နှင့်သားတော် (၃း၂၅)

၃. ထိုအံ့ဘွယ်တန်ခိုးတော်၏ အခြေခံ

က– အဖိုးမပေးရသော ကျေးဇူးတော် (၃း၂၄)

ခ– ယုံကြည်ခြင်းအားဖြင့် (၃း၂၈)

ဂ– ပညတ်တရား၏ အကျင့်မပါ (၃း၂၈)

၄. ထိုအံ့ဘွယ်တန်ခိုးတော်၏ ရည်မှန်းချက် – – – – ၌ လူတစုအတွက် မဟုတ်။
ကဲ– လူအားလုံးအဖို့ – ခြားနားခြင်းမရှိ (၃း၂၂)
ခ– ယုဒလူတို့၏ဘုရား – တပါးအမျိုးသားတို့၏ဘုရား (၃း၂၉)
၅. ထိုအံ့ဘွယ်တန်ခိုးတော်ကို ခံစားရရှိသူ – – – – လူတစုသာဖြစ်သည်။
က– ယုံကြည်သူများသာ ရရှိသည်။(၃း၂၂)
ခ– ခရစ်တော်ကို လက်ခံယုံကြည်သူများသာ ရရှိသည်။(၃း၂၆)
၆. ထိုအံ့ဘွယ်တန်ခိုးတော်ကို ကြိုတင်သက်သေခံထားမှု
– *ယခုမူကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့်အညီ၊ ပညတ်တရားနှင့်မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတည်းဟူသော – (၃း၂၁)*
၇. ထိုအံ့ဘွယ်တန်ခိုးတော်ကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်း
မေးခွန်း – – – – ဘုရားရှင်၏ ဖြောင့်မတ်ခြင်း အမှန်တရားနှင့် ဘုရားရှင်၏ သနားခြင်း ကျေးဇူးတော် မည်ကဲ့သို့ အဆင့်တူညီရပါသနည်း? (၃း၂၅–၂၆)
အဖြေ – – – – ယေရှု – သွေးနှုတ် ခန့်ထားတော်မူပြီ။(၃း၂၄–၂၆)
၈. ထိုအံ့ဘွယ်တန်ခိုးတော်၏ ပြည့်စုံစေမှု
– *သို့ဖြစ်လျှင် ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကိုပယ်ကြသလော။ အလျှင်းမပယ်၊ သာ၍ တည်စေကြသည် – (၃း၃၁)*

ဃ၊ တရားရုံးအတွက် ပြောရေးဆိုခွင့်ရှိသူ ၂ ဦး (၄း၁–၂၅)
၁. အာဗြဟံ – ဣသရေလလူမျိုး၏ ဖခင် (၄း၁–၅၊ ၉း၂၅)
က– အာဗြဟံနှင့် သူ၏ကယ်တင်ခြင်း
(၁) သူရရှိခဲ့သော ကယ်တင်ခြင်းလမ်း
– *ယုံကြည်ခြင်း၏ ဖြောင့်မတ်ခြင်းအားဖြင့် ရကြသည် – (၄း၁၃)*
– *ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှါ ယုံကြည်ခြင်းတရားကိုသာ အမှီပြု၍ ရောက်နိုင်၏ – (၄း၁၆)*
(၂) သူကယ်တင်ခြင်းခံရသော အချိန်ကာလ
– *အရေဖျားလှီးခြင်းကိုခံပြီးမှ မှတ်သလော။ မခံမှီမှတ်သလော။ ခံပြီးမှမှတ်သည်မဟုတ်။ မခံမှီမှတ်သတည်း – (၄း၁၀)*
(၃) ကယ်တင်ခြင်း အမှတ်တံဆိပ်
– *အာဗြဟံသည် အရေဖျားလှီးခြင်းကိုမခံမှီရှိသော ယုံကြည်ခြင်း၏ ဖြောင့်မတ်ခြင်းတံဆိပ်တည်းဟူသော အရေဖျားလှီးခြင်း၏လက္ခဏာကို ခံရသတည်း – (၄း၁၁)*
ခ– အာဗြဟံနှင့် သူ၏မျိုးဆက်
(၁) သူ၏ ဇာတိပကတိမျိုးဆက် – ဣဇက် (၄း၁၇–၂၂)
(၂) သူ၏ ဝိညာဉ်ပကတိမျိုးဆက် – ယုံကြည်သူအားလုံး (၄း၁၁၊ ၁၂၊ ၁၆၊ ၂၃–၂၅)
၂. ဒါဝိဒ်၊ ဣသရေလလူမျိုးတို့၏ တော်ဝင်ဖခင် (၄း၆–၈)
က– အပြစ်ကျူးလွန်သူ ဒါဝိဒ် = သူသည် လူသတ်ခြင်း၊ ကာမဂုဏ်ကျူးလွန်ခြင်း ပြုသူဖြစ်သည်။(၂ရာ ၁၁ – ၁၂)
ခ– ဒါဝိဒ်၏ ခွင့်လွှတ်ခံရမှု = သူသည် ဘုရားရှင်၏ သနားခြင်းကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခွင့်ရသည်။(ဆာ ၅၁ – ၅၂)

## ၃။ တရားရုံး၏ ဆန်းစစ်ချက် ( ၅း၁–၂၁ )

က၊ ဖြောင့်မတ်ခြင်းတရား၏ အကျဉ်းချုပ်
၁. ယုံကြည်သူသည် ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းကို ခံစားရ၏။(၅း၁–၁၁)
၂. ယုံကြည်သူသည် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ခွင့် ရရှိသည်။(၅း၂)
၃. ယုံကြည်သူသည် ဘုရားရှင်ထံမှ စိတ်ချရမှုကို ရရှိသည်။(၅း၃–၄)
၄. ယုံကြည်သူသည် ဘုရားရှင်၏ ကျိန်းဝပ်ခြင်းကို ခံရသည်။(၅း၅)
၅. ယုံကြည်သူသည် ဘုရားသခင်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ခံရသည်။(၅း၆–၁၁)
က– ခရစ်တော်၏ အတိတ်ကာလက ကရာနီတောင်၌ အသေခံခဲ့ခြင်းအားဖြင့် (၅း၆–၈)
ခ– ခရစ်တော်၏ ပစ္စုပ္ပန်ကာလ ခမည်းတော်လက်ျာ၌ ထိုင်နေခြင်းအားဖြင့် (၅း၉–၁၀)
ခ၊ အပြစ်တရား၏ အကျဉ်းချုပ် (၅း၁၂–၂၁) – ဤကျမ်းပိုဒ်၌ ရှင်ပေါလုသည် – အာဒံ (လူအပေါင်း၏

ဖခင်)၏လုပ်ရပ်နှင့် ခရစ်တော် (လူအပေါင်းတို့၏ ကယ်တင်ရှင်)၏ လုပ်ရပ်များကို ယှဉ်တွဲ၍ ဖော်ပြခဲ့သည်။

၁. အာဒံ၏ လုပ်ရပ်

က– သူ၏ လုပ်ဆောင်မှု

– *အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ – (၅း၁၂)*

ခ– သူ့လုပ်ရပ်၏ သက်ရောက်မှု

– *လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏ – (၅း၁၂)*

ဂ– သူ့လုပ်ရပ်၏ လုပ်ခဲ့သည့် အကြောင်းအရာ

– *တယောက်သောသူသည် နားမထောင်သောအားဖြင့် – (၅း၁၉)*

ဃ– သူ့လုပ်ရပ်၏ အကျိုးအာနိသင်

(၁) သူ့အပေါ်သို့ အပြစ်ဒါဏ်ကျရောက်သည်။

(၂) သူ့သားစဉ်မြေးဆက်သို့ အပြစ်ဒါဏ်ကျရောက်သည်။(၅း၁၄)

(၃) မယုံကြည်သူများအပေါ်သို့ ထာဝရအပြစ်ဒါဏ် ကျရောက်သည်။

– *တယောက်သောသူ၏ ပြစ်မှားခြင်းအားဖြင့် လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံကြရသည် – (၅း၁၈)*

င– သူ့လုပ်ရပ်၏ ပညတ်တော်နှင့်ပါတ်သက်နေမှု

– *ပညတ်တရား တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ် ပွါးများ၏ – (၅း၂၀)*

(ကားမောင်းတတ်သူ လမ်းဥပဒေမသိ၊ ဥပဒေသိက ဘာမှားမည်ကိုသိသည်)

(ဥပဒေက အမှားကိုထောက်ပြသည်)

၂. ခရစ်တော်၏ လုပ်ရပ်

က– သူ၏လုပ်ဆောင်မှု = သူသည် ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်းတရားကို လောကသို့ ယူဆောင်လာခဲ့သည်။

(၁) ထိုဆုကျေးဇူးသည် အဖိုးအခမဲ့ ဖြစ်သည်။(၅း၁၆)

(၂) ထိုဆုကျေးဇူးသည် ပေါကြွယ်ဝသည်။(၅း၁၇)

ခ– သူ့လုပ်ရပ်၏ သက်ရောက်မှု

– *ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏အကျိုးသည် လူများတို့၌ သာ၍ကြွယ်ဝပြည့်စုံ၏ – (၅း၁၅)*

– *တယောက်သော(ယေရှု)၏ ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည် အသက်နှင့်ယှဉ်သော ဖြောင့်မတ်ခြင်းတရားကို ရကြ၏ – (၅း၁၈)*

ဂ– သူလုပ်ခဲ့သည့် အကြောင်းအရာ

– *တယောက်သောသူသည် နားထောင်သောအားဖြင့် လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏ – (၅း၁၉)*

ဃ– သူ့လုပ်ရပ်၏ အကျိုးအာနိသင်

(၁) ဖြောင့်မတ်ခြင်းအခွင့် ရရှိစေသည်။

– *တယောက်သောသူ၏ ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည် အသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်းအခွင့်ကိုရကြ၏ – (၅း၁၈)*

(၂) သန့်ရှင်းစင်ကြယ်ခြင်းအခွင့် ရရှိစေသည်။

– *ထိုတယောက်သောသူအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုင်၄င်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကို၄င်း ခံရသောသူတို့သည် တယောက်သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍ စိုးစံကြရလတ္တံ့ – (၅း၁၇)*

(၃) ဘုန်းတော်ဝင်စားခွင့် ရရှိစေသည်။

– *ငါတို့သခင်ယေရှုခရစ် ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း – (၅း၂၁)*

င– သူ့လုပ်ရပ်၏ အပြစ်နှင့် ပါတ်သတ်နေမှု

– *အပြစ် ပွါးများသည်အရာမှာ ကျေးဇူးတော် သာ၍ ကြွယ်ဝ၏ – (၅း၂၀)*

*ကျေးဇူးတော်၏ စွမ်းအား -- ဘုရားရှင်၏လမ်းတော်*
## (သန့်ရှင်းခြင်းနှင့် မပျက်စီးအောင် ထိန်းသိမ်းခြင်း) ( ရောမ ၆ - ၈ )

### ၁။ အစီအစဉ် -- သန့်ရှင်းခြင်း (ပထမဆင့်) (၆း၁-၂၃)

ဤကျမ်းပိုဒ်၌ ရှင်ပေါလုက ဘုရားရှင်၏ ကျနုပ်တို့အပေါ် သန့်ရှင်းစေခဲ့ပုံနည်းလမ်းကို ဖော်ပြခဲ့သည်။

က၊ "သိကြပါ" (၆း၁-၁၀)၊ "မသိကြပါ" (၆း၃)၊ ရှင်ပေါလုက အောက်ပါ ၃ ချက်ကို ကျနုပ်တို့အား သိစေခဲ့သည်။

၁. ကျနုပ်တို့သည် ခရစ်တော်၌ သံဂြိုလ်ခြင်းကို ခံခဲ့ကြပြီးပြီ။(၆း၄)

၂. ကျနုပ်တို့သည် ခရစ်တော် ရှင်ပြန်သည့်နည်းတူ ပြန်ရှင်ကြသည်။(၆း၄-၅)

၃. ကျနုပ်တို့ ယုံကြည်သူများသည် အောက်ပါအချက် ၂ ချက်ကို သိစေသည်။

က- အပြစ်ကြောင့် သေရသည်။(၆း၂)

ခ- အပြစ်မှ လွတ်ခွင့်ရသည်။(၆း၇)

(အပြစ်ကြောင့်သေရသည် - ခရစ်တော်ကြောင့်ရှင်ရသည် / လောကဥပဒေအရ သေဒါဏ်ခံရသည်။ သေပြီးသူကို ဆက်ဒါဏ်ခတ်၍ မရ။ ကျနုပ်တို့သည် ခရစ်တော်၌သေပြီးသူ (ယုံကြည်သူ) ဖြစ်၍ ဒါဏ်ပေးခြင်းမခံရတော့ပါ)

ခ၊ ထင်မှတ်ကြပါ (၆း၁၁၊ ၁၂)

- *သင်တို့သည် အပြစ်တရားနှင့်ဆိုင်သော အရာ၌ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍ ၎င်း ကိုယ်ကိုကိုယ်ထင်မှတ်ကြလော့ - (၆း၁၁)*

ဂ၊ အပြစ်တရားအား မဆက်ကြပါနှင့် (၆း၁၃-၁၅)

ဃ၊ နားထောင်ပါ (၆း၁၆-၂၃) (ဘုရားရှင်၏ကျွန်ဖြစ်၍ ဘုရားကို အားပေးရမည်)

### ၂။ ခဲယဉ်းကြပ်တည်းခြင်း - နှောက်ယှက်ဆီးတားခံရခြင်း (ဒုတိယဆင့်) ( ၇း၁-၅ )

ဤကျမ်းပိုဒ်၌ ရှင်ပေါလုက ပညတ်တော်များကြောင့် ကျနုပ်တို့ မည်သို့ သန့်ရှင်းနိုင်ကြမည်ကို ရှင်းပြခဲ့သည်။

က၊ ဝိညာဉ်ပကတိလူနှင့်ပညတ်တော် (၇း၁-၆)

၁. ဝိညာဉ်ပကတိလူနှင့် ပညတ်တော်များ ဆက်ဆံရေး -

က- သူသည် မုဆိုးမကဲ့သို့ ဖြစ်သည်။ လင်သေ၍ လွတ်လပ်သူဖြစ်သည်။(၇း၁-၃)

ခ- သူသည် သေသူကဲ့သို့ဖြစ်၍၊ သူ့ပြဿနာအခက်အခဲမှ လွတ်မြောက်သွားပြီးသူ ဖြစ်သည်။ (၇း၅)

၂. ဝိညာဉ်ပကတိလူနှင့် ကယ်တင်ရှင်ဆက်ဆံရေး -

က- သူသည် ခရစ်တော်အားဖြင့် ရှင်ပြန်ထားသူဖြစ်သည်။(၇း၄)

ခ- သူသည် ခရစ်တော်နှင့် ထိမ်းမြားထားသူ ဖြစ်သည်။(၇း၄)

ဂ- သူသည် ခရစ်တော်အားဖြင့် ရှင်သန် အသီးသီးမည့်သူ ဖြစ်သည်။(၇း၄)

ခ၊ ရိုးရိုးသဘာဝလူနှင့် ပညတ်တော် (၇း၇-၁၃)၊ ထိုသူသည် ပညတ်တော်ကြောင့် အပြစ် နှစ်ဆဖြစ်နေသူ ဖြစ်သည်။

၁. အပြစ်သားဖြစ်နေရသည် - အပြစ်သည် ပညတ်တရားကြောင့် ပို၍ အပြစ်သားဖြစ်စေသည်။

- *လောဘစိတ်မရှိစေနှင့်ဟု ပညတ်တရားမဆိုလျှင် လောဘသဘောကိုငါမသိ။ အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရ၍ ငါ၌ အမျိုးမျိုးသောလောဘတို့ကို ဖြစ်စေ၏။ ပညတ်တရားမရှိလျှင် အပြစ်တရားသေ၏ - (၇း၇-၈)*
- *အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရလျှင် ငါ့ကိုလှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကို သတ်လေ၏ - (၇း၁၁)*

၂. လမ်းလွဲနေမှုကို မြင်စေသည် - ဘုရားရှင်သည် ပညတ်တရားအားဖြင့် အပြစ်သားအား အပြစ်ရှိကြောင်းကို သိမြင်စေသည် (၇း၁၂-၁၃)။ ဇာတိပကတိလူသည် ပညတ်တရား၏ တရားစီရင်ခြင်း

ကိုခံရမည်။

၃. ကာယအသွေးအသား(ဇာတိပကတိ)လူနှင့် ပညတ်တော် (၇း၁၄–၂၅)

– *ပညတ်တရားသည် ဝိညာဉ်ပကတိနှင့် စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ငါမူကား ဇာတိပကတိရှိ၏။ အပြစ်တရားလက်၌ ကျေးကျွန်ဖြစ်၏ – (၇း၁၄)*

က– အနောက်ယုက်ခံရမှုတိုင်းသည် လူကို ပညတ်တရားလမ်းမှ ကာယအသွေးသား(ဇာတိပကတိ)လမ်းသို့ ပိုမို ပို့ဆောင်ပေးသည်။(၇း၁၈–၁၉)

ခ– မည်သည့် နှောက်ယုက်မှုကမှ လူကို ပညတ်တရားအောက်မှ ဝိညာဉ်ပကတိတရားအောက်သို့ မပို့ဆောင်ပေးပါ။

(၁) ရှင်ပေါလု၏ ပြဿနာ (၇း၂၂–၂၄)

– *ငါသည် ငြိုငြင်သောသူ ဖြစ်ပါသည်တကား။ ဤအသေကောင်မှ ငါ့ကို အဘယ်သူကယ်လွှတ်မည်နည်း – (၇း၂၄)*

(၂) ရှင်ပေါလုပြဿနာ၏ အဖြေ

– *ငါတို့သခင် ယေရှုခရစ်အားဖြင့် ကယ်လွှတ်တော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကြီးလှပေ၏ – (၇း၂၅)*

ဇာတိပကတိလူသည် ပညတ်တရား၏ အနိုင်ရမှုကို ခံရသည်။

## ၃။ ဆုလဒ် – – စောင့်ရှောက်ထိန်းသိမ်းခြင်း (တတိယအဆင့်)

ရှင်ပေါလုက အောက်ပါကဲ့သို့ ရှင်းပြခဲ့သည်။

အပြစ်သားသည် အဘယ်ကြောင့် ကယ်တင်ခြင်းကို လက်ခံဖို့လိုပါသနည်း?

အဖြေ – အပြစ် စီရင်ခံထားရမှုကြောင့် ဖြစ်သည်။

အပြစ်သား အဘယ်ကဲ့သို့ ကယ်တင်ခြင်းရနိုင်ပါသနည်း**?**

အဖြေ – ယုံကြည်လက်ခံပါက ဘုရားရှင်မှ ဖြောင့်မတ်သူအဖြစ် စာရင်းသွင်း ကယ်တင်မည် ဖြစ်သည်။

ယုံကြည်သူဖြစ်ပါက ဘာဖြစ်မည်နည်း**?**

အဖြေ – သန့်ရှင်းသူအဖြစ် အသိအမှတ်ပြု ခံရမည်ဖြစ်သည်။

ယုံကြည်သူသည် ခံစားရသောကယ်တင်ခြင်းကို မည်သို့ စိတ်ချနိုင်ပါမည်လား**?**

အဖြေကို (ရောမ ၈) ၌ တွေ့နိုင်သည်။ စိတ်ချနိုင်ပါသည် – အဘယ်ကြောင့်ဆိုသော် ယုံကြည်သူသည် ဘုရားရှင်၏ ထိန်းသိမ်းထားခံရသောကြောင့် ဖြစ်သည်။

က၊ ယုံကြည်သူသည် လူသစ်အနေအထားသို့ ရောက်ရှိသည်။(၈း၁၈)

၁. ယုံကြည်သူ၏ ဘုရားရှင်၏သားတော်နှင့်ပါတ်သက်သော အနေအထား – သူသည် ခရစ်တော်၌ရှိသူ ဖြစ်လာသည်။(၈း၁)

၂. ယုံကြည်သူ၏ ဘုရားရှင်၏ပညတ်တော်နှင့်ပါတ်သက်သော အနေအထား –
သူသည် ခရစ်တော်အားဖြင့် ပညတ်တော်ကို ပြည့်စုံစေသည်။(၈း၃–၄)
(ပညတ်ထားသော်လည်း ပြည့်စုံအောင်မကျင့်နိုင်ကြ၊ ယခင်က သန့်ရှင်းသော်ဝိညာဉ်တော်မရှိ၍ သွန်သင်မည့်သူမရှိဖြစ်ရာ ယခု သန့်ရှင်းသောဝိညာဉ်တော်ရှိ၍ သွန်သင်သဖြင့် ပညတ်တရားကို ပြည့်စုံအောင် ပိုလုပ်နိုင်ခဲ့သည်)

ခ၊ ယုံကြည်သူသည် မိတ်ဆွေအသစ်ကို ရရှိသည်။(၈း၉–၁၃)

– *သို့သော်လည်း ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင် သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။ ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင် – (၈း၉)*

ဂ၊ ယုံကြည်သူသည် မိသားစုအသစ်ကို ရရှိသည်။(၈း၁၄–၁၇)

၁. ကြောက်ရွံ့ခြင်းကင်းရ၍ အဖအဖြစ် တော်စပ်ခွင့်ရသည်။
"အဗ္ဗ အဘဟု ခေါ်ရသောအခွင့်" (၈း၁၅) အဗ္ဗ = အဖ

၂. ခရစ်တော်နှင့်အတူ အမွေခံခွင့်ရသည်။

– *သားမှန်လျှင်အမွေခံ၊ ဘုရားသခင်၏အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည်အကြောင်း ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကိုခံရလျှင် ထိုသခင်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်ကြ၏ – (၈း၁၇)*

၃. သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ အလင်းကိုရရှိသည်။(၈း၁၄၊ ၁၆)

က– ဝိညာဉ်တော်က ကျနုပ်တို့ကို လမ်းညွှန် ပဲ့ပြင် နှိုးဆော်မည်။

– *ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမ ပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သား ဖြစ်*

ကြ၏ – (ဧး၁၄)

ခ– ဝိညာဉ်တော်က ကျနုပ်တို့ကို စိတ်ချစေသည်။

– ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏ – (ဧး၁၆)

ဃ၊ ယုံကြည်သူသည် မျှော်လင့်ချက်အသစ်ကို ရရှိသည် (ဧး၁၈–၂၅)။ ဤမျှော်လင့်ချက်သည် အဆုံးစွန်း သောနေ့၌ ကယ်လွှတ်ချမ်းသာခြင်းအခွင့် ဖြစ်သည်။ အောက်ပါအချက်များ၌လည်း ပါဝင်သည်။

၁. ခရစ်ယာန်ကြုံတွေ့ရသည့် လောကီပြဿနာများ (ဧး၁၈၊ ၂၃)

– ငါတို့အား ပေါ်ထွန်းလတ့ံသောဘုန်းကို ထောက်သော် ယခုမျက်မှောက်ကာလ၌ခံရသော ဆင်းရဲဒုက္ခ ကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏ – (ဧး၁၈)

၂. ပြဿနာများ (ဧး၁၉–၂၂)

င၊ ယုံကြည်သူသည် ဆုတောင်းပေးသူအသစ်ကို ရရှိသည်။(ဧး၂၆–၂၇)

၁. ဆုတောင်းပေးသူ – သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင်။

၂. ဆုတောင်းပေးသူ လိုအပ်နေခြင်း

– ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏ – (ဧး၂၆)

(ကျနုပ်တို့ကို ဘုရားရှင်က နေမကောင်းပေးဖြစ်၏။ ကျနုပ်တို့က ပျောက်ရန် ဆုတောင်း၏။ ဘု ရားရှင်အလိုမရှိ၍ ဆုတောင်းတခြား အလိုတော်တခြား ဖြစ်နေသည်။ သန့်ရှင်းသောဝိညာဉ် တော်က အလိုတော်ကိုသိစွာ ကြားဝင်ဆုတောင်းပေးသည်)

၃. ဝိညာဉ်တော်သည် တတ်ကြွသောဆုတောင်းပေးသည်။

– ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မ တော်မူ၏ – (ဧး၂၆)

၄. ဝိညာဉ်တော်သည် လမ်းမှန်ဖြစ်အောင် ဆုတောင်းပေးသည်။

– စိတ်နှလုံးကို စစ်ကြောတော်မူသော သူသည်လည်း ဝိညာဉ်တော်၏စိတ်သဘောကို သိတော်မူ၏။ အ ကြောင်းမူကား ဝိညာဉ်တော်သည် သန့်ရှင်းသူတို့၏ ဆုတောင်းခြင်းအမှုကို ဘုရားသခင်၏အလိုတော် နှင့်အညီ စောင့်မတော်မူ၏ – (ဧး၂၇)

စ၊ ယုံကြည်သူသည် အသိဉာဏ်အသစ်ကို ရရှိသည်။

– ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏ – (ဧး၂၈)

ဆ၊ ယုံကြည်သူသည် ပန်းတိုင်အသစ်ကိုရရှိသည်။(ဧး၂၉–၃၉)

၁. ဤပန်းတိုင်၏ သဘောသဘာဝ

– သားတော်၏ပုံသဏ္ဍာန်နှင့် တညီတည်း ဖြစ်စေခြင်းငှါ – (ဧး၂၉)

၂. ထိုပန်းတိုင်သို့ရောက်ရန် လမ်းအဆင့်ဆင့် (ဧး၂၉–၃၀)

ပထမဆုံး ဘုရားရှင်သည် ယုံကြည်မည့်သူကို သိတော်မူသည်။ ခွဲခြားမှတ်သားထားသည်။ ခေါ် တော်မူသည်။ ဖြောင့်မတ်စေတော်မူသည်။ ချီးမြှောက်တော်မူသည်။

၃. ထိုပန်းတိုင်အပေါ် အာမခံထားချက်

(၁) မေးခွန်း = မည်သူသည် ခရစ်တော်၏ ကျနုပ်တို့အပေါ်ထားသော မေတ္တာကို ချေဖျက် ခွဲခြား နိုင်သနည်း ?

(၂) အဖြေ = မရှိပါ။ – ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူ ကွာစေမည်နည်း / အ ကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ် ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ့ံသော အရာဖြစ်စေ၊ အမြင့် ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင် ယေရှုခရစ်အားဖြင့်ခံရ သော ဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏ – (ဧး၃၅၊ ၃၈–၃၉)

(၃) သုံးသပ်ချက် – အဘယ်ကြောင့်ဆိုသော် ခရစ်တော်က အောက်ပါအချက်သုံးချက်ကို လုပ် ဆောင်ထားသောကြောင့် ဖြစ်သည်။

က– သူ သေခြင်းဖြင့် အာမခံပေးခဲ့သည်။(ဧး၃၂)

ခ– သူ ရှင်ပြန်ခြင်းအားဖြင့် အာမခံပေးခဲ့သည်။(ဧး၃၄)

ဂ– သူ ကောင်းကင်ဘုံတက်ကြွခြင်းဖြင့် အာမခံပေးခဲ့သည်။(ဧး၃၄)

## *ဣသရေလလူမျိုးတို့၏ ဘုရားဝတ်ကျောင်း –– ဘုရားရှင်၏ ဥာဏ်တော်*
## (ရှင်းလင်းဖွင့်ဆိုချက်နှင့် လုပ်ဆောင်ပြသခြင်း) (ရောမ ၉ – ၁၁ )

ရှင်ပေါလုသည် ဤကျမ်းပိုဒ်၌ မေးခွန်းနှစ်ခုအပေါ် အဖြေပေးခဲ့သည်။
ပထမမေးခွန်းမှာ – ယေရှုကိုငြင်းပယ်ခဲ့သော ဣသရေလတို့အပေါ် ဘုရားရှင်မည်ကဲ့သို့ သဘောထားသနည်း?
နှင့် ဒုတိယမေးခွန်းမှာ ဘုရားရှင်၏ အသင်းတော်အစီအစဉ်၌ ဣသရေလများ ပါဝင်နိုင်မည်လော? ဖြစ်သည်။

### ၁။ ဘုရားရှင်၏တန်ခိုးတော်နှင့် အတိတ်ကာလက ဣသရေလတို့၏ ရွေးကောက်ခံခဲ့ရမှု ( ၉ )

<u>က</u>၊ ဘုရားရှင် ဣသရေလတို့ကို ရွေးချယ်ခဲ့မှု အထောက်ထား ၉ ချက် (၉း၄–၅)
- ၁. သူတို့သည် ရွေးခံရသော ဣသရေလလူမျိုးဖြစ်သည်။
- ၂. သူတို့သည် ဘုရားရှင်၏ သားသမီးဖြစ်ခွင့်ရသည်။
- ၃. သူတို့သည် ဘုန်းအာနုဘော်ကို ရကြသည်။
- ၄. သူတို့သည် ပဋိညာဉ်တရားကို ရကြသည်။
- ၅. သူတို့သည် ပညတ်တရားကို ရကြသည်။
- ၆. သူတို့သည် ဘုရားရှင်ထံ ဆက်သွယ်ဝတ်ပြုခွင့် ရကြသည်။
- ၇. သူတို့သည် မေရှိပေါ်ထွန်းမည့် ဂတိတော်ကိုရကြသည်။
- ၈. သူတို့သည် အာဗြဟံ၊ မောရှေ၊ ဒါဝိဒ် စသော အမျိုးအနွယ် ဖြစ်ကြသည်။
- ၉. သူတို့သည် ခရစ်တော်၏လူမျိုး ဖြစ်ကြသည်။

<u>ခ</u>၊ ဘုရားရှင်ရွေးချယ်ခဲ့မှု၏ နမူနာ သာဓကသမိုင်းများ (၉း၆–၂၉)
- ၁. ဣရှမေလနှင့် ဣဇာက်၏ သာဓက (၉း၆–၉)၊ ဘုရားရှင်သည် အာဗြဟံနှင့်စာရာမှရသော သား ဣဇာက်ကို ရွေးချယ်ခဲ့သည်။ အာဗြဟံနှင့်ဟာဂရမှရသော ဣရှမေလကို မရွေးချယ်ခဲ့။
- ၂. ဧသောနှင့်ယာကုပ်၏ သာဓက (၉း၁၀–၁၃)၊ ဘုရားရှင်သည် ဣဇာက်၏သား အမွှာမှ ပထမ သား ဧသောကို မရွေးချယ်ဘဲ ယာကုပ်ကို ရွေးချယ်ခဲ့သည်။
- ၃. ဖါရောဘုရင်၏ သာဓက (၉း၁၄–၂၄)
  - က– ဖြစ်ပျက်မှု
    - (၁) ဘုရားရှင်သည် ဣသရေလတို့၏အပြစ်များကို ကျေးဇူးတော်အားဖြင့် ဖြေလွှတ်ရန် သတ်မှတ်ထားပြီး ဖြစ်သည်။(၉း၁၅–၁၆)
    - (၂) ဘုရားရှင်သည် ဖါရောဘုရင်ကို ခိုင်မာစေခြင်းအားဖြင့် မိမိတန်ခိုးတော်ကို ပြသရန် ထားခဲ့သည်။ သို့သော် သူ့အားဖျက်ဆီးရန် သတ်မှတ်ထားပြီး ဖြစ်သည်။(၉း၁၇)
  - ခ– ရှင်းလင်းချက် – ရှင်ပေါလုသည် အောက်ပါမေးခွန်းနှစ်ခုကို အဖြေပေးခဲ့သည်။
    - (၁) အထက်ပါဖြစ်ရပ်အားဖြင့် ဘုရားသခင်သည် တရားမျှတပါ၏လော ?
      ဟုတ်ကဲ့ – တရားမျှတပါ၏။(၉း၁၄–၂၁–၂၄)
      – *<u>သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း။ ဘုရားသခင်သည် မတရားသောအမှုကို ပြုတော်မူသလော။ ထိုသို့မပြောရ / အိုးထိန်းသမားသည် အိုးမြေကိုပိုင်သည်မဟုတ်လော။ အိုးမြေတပုံတည်းနှင့် အိုးမြတ်၊ အိုးယုတ်ကို လုပ်ပိုင်သည်မဟုတ်လော – (၉း၁၄–၂၁)</u>*
    - (၂) အထက်ပါဖြစ်ရပ်ကို လူက စောဒကတက်ပိုင်ခွင့် ရှိပါသလား ?
      မရှိပါ။(၉း၁၉–၂၀)
      – *<u>သို့ဖြစ်လျှင် ဘုရားသခင်သည် အဘယ်ကြောင့် အပြစ်တင်တော်မူသေးသနည်း။ အဘယ်သူသည် အလိုတော်ကို ဆီးတားဘူးသနည်းဟု ဆိုမည်လော။ ဘုရားသခင်ကိုငြင်းဆန်သောအချင်းလူ သင်သည်ကား အဘယ်သူနည်း။ လုပ်အပ်သောအရာသည် လုပ်တတ်သောသူအား အဘယ်ကြောင့် ငါ့ကို ဤသို့လုပ်သနည်းဟု ဆိုရမည်လော – (၉း၁၉–၂၀)</u>*
- ၄. ဟောရှေ၏ သာဓက (၉း၂၅–၂၆)
  – *<u>ဟောရှေ၏ကျမ်းစာ၌လာသည်ကား ငါ၏လူမဟုတ်သောသူကို ငါ၏လူဟူ၍ ငါခေါ်မည် – (၉း၂၅)</u>*
- ၅. ဟေရှာယ၏ သာဓက (၉း၂၇–၂၉)
  – *<u>ပရောဖက်ဟေရှာယသည်လည်း ဣသရေလအမျိုးကိုရည်မှတ်၍ ကြွေးကြော်သည်ကား ဣသရေလအ</u>*

*မျိုးသားတို့သည် သမုဒ္ဒရာသဲလုံးနှင့်အမျှ များသော်လည်း ကြွင်းသောသူတို့သာလျှင် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလိမ့်မည် – (၉း၂၇)*

ဂ၊ ဘုရားရှင်၏ ရွေးချယ်ခဲ့မှုနှင့်ပတ်သက်၍ ယူဆချက် ၂ ခု (၉း၃၀–၃၃)

၁. တပါးအမျိုးသားတို့သည် မရှာဘဲလျှက် ဖြောင့်မတ်ခြင်းတရားကို ယုံကြည်ခြင်းအားဖြင့် ရကြသည်။

၂. ဣသရေလတို့သည် ပညတ်တော်အားဖြင့် ရှာကြသောကြောင့် ဖြောင့်မတ်ခြင်းတရားကို မရရှိကြ။

## ၂။ ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရားနှင့် ဣသရေလတို့၏ လက်ရှိကာလ၌ ငြင်းဆန်မှု ( ၁၀ )

က၊ ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရားအတွက် ဆုတောင်းခြင်း (၉း၁–၃၊ ၁၀း၁–၂)၊ ဤ အခန်းကြီး ၉ နှင့် ၁၀ အစပိုင်း၌ ရှင်ပေါလုသည် ပူဆွေးညိုးငယ်စွာဖြင့် ဣသရေလများအတွက် ဆုတောင်းခဲ့သည်။

– *ငါ့ကိုယ်ကိုကိုယ်သိသောစိတ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်တကွ ငါ့ဘက်၌သက်သေခံလျက် ငါသည် မုသာမပါ၊ ခရစ်တော်ရှေ့၌ မှန်ကန်စွာပြောသည်ကား ငါသည် အလွန်ဝမ်းနည်းခြင်းရှိ၏။ စိတ်နှလုံးထဲ၌ မခြားမလပ် ပူပန်ခြင်းဝေဒနာရှိ၏။ အကြောင်းမူကား ဇာတိအားဖြင့် ငါ့အမျိုးသားခြင်းဖြစ်သော ငါ့ညီအကိုတို့အတွက် ငါသည် ကိုယ်တိုင် ခရစ်တော်နှင့်ခွါ၍ ကျိန်ခြင်းကိုခံချင်လောက်အောင် စိတ်ရှိ၏ – (၉း၁–၃)*

– *ညီအကိုတို့ ဣသရေလလူတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်စေခြင်းငှါ ငါ၏စေတနာ အလိုရှိ၍ ဘုရားသခင်ကို ဆုတောင်းလေ့ရှိ၏။ ထိုသူတို့သည် မှန်သောပညာမရှိသော်လည်း ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်ဟု သူတို့အဘို့ ငါသက်သေခံမည် – (၁၀း၁–၂)*

ခ၊ ဘုရားရှင်၏ ဖြောင့်မတ်ခြင်း၏အချုပ် – ယေရှုခရစ်ဖြစ်သည်။(၁၀း၄–၅)

– *ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏ – (၁၀း၄)*

ဂ၊ အလွယ်တကူရနိုင်သော ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရား (၁၀း၆–၈)

– *တဖန်ဆိုသည်ကား တရားတော်သည် သင်နှင့်နီး၏။ သင်၏နှုတ်၌၄င်း၊ သင်၏နှလုံး၌၄င်း ရှိသည်ဟုဆို၏။ ထိုသို့ဆိုသော် ငါတို့ဟောသော ယုံကြည်ခြင်းတရားကို ဆိုလိုသတည်း – (၁၀း၈)*

ဤအချက်သည် မှန်၏။ အဘယ်ကြောင့်ဆိုသော် အောက်ပါအဖြစ်ပျက် သာဓက ၂ ခုကြောင့် ဖြစ်သည်။

၁. ခရစ်တော် လူ့အဖြစ်ကို ယူခဲ့ခြင်းကြောင့် ဖြစ်သည်။(၁၀း၆)

၂. ခရစ်တော် ရှင်ပြန်ခဲ့ခြင်းကြောင့် ဖြစ်သည်။(၁၀း၇)

ဃ၊ ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရားကိုရနိုင်သော နည်းလမ်း (၁၀း၉–၁၀)

– *အဘယ်သို့နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီးဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည် – (၁၀း၉)*

င၊ ဘုရား၏ ဖြောင့်မတ်ခြင်းတရား၏ အကျိုးသက်ရောက်မှု

– *အကြောင်းမူကား ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့ – (၁၀း၁၃)*

စ၊ ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရား တာဝန်ပေးအပ်ခံရမှု (၁၀း၁၄–၁၅)

အောက်ပါအချက်သုံးချက်၌ ဘုရားရှင်သည် အဘယ်ကြောင့် ဟောပြောသူတို့ကို စေလွှတ်ရသည်ကို တွေ့နိုင်သည်။

၁. အပြစ်သားသည် ဘုရားရှင်ထံမှ ကယ်တင်ခြင်းဆုကို တောင်းခံလာရန်။

၂. သူသည် ယုံကြည်သူဖြစ်ပြီး ဆုတောင်းခွင့်ရရှိရန်။

၃. သူသည် သမ္မာကျမ်းစာကိုနားထောင်ပြီးမှ ယုံကြည်သူဖြစ်လာစေရန်။

ဆ၊ ဘုရားရှင်၏ ဖြောင့်မတ်ခြင်းတရား ပယ်ချခံရခြင်း (၁၀း၁၆–၂၁)

– *ဣသရေလလူတို့ကိုရည်မှတ်၍ တဖန်မိန့်တော်မူသည်ကား နားမထောင် ငြင်းဆန်တတ်သောလူမျိုးသို့ တနေ့လုံး ငါသည် လက်ဝါးကိုဖြန့်ရပြီဟု ဆိုသတည်း – (၁၀း၂၁)*

၁. ထိုပယ်ချခြင်းအပေါ် ဟေရှာယ ပရောဖက်ပြုထားမှု (၁၀း၁၆)

၂. ထိုပယ်ချခြင်းအပေါ် မောရှေ ပရောဖက်ပြုထားမှု (၁၀း၁၉)

## ၃။ ဘုရားရှင်၏ ဉာဏ်ပညာတော်နှင့် အနာဂါတ်၌ ဣသရေလများ ကျေးဇူးတော် ပြန်လည်ခံစားရမည့်အကြောင်း ( ၁၁ )

က၊ ကျေးဇူးတော် ပြန်လည်ခံစားရမည်မှာ အသေချာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဣသရေလလူမျိုးအားလုံးက ပယ်ချခြင်းမဟုတ်ပေ။(၁၁း၁–၂၅)

၁. ဣသရေလလူမျိုးတို့၏ အုပ်စုကွဲများ (၁၁း၁–၁၀)

က– လူနည်းစုအုပ်စု (၁၁း၁–၅)

– *ထိုနည်းတူ ယခုကာလတွင်ပင် ကျေးဇူးတော်အတိုင်း ရွေးကောက်တော်မူသော အကြွင်းအကျန်ရှိသေး၏ – (၁၁း၅)*

ရှင်ပေါလုရေးသားဖော်ပြထားသော ထိုအုပ်စု (၁၁း၁) နှင့်ဧလိယ (၁၁း၂–၄)

ခ– လူများစုအုပ်စု (၁၁း၆–၁၀)

– *သို့ဖြစ်လျှင် အဘယ်သို့နည်း။ ဣသရေလလူတို့သည် ရှာသောအရာကို မတွေ့ရကြ။ ရွေးကောက်တော်မူသောသူတို့သာ တွေ့ကြရ၏။ ကြွင်းသောသူတို့ကို မှောင်မိုက်ဖုံးလွှမ်း၏ – (၁၁း၇)*

ထိုအကြောင်းကို ဟေရှာယနှင့် ဒါဝိဒ်တို့ ပရောဖက်ပြုထားမှု ––

(၁) ဟေရှာယ (ရော ၁၁း၈၊ ဟေရှာ ၂၉း၁၀)

(၂) ဒါဝိဒ် (ရော ၁၁း၉၊ ဆာ ၆၉း၂၂–၂၃)

၂. တပါးအမျိုးသားတို့၏ ပြည့်စုံခြင်း(ဝင်ရောက်ခြင်း) (၁၁း၁၀–၂၅)

က– ထိုကာလအကြာအရှည်ကို ဖော်ပြခြင်း (တပါးအမျိုးသားကာလ အကြာအရှည်)

– *တပါးအမျိုးသားတို့သည် မိမိတို့အချိန်ကာလ မပြည့်စုံမှီတိုင်အောင် ယေရုရှလင်မြို့ကို ခြေနင်းကြလိမ့်မည် – (လု ၂၁း၂၄)*

(၁) ပြည့်စုံခြင်း (ဝင်ရောက်ခြင်း)၊ ဤတပါးအမျိုးသား ပြည့်စုံခြင်းကာလ အကြာအရှည်မှာ ခရစ်တော် အသင်းတော်ကိုတည်ထောင်ချိန် (မ ၁၆း၁၈) မှစ၍ အသင်းတော် ချီဆောင်ခံရချိန် (၁သက် ၄း၁၃–၁၈) ထိ ဖြစ်လေသည်။(တ ၁၅း၁၄၊ ရော ၁၁း၁၁–၂၅)

ဣသရေလများ မနာလိုစေရန် ဖြစ်သည်။(၁၁း၁၄)

သံလွင်အရိုင်းပင် (တပါးအမျိုးသားများဝင်လာမည်) (၁၁း၁၇)

(ယနေ့ ဣသရေလလူနည်းစုသာ ယုံကြည်၍ လူအများစုမှာ မယုံကြည်ကြပေ)(၁၁း၂၅)

(၂) အချိန်ကာလများ – ဤတပါးအမျိုးသားကာလ အကြာအရှည်မှာ ဗါဗုလုန်ဖျက်ဆီး၍ ဘုရင်ပျောက်ရသောအချိန်မှ ခရစ်တော် မိလေနီလနှစ် ၁၀၀၀ တွင် ဘုရင်အဖြစ် လာအုပ်ချုပ်မည့်အချိန်ထိ ဖြစ်သည်။(လု ၂၁း၂၄)

ခ– ထိုကာလအကြာအရှည်၏ အသေးစိတ်

(၁) အချက်အလက်များ – ရှင်ပေါလုက ဥပမာလေးခု ဖော်ပြခဲ့သည်။

က– သံလွင်ပင် = အာဗြဟံယုံကြည်ခြင်း၏ သင်္ကေတ (၁၁း၁၆–၁၈)

ခ– သံလွင်ခက်အချို့ကျိုးပဲ့ခြင်း = ဣသရေလများ မယုံကြည်ကြခြင်း (၁၁း၁၇)

ဂ– သံလွင်ရိုင်းပင်များ၏ ရှင်သန်လာခြင်း = တပါးအမျိုးသားများ ယုံကြည်လာကြခြင်း (၁၁း၁၇၊ ၁၉) (ယခုအချိန်ကာလ)

ဃ– မူလသံလွင်ပင် ပြန်ရှင်သန်ခြင်း = ဣသရေလများ ယုံကြည်လာကြခြင်း (အနာဂါတ်၌ ဖြစ်သည်) (၁၁း၂၃–၂၄)

(၂) သတိမူရန်အချက်

က– ထိုဥပမာအားဖြင့် အသင်းတော်သည် ဣသရေလတို့၏နေရာကို ဝင်ယူသည်ဟု မယူဆသင့်ပေ။(၁၁း၁၈)

"သင်(တပါးအမျိုးသား)သည် အမြစ်(ဣသရေလ)ကိုမဆောင်၊ အမြစ်(ဣသရေလ)သည် သင့်(တပါးအမျိုးသား)ကိုဆောင်၏" (၁၁း၁၈)

ခ– ထိုဥပမာအားဖြင့် ကယ်တင်ခြင်းခံထားရမှုသည် တနေ့ ပျောက်ကွယ်သွားမည်ဟု မယူဆသင့်ပေ။

(၃) အနာဂါတ်

က– ဣသရေလတို့၏ မယုံကြည်မှု (လက်ရှိအချိန်)အားဖြင့် တပါးအမျိုးသားများ အထူးသဖြင့် ကယ်တင်ခြင်းရခဲ့သည်။(၁၁း၁၂)

ခ– ဣသရေလများ ပြန်လည်ယုံကြည်မှုသည် တကမ္ဘာလုံးအတိုင်းအတာဖြင့် ကယ်တင်ခြင်းရရှိမှု ဖြစ်စေသည်။(၁၁း၁၅)

– *ထိုသူတို့ကို ပယ်တော်မူခြင်းအရာသည် လောကီသားတို့၏ မိဿဟာယဖွဲ့ခြင်းအကြောင်းဖြစ်လျှင် သူတို့ကို သိမ်းဆည်းတော်မူခြင်းအရာသည် သေခြင်းမှ ထမြောက်ရှင်ပြန်ခြင်းကဲ့သို့ ဖြစ်လိမ့်မည်မဟုတ်လော – (၁၁း၁၅)*

ခ၊ ဣသရေလများ ကျေးဇူးတော် ပြန်လည်ခံစားရမည်မှာ အသေအချာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဣသရေလများ အမြဲတမ်းပယ်ချနေမည် မဟုတ်သောကြောင့် ဖြစ်သည်။(၁၁း၂၆–၃၆)

၁. ဘုရားရှင်၏ ဣသရေလ (၁၁း၂၆–၃၂)

က– သူတို့သည် ခရစ်တော်အားဖြင့် ပြန်လည်၍ ကျေးဇူးတော်ခံစားရမည်။(၁၁း၂၆)

ခ– သူတို့သည် ပဋိညာဉ်တရား၏ ဂတိတော်အားဖြင့် ကျေးဇူးတော် ပြန်လည်ခံစားရမည်။(၁၁း၁၇)

၂. ဣသရေလတို့၏ ဘုရားရှင် (၁၁း၃၃–၃၆)

## *ဘုရားရှင်၏ ဗိမာန်တော် – ဘုရားရှင်၏အလိုတော်*
## (ပြောင်းလဲခြင်းနှင့် သတိပေးနှိုးဆော်ခြင်း) ( ရောမ ၁၂ – ၁၆ )

### ၁။ သန့်ရှင်းသူ (ယုံကြည်သူ)များအားလုံး မိမိကိုယ်ကို တာဝန်ယူထိန်းသိမ်းရမည့် အချက်များ ( ၁၂း၁ – ၁၅း၁၃ )

က၊ ယုံကြည်သူကိုယ်တိုင် (၁၂း၁–၃)

၁. ပူဇော်ရမည့်အရာ = ကိုယ်ခန္ဓာကို ပူဇော်ရမည်။(၁၂း၁)

၂. ရှောင်ရမည့်အရာ = လောကီပုံသဏ္ဍာန် (၁၂း၂ က)

၃. ဆောင်ရမည့်အရာ = ကောင်းသောပုံသဏ္ဍာန် (၁၂း၂ ခ)

ခ၊ ယုံကြည်သူနှင့် လုပ်ကိုင်ဆောင်ရွက်မှုများ (၁၂း၄–၂၁)

၁. ခရစ်ယာန်တို့၏ အစွမ်းအစနှင့် လုပ်ကိုင်ဆောင်ရွက်မှု –– ဝိညာဉ်ဆုကျေးဇူး ၇ မျိုး ပေးထားသည်။(၁၂း၄–၈)

က– ပရောဖက်ပြုခြင်း (၁၂း၆) (နှစ်မျိုးအနက် တမျိုးကျန်သေးသည်)

ခ– ဓမ္မအမှုဆောင်ခြင်း (၁၂း၇)

ဂ– ဆုံးမသြဝါဒပေးခြင်း (၁၂း၇)

ဃ– နှိုးဆော်တိုက်တွန်းခြင်း (၁၂း၈)

င– ပေးကမ်းစွန့်ကြဲခြင်း (၁၂း၈)

စ– အုပ်ချုပ်စီမံခြင်း (၁၂း၈)

ဆ– သနားမစခြင်း (၁၂း၈)

၂. အမှုဆောင်ရာ၌ ကိုင်စွဲရမည့်နည်းလမ်းများ – သန့်ရှင်းသောဝိညာဉ်တော်က ၂၄ မျိုး ဥပဒေ ချထားပေးသည်။(၁၂း၉–၂၁)

– *မေတ္တာစိတ်သည် လျို့ဝှက်ခြင်းနှင့် ကင်းစေလော့။ ဆိုးညစ်သောအမှုကို စက်ဆုပ်ရွံရှာကြလော့။ ကောင်းမွန်သောအမှု၌ မှီဝဲဆည်းကပ်ကြလော့ – (၁၂း၉)*

က– ညီအကို မိတ်ဆွေအပေါ် ဆက်ဆံရမည့်နည်းလမ်း (၁၂း၁၀၊ ၁၃–၁၅)

ခ– ရန်သူအပေါ် ဆက်ဆံရမည့်နည်းလမ်း (၁၂း၁၄၊ ၁၇၊ ၂၁) (မီးခဲပုံထားခြင်း – အကောင်းပြုခြင်း / ဣသရေလနိုင်ငံ)

ဂ၊ ယုံကြည်သူနှင့် အုပ်ချုပ်သူအစိုးရများ (၁၃း၁–၁၄)

၁. ယုံကြည်သူ လုပ်နေသည့် အမှုကိစ္စ

က– ယုံကြည်သူသည် တိုင်းပြည်ကို အုပ်ချုပ်ထိန်းသိမ်းနေသူများကို အသိမှတ်ပြုရမည်။(၁၃း၁–၇)

ခ– ယုံကြည်သူတို့သည် တိုင်းပြည်၌ အေးဆေးငြိမ်သက်စွာ နေရမည်။(၁၃း၈–၁၀)

၂. အထက်ပါကဲ့သို့ ကောင်းမွန်စွာနေရခြင်း၏ အကြောင်းအရင်း

– *ထိုမှတပါး ငါတို့ကိုကယ်တင်သော ကျေးဇူးတော်သည် ငါတို့ယုံကြည်သောနေ့ရက်၌ နီးသည်ထက် ယ*

*ခုသာ၍နီးသောကြောင့်၎င်း၊ ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လာသောကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသောအချိန်ရောက်ခဲ့ပြီဟု ငါတို့သည်သိ၍ ကာလအချိန်ကိုထောက်လျက် မှောင်မိုက်၏အကျင့်ကိုပယ်ရှား၍ အလင်း၏ လက်နက်စုံကို ဝတ်ဆင် ဆောင်ရွက်ကြကုန်အံ့ – (၁၃း၁၁–၁၂)*

ဃ၊ ယုံကြည်သူနှင့် အားနည်းသောခရစ်ယာန် (၁၄း၁–၂၃)

၁. အောက်ပါအချက်တို့၌ ခရစ်ယာန်တို့သည် အချင်းချင်း တရားမစီရင်သင့်ပေ။

 က– ကျုနုပ်တို့သည် သူ၏ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စအပေါ် တရားမစီရင်သင့်ပေ။

(၁) အစားအသောက်ကိစ္စ၌ တရားမစီရင်သင့် (၁၄း၂–၃)

(၂) နေ့ရက်များကိစ္စ၌ တရားမစီရင်သင့် (၁၄း၅–၆)

ခ– ကျုနုပ်တို့သည် မိမိတို့ရရှိထားသော လွတ်လပ်မှုကို အမှားအယွင်း၌ အသုံးမချသင့်ပေ။ (၁၄း၁၃–၂၃)

၂. ခရစ်ယာန်တို့သည် တနေ့တွင် ကောင်းကင်ဘုံ၌ တရားပလ္လင်ရှေ့ ရောက်ရမည်။(၁၄း၁၀–၁၂)

င၊ ယုံကြည်သူနှင့် ကယ်တင်ရှင် (၁၅း၁–၁၃)၊ ခရစ်တော် မြေပြင်သက်တာ၌ လုပ်ဆောင်ခဲ့မှုသည် ခရစ်ယာန်များအတွက် နမူနာကောင်းဖြစ်စေသည်။(၁ပေ ၂း၂၁–၂၅)

၁. အပူဇော်ခံ၍ အမှုဆောင်ခဲ့သည်။

– *ခရစ်တော်သည် ကိုယ်အလိုသို့မလိုက် – (၁၅း၃ က)*

၂. ဝေဒနာခံ၍ အမှုဆောင်ခဲ့သည်။(၁၅း၃ ခ)

၃. အကျိုးဝေမျှ၍ အမှုဆောင်ခဲ့သည်။(၁၅း၁၊ ၇)

၄. စေ့စပ်သေချာစွာ အမှုတော်ဆောင်ခဲ့သည်။(၁၅း၈–၁၃)

က– ဣသရေလများအပေါ်သို့ (၁၅း၈)

ခ– တပါးအမျိုးသားများအပေါ်သို့ (၁၅း၉)

## ၂။ ရောမမြို့ရှိခရစ်ယာန်များသို့ ကိုယ်ရေးကိုယ်တာသဘော မှတ်ချက်များ ( ၁၅း၁၄ –၁၆း၆၇ )

က၊ အတိတ်ကာလကို ရှင်ပေါလုသုံးသပ်ခြင်း (၁၅း၁၄–၂၁)

၁. သူ၏ အထူး ဓမ္မအမှုတော်ဆောင်မှုနှင့်ပါတ်သက်၍ ဖော်ပြချက် (၁၅း၁၄–၂၁)

၂. သူ၏ အံ့ဩဘွယ်ခံစားရသော နိမိတ်လက္ခဏာနှင့်ပါတ်သက်၍ ဖော်ပြချက် (၁၅း၁၉ က)

၃. သူ၏ သာသနာပြုခရီးစဉ်နှင့်ပါတ်သက်၍ ဖော်ပြချက် (၁၅း၁၉ ခ)

၄. သူကျင့်သုံးသော နည်းလမ်းနှင့်ပါတ်သက်၍ ဖော်ပြချက် (၁၅း၂၀)

ခ၊ အနာဂါတ်ကာလကို ရှင်ပေါလုသုံးသပ်ခြင်း

၁. သူသည် နောက်ဆုံးသောနေ့များ၌ ရောမအသင်းတော်များဆီသို့ သွားလည်ပတ်ရန် သံမိဋ္ဌါန်ချထားသည်။ (စပိန်ပြည်မှတဆင့် ဖြစ်နိုင်သည်) – (၁၅း၂၂–၂၄၊ ၂၈–၂၉)

၂. သူ ယေရုရှလင်မြို့သို့ သွားမည့်ကိစ္စအတွက် သူ့အားဆုတောင်းပေးပါရန် တောင်းခံခဲ့သည်။ (၁၅း၂၅–၂၇၊ ၃၀–၃၂)

က– သူတို့၏ဆုတောင်းမှုကို တောင်းဆိုချက်

– *ညီအကိုတို့ သင်တို့သည် ငါနှင့်အတူ ကြိုးစားအားထုတ်၍ ငါ့အဘို့အလိုငှါ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြလော့ဟု ငါတို့သခင်ယေရှုခရစ်နှင့် ဝိညဉ်တော်၏ မေတ္တာကရုဏာကို အကြောင်းပြု၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပါ၏ – (၁၅း၃၁ ခ)*

ခ– ဆုတောင်းမှု တောင်းဆိုရခြင်း၏ အကြောင်းရင်း

– *ငါသည် ဘုရားသခင်၏အလိုတော်အတိုင်း ဝမ်းမြောက်သောစိတ်နှင့် သင်တို့ရှိရာသို့ရောက်၍ သင်တို့နှင့်အတူ သက်သာခြင်းကို ခံစားလိုသောငှါ ယုဒပြည်၌ ငြင်းဆန်သောသူတို့လက်မှ ငါလွတ်မည့်အကြောင်း၊ ယေရုရှလင်မြို့အား ငါလုပ်ကျွေးခြင်းအမှုကို သန့်ရှင်းသူတို့သည် နှစ်သက်မည့်အကြောင်း – (၁၅း၃၀–၃၁ က)*

၃. သူ၏ ရောမမြို့မှမိတ်ဆွေများသို့ နှုတ်ခွန်းဆက်မှု

က– လူ ၃ ဦးသို့ အထူးနှုတ်ဆက်ခြင်း (၁၆း၁–၃)

ခ– လူ ၂၅ ဦးသို့ နှုတ်ဆက်ခြင်း (၁၆း၄–၁၆)

၄. သင်းခွဲဆန့်ကျင်သူများကိစ္စ သတိပေးခြင်း (၁၆း၁၇–၁၈)

၅. စာတန်ပျက်စီးမည့်အကြောင်း ကြေညာခြင်း (၁၆း၂၀)

၆. သူ၏ နောက်ဆုံး ဘုရားရှင်ကို ဂုဏ်ပြုချီးမွမ်းခြင်း

– *ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့အပေါင်း၌ရှိစေသတည်း၊ အာမင်။ ရေးကပ်ကာ လပတ်လုံး ဝှက်ထားပြီးလျှင် ယခုမှာ ထင်ရှားသည်ဖြစ်၍ လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်ကြမည်အကြောင်း ပရောဖက်တို့၏ ကျမ်းစာလာသည်နှင့်အညီ ထာဝရဘုရားသခင်၏ ပညတ်တော်အတိုင်း ထိုသူတို့အားဘော်ပြရသော နက်နဲရာကို ဖွင့်ထားခြင်း ကျေးဇူးတော်နှင့်လျော်စွာ ငါဟောသောဧဝံဂေလိတရားတည်းဟူသော ယေရှုခရစ်၏အကြောင်းကို ဟောပြောခြင်းအားဖြင့် သင်တို့ကို မြဲမြံခိုင်ခံ့စေခြင်းငှါ တတ်နိုင်တော်မူသောအရှင် တဆူတည်းသာလျှင် ပညာနှင့်ပြည့်စုံတော်မူသော ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း၊ အာမင်။ – (ဝဖ်း၂၄–၂၇)*

# ကောရိန္သုဩဝါဒစာ (ပထမစောင်)

ပေါလုသည် ကောရိန္သုမြို့၌ ၁၈ လကြာ ဒေသနာတော် ဟောပြောခဲ့ဘူး၍ ထိုမြို့၌ အသင်းတော်ကို တည်ထောင်ခဲ့သည်။ ထို့ပြင် ထိုမြို့သို့လည်း ၃ ကြိမ်ခန့် သွားရောက်လည်ပတ် တွေ့ဆုံခဲ့သေးသည် (၂ကော ၁၃း၁)။ ကောရိန္သုဩဝါဒစာပထမစောင်ကို ရှင်ပေါလုသည် ဧဖက်မြို့မှ (**AD** ၅၇ – ၅၅) ပင်တေကုတ္တေပွဲနေ့ မတိုင်မီတွင် ရေးခဲ့ခြင်းဖြစ်သည်။(၁၆း၈)

ကောရိန္သုမြို့သည် ဂရိနိုင်ငံ အေသင်မြို့အနောက်ဖက် မိုင် ၅၀ ခန့်အကွာတွင် တည်ရှိ၍ ထိုအချိန်က လူဦးရေ ၄၀၀,၀၀၀ ခန့်ရှိသောမြို့ဖြစ်ကာ ရောမအင်ပါယာ၏ စတုတ္ထမြောက် အကြီးဆုံးမြို့ဖြစ်သည်။ ရုပ်တုဆင်းတုကိုးကွယ်သော ဗဟိုအချက်အချာကျသည့်မြို့ ဖြစ်သည်။ ပေါလုသည် ကောရိန္သုမြို့၌ အသင်းတော်တည်ထောင်ပြီးနောက် ဧဖက်မြို့သို့သွားကာ ထိုမြို့၌ ၂ နှစ် ၃ နှစ်ခန့် နေထိုင်ခဲ့သည်။ ထိုအတောအတွင်းတွင် ကောရိန္သုမြို့အသင်းတော်မှ လူကြီးအချို့သည် ပေါလုရှိရာသို့ လာရောက်လည်ပတ်ရင်း ကောရိန္သုအသင်းတော်၏ ဝိညာဉ်ရေးရာအခြေအနေ ကျဆင်းမှုများကို ပေါလုအား ပြောပြခဲ့ရာမှ ဤဩဝါဒစာကို ရေးရခြင်းဖြစ်သည်။

ဤဩဝါဒစာ၌ အဓိကအားဖြင့် ခရစ်ယာန်အသက်တာ၏ ပြဿနာများ၊ ဒေသန္တရအသင်းတော် ကွဲပြခြင်း၊ တရားစီရင်ခြင်း၊ နတ်ပူဇော်အစာကို စားခြင်း၊ အောက်မေ့ဘွယ်မုန့်ဖဲ့ခြင်း၊ မှားယွင်းစွာသွန်သင်သူ၊ အိမ်ထောင်ပြုခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း၊ အမျိုးမျိုးသောဘာသာစကားပြဿနာ၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်း စသည်တို့ပါဝင်သည်။

ကောရိန္သုဩဝါဒစာ၌ အရေးကြီးသောသွန်သင်ချက် ၃ ခုပါဝင်သည်။ ၎င်းတို့မှာ –

၁. သမ္မာကျမ်းစာသည် ဘုရားရှင်ထံမှလာကြောင်း သွန်သင်ချက်၊

၂. ချစ်ခြင်းမေတ္တာနှင့်ပါတ်သက်သော သွန်သင်ချက်၊

၃. ရှင်ပြန်ထမြောက်ခြင်းကိစ္စနှင့်ပါတ်သက်သော သွန်သင်ချက် စသည်တို့ဖြစ်သည်။

## ပထမပိုင်း – ကောရိန္သုအသင်းတော်၏ ဖေါက်ပြန်မှားယွင်းမှု ၇ ချက် ( ၁ကော ၁ – ၆ )

### နိဒါန်း ( ၁း၁–၉ )

၁။ ပထမ မှားယွင်းဖောက်ပြန်ချက် – သူတို့သည် လူခေါင်းဆောင်များနောက် လိုက်ကြသည်။ ( ၁း၁၀–၁၇ )

က၊ ခေါင်းဆောင်မှုနှင့်ပါတ်သက်၍ သဘောမပေါက်မှု

- *သင်တို့က ငါသည် ပေါလုတပည့်ဖြစ်၏။ ငါသည် အာပေါလုတပည့်ဖြစ်၏။ ငါသည် ကေဖတပည့်ဖြစ်၏။ ငါသည် ခရစ်တော်တပည့်ဖြစ်၏ဟု အသီးသီးပြောကြသောကြောင့် ငါဆိုရ၏ – (၁း၁၂)*

ခ၊ ၎င်းတို့၏ ရှုပ်သွပ်မိုက်ကန်းမှုနှင့် ပါတ်သက်၍

- *ခရစ်တော်သည် ကွဲပြားသလော။ ပေါလုသည် သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံပြီလော။ သို့မဟုတ် သင်တို့သည် ပေါလု၏နာမ၌ ဗတ္တိဇံကိုခံကြပြီလော / ဗတ္တိဇံကိုပေးစေခြင်းငှါ ခရစ်တော်သည် ငါ့ကိုစေလွှတ်တော်မူသည်မဟုတ်။ ဧဝံဂေလိတရားကိုဟောစေခြင်းငှါ စေလွှတ်တော်မူ၏။ သို့သော်လည်း ခရစ်တော်၏ လက်ဝါးကပ်တိုင်ကို အချည်းနှီးမဖြစ်စေခြင်းငှါ နှုတ်ပညာကို အခွင့်မပေးဘဲ နေတော်မူ၏ – (၁း၁၃၊ ၁၇)*

## ၂။ ဒုတိယ မှားယွင်းဖောက်ပြန်ချက် – သူတို့သည် လောကီဥာဏ်ပညာကို အထင်ကြီးလိုက်စား ရှာဖွေတတ်ကြသည်။ ( ၁း၁၈–၂း၁၃ )

၁း၁၈–၃၁ ၌ ရှင်ပေါလုသည် မှားယွင်းသောလောကီပညာ (ကောရိန္တုခရစ်ယာန်များ အထင်ကြီးရယူလိုနေသည့်ပညာ ထိုသူတို့၌ မရှိပေ ၁း၂၆)နှင့် ခရစ်တော်နှင့် ကားတိုင်အပေါ်ဗဟိုပြုသော ပညာ၏ ကွဲပြားခြားနားပုံကို ထင်ရှားစွာ ဖော်ပြခဲ့သည်။

က၊ ဘုရားရှင်၏ဥာဏ်ပညာအပေါ် တုံ့ပြန်ကြမှုများ

၁. ဤအလုပ်သည် အရူးအလုပ်ဖြစ်သည်။(မယုံကြည်သူများ၏ တုံ့ပြန်မှု) (၁း၁၈ က)

၂. ဤအလုပ်သည် ဘုရားရှင်၏ကျွန်တို့ကို အမျိုးမျိုးလုပ်ပေးနိုင်သော တန်ခိုး ဖြစ်သည်။(ယုံကြည်သူများ၏ တုံ့ပြန်မှု) (၁း၁၈ ခ)

ခ၊ ဘုရားရှင်ဥာဏ်ပညာ၏ အကျိုးသက်ရောက်မှုများ

၁. ဣသရေလများအတွက် နိမိတ်လက္ခဏာကို တောင်းကြသည်။ အဆီးအတားဖြစ်ကြသည်။ (၁း၂၂–၂၃)

၂. ဟေလသ(ဂရိ)များအတွက် လောကီပညာကို တောင်းကြသည်။ မိုက်မဲသူဖြစ်ကြသည်။(၁း၂၂–၂၃)

၃. ယုံကြည်သူများအတွက် မည်သည့်တောင်းဆိုမှုမှ မရှိ။ သန့်ရှင်းသူဖြစ်ကြသည်။

- *ထိုသခင်မူကား ဘုရားသခင် စီရင်တော်မူသည်အတိုင်း ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်း ဖြစ်တော်မူ၏ – (၁း၃၀)*

ဂ၊ ဘုရားရှင်ဥာဏ်ပညာ၏ အကြောင်းအရင်း(လောကပညာသည်များကို ဆုံးမရန်၊ သူတို့ပညာထက် အဖိုးတန်ကြောင်း ပြသရန်)

- *ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှါ လောကီအရာ၌ မိုက်မဲသောသူတို့ကို ရွေးကောက်တော်မူ၏။ အစွမ်းသတ္တိရှိသောသူတို့ကို ရှက်ကြောက်စေခြင်းငှါ လောကီအရာ၌ အားနည်းသောသူတို့ကို ရွေးကောက်တော်မူ၏။ မြတ်သောသူတို့ကို ရှက်ကြောက်စေခြင်းငှါ လောကီအရာ၌ ဆင်းရဲသောသူ၊ မရေရာသောသူ၊ ယုတ်သောသူတို့ကို ရွေးကောက်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်ရှေ့၌ အဘယ်သူမျှ ဝါကြွားစရာအကြောင်းမရှိ – (၁း၂၇–၂၉)*

ဃ၊ ဘုရားရှင်၏ဥာဏ်ပညာကို ဆန်းစစ်လေ့လာခြင်း (၂း၁–၁၃)

ဤကျမ်းပိုဒ်၌ ရှင်ပေါလုသည် အတိတ်ကာလက မိမိ ကောရိန္တုမြို့သို့ရောက်လာ၍ အသင်းတော်တည်ထောင်ခဲ့ချိန်ကို ပြန်လည်ဖေါ်ထုတ် ဆန်းစစ်ပြခဲ့သည်။ သူက –

၁. ကားတိုင်တရားတော်သည် ဤလောကမှ လာခြင်းမဟုတ်။(၂း၁–၆)

၂. ကားတိုင်တရားတော်သည် ဤကမ္ဘာမတည်မီကပင် ပြင်ဆင်ထားသော တရားဖြစ်သည်။(၂း၇)

၃. ကားတိုင်တရားတော်သည် ဤကမ္ဘာသို့ အမွေဖြစ်သည်။(၂း၉–၁၃)

က– မယုံကြည်သူများအတွက် ရှာမတွေ့နိုင်သော ဝှက်ထားသည့်အရာဖြစ်သည်။(၂း၉)

ခ– ယုံကြည်သူများအတွက် အမွေဖြစ်သည်။(၂း၁၀)

## ၃။ တတိယ မှားယွင်းဖောက်ပြန်ချက် – သူတို့သည် ဇာတိပကတိ၌ နစ်မွန်းနေကြသည်။ ( ၂း၁၄ – ၃း၇ )

ဤကျမ်းပိုဒ်၌ ရှင်ပေါလုက လူသားများအားလုံး၌ရှိသော အမျိုးအစား ၃ မျိုးကို ခွဲခြားပြသည်။ ၎င်းတို့မှာ –

က၊ သေနေသူ (ရိုးရိုးလူသား) (၂း၁၄)၊ စာတန်မှ ကြိုးကိုင်နေသည်။

ခ၊ ကလေးငယ် (ခရစ်ယာန်ပေါက်စ–သို့–နှစ်ကြာသော်လည်း မတိုးတက်သူ) (၃း၁–၄)၊ ဇာတိပကတိက ကြီးကိုင်နေသေးသည်။(စာတန် လုံးဝကြီးကိုင်သည်ဟု မဆိုလိုပါ / ကောရိန္တုအသင်းတော်ကဲ့သို့)
ဂ၊ အောင်မြင်သူ (ဝိညာဉ်ပကတိ လူသား) (၂း၁၅)၊ ဝိညာဉ်တော်က ကြီးကိုင်ထားသည်။

## ၄။ စတုတ္ထ မှားယွင်းဖေါက်ပြန်ချက် – သူတို့သည် အနာဂါတ်၌ တရားစီရင်ခံရခြင်း ကိစ္စကို မေ့လျော့နေကြသည်။ ( ၂း၁၄ – ၃း၇ )

– *လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည် –(၃း၁၃ ခ)*

က၊ ထိုတရားစီရင်ခြင်း၏ အနက်အဓိပ္ပါယ် = ရှင်ပေါလုဖေါ်ပြခဲ့သော ခရစ်တော်၏ တရားပလ္လင်ရှေ့မှောက်တွင် စီရင်ခံရခြင်းကိုဆိုလိုသည်။
- *ငါတို့ရှိသမျှသည် ခရစ်တော်၏ တရားပလ္လင်တော်ရှေ့သို့ ရောက်ရကြမည် – (ရော ၁၄း၁၀ ခ)*
- *အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့် ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကို အသီးသီးခံခြင်းငှါ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည် – (၂ကော ၅း၁၀)*

ခ၊ ထိုတရားစီရင်ခြင်းကို ခံရမည့်သူများ = ယုံကြည်သူများသာ (၂ကော ၅း၁၀)
ဂ၊ ထိုတရားစီရင်ခြင်း၏ ရည်ရွယ်ချက် (၁ကော ၃း၁၃–၁၅) = ကျနုပ်တို့ ခရစ်ယန်သက်တာအတွင်း လုပ်ခဲ့သမျှကို စစ်ဆေး ဆုပေးရန်။
ဃ၊ ထိုတရားစီရင်ပွဲ၌ ရှိမည့် ရုပ်ဝတ္ထုပစ္စည်းများ (၃း၁၀–၁၂)
င၊ ထိုတရားစီရင်ပွဲ၌ စီရင်မည့်နည်းလမ်း –
- *အသီးအသီး လုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား ဘော်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည် – (၃း၁၃)*

စ၊ ထိုတရားစီရင်ပွဲမှ အကျိုးအာနိသင်များ –
- *ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍တည်ဆောက်သော အကြင်သူ၏အလုပ်သည် မြဲ၏၊ ထိုသူသည် အကျိုးကို ခံရလိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏၊ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ ကယ်တင်ခြင်းသို့ရောက်လိမ့်မည် – (၃း၁၄–၁၅)*

ဆ၊ ထိုတရားစီရင်ပွဲအတွက် ဆုံမသတိပေးစကား –
- *သင်တို့သည် ဘုရားသခင်၏ဗိမာန်တော် ဖြစ်ကြသည်ကိုင်၄း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကျိန်းဝပ်တော်မူသည်ကို၄င်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကို ဖျက်ဆီး၏၊ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏ / ထိုသို့ဖြစ်လျှင် အဘယ်သူမျှ လူတို့၌ ဝါကြွားခြင်းမရှိစေနှင့်။ ခပ်သိမ်းသောအရာတို့သည် သင်တို့အဘို့ဖြစ်ကြ၏ / သင်တို့သည်လည်း ခရစ်တော်အဘို့ ဖြစ်ကြ၏။ ခရစ်တော်သည်လည်း ဘုရားသခင်အဘို့ ဖြစ်တော်မူ၏ – (၃း၁၆–၁၇၊ ၂၁၊ ၂၃)*

## ၅။ ပဥ္စမ မှားယွင်းဖေါက်ပြန်ချက် – သူတို့သည် သူတို့ကိုယ်ကို အထင်ကြီး မြှောက်ပင့်တတ်ကြသည်။ ( ၄း၁–၂၁ )

က၊ သူတို့၏ ပြဿနာ ၂ ခု
၁. သူတို့သည် လူတစုံတယောက်ကို အထင်သေးနှိမ့်ချ၍ မိမိကိုယ်ကို အထင်ကြီး အမွှန်းတင်ကြသည်။(၄း၆)
၂. သူတို့သည် တပါးသူ (ခရစ်တော် (သို့) တမန်တော်များ)မှ ကယ်တင်ခြင်းကဲ့သို့သော ထူးခြားချက်ကို ရရှိကြသော်လည်း၊ တပါးသူချင်းအပေါ် ဘယ်သူ့ဆီကမျှမရခဲ့ဘဲ ကိုယ်ဟာကိုယ်လုပ်၍ ရခဲ့သလို ပြောဆိုတတ်ကြသည်။(၄း၇–၈)

ခ၊ ရှင်ပေါလုမှ ထိုပြဿနာကို ကုသခြင်း ၃ ခု
၁. ပေါလုက သူတို့၏ အနာဂါတ်ဖြစ်မည့် ခရစ်တော်ရှေ့မှောက် စီရင်ခံရမည့်အချက်ကို အမှတ်ရစေသည်။ ထိုအချိန်၌ ခရစ်တော်သည် အားလုံးကို တရားစီရင်မည်ကို သိစေသည်။(၄း၁–၆)
၂. ပေါလုကိုယ်တိုင် သူတို့ဆီသို့သွား၍ ဆုံးမပြောဆိုမည်။(၄း၁၈–၂၁)
၃. ပေါလုသည် မိမိ ခရစ်တော်ကြောင့် ခံရသောဒုက္ခများကို ရည်ညွှန်း နမူနာပြ၍ ဆုံးမမည်။ (၄း၁၄–၁၇)

၆။ ဆဋ္ဌမ မှားယွင်းဖေါက်ပြန်ချက် – – သူတို့သည် စည်းကမ်းပိုင်းအရေးယူမှု၌ ပျက်ကွက် အားနည်းကြသည်။ ( ၅း၁–၁၃ )

က၊ အရေးယူရန် လိုအပ်မှု (၅း၁)
ခ၊ အရေးယူရန် ပျက်ကွက်မှု (၅း၂)
ဂ၊ အရေးယူရန် အာဏာရှိမှု (၅း၄)
ဃ၊ အရေးယူ အပြစ်ပေးခြင်း၏ အရေးကြီးသောအချက် (၅း၅)
င၊ အရေးယူမှုအပေါ် ဆင်ခြင်သုံးသပ်ချက် (၅း၆)
စ၊ အရေးယူမှု၏ အကျယ်အဝန်း (၅း၉–၁၀) – အသင်းတော်စည်းကမ်းသည် အသင်းသားများနှင့်သာ သက်ဆိုင်သည်။
ဆ၊ အရေးယူရာ၌ လုပ်နည်းကိုင်နည်း အဆင့်ဆင့် (မ ၁၈း၁၅–၂၀)
ဇ၊ ဤပြဿနာအပေါ် အရေးယူ ဆုံးဖြတ်ပြီးနောက်ပိုင်း (၂ကော ၂း၆–၈)

၇။ သတ္တမ မှားယွင်းဖေါက်ပြန်ချက် – သူတို့သည် ခရစ်တော်၏ကိုယ်ကို ကွဲပြားသွားအောင်လုပ်ကြသည်။ ( ၆း၁–၂၀ )

ကောရိန္သု အသင်းသားများသည် မိမိတို့အသင်းတော်အတွင်း တရားမစီရင်ကြဘဲ လောကီတရားရုံးသို့ပို့၍ စီရင်စေကြသည်။

က၊ ထိုလုပ်ရပ်သည် နည်းလမ်းမကျသောလုပ်ရပ် ဖြစ်သည်။(၆း၁–၇)

၁. အဘယ်ကြောင့်ဆိုသော် ခရစ်တော်နာမ၌ လုပ်ဖေါ်ကိုင်ဖက် ယုံကြည်သူအချင်းချင်းဖြစ်၍ မိမိတို့ဖါသာမိမိတို့ စစ်ကြောရမည်။

– *သင်တို့သည် အချင်းချင်းအမှုရှိလျှင် သန့်ရှင်းသူတို့ရှေ့၌ တရားစီရင်ခြင်းကိုမခံဘဲ သာသနာပ လူတို့ရှေ့၌ ခံဝံ့သောသူ တစုံတယောက်ရှိသလော – (၆း၁)*

၂. အဘယ်ကြောင့်ဆိုသော် အနာဂါတ်ကာလတွင် ယုံကြည်သူတို့သည်၊ ဤလောကကိုငှင်း၊ မှားယွင်းသော ကောင်းကင်တမန်တို့ကိုငှင်း တရားစီရင်ရမည့်သူများ ဖြစ်သောကြောင့် ဖြစ်သည်။

– *သန့်ရှင်းသူတို့သည် လောကီနိုင်ငံကို တရားစီရင်ရမည်ဟု မသိကြသလော။ သင်တို့သည် လောကီနိုင်ငံကို စီရင်ရသည်မှန်လျှင် အငယ်ဆုံးသောအမှုများကို မစီရင်ထိုက်သလော။ ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်ရမည်ဟု မသိကြသလော။ သို့ဖြစ်၍ လောကီအမှုကို စီရင်ရထိုက်သည် မဟုတ်လော – (၆း၂–၃)*

ခ၊ ထိုလုပ်ရပ်သည် ပညတ်တော်ကိုဖေါက်ဖျက်သော လုပ်ရပ်ဖြစ်သည်။(၆း၃)

– *ထိုသို့ သင်တို့သည်မခံဘဲ ညီအကိုချင်း တယောက်ကိုတယောက် ညှင်းဆဲ၍ ညီအကိုချင်းတို့၏ဥစ္စာကို သိမ်းယူကြသည်တကား – (၆း၈)*

ဂ၊ ထိုလုပ်ရပ်သည် ရှေ့နောက်မညီသောလုပ်ရပ် ဖြစ်သည် (၆း၉–၁၁)။ ရှင်ပေါလုက သင်တို့သည် အတိတ်ကာလက အပြစ်အမျိုးမျိုး ကျူးလွန်သဖြင့် တရားစီရင်ခံကြရမည့်သူများ ဖြစ်သည်။ ယခု ယုံကြည်သူဖြစ်၍ လွတ်ခွင့်ရပါမှ ညီအကိုအချင်းချင်း တရားစွဲ၍ ဥစ္စာကိုသိမ်းခြင်း မပြုသင့်၊ အတိတ်ကာလကို ပြန်စဉ်းစားပါဟု ပြောခဲ့သည်။(၆း၉–၁၁)

ဃ၊ ထိုလုပ်ရပ်သည် အလွန့်အကျွံလုပ်ရပ် ဖြစ်သည် (၆း၁၂–၁၄)။ ခရစ်ယာန်သည် မည်သည့်အပြစ် ပြုလုပ်မိပါစေ၊ အပြစ်မရှိ(ငရဲမကျ)တော့သော်လည်း ဒုစရိုက်အပြစ်များသည် မလုပ်သင့်သည့်ကိစ္စများဖြစ်သည်။ ခရစ်ယာန်သည် မိမိကိုယ်ကို ထိန်းရမည်။ အပြစ်၏ကျွန် မဖြစ်သင့်။

င၊ ထိုလုပ်ရပ်သည် လူကို ညစ်ညူးစေသည့်အရာ ဖြစ်သည်။(၆း၁၅–၂၀)

၁. အဘယ်ကြောင့်ဆိုသော် ကျနုပ်တို့၏ခန္ဓာကိုယ်သည် ခရစ်တော်၏ အင်္ဂါအစိတ်ပိုင်းများ ဖြစ်သောကြောင့် ဖြစ်သည်။

– *သင်တို့ကိုယ်ခန္ဓာသည် ခရစ်တော်၏အင်္ဂါဖြစ်ကြောင်းကို မသိကြသလော။ သို့ဖြစ်လျှင် ခရစ်တော်၏အင်္ဂါကိုယူ၍ ပြည့်တန်ဆာ၏အင်္ဂါ ဖြစ်စေအပ်သလော။ မဖြစ်စေအပ် – (၆း၁၅)*

၂. အဘယ်ကြောင့်ဆိုသော် ကျနုပ်တို့ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်သောကြောင့် ဖြစ်သည်။

– *အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကိုမိမိ*

*တို့မပိုင်ကြောင်းကိုငှင်း မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့ – (၆း၁၉–၂၀)*

## ဒုတိယပိုင်း ––

## ကောရိန္ဒုအသင်းတော်မှ နိမ့်ချစွာမေးလာသော မေးခွန်း ၆ ခု ( ၁ကော ၇ – ၁၆ )

## ၁။ ပထမမေးခွန်း = လက်ထပ်ထိမ်းမြားခြင်းကိစ္စ ( ၇ )

က၊ ဤကျမ်းပိုဒ်၏ ပြဿနာ ၂ ခု

၁. ရှင်ပေါလ က လက်ထပ်ထိမ်းမြားခြင်းသည် မကောင်းကျိုးကိုဖြစ်စေသည်ဟု ယူဆပါသလော ?

က– တလွဲတချော်ယူဆချက်။ ။အောက်ပါကျမ်းပိုဒ်ကို ကြည့်ခြင်းအားဖြင့် ရှင်ပေါလုသည် လက်ထပ်ထိမ်းမြားခြင်းကို အားမပေးခဲ့ဟု တလွဲ ယူဆနိုင်သည်။

– *သင်တို့သည် စိုးရိမ်ခြင်းနှင့် ကင်းလွတ်စေခြင်းငှါ ငါအလိုရှိ၏။ ခင်ပွန်းမရှိသောသူသည် ဘုရားသခင်၏စိတ်တော်နှင့် တွေ့စေခြင်းငှါ ဘုရားသခင်၏အမှုကိုသာ သတိထားတတ်၏။ ထိုနည်းတူ ခင်ပွန်းမရှိသောမိန်းမနှင့် ခင်ပွန်းရှိသောမိန်းမသည် ခြားနားခြင်းရှိ၏။ ခင်ပွန်းမရှိသောမိန်းမသည် ကိုယ်ခန္ဓာ စိတ်ဝိညာဉ်နှစ်ပါးကို သန့်ရှင်းစေခြင်းငှါ သခင်ဘုရား၏အမှုကိုသာ သတိထားတတ်၏။ ခင်ပွန်းရှိသောမိန်းမမူကား မိမိခင်ပွန်း၏စိတ်နှင့်တွေ့စေခြင်းငှါ လောကီအမှုကို သတိထားတတ်၏ – (၇း၃၂–၃၃)*

ခ– အဖြစ်မှန်။ ။အထက်ပါ တလွဲယူဆချက်မှာ မမှန်ကြောင်း ထိုကဲ့သို့ဆိုလိုခြင်း မဟုတ်ကြောင်း အောက်ပါ ရှင်ပေါလု၏ကျမ်းများက သက်သေခံနေသည်။

(၁) သူ၏ ဤ အခြားကျမ်းပိုဒ်များအားဖြင့် တလွဲယူဆချက်ကို ချေပထားခဲ့သည်။
(ဧ ၅း၂၂–၃၃၊ ၁တိ ၃း၂၊ ၄း ၁–၅၊ ၅း၁၄၊ တိတု ၁း၆၊ ၂း၄–၅၊ ဟေဗြဲ ၁၃း၄)

(၂) သူ၏ ဤကျမ်းပိုဒ်ကိုယ်တိုင်ကပင် တလွဲယူဆချက်မမှန်ကြောင်း ရှင်းပြထားခဲ့သည်။
(၇း၂၊ ၈–၉)

– *သခင်ဘုရားသည် လူအသီးသီးတို့အားဝေငှတော်မူ၍ ဘုရားသခင်သည် လူအသီးသီးတို့ကို ခေါ်တော်မူသည်နှင့်လျော်စွာ လူတိုင်းကျင့်နေစေ။ ခပ်သိမ်းသောအသင်းတော်တို့ကို ထိုသို့ ငါပညတ်၏ / ညီအကိုတို့ ခေါ်တော်မူခြင်းကျေးဇူးကို ခံရသောသူသည် အကြင်အမှုကို လုပ်နေ၏။ ထိုသို့ ဘုရားသခင့်ရှေ့တော်၌ လူတိုင်းလုပ်နေစေ / စီရင်ချက်ဟူမူကား ယခု ညှင်းဆဲခြင်းအကြောင်းကြောင့် ခင်ပွန်းမရှိလျှင် ကောင်း၏ – (၇း၁၇၊ ၂၄၊ ၂၆)*

မှတ်ချက်။ ။၇း၂၆ တွင် ပါသော “ ယခု ညှင်းဆဲခြင်း ” ဆိုသည်မှာ ထိုကာလက ကောရိန္ဒုခရစ်ယာန်များ ခံစားနေရသော ဘာသာကြောင့် ညှင်းဆဲခံရမှုကို ဆိုလိုခြင်း ဖြစ်သည်။ ခရစ်ယာန်သမိုင်း၌ ယုံကြည်သူများသည် ထိုအချိန်ကာလအတွင်း ညှင်းဆဲခံရကြောင်း တွေ့နိုင်သည်။

၂. ရှင်ပေါလုသည် ဤ လက်ထပ်ထိမ်းမြားခြင်းနှင့်ဆိုင်သော ကျမ်းပိုဒ်ကို ဘုရားရှင်၏ ဝိညာဉ်တော်ထံမှ ရရှိခဲ့ပါသလော ?

က– တလွဲတချော်ယူဆချက်။ ။အောက်ပါကျမ်းပိုဒ်များကို ကြည့်ခြင်းဖြင့် ရှင်ပေါလုသည် ထိမ်းမြားခြင်းနှင့်ဆိုင်သော ကျမ်းပိုဒ်ကို ဘုရားရှင်၏ ဝိညာဉ်တော်ထံမှ ရရှိခဲ့ခြင်းမဟုတ်ဟု တလွဲယူဆနိုင်သည်။

– *သို့ရာတွင် ပညတ်မထားဘဲ အခွင့်ပေးခြင်းအားဖြင့်သာ ငါဆို၏ / ကြွင်းသောသူတို့ကို သခင်ဘုရားသည် ကိုယ်တိုင်မညတ်ဘဲ ငါပညတ်သည်ကား တစုံတယောက်သောညီအကိုသည် မယုံကြည်သောမယားရှိ၍ ထိုမယားသည် မိမိခင်ပွန်းနှင့်နေခြင်းငှါ အလိုရှိလျှင် မကွာစေနှင့် / ခင်ပွန်းမရှိသောသူတို့၏အမှုမှာ သခင်ဘုရား၏ပညတ်တော်သည် ငါ၌မရှိသော်လည်း ငါသည် သစ္စာရှိသောသူဖြစ်အံ့သောငှါ သခင်ဘုရား၏ကျေးဇူးတော်ကို ခံရသောသူကဲ့သို့ စီရင်၏ / အခွင့်ရှိသော်လည်း အခြားသောသူ၏မယား မဖြစ်ဘဲနေလျှင် သာ၍မင်္ဂလာရှိသည်ဟု ငါသဘောရှိ၏။ ငါ၌လည်း ဘုရားသခင်၏ဝိညာဉ်တော် ရှိတော်မူသည်ဟု ငါစွဲလမ်းခြင်းစိတ်ရှိ၏ – (၇း၆၊ ၁၂၊ ၂၅၊ ၄၀)*

ခ– အဖြစ်မှန်။ ။

(၁) ရှင်ပေါလုပြောခဲ့သလို ဘုရားရှင်၏ပညတ် မဟုတ်သော်လည်း ဘုရားရှင်က လူတို့ကို

သိစေလို၍ ရှင်ပေါလုအားဖြင့် ဖွင့်ပြချက်များဖြစ်သည်မှာ ဧကန်မုချ ဖြစ်သည်။ (၂တိ ၃း၁၆)

(၂) လူအချို့၌ ကိလေသာပူပန်ခြင်း မရှိနိုင်ကြသော်လည်း၊ လူအများအတွက်မူ ကိလေသာပူပန်ခြင်းရှိပေလိမ့်မည်။ ကိလေသာပူပန်ခြင်းကို ထိမ်းမြားစုံဖက်ခြင်းက ဖြေနိုင်ပေလိမ့်မည်။(၇း၂)

ခ၊ ဤကျမ်းပိုဒ်ပါ လူအမျိုးစား ၅ မျိုးကို လေ့လာခြင်း

၁. အိမ်ထောင်မပြုသေးသူ (၇း၁)

– <u>သင်တို့သည် ငါ့ထံသို့ပေးလိုက်သောစာ၌ ပါသောအရာမှာ ယောကျ်ားသည် မိန်းမနှင့်မဆက်ဆံဘဲနေလျှင် ကောင်းသော်လည်း – (၇း၁)</u>

(အပျိုစစ်၊ လူပျိုစစ်သူသည် မင်္ဂလာရှိ၏)

၂. ခရစ်ယာန် အိမ်ထောင်ရှင် (၇း၂–၇၊ ၁၀–၁၁)

က– ခင်ပွန်းသည်အတွက် ဥပဒေ

(၁) မိမိဇနီးကို မစွန့်ပစ်ဘဲ တည်မြဲစွာပေါင်းရမည်။(၇း၁၁)

(၂) မိမိဇနီးကို ဆက်ဆံခြင်းဝတ် ပြုရမည်။(၇း၃)

(၃) မိမိဇနီးအား မိမိကိုယ်ခန္ဓာကို ပိုင်ဆိုင်ခွင့်အာဏာ ပေးရမည်။(၇း၄)

ခ– ဇနီးသည်အတွက် ဥပဒေ

(၁) မိမိခင်ပွန်းကို မစွန့်ပစ်ဘဲ တည်မြဲစွာပေါင်းရမည်။(၇း၁၀)

(၂) မိမိနှင့်ခင်ပွန်း ကွဲနေသော်လည်း မိမိသည် ခင်ပွန်းသည်၏ဇနီး ဖြစ်နေလျက်ရှိသည်။(၇း၁၁)

(၃) မိမိသည် ခင်ပွန်းနှင့်ကွဲကွာသွားပါက ကြိုးစား၍ ခင်ပွန်းနှင့်ပြန်ပေါင်းရမည်။(၇း၁၁)

(၄) မိမိခင်ပွန်းကို ဆက်ဆံခြင်းဝတ် ပြုရမည်။(၇း၃)

(၅) မိမိခင်ပွန်းအား မိမိကိုယ်ခန္ဓာကို ပိုင်ဆိုင်ခွင့်အာဏာ ပေးထားရမည်။(၇း၄)

ဂ– ခင်ပွန်းသည်နှင့် ဇနီးသည်အတွက် ဥပဒေ

– <u>*အချင်းချင်း ခင်ပွန်းဝတ်ကို မပယ်မရှောင်ကြနှင့်။ ထိုသို့ဆိုသော် ဆုတောင်းခြင်းဝတ်ကို ပြုရသောအခွင့်ရှိစေခြင်းငှါ သဘောတူ၍ ခင်ပွန်းဝတ်ကို ခဏမျှမရှောင်ရဟုမဆိုလို။ ထိုသို့ရှောင်လျှင် ကိုယ်ကိုမချုပ်တည်းနိုင်သောအားဖြင့် စာတန်သည် အပြစ်သို့ သွေးဆောင်ရသောအခွင့်မရှိစေခြင်းငှါ နောက်တဖန် အတူနေကြလော့ – (၇း၅)*</u>

(တခြားတရပ်စီ ခွဲနေခြင်းသည် မှား၏)

၃. အိမ်ထောင်မပြုသူနှင့် မုဆိုးမသို့ ဥပဒေ (၇း၇–၉၊ ၃၉၊ ၄၀)

က– အိမ်ထောင်မပြုသူ

(၁) ဘုရားရှင်အလိုတော်ကို ရှောက်ပါ။ အိမ်ထောင်မပြုဘဲနေနိုင်ခွင့် ဆုကျေးဇူးကို ကောင်းမွန်စွာ အသုံးချပါ။(၇း၇)

(၂) ကိလေသာပူပန်ခြင်းရှိပါက ထိမ်းမြားစုံဖက်လိုက်ပါ။(၇း၉)

ခ– မုဆိုးမ

– <u>*မိန်းမသည် မိမိခင်ပွန်းမသေမှီကာလပတ်လုံး တရားအားဖြင့် ချည်နှောင်လျက်ရှိ၏။ ခင်ပွန်းသေလျှင်မူကား မိမိအလိုအတိုင်း သခင်ဘုရား၌သာ အခြားသောသူ၏မယားဖြစ်ခြင်းငှါ အခွင့်ရှိ၏ – (၇း၃၉)*</u>

၄. ထမ်းပိုးမညီသော အိမ်ထောင်ဖက် (ခရစ်ယာန်နှင့်မယုံကြည်သူ) (၇း၁၂–၁၆)၊ ယုံကြည်သောခင်ပွန်း(သို့)ဇနီးနှင့် မယုံကြည်သောအိမ်ထောင်ဖက် အတူနေခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော်

က– ထိုအိမ်ထောင်ဖက်သည် သန့်ရှင်းလျက်ရှိ၏။(၇း၁၄)

ခ– ထိုယုံကြည်သူ၏ အိမ်ထောင်ဖက်သည် ယုံကြည်သူဖြစ်လာနိုင်ရန် ပိုမိုအခွင့်ရ အထောက်အကူဖြစ်နိုင်သည်။

၅. ဖခင် (သမီးပျို၏ အစောင့်အရှောက်) (၇း၃၆–၃၈)

က– သမီးပျိုကို ထိမ်းမြားပေးရန် အကြောင်းသင့်က ထိမ်းမြားပေးပိုင်ခွင့် ရှိသည်။(၇း၃၆)

ခ– သမီးပျိုက မထိမ်းမြားဘဲ နေနိုင်ပါက လွပ်လပ်စွာ ခွင့်ပြုပိုင်ခွင့် ရှိသည်။(၇း၃၇)

## ၂။ ဒုတိယမေးခွန်း

## ခရစ်ယန်သက်တာ၏ လွပ်လပ်မှုကိစ္စ ( ၈း၁၀ )

ခရစ်ယာန်တို့၌ လွပ်လပ်မှုအခွင့်အရေး မည်မျှရှိသနည်း? ရှင်ပေါလုက ထိုမေးခွန်းအတွက် နမူနာ ၃ ခုကိုပြ၍ အဖြေပေးခဲ့သည်။

က၊ ပစ္စုပ္ပန်ကာလ နမူနာ – ကောရိန္သုမြို့မှ ခရစ်ယာန်များ (၈)

၁. မရှင်းမလင်းဖြစ်ချက် – ရုပ်တုရှေ့မှာပူဇော်သော ယဇ်ကောင်(အသားငါးများ)ကို စားသင့်ပါသလား?

၂. ရှင်းလင်းတင်ပြချက်

– *အစားအသောက်အားဖြင့် ဘုရားသခင့်ရှေ့မှာ မျက်နှာရသည်မဟုတ်။ အစားကို သုံးကာမျှဖြင့် မြတ်သည်မဟုတ်။ ရှောင်ကာမျှဖြင့် ယုတ်သည်မဟုတ် – (၈း၈)*

၃. အပြီးသတ် နိဂုံး သုံးသပ်ဆုံးဖြတ်ချက်

– *သို့သော်လည်း ထိုဉာဏ်ကိုလူတိုင်းမရ။ အချို့သောသူတို့သည် ယခုတိုင်အောင် ရုပ်တုရှေ့၌ပူဇော်သော ယဇ်ကောင်ကိုစားသော် ရုပ်တုကိုထောက်သောစိတ်နှင့် စားကြသည်ဖြစ်၍၊ သူတို့၌ ကိုယ်ကိုကိုယ်သိသောစိတ်သည် အားနည်းသောကြောင့် ညစ်ညူးခြင်းသို့ရောက်တတ်၏ / သို့ဖြစ်၍ ငါ၏အစားအသောက်သည် ငါ့ညီအကိုကို မှားယွင်းစေလျှင် ငါ့ညီအကို၌ မှားယွင်းစရာအကြောင်းမရှိစေခြင်းငှါ အမဲသားကို အစဉ်မပြတ်ရှောင်မည် – (၈း၇၊ ၁၃)*

၄. ဆင်ခြင်ရမည့်အချက်

က– ရှောင်ရန် – – – – ထိမိ၍လဲစရာ မဖြစ်စေနှင့်။(၈း၉၊ ၁၁၊ ၁၂)

ခ– ဆောင်ရန် – – – – တည်ဆောက်စရာ ဖြစ်စေပါ။(၈း၁)

ခ၊ လူပုဂ္ဂိုလ် နမူနာ – ရှင်ပေါလု (၉)၊ ဤကျမ်းပိုဒ်၌ မိမိသည် ခရစ်ယာန်သက်တာ လွပ်လပ်မှုအခွင့်အရေးကို အခြားသူများထက် ပိုမိုသုံးနိုင်ခွင့်ရှိကြောင်း ဖေါ်ပြခဲ့သည်။

၁. သူ၏ အခွင့်အရေးယူပိုင်ခွင့်ရှိသော အဆင့်အတန်း

– *ငါပေါလုသည် ကျွန်မဟုတ်၊ လူလွတ်ဖြစ်သည်မဟုတ်လော။ တမန်တော်ဖြစ်သည်မဟုတ်လော။ ငါတို့သခင်ယေရှုခရစ်ကို မြင်ရပြီမဟုတ်လော။ သင်တို့သည် သခင်ဘုရား၌ ငါလုပ်သောအလုပ် ဖြစ်ကြသည်မဟုတ်လော – (၉း၁)*

၂. သူ၏ အခွင့်အရေး အတိုင်းအတာ

က– စားပိုင်ခွင့်

– *ငါတို့သည် စားသောက်ခြင်းအခွင့် မရှိသလော – (၉း၄)*

ခ– မိသားစု ခံစားပိုင်ခွင့်

– *ကေဖနှင့် သခင်ဘုရား၏ညီများမှစ၍ ကြွင်းသောတမန်တော်များကဲ့သို့ ငါတို့သည် ဒေသစာရီလှည့်လည်သည်တွင် နှမဖြစ်သော မယားပါစေခြင်းငှါ အခွင့်မရှိသလော – (၉း၅)*

ဂ– ဘဏ္ဍာငွေ သုံးစွဲပိုင်ခွင့် (၉း၇၊ ၉၊ ၁၄)

(၁) စစ်သား၏ လစာစားစရိတ်နှင့် သူ၏ ခရစ်တော်စစ်သည်ဘဝ (၉း၇)

(၂) လယ်သမားသည် မိမိလယ်မှ အကျိုးကျေးဇူးကို ခံခွင့်ရှိခြင်းနှင့် သူ၏ ဓမ္မမျိုးစေ့ စိုက်ခဲ့မှု (၉း၁၀)

(၃) သိုးထိန်းသည် မိမိသိုးနို့ကို သုံးဆောင်ခွင့်ရှိခြင်းနှင့် ပေါလု၏သိုးများ (၉း၇)

(၄) ယဇ်ပုရောဟိတ်၏ ဗိမာန်တော်ကိုအမှီပြု၍ စားသောက်ရခြင်းနှင့် သူ၏ တပါးအမျိုးသားများအပေါ် အမှုတော်ဆောင်ခဲ့မှု (၉း၁၃)

၃. သူ၏ အခွင့်အရေးအပေါ် လုပ်ကိုင်ဆောင်ရွက်မှု

က– အခွင့်အရေးမယူ လုပ်ကိုင်ခဲ့ပုံ

– *သို့ဖြစ်၍ ငါ၏အကျိုး အဘယ်သို့နည်းဟူမူကား ဧဝံဂေလိတရားကို ဟောသောအခါ ဟောခြင်းနှင့်စပ်ဆိုင်သောအခွင့်ကို မသုံးဘဲလျက် ခရစ်တော်၏ဧဝံဂေလိတရားကို နာသောသူတို့သည် အဘယ်စရိတ်ကိုမျှ မကုန်ဘဲနေစေခြင်းငှါပြုလျှင် ငါ၌အကျိုးရှိ၏ – (၉း၁၈)*

ခ– အခွင့်အရေးမယူ လုပ်ကိုင်ပေးမှု ခံရသူများ

(၁) ဣသရေလများ – *ယုဒလူတို့ကို ရခြင်းအလို့ငှါ ယုဒလူတို့၌ ယုဒလူကဲ့သို့ ဖြစ်၏ – (၉း၂၀)*
ဣသရေလများအလည်၌ ဣသရေလတို့၏ပုံသဏ္ဍာန် ယူခဲ့သည်။
(ဝက်သားမစား၊ စသဖြင့်)

(၂) တပါးအမျိုးသားများ – *ပညတ်တရားမဲ့လူတို့ကို ရခြင်းအလို့ငှါ ပညတ်တရားမဲ့သောသူကဲ့သို့ ဖြစ်၏ – (၉း၂၁)* (ပညတ်ကြီးများမယူခဲ့)

(၃) အားနည်းသောသူများ – *အားနည်းသောသူတို့ကို ရခြင်းအလို့ငှါ အားနည်းသောသူတို့၌*

*အားနည်းသောသူကဲ့သို့ ဖြစ်၏ – (၉း၂၂)*

(၂ နှင့် ၃ သည် ဒုစရိုက်များ လျှောက်လုပ်သည်ကို ဆိုလိုခြင်းမဟုတ်)

ဂ– အခွင့်အရေးမယူဘဲ လုပ်ကိုင်ပေးခဲ့ခြင်း အကြောင်းအရင်း။ ။ဧဝံဂေလိတရားကို အနှောင့်အယှက်မဖြစ်စေရန်။

– *အခြားသောသူတို့သည် သင်တို့ထံမှာ ထိုအခွင့်ကိုရလျှင် ငါတို့သည် သာ၍ရထိုက်သည်မဟုတ်လော။ သို့သော်လည်း ထိုအခွင့်ကို ငါတို့သည်မသုံးဘဲ ခရစ်တော်၏ဧဝံဂေလိတရားကို ဆီးတားခြင်းအကြောင်းမရှိစေခြင်းငှါ အရာရာ၌သည်းခံကြ၏ / ငါသည် အဘယ်သူ၏ကျွန်မဖြစ်သော်လည်း သာ၍များသောသူတို့ကို ရခြင်းအလို့ငှါ လူတကာတို့၏ကျွန်ခံရ၏ / အားနည်းသောသူတို့ကို ရခြင်းအလို့ငှါ အားနည်းသောသူတို့၌ အားနည်းသောသူကဲ့သို့ဖြစ်၏။ အချို့သောသူတို့ကို တစုံတခုသော အမှုအရာအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏ – (၉း၁၂၊ ၁၉၊ ၂၂)*

ဃ– အခွင့်အရေးမယူ လုပ်ကိုင်ခဲ့ခြင်း၏ ကျင့်စဉ်နည်းလမ်း –

– *ထို့ကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်။ လက်ဝှေ့သတ်သောအခါ အာကာသကောင်းကင်ကိုသာထိုး၍ သတ်သည်မဟုတ်။ သူတပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည်အကြောင်း ကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏ – (၉း၂၆၊ ၂၇)*

၇၊ ဓမ္မဟောင်းကျမ်းမှ နမူနာ – ဣသရေလလူမျိုးများ (၁၀)၊ ရှင်ပေါလုသည် ဤကျမ်းပိုဒ်၌ ဓမ္မဟောင်းမှ ဣသရေလများသည် အခွင့်အရေးကို (ဘုရားရှင်၏ကောင်းကြီးကို) တလွဲ အသုံးပြုခဲ့မှုများကို ဖော်ပြခဲ့သည်။

၁. တင်ပြချက် (၁၀း၁–၁၀)

က– လွှပ်လပ်ခွင့်များ (၁၀း၁–၄)

(ဣသရေလများသည် အီဂျစ်ပြည်မှ ကာယဆိုင်ရာကျွန်အဖြစ်မှ လွတ်ခြင်းသာ ဖြစ်သည်။ အပြစ်မှလွတ်ခြင်းမဟုတ်၊ သူတို့ထဲ၌ မယုံကြည်သူများလည်း ရှိနေသည်)

ပင်လယ်အောက်ရောက်ခြင်း = ဗတ္တိဇံခံသည့်သဘော ဖြစ်သည် / ဝိညာဉ်ပိုင်းမဟုတ်ပါ – ရုပ်ပိုင်းမျှသာဖြစ်သည်။

ခ– လွှပ်လပ်မှုကို အလွဲသုံးစားပြုခြင်း (၁၀း၆–၁၆)

(၁) သူတို့သည် ရုပ်တုကို ကိုးကွယ်ကြသည်။(၁၀း၇)

(၂) မတရားမေထုန် ပြုကြသည်။(၁၀း၈)

(၃) နားထောင် နာခံခြင်း မရှိကြ။(၁၀း၉–၁၀)

ဂ– လွှပ်လပ်မှုကိုတလွဲသုံး၍ အပြစ်ဒါဏ်ခတ် ခံရမှုများ (၁၀း၅)

(၁) ရုပ်တုကိုးကွယ်သောကြောင့် ဒါးဖြင့်သတ်ဖြတ် ဒါဏ်ခတ်ခံရသည်။(ထွက် ၃၂း၂၆–၂၈)

(၂) မတရားမေထုန်ပြုသောကြောင့် လုံဖြင့်သတ်ဖြတ် ဒါဏ်ခတ်ခံရသည်။(တော ၂၅း၉)

(၃) နားထောင် နာခံခြင်း မရှိကြသောကြောင့် မြွေအန္တရာယ်ဖြင့် ဒါဏ်ခတ်ခံရသည်။ (တော ၂၁း၅)

၂. မှာကြားတောင်းဆိုချက် (၁၀း၁၁–၁၃)

– *ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှါ ထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာဘို့ ကျမ်းစာ၌ရေးထားလျက်ရှိ၏ – (၁၀း၁၁)*

က– အထက်ပါဖြစ်ရပ်များအားဖြင့် ကျနုပ်တို့သည် မိမိတို့နားလည်ချက်ကို မိမိတို့ ပြန်သတိရ ပြုပြင်ကြပါ။(၁၀း၁၂)

ခ– အထက်ပါဖြစ်ရပ်များအားဖြင့် ဘုရားရှင်၏သစ္စာတော်ကို သတိရကြပါ။

– *လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည်ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည် – (၁၀း၁၃)*

၃. နိဂုံးချုပ် (၁၀း၁၄–၃၃)၊ ပေါလုက ခရစ်ယာန်များလွှပ်လပ်မှုကို ကောင်းစွာအသုံးချကြရန် အောက်ပါအချက်များဖြင့် မှာကြားသတိပေးခဲ့သည်။

က– ကျနုပ်တို၌ ရှိရမည့် အပြုအမူ

(၁) သတိပြုပါ – မယုံကြည်သူများအပေါ် ဆက်ဆံရာ၌ အထူးသတိပြု ဆက်ဆံပါ။ (၁၀း၁၄–၂၂)

(၂) သတိပြုပါ – ကျနုပ်တို့သည် ဩတ္တပ္ပစိတ် (အစာ နတ်တင်ပြီးပြီးလားဟု မေး – စသည်

တို့မပြုဘဲ) ကြည်လင်စွာထားပါ။ (၁၀း၂၅–၂၉)

ခ– ကျနုပ်တို့ထားရမည့် သဘောထား

– *သင်တို့သည် စားသော်၎င်း၊ သောက်သော်၎င်း၊ မည်သည့်အမှုကိုပြုသော်၎င်း၊ ဘုရားသခင်၏ ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော့။ လူများတို့သည် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှါ ငါသည် ကိုယ်အကျိုးကိုမရှာဘဲ သူ့အကျိုးကိုရှာ၍ ခပ်သိမ်းသောလူတို့၏အလိုသို့ အရာရာ၌လိုက်သည်နည်းတူ သင်တို့လည်း ယုဒလူ၊ ဟေလသလူ၊ ဘုရားသခင်၏ အသင်းတော်ဝင်သူတို့၌ ထိမိ၍လဲစရာအကြောင်းကို မပြုဘဲ – (၁၀း၃၁–၃၃)*

## ၃။ တတိယမေးခွန်း

## အသင်းတော်၌ ဝတ်ပြုပွဲ၌ လိုက်နာပြုမှု ကျင့်ဆောင်ရမည့်ကိစ္စ ( ၁၁ )

က၊ ဝတ်စားဆင်ယင်မှု စည်းကမ်းများ (၁၁း၁–၁၆)

၁. အမျိုးသား၏ အသွင်လက္ခဏာ

က– ခေါင်းကို မဖုံးအုပ်ထားရ။(၁၁း၄)

(၁) ခရစ်တော်နှင့်ပါတ်သက်မှု ပြယုဒ် ဖြစ်သည်။(၁၁း၃)

(၂) မိမိအိမ်ထောင်ဖက်နှင့် ပါတ်သက်မှု ပြယုဒ် ဖြစ်၏။(၁၁း၃)

– *မိန်းမ၏ဦးခေါင်းကား ယောကျ်ားဖြစ်သည်ကို၎င်း / မိန်းမကား ယောကျ်ား၏ ဘုန်းအသရေ ဖြစ်၏ – (၁၁း၃၊ ၇)*

ခ– ဆံပင်ကိုညှပ်ရမည် (၁၁း၁၄)။ ဤပြယုဒ်မှာ အထီးနှင့်အမ မတူကြောင်းပြယုဒ် ဖြစ်သည်။ (ခြင်္သေ့၊ သမင်၊ ကြက်၊ ငှက်)

၂. အမျိုးသမီး၏ အသွင်လက္ခဏာ

က– ခေါင်းကို ဖုံးအုပ်ရမည်။(၁၁း၅၊ ၁၀)

(၁) မိမိခင်ပွန်း၏ ဩဇာအောက်တွင်ရှိကြောင်း ပြယုဒ် ဖြစ်သည်။(၁၁း၅)

(၂) မိမိသည် ကောင်းကင်တမန်များ မာနထား မှားယွင်းခဲ့ပုံကို ထောက်ထား၊ မိမိသည် ဝိညာဉ်ပကတိလူ ဖြစ်သည်ဟူသော ပြယုဒ် ဖြစ်သည်။(၁၁း၁၀)

ခ– ဆံပင်ကိုမဖြတ်ရ (၁၁း၆၊ ၁၅)၊ မိမိ လူကောင်းဖြစ်ကြောင်း ပြယုဒ်ဖြစ်သည်။ ထိုကာလက ဆံပင်ဖြတ်၍ ဆေးဆိုးသောမိန်းမသည် ပြည့်တန်ဆာများသာ ဖြစ်သည်။

ခ၊ ပွဲတော်မင်္ဂလာ (မုန့်စပျစ်ရည်စားခြင်း) စည်းကမ်းများ (၁၁း၁၇–၃၄)

၁. ပွဲတော်မင်္ဂလာပြုသူ ပုဂ္ဂိုလ် = ခရစ်တော်ကိုယ်တိုင် – မုန့်စပျစ်ရည်စားခြင်း စားပွဲသည် ခရစ်တော်၏ မင်္ဂလာရှိသောစားပွဲ ဖြစ်သည်။

၂. ပွဲတော်မင်္ဂလာကို အမှားအယွင်းပြုသူများ

က– ကောရိန္သုမြို့သားများ၏ အမှား

– *ပဌမအကြောင်းဟူမူကား သင်တို့သည် အသင်းတော်၌ စည်းဝေးကြသောအခါ အချင်းချင်းကွဲပြားခြင်းရှိသည်ကို ငါကြားရ၏ / သင်တို့သည် အတူစည်းဝေးကြသောအခါ သခင်ဘုရား၏ပွဲတော်ကိုစားအံ့သောငှါ စည်းဝေးကြသည်မဟုတ် / အကြောင်းမူကား သင်တို့သည် စားကြသည်တွင် ကိုယ်စီကိုယ်စီ မိမိအစာကိုအရင်ယူ၍ တချို့ကား ဆာမွတ်လျက်၊ တချို့ကား စားသောက်ကြူးလျက်ရှိကြ၏ – (၁၁း၁၈၊ ၂၀၊ ၂၁)*

ခ– လက်ရှိကာလ လူများ၏ အမှားများ

(၁) မုန့်နှင့်စပျစ်ရည်သည် နက်နဲဘွယ်ဖြစ်သည် – ခရစ်တော်၏ အသွေးနှင့်အသားဖြစ်သည်ဟု တလွဲ အမှားယူဆကြသည်။

(၂) ၁၁း၂၄၊ ၂၈ က အထက်ပါ တလွဲအယူအဆသည် မှားကြောင်း သက်သေထူပြသည်။ (ဘုရားက လူသားမစားရ၊ အသွေးမစားရဟု ပညတ်ထားသည်)

၃. ပွဲတော်မင်္ဂလာ၏ ရည်ရွယ်ချက် ဦးတည်ချက်များ

က– ဤလုပ်ရပ်သည် အတိတ်ကာလက ခရစ်တော်၏ကားတိုင်ကို မျှော်ကြည့်ခြင်း ဖြစ်သည်။ (၁၁း၂၆)

ခ– ဤလုပ်ရပ်သည် မိမိရရှိထားသော ကယ်တင်ခြင်းကို ပြန်သတိရ ဆန်းစစ်ခြင်း ဖြစ်သည်။ (၁၁း၂၈)

ဂ– ဤလုပ်ရပ်သည် အနာဂါတ်ကာလ သရဖူဆောင်းချိန်ကို မျှော်လင့်ခြင်း ဖြစ်သည်။(၁၁း၂၆)

၄. ပွဲတော်ကို ပါဝင်ဆက်ဆံ စားသောက်ခွင့်ရသူများ

က– ကယ်တင်ခြင်းကို ယုံကြည်လက်ခံ၍ နှစ်ခြင်းခံပြီး အသင်းသားအဖြစ် ရပြီးသူများ (မ ၂၆း၂၆–၃၀ = ခရစ်တော်နှင့်တပည့်တော်များသာ) (တ ၂း၄၂–၄၃)
ခ– ယုံကြည်မှု တစိတ်တဝမ်းတည်း ရှိသူများ (၁ကော ၁၀း၁၆–၁၇)
(ယုံကြည်မှုကွဲလွဲသူများကို မပေးရ)

၅. ပွဲတော်စားခြင်းနှင့်ပါတ်သက်သော အပြစ်ဒါဏ်

– *အကြောင်းမူကား မထိုက်မတန်ဘဲစားသောက်သောသူသည် သခင်ဘုရား၏ကိုယ်တော်ကို ပိုင်းခြား၍မသိသောကြောင့် မိမိအပေါ်သို့ အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူဖြစ်သည်။ ထိုအကြောင်းကြောင့် သင်တို့တွင် အားနည်းသောသူ မကျန်းမမာသောသူအများလည်းရှိကြ၏ – (၁၁း၂၉–၃၀)*

၆. ပွဲတော်မင်္ဂလာ၏ အကျိုးကျေးဇူးများ

က– ဤ လုပ်ရပ်သည် မိမိကိုယ်ကိုမိမိ စစ်ဆေးခြင်းကို ဖြစ်စေသည်။

– *ငါတို့သည် ကိုယ်ကိုကိုယ်စစ်ကြောစီရင်လျှင် စစ်ကြောစီရင်တော်မူခြင်းနှင့် ကင်းလွတ်ကြလိမ့်မည် – (၁၁း၃၁)*

အပြစ်ကို နောင်တရ စဉ်းစားခြင်းဖြင့် နောက်တဖန် အပြစ်လုပ်မှု အားနည်းစေသည်။
ဘုရားရှင်၏ကောင်းကြီး ခံစားရစေသည်။

ခ– တဦးကိုတဦး ပေးညီမျှမှုကို ဖြစ်စေသည်။

– *ထိုကြောင့် ငါ့ညီအကိုတို့ သင်တို့သည် စားအံ့သောငှါ စည်းဝေးသောအခါ အချင်းချင်းတယောက်ကိုတယောက် ငံ့လင့်ကြလော့ – (၁၁း၃၃)*

အခြား မည်ကဲ့သို့ဖြစ်နေပစေ မုန့်စပျစ်ရည်စားပွဲ၌မူ အဆင့်အတန်း တူညီမျှမှုကို ဖြစ်စေသည်။

## ၄။ စတုတ္ထမေးခွန်း

## ဝိညာဉ်ဆုကျေးဇူးကိစ္စ ( ၁၂ – ၁၄ )

– *ညီအကိုတို့ သင်တို့သည် ဝိညာဉ်ဆုကျေးဇူးအကြောင်းများကို မသိဘဲနေစေခြင်းငှါ ငါအလိုမရှိ – (၁၂း၁)*

က၊ ဝိညာဉ်ဆုကျေးဇူး၏ အဓိပ္ပါယ် – ခရစ်တော်က ဝိညာဉ်တော်အားဖြင့် ယုံကြည်သူအားပေးသော သဘောထက် လွန်ကဲနေသည့် စွမ်းအားကို ဆိုလိုသည်။(၁ကော ၁၂း၇၊ ဧ ၄း၇–၁၃)

ခ၊ ဝိညာဉ်ဆုကျေးဇူး အမျိုးအစားများ –

၁. ပညာဉာဏ် (၁၂း၈)
၂. ထိုးထွင်းဉာဏ် (၁၂း၈)
၃. ယုံကြည်ခြင်း (၁၂း၉)
၄. ရောဂါပျောက်ကင်းအောင် လုပ်နိုင်ခြင်း (၁၂း၉၊ ၂၈)
၅. တန်ခိုးပြနိုင်ခွင့် (၁၂း၁၀၊ ၂၈)
၆. ပရောဖက်ပြု ခွင့် (၁၂း၁၀၊ ၂၈) (ကျမ်းစာပရောဖက်ပြုချက် မဟုတ်ပါ)
၇. စိတ်ဝိညာဉ်များကို ပိုင်းခြားခွင့်အတတ် (၁၂း၁၀)
၈. အမျိုးမျိုးဘာသာစကား (၁၂း၁၀၊ ၂၈)
၉. ဘာသာစကားအနက် ပြန်နိုင်ခွင့် (၁၂း၁၀)
၁၀. တမန်တော်ဖြစ်ခွင့် (၁၂း၂၈)
၁၁. ဆရာဖြစ်ခွင့် (၁၂း၂၈)
၁၂. ကူညီခွင့် (သင်းထောက်) (၁၂း၂၈)
၁၃. စီရင်အုပ်ချုပ်ခွင့် (၁၂း၂၈)

နှင့် အခြားဆုကျေးဇူး ၅ မျိုးကိုမူ (ဖရာ ၁၂း၆–၈၊ ဧ ၄း၇–၈) တွင် တွေ့နိုင်သည်။

ဂ၊ ဝိညာဉ်ဆုကျေးဇူး အကျယ်အဝန်း

၁. ယုံကြည်သူတိုင်း အနည်းဆုံး ဝိညာဉ်ဆုကျေးဇူးတခု ရှိသည်။(၁၂း၇၊ ၁၁)
၂. ယုံကြည်သူတဦးထဲ၌ ဝိညာဉ်ဆုကျေးဇူးအားလုံး မရှိနိုင်ပါ။(၁၂း၂၉–၃၀)

ဃ၊ ဝိညာဉ်ဆုကျေးဇူးကို အလွဲသုံးစားပြုခြင်း

၁. အလွဲသုံးစားပြုခြင်း

က– မိမိ၌မရှိသော ဆုကျေးဇူးကို ရှိသည့်ဟန်ဖြင့် ကြိုးစားအသုံးပြုနေခြင်း (၁၄း၃၄)
ခ– မိမိ၌ရှိသော ဝိညာဉ်ဆုကျေးဇူးကို အသုံးမပြုဘဲ ပစ်ထားခြင်း (၁၄း၁၂)

၂. မစ္ဆရစိတ်ထားခြင်း
က– နာမလိုစိတ် ထားသောအပြစ် (၁၂း၁၅–၁၆)
ခ– မာနကြီးသောအပြစ် (၁၂း၂၁)

ဋ၊ ဝိညာဉ်ဆုကျေးဇူး၏ ရည်ရွယ်ချက်
၁. ကယ်တင်ရှင်၏ဘုန်းတော်ကို ထင်ရှားစေရန် (၁၄း၂၄–၂၅)
(သက်သေခံသူသည် ဝင်လာသူကို အပြစ်ဖော်ပြ နောင်တရမှု ဖြစ်စေခြင်း)
၂. ခရစ်ယာန်များအတွက် တည်ဆောက်စရာဖြစ်စေရန် (၁၄း၁၂)

စ၊ ဝိညာဉ်ဆုကျေးဇူးအပေါ် နှိုင်းယှဉ် ဥပမာပေးခြင်း (၁၂း၁၂–၂၇)
ရှင်ပေါလုက – လူ့ခန္ဓာကိုယ်၌ အစိတ်ပိုင်းများတို့သည် ခန္ဓာကိုယ်အတွက် အသုံးကျသောအရာများ ဖြစ်သကဲ့သို့ ခရစ်တော်၏ခန္ဓာကိုယ်၌လည်း များစွာသော ဝိညာဉ်ဆုကျေးဇူးများသည် ခရစ်တော် အသင်းတော်အတွက် အသုံးဝင်သောအရာများဖြစ်သည်ဟု ဖော်ပြခဲ့သည်။

– *ဥပမာကား ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုတခုတည်းသောကိုယ်၏ အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တခုတည်းဖြစ်သကဲ့သို့ ထိုနည်းတူ ခရစ်တော်ဖြစ်၏ – (၁၂း၁၂)*

၁. အသင်းသားတိုင်းသည် ငယ်သည် ကြီးသည်မဟူ အဖိုးတန်စွာ သဘောထားရမည်။
– *ယခုမူကား ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်း အင်္ဂါများအသီးအသီးတို့ကို ကိုယ်၌ စီရင်ခန့်ထားတော်မူ၏ / ကိုယ်ခန္ဓာ၌ အချင်းချင်းကွဲပြားခြင်းမရှိဘဲ အင်္ဂါအများတို့သည် အချင်းချင်း သူ့ကိုကိုယ်နှင့်အမျှ သတိပြုစေခြင်းငှါ ဘုရားသခင်သည် ကိုယ်ခန္ဓာကိုမျှစေ၍ ယုတ်သောအင်္ဂါအား သာ၍ များသောအသရေကို ပေးတော်မူ၏ – (၁၂း၁၈၊ ၂၅)*

၂. မည်သည့်အသင်းသားမှ အခြားအသင်းသားမပါဘဲ သီးခြားမနေနိုင်။
က– ခြေနှင့်နားက လက်နှင့်မျက်စိကို မပါတ်သက်ဘဲ နေမရ။(၁၂း၂၁)
ခ– မျက်စိနှင့်ခေါင်းကလည်း လက်နှင့်ခြေအပေါ် မာနထား၍မရ။(၁၂း၂၁)

၃. အသင်းသားတိုင်းသည် အခြားအသင်းသားများနှင့်အတူ ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်းတို့ကို ခံစားရသည်။
– *သို့ဖြစ်၍ အင်္ဂါတခုတည်း ဆင်းရဲခြင်းကိုခံရလျှင် အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါတခုသည် ချီးမြှောက်ခြင်းကိုခံရလျှင် အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏ – (၁၂း၂၆)*

ဆ၊ ဝိညာဉ်ဆုကျေးဇူးများတွင် အရေးကြီးဆုံးဆု = ချစ်ခြင်းမေတ္တာ (၁၃)
၁. ချစ်ခြင်းမေတ္တာ၏ အရေးကြီးပုံ (၁၃း၁–၃)
က– ချစ်ခြင်းမေတ္တာမရှိပါက အခြားသောဘာသာစကား ပြောခြင်းသည် အကျိုးမရှိ။(၁၃း၁)
ခ– ချစ်ခြင်းမေတ္တာမရှိလျှင် ပရောဖက်ပြုခြင်းသည် အကျိုးမရှိ။(၁၃း၂)
ဂ– ချစ်ခြင်းမေတ္တာမရှိလျှင် ဉာဏ်ပညာအတတ် အမျိုးမျိုးတတ်ခြင်းသည် အကျိုးမရှိ။(၁၃း၃)
ဃ– ချစ်ခြင်းမေတ္တာမရှိလျှင် ပေးကန်းစွန့်ကြဲခြင်းသည် အကျိုးမရှိ။(၁၃း၃)

၂. ချစ်ခြင်းမေတ္တာ၏ ဖေါက်ပြန်ခြင်းကင်းပုံ (၁၃း၄–၇)
က– ယုံကြည်သူများအပေါ် ဆက်ဆံမှု (၁၃း၄ က)၊ စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ ဂုဏ်ပြိုင်ခြင်းမရှိ။
ခ– မိမိကိုယ်အပေါ် ဆက်ဆံမှု (၁၃း၄ က၊ ၅ က)၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ့်အကျိုးကိုမရှာတတ်။
ဂ– အပြစ်ဒုစရိုက်အပေါ် ဆက်ဆံမှု (၁၃း၅ ခ၊ ၆)၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။
ဃ– အခြားဆက်ဆံမှုများ (၁၃း၇)
– *ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏၊ ခပ်သိမ်းသောအရာကိုယုံတတ်၏၊ ခပ်သိမ်းသောအရာကိုမြော်လင့်တတ်၏၊ ခပ်သိမ်းသောအရာကို သည်းခံတတ်၏ – (၁၃း၇)*

၃. ချစ်ခြင်းမေတ္တာ၏ မပျက်စီးနိုင်ပုံ (၁၃း၈–၁၃)
– *ယခုတွင် ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း – (၁၃း၁၃)*
က– အခြားဆုကျေးဇူးများနှင့် မတူပါ။ ချစ်ခြင်းမေတ္တာသည် အမြဲတည်နေသောအရာ ဖြစ်သည်။ (၁၃း၈)
ခ– အခြားဆုကျေးဇူးများနှင့် မတူပါ။ ချစ်ခြင်းမေတ္တာသည် ပြီးပြည့်စုံလင်သော အရာဖြစ်သည်။(၁၃း၉၊ ၁၂)

ဂ– အခြားသောဆုကျေးဇူးများနှင့် မတူပါ။ ချစ်ခြင်းမေတ္တာသည် ရင့်သန်ကြီးထွားသော အရာ ဖြစ်သည်။(၁၃း၁၁)

၄. ဝိညာဉ်ဆုကျေးဇူးများကို နှိုင်းယှဉ်ပြသခြင်း (၁၄)၊ ရှင်ပေါလုက အမျိုးမျိုးသောဘာသာစကား ဆုကျေးဇူးနှင့် ပရောဖက်ပြုခြင်း ဆုကျေးဆု ၂ ခုကို အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြခဲ့သည်။

က– ပရောဖက်ပြုခြင်းများ ဆုကျေးဇူး

(၁) ထိုဆုကျေးဇူး၏ အဓိပ္ပါယ် – ၂ မျိုးရှိသည်။(၁၄း၂၉–၃၀)

(က) သွန်သင်ခြင်း (ဟောကြား ဆုံးမခြင်း) (၁၄း၂၉)

(ခ) ဖွင့်လှစ်ပြသရန် (ယန္တု ထိုဆု မရှိတော့ပါ) (၁၄း၃၀)

(၂) ထိုဆု၏ အရေးကြီးပုံ – ထိုဆုသည် အမျိုးမျိုးသောဘာသာစကား ဆုကျေးဇူးထက် ပို မိုအရေးကြီးသည်။(၁၄း၄–၅၊ ၁၉၊ ၃၉)

(၃) ထိုဆုကျေးဇူး၏ ရည်ရွယ်ချက်

(က) သွန်သင်ခြင်း – ဘုရားရှင်ထံမှ ဖွင့်ပြမှုအသစ်ကို ရရှိစေသည်။(၁၄း၃၀)

(ခ) သွန်သင်ခြင်း – ကြီးထွားရင့်သန်ခြင်း၊ တည်ဆောက်ခြင်းကို ဖြစ်စေသည်။ (၁၄း၃၊ ၄၊ ၁၉၊ ၂၂)

(၄) ထိုဆုကျေးဇူးအပေါ် ဥပဒေသတ်မှတ်ချက်

(က) ဝတ်ပြုအစီစဉ်တခုတွင် လူ ၃ ဦးထက် ပို ပရောဖက်မပြုရ။(၁၄း၂၉)

(ခ) တယောက်ပြီးမှတယောက် ပြုပါ။(၁၄း၃၁)

(ဂ) ပရောဖက်ပြုခြင်းသည် သင်ကြားခြင်းထက် အရေးကြီးသည်။(၁၄း၃၀) (သင်ကြားနေပါက ရပ်၍ ပရောဖက်ပြုမှုကို ဦးစားပေးပါ)

ခ– အမျိုးမျိုးသောဘာသာစကား ပြောခွင့် ဆုကျေးဇူး

(၁) ထိုဆုကျေးဇူး၏ အနက်အဓိပ္ပါယ် – မသင်ကြားဘဲ တတ်မြောက်သော ဘာသာစကား

(၂) ထိုဆုကျေးဇူး၏ ရည်ရွယ်ချက်

(က) ဘုရားရှင်ကို စကားပြောကြားရန် (၁၄း၂)

(ခ) နည်းသစ်ဖြင့် ဖွင့်ပြသည့် ကြားခြင်း (၁၄း၆)

(ဂ) မယုံကြည်သူ ဣသရေလများ ယုံကြည်လာစေရန် (၁၄း၂၁–၂၂) (ပင်တေကုတ္တနေ့၌ ဒေသအမျိုးမျိုးမှ လာရောက်သော ဣသရေလများ ယုံကြည် လာရန် လုပ်ခဲ့ဘူးသည်)

– *သို့ဖြစ်၍ အခြားသောဘာသာစကားတို့သည် ယုံကြည်သောသူတို့အား နိမိတ်လက္ခဏာဖြစ်သည်မဟုတ်။ မယုံကြည်သောသူတို့အား နိမိတ်လက္ခဏာ ဖြစ်သတည်း။ ပရောဖက်ပြုခြင်းအမှုမူကား မယုံကြည်သောသူတို့အဘို့မဟုတ်၊ ယုံကြည်သောသူတို့အဘို့ဖြစ်သတည်း – (၁၄း၂၂)*

(၃) ထိုဆုအပေါ် ဥပဒေသတ်မှတ်ချက်

(က) ဝတ်ပြု ပွဲ အစီစဉ်တခုတွင် လူ ၃ ဦးထက် ပိုမပြောရ။(၁၄း၂၇)

(ခ) တဦးပြီးမှတဦး ပြောရမည်။(၁၄း၂၇)

(ဂ) ဘာသာပြန်ပေးသူ ရှိရမည်။(၁၄း၂၈) ဤဆုကျေးဇူးနှင့် ပါတ်သက်၍ ရှင်ပေါလု သည် ဥပမာ ၃ မျိုးပေး၍ ဆုံးမခဲ့သည်။

(၁) ပထမဥပမာ – တူရိယာပစ္စည်း (၁၄း၇)

(၂) ဒုတိယဥပမာ – စစ်သား (၁၄း၈)

(၃) တတိယဥပမာ – ဦးတည်ချက်မဲ့သောစကား (၁၄း၉–၁၁)

(ဃ) အမျိုးသားသာ ပြောရမည်။(၁၄း၃၄)

(င) စည်းကမ်းတကျ ပြောရမည်။(၁၄း၃၃၊ ၄၀)

(စ) သက်တမ်းကုန်ဆုံးမည်။(၁၃း၈–၁၀)

## ၅။ ပဥ္စမမေးခွန်း

### ရှင်ပြန်ထမြောက်ခြင်းကိစ္စ ( ၁၅ )

<u>က</u>၊ ရှင်ပြန်ထမြောက်ခြင်း၏ အရေးကြီးပုံ (၁၅း၁–၄)၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်းမှာ ဓမ္မဟောင်းကျမ်း ပြည့်စုံခြင်းနှင့် ဓမ္မသစ်ကျမ်း၏ ဗဟိုချက်ကျသော ရေးသားဖော်ပြချက် ဖြစ်သည်။

– *ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း သင်တို့အား ရှေဦးစွာအပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်*

*တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏ – (၁၅း၃–၄)*

ခ၊ ရှင်ပြန်ထမြောက်ခြင်း၏ ခိုင်လုံသောသက်သေ (၁၅း၅–၁၁)

၁. ပထမသက်သေ – ခရစ်တော်ထင်ရှားပြခြင်း (၁၅း၅–၈)၊ ခရစ်တော် ရှင်ပြန်ထမြောက်ပြီး ၁၀ ကြိမ် ထင်ရှားပြခဲ့၏။ ဤကျမ်းပိုဒ်၌ ရှင်ပေါလုက ၆ ကြိမ် မှတ်တမ်းတင်ထားခဲ့သည်။

က– ပေတရုသို့ (၁၅း၅)

ခ– တမန်တော်များသို့ (သောမ မပါဝင်ခဲ့) (၁၅း၅)

ဂ– တပည့်တော် ၅၀၀ ဦးသို့ (၁၅း၆)

ဃ– ယာကုပ်သို့ (ခရစ်တော်၏ ဝမ်းကွဲညီ) (၁၅း၇)

င– တမန်တော်များသို့ (သောမပါဝင်သည်) (၁၅း၇)

စ– ပေါလုသို့ (၁၅း၈)

၂. ဒုတိယသက်သေ – ပေါလု ကယ်တင်ခြင်းခံရစဉ် (၁၅း၉–၁၁)

ဂ၊ ရှင်ပြန်ထမြောက်ခြင်းသည် ပထမအဆင့် ပဓာနကျ အရေးကြီးပုံ (၁၅း၁၂–၁၉)

– *ယခုမှာ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူကြောင်းကို ဟောပြောရသည်ဖြစ်၍ သေသောသူတို့သည် ထမြောက်ခြင်းမရှိဟု သင်တို့တွင် အချို့သောသူတို့သည် အဘယ်ကြောင့် ဆိုရကြသနည်း – (၁၅း၁၂)*

ကောရိန္တုအသင်းတော်မှ လူအချို့သည် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းမရှိနိုင်ဟုပြောဆိုသဖြင့် ရှင်ပေါလု အောက်ပါအတိုင်းဆူးမခဲ့သည်။သေခြင်းမှရှင်ပြန်ထမြောက်ခြင်းမရှိပါက

၁. ခရစ်တော် – – – – – – သေခြင်းမှ ရှင်ပြန်ခဲ့ခြင်းသည် လိမ်ညာမှုဖြစ်လိမ့်မည် (၁၅း၁၃ )

၂. ဧဝံဂေလိတရားဟောပြောသူများ – လိမ်ညာသူများဖြစ်လိမ့်မည် (၁၅း၁၄–၁၅ )

၃. ယုံကြည်သူများ – – – – – – အလိမ်ခံရသူများဖြစ်လိမ့်မည် (၁၅း၁၄–၁၉ ၊ ၃၂ )

က – မရှင်ပြန်နိုင်ကြ (၁၅း၁၃ ၊ ၁၅ )

ခ – အပြစ်၌ပင်ရှိနေကြသည် (၁၅း၁၇ )

ဂ – ယုံကြည်၍ သေလွန်ခဲ့ပြီးသောသူများ မရှင်နိုင်ကြ (၁၅း၁၈ )

ဃ – ကျွန်ုပ်တို့သည် ဤဘဝ၌ မျှော်လင့်ချက်ကင်းမဲ့သူများ ဖြစ်လိမ့်မည် (၁၅း၁၉ )

င – ကျွန်ုပ်တို့သည် အသွေးသားနောက်သို့သာ လိုက်သင့်သူများဖြစ်လိမ့်မည် (၁၅း၃၂ )

ဃ၊ ရှင်ပြန်ထမြောက်ခြင်းနှင့်ပါတ်သက်သော အချက်အလက်များ (၁၅း၂၀–၂၈ )

၁. ရန်သူ

– *နောက်ဆုံးသော ရန်သူတည်းဟူသော သေမင်းသည် ဆုံးရှုံးခြင်းသို့ ရောက်ရလတ္တံ့ – (၁၅း၂၆)*

၂. အောင်နိုင်သူ

– *လူအသီးအသီးတို့သည် မိမိတို့အလှည့်အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးသီးသောအသီးဖြစ်တော်မူ၏။ ထိုနောက် ခရစ်တော်သည် ကြွလာတော်မူသောအခါ တပည့်တော်ဖြစ်သောသူတို့သည် ရှင်ခြင်းသို့ရောက်ကြလိမ့်မည် – (၁၅း၂၃)*

က – ခရစ်တော်သည် အဦးသီးသော အသီးဖြစ်တော်မူသည် (သူ၏ရှင်ပြန်မှု) (၁၅း၂၃)

ခ – ထိုနောက်ခရစ်တော်သည် ကြွလာသောအခါ (ချီဆောင်ချိန်ရှင်ပြန်ခြင်း )

ဂ – ကမ္ဘာကုန်ရလတ္တံ့ – (၁၅း၂၄)

၃. အောင်ပွဲ

– *ထိုအခါခရစ်တော်သည် အထွဋ်အမြတ် အာဏာတန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ အပ်ပြန်တော်မူပြီးမှ ကမ္ဘာကုန်ရလတ္တံ့ – (၁၅း၂၄)*

၄. ကိုယ်စားဝင်ရောက်သူ

– *ခပ်သိမ်းသောအရာတို့သည် လူသားအောက်၌ ချထားလျက်ရှိသောအခါ ခပ်သိမ်းသောအရာတို့ကို သူ့အောက်၌ ချထားတော်မူသောသူ၏ အုပ်စိုးတော်မူခြင်းကို သားတော်သည် ကိုယ်တိုင်ဝန်ခံလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်သည် အလုံးစုံ ဖြစ်တော်မူမည်အကြောင်းတည်း – (၁၅း၂၈)*

(ကျွနုပ်တို့သည်  ယေရှုအောက်၌။ ယေရှုသည် ခမည်းတော်အောက်၌ ရှိရမည် )

င၊ ရှင်ပြန်ထမြောက်ပြီးနောက် ဘဝပြောင်းလဲခြင်း (၁၅း၂၉–၃၄ )

၁. ဘဝပြောင်းလဲမည်ဖြစ်သောကြောင့် ရှင်ပေါလုသည် သေခြင်းကိုမမှုခဲ့ (၁၅း၃၀–၃၂ )

၂. ဘဝတဖက်၌ ရှင်ပြန်ထမြောက်ခြင်းနှင့် ကယ်တင်ခြင်းလမ်းရရှိသောကြောင့် ဒုစရိုက်ကိုမပြုလို၊ ဘဝတဖက်၌ ရှင်ပြန်ထမြောက်ခြင်းမရှိဟုယူဆပါက ဒုစရိုက်ကိုမထူးတော့ဟူသော သဘောဖြင့် ပိုလုပ်ပေလိမ့်မည်။

– *အလွဲမယူကြနှင့်။ မကောင်းသောသူတို့နှင့် ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ ယိုယွင်းတတ်၏။ တရားသဖြင့်နိုးကြလော့။ ဒုစရိုက်ကိုမပြုကြနှင့်။ အချို့သောသူတို့သည် ဘုရားသခင်*

*ကိုမသိကြ။ ထိုသို့ဆိုသော် သင်တို့ကို ရုက်ကြောက်စေခြင်းငှါ ငါဆို၏ – (၁၅း၃၃–၃၄)*

စ၊ ရှင်ပြန်ထမြောက်မည့်ပုံစံ (၁၅း၂၉–၃၄ )

– *သေလွန်သောသူတို့သည် အဘယ်သို့ထမြောက်ကြမည်နည်း။ အဘယ်သို့သောကိုယ်နှင့် ပေါ်လာကြမည်နည်းဟု တစုံတယောက်သောသူ မေးလိမ့်မည် – (၁၅း၃၅)*

ရှင်ပေါလုသည် ရှင်ပြန်ထမြောက်ခြင်းကိစ္စကို ဂျုံစေ့နှင့်နှိုင်းယှဉ်ပြခဲ့သည်။

၁. ဂျုံစေ့သည် မြေပြင်ပေါ်ကျသောအခါ ပုပ်ပျက်သွားသည်။

၂. ဂျုံစေ့သည် မကြာမီ အညှောက်ပေါက်၍ အသစ်ရှင်သန်လာသည်။

ဆ၊ ရှင်ပြန်ထမြောက်ခြင်း၏ ပြည့်ဝစုံလင်မှု (၁၅ း ၃၉–၅၀ )

၁. ခန္ဓာကိုယ်အဟောင်းမှ  ခန္ဓာကိုယ်အသစ်သို့ပြောင်းလဲမှုကို ရှင်ပေါလုယှဉ်ပြရှင်းလင်းထားပုံ။

က – ခန္ဓာကိုယ်အဟောင်း = ပျက်စီးမည် ၊ အပစ်ရှိသည် ၊ သွေးသားကဦးဆောင်သည်၊ အချိန်အကန့်သတ်ဖြင့် အသက်ရှင်သည်၊

ခ – ခန္ဓာကိုယ်အသစ် = မဖေါက်ပြန်မပျက်စီးနိုင် ၊ အပစ်မရှိ ၊ ဝိညာဉ်ကဦးဆောင်သည်၊ အချိန်အကန့်သတ်မရှိချေ။

ဇ၊ ရှင်ပြန်ထမြောက်မည့်အကြောင်း ဂတိပြုထားချက် (၁၅း၅–၅၁–၅၄ )

၁. ခရစ်တော်ပြန်ကြွလာချိန် အသက်ရှင်နေသည့် ယုံကြည်သူများနှင့်ပါတ်သက်၍ = မသေဘဲဘဝပြောင်းရမည်။

– *နက်နဲသောအရာတခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ် – (၁၅း၅၁)*

၂. ခရစ်တော်ပြန်ကြွလာချိန် သေလွန်ပြီးသည့် ယုံကြည်သူများနှင့်ပါတ်သက်၍ = မပုပ်မသိုးဘဲထမြောက်ကြမည်။

– *နောက်ဆုံးသောတံပိုးမှုတ်သောအခါ တခဏခြင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည် – (၁၅း၅၂)*

ဈ၊ ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးအာနိသင် (၁၅း၅၄–၅၇ )

၁. ရှင်ပြန်ထမြောက်ခြင်း ခံရမည့်သူများအပေါ် ဆုံးမစကား (၁၅း၅၈ )

## ၆။ မေးခွန်းနံပါတ် (၆ )

## အလှူငွေ ကိစ္စ (၁၆ )

– *သန့်ရှင်းသူတို့အဘို့ လှူဒါန်း၍ စုထားခြင်းအမှုမှာ ဂလာတိပြည်၌ အသင်းတော်များကို ငါမှာထားသည်အတိုင်း ပြုကြလော့ – (၁၆း၁)*

က၊ အလှူငွေ ထည့်ဝင်ခြင်း (၁၆း၁–၄ )

၁. ထည့်ရမည့်သူ

– *အသီးသီးကောင်းစားသည့်အတိုင်း မိမိဥစ္စာတဖို့ကို – (၁၆း၂)*

၂. လှူရမည့်အချိန်

– *ခုနစ်ရက်တွင် ပဌမနေ့ရက်၌ – (၁၆း၂–၃)*

၃. လှူရမည့်အတိုင်းတာ

– *အသီးသီးကောင်းစားသည့်အတိုင်း – (၁၆း၂)* (၁၀ပုံတပုံ)

၄. လှူသင့်သူ

– *သန့်ရှင်းသူတို့အဖို့ – (၁၆း၁)*

၅. ငွေပို့ပေးမည့်သူ

– *သင်တို့အလိုရှိသောသူတို့ကို – (၁၆း၃)*

ခ၊ အလှူငွေကို ယူသည်သူ (၁၆း၅–၂၄ ) (ရှင်ပေါလု )

၁. သူ၏အကြောင်း

က – ကောရိန္သုမြို့သို့မကြာမီလာရောက်မည်။ (၁၆း၅ )

ခ – ဧဖက်မြို့သို့လဲသွားမည် (၁၆း၈ )

၂. သူ၏ ကိုယ်ကျိုးစွန့်မှု

- *အကြောင်းမူကား အလွန်ကြီးစွာသောတံခါးသည် အဆင်သင့်၍ ငါ့အားဖွင့်လျက်ရှိ၏။ ဆီးတားသော သူအများလည်း ရှိကြ၏ – (၁၆း၉)*

၃. သူ၏ လုပ်ဖော်ကိုင်ဘက်များ
  က – တိမောသေ (၁၆း၁၀–၁၁ )
  ခ – အာပေါလု (၁၆း၁၂ )
  ဂ – သတေဖန် ၊ ဖော်တုနတ် ၊ အခါယကု (၁၆း၁၅–၁၈ )
  ဃ – အာကုလနှင့်ပြစ်ကိလ (၁၆း၁၉ )

၄. သူ၏ သတိပေးမှု
- *သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌တည်ကြလော့။ ယောကျ်ားအစိမ်းသတ္တိနှင့်တ ကွ ခွန်အားစုံလင်လျက်နေကြလော့။ သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက်ကြလော့ – (၁၆း၁၃–၁၄)*

၅. သူ၏ နောက်ပိတ်ဆုံးစကား
- *အကြင်သူသည် သခင်ယေရှုခရစ်ကိုမချစ်၊ ထိုသူသည် အနသေမာ ဖြစ်စေသတည်း – (၁၆း၂၂)*

# ကောရိန္သုဩဝါဒစာ ( ဒုတိယစောင် )

ဤဩဝါဒစာကို အေဒီ ၅၇တွင် ရှင်ပေါလုရေးသားခဲ့သည်။ ဤ ဒုတိယဩဝါဒစာကို ကောရိန္သုမြို့ရှိ အသင်းတော်သို့ ဦးတည်ရေးသားရာ၌ ရှင်ပေါလုသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသင်းတော်ရှိ ကာမဂုဏ် လွန်ကျူးခဲ့ဘူးသောသူသည် နောင်တရ၍ လမ်းမှန်ပြန်ရောက်ခဲ့သောကြောင့် ဖြစ်သည်။

ဤဩဝါဒစာ၌လည်း ရှင်ပေါလုက မိမိသည် တမန်တော်တဦးဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။ ထို့ပြင် ကောရိန္သုမြို့ရှိ အသင်းတော်အားလည်း မိမိ မကြာမီ လာရောက်လည်ပတ်မည်ဖြစ်၍ အသင့်ပြင်ဆင်ထားရန် မှာကြားခဲ့သည်။ ဤစာကို တိတုအားဖြင့် ကောရိန္သုမြို့သို့ ပို့ခဲ့သည်ဟု ထင်မှတ်စရာရှိ၏။ အခန်းကြီး ၈နှင့် ၉တို့သည် အလှူငွေနှင့်ပါတ်သက်၍ ခရစ်ယာန်များအတွက် အထူးမှတ်သားဖွယ် သွန်သင်ချက်များဖြစ်သည်။

## ၁။ နှစ်သိမ့်အားပေးခြင်း ( ၁း၁–၇ )

က၊ နှစ်သိမ့်အားပေး သက်သာစေသူ ( ခမည်းတော်ဘုရား )
- *သနားခြင်းကရုဏာ၏အဘ သက်သာခြင်းအမျိုးမျိုးတို့၏ အရှင်တည်းဟူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာဖြစ်စေသတည်း – (၁း၃)*

ခ၊ နှစ်သိမ့်အားပေးခြင်း၏ ရည်ရွယ်ချက် ( တပါးသူအား နှစ်သိမ့်နိုင်ရန် )
- *ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့ ဆင်းရဲခြင်းအမျိုးမျိုးကို ခံရသောသူတို့အား သက်သာစေနိုင်မည်အကြောင်း ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏။ အဘယ်သို့နည်းဟူမူကား ခရစ်တော်ကြောင့် ငါတို့ခံရသောဆင်းရဲခြင်းသည် အလွန်များပြားသည်နည်းတူ ခရစ်တော်၏ကျေးဇူးအားဖြင့် ငါတို့ခံရသောသက်သာခြင်းသည် အလွန်များပြား၏ – (၁း၄–၅)*

ဂ၊ နှစ်သိမ့်အားပေးခြင်း၏ နမူနာသက်သေ
- *ငါတို့သည် ဆင်းရဲခြင်းကိုခံရသော်ငြား၊ သက်သာခြင်းသို့ရောက်သော်ငြား၊ သင်တို့၏သက်သာခြင်းနှင့် ကယ်တင်ခြင်းအကျိုးအလို့ငှါဖြစ်၏။ ငါတို့သည် ဆင်းရဲခြင်းကိုခံရသကဲ့သို့ သင်တို့သည် သည်းခံသောစိတ်နှင့် ခံရသောအားဖြင့် ထိုသက်သာခြင်းနှင့် ကယ်တင်ခြင်းသည် ပြည့်စုံတတ်၏ – (၁း၆)*

## ၂။ ရှင်းလင်းတင်ပြခြင်း ( ၁း၈ – ၂း၁၃ )

က၊ ရှင်ပေါလု၏ အာရှိပြည်ခရီးစဉ်နှင့် ပါတ်သက်၍ ( ၁း၈–၁၄ )
ခ၊ ရှင်ပေါလု၏ မာကေဒေါနိပြည် ခရီးစဉ်နှင့်ပါတ်သက်၍ ( ၁း၁၅–၂၄၊ ၂း၁၊ ၁၂–၁၃ )

၁. သူ၏အကြံအစည်( ၁း၁၅–၁၆ ) သူသည် မာကေဒေါနိပြည်သို့သွားပြီး ထိုမှတဆင့် ကောရိန္တုမြို့သို့လာမည်ဟု ကြံစည်ထားသည်
၂. သူ့အကြံအစည် အကောင်အထည် မဖေါ်ဖြစ်ရသည့်အကြောင်း( ၁း၂၃ – ၂း၁ ) သူ၏သြဝါဒ ပထမစောင်မှာကဲ့သို့ပင် ဤတခေါက်၌လည်း ဆူပူအပြစ်တင်ခြင်း မပြုလို၍ဖြစ်သည်။
၃. သူသွားခဲ့သည့်နေရာ( တာရောမြို့နှင့် မာကေဒေါနိပြည် ) ( ၂း၁၂–၁၃ )

ဂ၊ ဖေက်မြို့မှ ရှင်ပေါလု၏ မျက်ရည်များ ( ၂း၂–၁၁ )
၁. အတိတ်ကာလက ကောရိန္တုအသင်းတော်သည် ကာမဂုဏ်ကျူးလွန်သူအသင်းသားကို အပြစ်တင်ခြင်း၊ ထုတ်ပယ်ခြင်း မပြုခဲ့ ( ၁ကော ၅ )
၂. ယခုအချိန်၌မူ ကောရိန္တုအသင်းတော်သည် နောင်တရပြီဖြစ်သော ထိုအသင်းသားကို ထုတ်ပါယ်ပြီးနောက် လက်ခံခြင်းမပြုခဲ့ပြန်ချေ( ၂း၆–၈ )၊ စာတန်ပြန်နိုင်မည်ကိုစိုးရိမ်၍( ၁၁ )ပြန်လက်ခံရမည်။

## ၃။ ထူးခြားသည့် ဂုဏ်အင်္ဂါ အရည်အချင်းများ ( ၂း၁၄ – ၆း၁၄ )

ရှင်ပေါလုက ဧဝံဂေလိတရားဟောသူများ၏ အရည်အချင်း ၁၅ရပ်ကို အောက်ပါအတိုင်း ဖေါ်ပြခဲ့သည်။

က၊ အမြဲအောင်ပွဲခံနေသူဖြစ်ခြင်း( ၂း၁၄–၁၆ ) ( အဆင်ပြေသည်ဖြစ်စေ ဒုက္ခရောက်ဖြစ်စေ )
ခ၊ ဘုရားရှင်၏နှုတ်ကပါတ်တော်အပေါ် သစ္စာရှိခြင်း ( ၂း၁၇ )
ဂ၊ ဘုရားရှင်က ချီးမွန်း အသိအမှတ်ပြုထားသူဖြစ်ခြင်း( ၃း၁–၃ )၊ လူကချီးမွန်း အသိအမှတ်ပြုခြင်းကို အလိုမရှိ။
၁. သူပြနိုင်သော အသိအမှတ်ပြုစာကား ယုံကြည်သူများကိုယ်တိုင်ပင် ဖြစ်သည်၊
– *သင်တို့သည် ငါတို့စိတ်နှလုံးပေါ်၌ ရေးထားသောစာ၊ လူအပေါင်းတို့သိ၍ ဖတ်တတ်သော ငါတို့စာပင်ဖြစ်ကြသတည်း – (၃း၂)*
၂. ထိုစာကိုရေးသူမှာ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည် ( ၃း၃ )

ဃ၊ မိမိခိုအားကိုးတတ်သူဖြစ်ခြင်း ( ၃း၄–၅ )
– *ငါတို့သည် ကိုယ်တန်ခိုးကိုအမှီပြု၍ ကိုယ်အလိုအလျောက် တစုံတခုကိုကြံစည်ခြင်းငှါ တတ်နိုင်သည်မဟုတ်။ ဘုရားသခင်ကိုအမှီပြု၍သာ တတ်နိုင်သည် – (၃း၅)*

င၊ သာလွန်ကောင်းမွန်သောတရားမျိုးကို ဟောသူဖြစ်ခြင်း ( ၃း၆–၁၈ )
( မောရှေ၏ ပညတ်တရားထက်သာလွန်သော ကျေးဇူးတရားကို ဆိုလိုသည် )
၁. ပိုမိုသာလွန်သော ယဇ်ပုရောဟိတ်ဖြစ်ခြင်း ( ၃း၆ )
၂. သာလွန်ကောင်းမွန်သော အစီအစဉ်ဖြစ်ခြင်း( ၃း၇–၁၃ )၊ ကျေးဇူးတရားတန်ခိုးတော်သည် ပညတ်တရားတန်ခိုးတော်ကဲ့သို့ ကုန်ဆုံးခြင်းမရှိတတ် ( ထွက် ၃၄း၂၉–၃၅ )
၃. သာလွန်ကောင်းမွန်သော ပုဂ္ဂိုလ်ဖြစ်ခြင်း
– *သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကိုဆိုလိုသတည်း။ သခင်ဘုရား၏ ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏ – (၃း၁၇)*
၄. သာလွန်ကောင်းမွန်သော ရည်ရွယ်ချက်ဖြစ်ခြင်း ( ၃း၁၄–၁၈ )
– အစ္စရေးတို့နှင့်ပါတ်သက်၍ – ဖုံးအုပ်နေသောအဝတ်ကို ဖယ်ရှားရန်၊ ၎င်းတို့၏ မယုံကြည်မှုကိုပယ်ရှားရန် ( ၃း၁၅–၁၆ )
– ဘုရားရှင်၏ သားသမီးများနှင့်ပါတ်သက်၍ အဖုံးအအုပ်မရှိသဖြင့် ခရစ်တော်ကို ပိုမိုသိရှိနားလည်စေရန် ( ၃း၁၈ )

စ၊ လျှို့ဝှက်မှုကင်းသောသူဖြစ်ခြင်း (၄း၂ )
ဆ၊ စာတန်နှင့်ဆန့်ကျင်ဘက်ပြုသူဖြစ်ခြင်း (၄ း၃–၄ )
ဇ၊ ခရစ်တော်အတွက် ပေးလှူထားသူဖြစ်ခြင်း (၄ း၅–၇ )
၁. မိမိကိုယ်ကိုမချီးမြှောက် ခရစ်တော်ကိုချီးမြှောက် (၄ း၅ )
၂. ခရစ်တော်အကြောင်းတင်ပြမှု (၄ း၆ )
၃. ဘုရားရှင်ကျွန်ုပ်တို့ကို အသုံးပြုထားမှု (၄ း၇ ) (မြေအိုးငါတို့ )

ဈ၊ ဒုက္ခခက်ခဲကြုံရသောသူဖြစ်ခြင်း (၄း၈–၁၈ )
၁. ဒုက္ခခက်ခဲများ
– အမျိုးစုံသောအနှောက်ယှက်များ (၄ း၈ )

– မကြံစည်နိုင်သော အခက်ခဲများ (၄ း၈ )
– အောက်ဆုံးထိ လှဲချခံရမှုများ (၄ း၉ )
– အပြင်ပိုင်းဖျက်ဆီးခံရမှုများ (၄ း၁၆ )

၂. ထိုဒုက္ခအပေါ် ကျော်လွှားအောင်မြင်မှုများ
– အနှောက်ယှက်များကြောင့် အကျိုးနည်းခြင်းသို့မရောက် (၄ း၈ )
– မကြံစည်နိုင်သော အခက်များကြောင့်စိတ်မပျက် (၄ း၈ )
– ညှင်းဆဲခံရမှုကြောင့် ဆုံးရှုံးခြင်းသို့မရောက် (၄ း၉ )
– အောက်ချအလှဲခံရသော်လဲ အဆုံးသို့မရောက် (၄ း၉ )
– အပြင်ပိုင်းအဖျက်ခံရသော်လဲ အတွင်းပိုင်းပိုကောင်းလာသည် (၄ း၁၆ )

၃. ထိုဒုက္ခခက်ခဲများမှရရှိသော အကျိုးအမြတ်
– ချက်ခြင်းရရှိသော ကောင်းချီးမင်္ဂလာများ
. ယုံကြည်သူသည် ခြားနားသူဖြစ်ခြင်း (၄ း၁၀ )
. ကယ်တင်ရှင်ဘုန်းတော် ထင်ရှားရခြင်း (၄း၁၅ )

၄. အနာဂတ်၌ ရရှိမည့်ကောင်းချီးမင်္ဂလာများ
– သေခြင်းမှရှင်ပြန်ထမြောက်မည် (၄း၁၄ )
– ကြီးမြတ်သောဘုန်းအသရေတော်ဆုကို ရရှိမည် (၄း၁၇–၁၈ )

ည၊ ယုံကြည်စိတ်ချနေသူဖြစ်နေခြင်း (၅း၁–၉ )
– *သခင်ဘုရားနှင့် ကွာဝေးရာအရပ်၌နေသည်ကို ငါတို့သည်သိလျက် အစဉ်ရဲရင့်(စိတ်ချ)သောစိတ်ရှိကြ၏ – (၅း၆)*

၁. ကျွန်ုပ်တို့ယုံကြည်စိတ်ချနေရခြင်း၏ အခြေခံအကြောင်းရင်း (၅း၈ )

၂. ကျွန်ုပ်တို့ယုံကြည်စိတ်ချနေရခြင်း၌ ခံယူသည့်နည်းလမ်း
– *ယုံကြည်မြော်လင့်ခြင်းရှိသည်အတိုင်း ငါတို့သည် ကျင့်ဆောင်ပြုမူသည် – (၅း၇)*

၃. ကျွန်ုပ်တို့ယုံကြည်စိတ်ချနေရခြင်းအပေါ် နားလည်ခံယူထားချက်
– ဘုရားရှင်၏ မြေပြင်အမှုတော်ကို အချိန်ရှိခိုင်းလုပ်ဆောင်နေခြင်းဖြစ်သည်။ (၅း၈–၉ )
– ဘုရားရှင်၏ ကောင်းကင်နိုင်ငံတော်၌ ပြန်နေရမည် (၅း၁ )

ဋ၊ မဖြစ်မနေ မဆုပ်မနစ် လုပ်တတ်သူဖြစ်ခြင်း (၅း၁၀–၁၇ ) – ရှင်ပေါလုက သူနေ့ရောညပါ ကြိုးစားပန်းစားလုပ်ဆောင်ခဲ့မှုများသည် အောက်ပါအချက်များကြောင့်ဟု ဖော်ပြခဲ့သည်။

၁. ဘုရားရှင်တရားပလ္လင်ရှေ့ဆုရရန် (၅း၁၀ )

၂. အပြစ်သားများ၏ တောင့်ကချက်ကို ဖြည့်ဆည်းပေးရန် (၅း၁၄ )

၃. ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်

၄. ခရစ်တော်ကိုချစ်သောကြောင့်
– *ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ငါတို့ကိုအနိုင်ထက်သွေးဆောင်၏ – (၅း၁၅)*

၅. ဧဝံဂေလိတရား၏ တန်ခိုးတော်ကြောင့်
– *လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ / အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း – (၅း၁၇၊ ၂၁)*

ဌ၊ ကိုယ်စာလယ်ကဲ့သို့သောဖြစ်ခြင်း (၅း၁၈–၂၀ )
– *ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကို ဟောရသောအခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏ / ထိုကြောင့် ငါတို့သည် ခရစ်တော်၏သံတမန်ဖြစ်ကြ၏။ သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့်မိဿဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အားဖြင့် နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့ ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏ – (၅း၁၈–၂၀)*

ဍ၊ အပြစ်တင်ခြင်းနှင့် ကင်းလွတ်သူဖြစ်ခြင်း (၆း၁–၇ )

၁. မနစ်သက်စရာ အချက်အလက်ကင်းခြင်း
– *တရားဟောခြင်းအခွင့်အရာကို အပြစ်တင်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှါ ထိမိ၍လဲစရာအကြောင်း တစုံတခုကိုမျှမပြု – (၆း၃)*

၂. ဘက်စုံအရည်ချင်းပြည့်စုံခြင်း

– *ညှင်းဆဲခြင်း၊ ဆင်းရဲခြင်း၊ မလွတ်နိုင်သောဘေးဥပဒ်နှင့်တွေ့ခြင်း – (၆း၄)*

– **အရေဖျားလှီးခံသောလူများကြား၌ ကြုံရသည့်ဒုက္ခ**

– *ညှင်းဆဲခံခြင်း၊ ဆင်းရဲခြင်း၊ မလွတ်နိုင်သောဘေးဥပဒ်နှင့်တွေ့ခြင်း (၆း၄)*

– **အပြစ်သားများကြား၌ ကြုံရသည့်ဒုက္ခ**

– *အရိုက်အပုတ်ခံ၊ ထောင်ထဲ၌နေခြင်း၊ သူတပါးရန်ရင်းခတ်ပြုခြင်း၊ အမှုကိုလုပ်ဆောင်ခြင်း၊ မအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်းကို အလွန်သည်းခံလျက် – (၆း၅)*

ဃ၊ ယုတ္တိမရှိဟု ထင်ရသော်လဲ တကယ်ဟုတ်သောသူဖြစ်ခြင်း (၆း၈–၁၀ )

၁. လှဲ့စားသောသူကဲ့သို့ ဖြစ်သော်လဲဟုတ်မှန်သောသူ (၆း၈ )

၂. ဘယ်သူမျှမသိသော်လဲ ကျော်ဇောသောသူ (၆း၉ )

၃. အသေခံသောသူကဲ့သို့ ဖြစ်သော်လဲအသက်ရှင်သောသူ (၆း၉ )

၄. ဆုံးမခြင်းကို ခံသောသူကဲ့သို့ဖြစ်သော်လဲ အသေသတ်ခြင်းနှင့်ကင်းလွတ်သောသူ (၆း၉ )

၅. ဝမ်းနည်းသောသူကဲ့သို့ဖြစ်သော်လဲ အစဉ်ဝမ်းမြောက်သောသူ (၆း၁၀ )

၆. ဆင်းရဲသောသူကဲ့သို့ဖြစ်သော်လဲ လူအများကိုရတတ်စေသောသူ (၆း၁၀ )

၇. ဥစ္စာတခုကိုမျှ မပိုင်သောသူဖြစ်သော်လဲ အလုံးစုံတို့ကိုပိုင်သောသူ (၆း၁၀ )

င၊ သီးခြားဆံသူဖြစ်ခြင်း (၆း၁၁–၁၈ )

၁. **သီးခြားဆက်ဆံရခြင်း၏အကြောင်း**

– *မယုံကြည်သောသူတို့နှင့်တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည် မှောင်မိုက်နှင့် အဘယ်သို့ဆက်ဆံနိုင်မည်နည်း – (၆း၁၄)*

၂. ထိုသီးခြားဆက်ဆံရမှုအပေါ် ဆန်းစစ်လေ့လာခြင်း

– အမှားနှင့်အမှန်မည်ကဲ့သို့ ပေါင်းသင်းနိုင်မည်နည်း (၆း၁၄ )

– အလင်းနှင့်အမှောင်မည်ကဲ့သို့ ဆက်ဆံနိုင်မည်နည်း (၆း၁၄ )

– ခရစ်တော်နှင့်ဗာလျာလမည်သို့သင့်တင့်နိုင်မည်နည်း (၆း၁၅ )

– ယုံကြည်သူနှင့် မယုံကြည်သူမည်သို့ အကျိုးအပစ်ခံနိုင်မည်နည်း (၆း၁၅ )

– ဘုရားရှင်၏ ဗိမ္မာန်တော်နှင့်ရုပ်တုဆင်းတုမည်သို့ သက်ဆိုင်ရမည်နည်း (၆း၁၆ )

၃. ထိုသီးခြားဆံရခြင်း၏ အရင်းခံအကြောင်းရင်း

– *သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည် လက်ခံမည် – (၆း၁၇)*

၄. ထိုသီးခြားဆံမှုအတွက် ကောင်းချီးမင်္ဂလာ (၆း၁၆–၁၈ )

– *ဘုရားသခင်မိန့်တော်မူသည်ကား သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည် – (၆း၁၆)*

## ၄။ ကျေနပ် အလိုပြည့်သက်သာခြင်း (၇ း ၁ – ၆ )

ရှင်ပေါလုသည် အောက်ပါအချက်(၂ )ချက်အတွက် ဘုရားရှင်ကို ကျေးဇူးတင်ခဲ့သည်။

က၊ တိတုနှင့်ပြန်လည်တွေ့ရခြင်း “ ရှင်ပေါလုသည် တရောမြို့သို့ရောက်ချိန်၌ တိတုကိုရှာမတွေ့ခဲ့ – ယခုမှသူကိုတွေ့သောကြောင့်အလိုပြည့် စိတ်သက်သာခဲ့ရသည် (၂း၁၂ – ၁၃ ၊ ၇း၇ )

ခ၊ တိတု၏ ပြောပြခြင်းများ (၇း၇–၁၆ ) တိတုသည် ပေါလု၏တာဝန်ပေးချက်အရ ကောရိန္တုမြို့သို့သွားခဲ့ရာမှပြန်ရောက်လာပြီး ကောရိန္တုအသင်းတော်အခြေနေကို ရှင်ပေါလုပြောပြခဲ့သည်။

၁. ကောရိန္တုအသင်းတော်သည် ရှင်ပေါလုပေးခဲ့သော သြဝါဒစာပထမစောင် (၁ကောရိ )ကိုလက်ခံနာယူကြပြီး နောင်တယူကြသည် (၇း၇–၁၀ )

– *ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သော နောင်တစိတ်တည်းဟူသော မပြောင်းလဲနိုင်သောနောင်တစိတ်ကို ပြုပြင်တတ်၏ – (၇း၁၀)*

၂. ကောရိန္တုအသင်းတော်သည် ပေါလု၏ကိုယ်စားလည်တိတုကိုလက်ခံကြသည် (၇း၁၃ ၊ ၁၅ )

## ၅။ တောင်းဆိုခြင်း (၈ း ၁ –––– ၉ း ၁၅ )

က၊ ပေးလှူခြင်း၏ နမူနာများ

၁. မာကေဒေါနိအသင်းတော်များ (၈း၁–၅ )

– အမျိုးမျိုးအပြင် မိမိတို့ကိုယ်ကိုပါ ဘုရားသို့လှူ ကြ၏ (၈း၅ )
– တမန်တော်တို့လှူတန်းကြသည် (၈း၅ )
– သန့်ရှင်းသူတို့သို့ လှူတန်းကြသည် (၈း၂ )

၂. ကယ်တင်ရှင်

– *ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏ – (၈း၉)*

၃. ခမည်းတော်

– *ပြော၍မကုန်နိုင်သော ဘုရားသခင်၏ဆုကျေးဇူးတော်ကို အောက်မေ့ချီးမွမ်းခြင်း ရှိစေသတည်း – (၉း၁၅)*

ခ၊ ပေးလှူခြင်းအသွင်လက္ခဏာများ

၁. ဘုရားရှင်၏ အစဦးလုပ်ဆောင်မှု (၈း၁ ၊ ၉း၈ ) (ကယ်တင်ခြင်း + ရုပ်ပစ္စည်းများ )
၂. ထားရမည့်သဘောထားနှင့် ဦးတည်ချက် (၉း၇ )
၃. စိတ်အလိုအလျောက်ဖြစ်ရမည် (၈း၃–၄ ၊ ၈ ၊ ၁၂ / ၉း၇ )
နှမြော – – – – – မလှူရ (၉း၇ )
၄. ရက်ရောရမည် (၈း၂ ၊ ၉း၆ )
၅. မိမိကိုယ်ကိုဘုရားရှင်အား အရင်ပူဇော်ပါ (၈း၅ ) (လှူတန်းခြင်းသည် အရေးကြီးဆုံးဖြစ်သည် )
၆. ခရစ်တော်၌ ဝမ်းမြောက်စွာလှူတန်းပါ (၈း၂ ၊ ၉း၇ )
၇. ကျွန်ုပ်တို့၌ ဥစ္စာမည်မျှရှိနေသည်အပေါ်၌ အခြေခံပါ (၈း၁၂ )

– *စေတနာစိတ်သည် အသင့်ရှိလျှင် မတတ်နိုင်သောအမှုကိုမထောက်ဘဲ တတ်နိုင်သောအမှုကိုထောက်၍ နှစ်သက်တော်မူဘွယ်ဖြစ်၏ – (၈း၁၂)*

၈. လှူတန်းခြင်းသည် ဝိညာဉ်ဆုကျေးဇူးတခုကိုအသုံးပြုခြင်းဖြစ်သည်။

– *ထိုသို့နှင့်အညီ သင်တို့သည် ယုံကြည်ခြင်း၊ တရားဟောခြင်း၊ ဉာဏ်ရှိခြင်း၊ အမျိုးမျိုးသောသဘောတို့နှင့်ပြည့်စုံခြင်း ငါတို့ကိုချစ်ခြင်းမှစသော အလုံးစုံတို့နှင့် ကြွယ်ဝပြည့်စုံသည်ဖြစ်၍ ထိုကျေးဇူးနှင့်လည်း ကြွယ်ဝပြည့်စုံခြင်း ဖြစ်စေသတည်း – (၈း၇)*

၉. လှူတန်းအမှုတော်ဆောင်ခြင်းဖြစ်သည် (၉း၁ )

– *သန့်ရှင်းသူတို့ကို လုပ်ကျွေး(အမှုဆောင်)ခြင်း၏အမှုအရာများကို သင်တို့အား ငါရေး၍ကြားလိုက်သော် အကျိုးမရှိ – (၉း၁)*

ဂ၊ ပေးလှူခြင်းမှရရှိသည့် အကျိုးအမြတ်များ

၁. တပါးသူသို့ နမူနာကောင်းဖြစ်စေသည် (၉း၂ )
၂. ဘုရားရှင်ကို ကျွန်ုပ်တို့ချစ်ကြောင်း သက်သေပြရာရောက်သည် (၈း၈ ၊ ၂၄ )
၃. ဝိညာဉ်ရေးတိုးတက်မှုရှိကြောင်း အာမခံခြင်းဖြစ်သည် (၉း၁၀ )
၄. ကျနုပ်တို့လိုအပ်သမျှကို ဘုရားရှင်ပေးမည့်အကြောင်း စိတ်ချမှုကိုဖြစ်စေသည် (၉း၁၁ )
၅. ကျနုပ်တို့ပေးလှူခဲ့သမျှထက် ပိုမိုသောဆု ဘုရားရှင်ပေးမည် (၉း၈–၉ )
၆. ဆင်းရဲသားခရစ်ယာန်များ၏ လိုအပ်ချက်ကို ဖြည့်ပေးခြင်းဖြစ်သည် (၉း၁၂ )
၇. ထိုခရစ်ယာန်ဆင်းရဲသားမှ ဘုရားရှင်ကိုကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်သည် (၉း၁၂–၁၃ )
၈. ထိုဆင်းရဲသားခရစ်ယာန်က ပေးလှူသူအတွက် ပြန်လည်ဆုတောင်းပေးမှုဖြစ်စေသည် (၉း၁၄ )

## ၆။ ကာကွယ်ရှင်းလင်းပြောဆိုခြင်း (၁၀ – ၁၃ )

ဤကျမ်းပိုဒ်များ၌ ရှင်ပေါလုသည် မိမိကိုယ်တိုင်နှင့်မိမိအမှုတော်ဆောင်ခဲ့ချက်များကို ကာကွယ်ပြောဆိုခဲ့သည်။ အောက်ပါအချက်(၅ )ချက်၌ ရှင်ပေါလုကမိမိသည် အမှုတော်ဆောင်ရွက်ရာ၌ ဖါရိရှဲတို့ထက်သာလွန်ခဲ့ကြောင်း တင်ပြခဲ့သည်။

က၊ သူ့နည်းလမ်းသည် အထူးကောင်းမွန်သည်။

၁. မိမိသည် ကာယအတွက်တိုက်ပွဲဝင်သူမဟုတ် (၁၀း၃ )
၂. မိမိသည်ကာယပိုင်းဆိုင်ရာအတွက် ကြွားဝါသူမဟုတ် (၁၀း၁၂ ၊ ၁၇–၁၈ )

ခ၊ သူ့အမှုဆောင်ရွက်မှု အတိုင်းအတာများသည် အထူးကောင်းမွန်သည်။

– *သင်တို့ပြည်တဖက်သို့ကူး၍ ဧဝံဂေလိတရားကို ဟောပြောရသောအခွင့်ရှိစေခြင်းငှါ သင်တို့၏ ယုံကြည်*

*ခြင်းပါရမီ ရင့်ပြီးမှ ငါတို့၏အငန်းအတာသည် အလွန်ကျယ်ဝန်းမည်ဟု မျှော်လင့်ခြင်းရှိ၏ – (၁၀း၁၆)*

ဂ၊ သူ၏စိတ်ရင်းသည် အထူးကောင်းမွန်၏။

၁. သူ၏ အသင်းတော်များအပေါ် သံယောဇဉ်ဖြင့် စိတ်မချခဲ့မှုများ (၁၁း၂ )

၂. သူ၏ စိုးရိမ်းခဲ့မှု (၁၁း၃ )

၃. သူတမန်တော်ဖြစ်သော်လည်း ကိုယ်ကျိုးမရှာဘဲ အသင်းတော်အပေါ် အမှုဆောင်ခဲ့မှုများ –

– *ငါသည် အကြီးဆုံးသောတမန်တော်အောက် အလျှင်းမယုတ်သည်ကို ငါသဘောရှိ၏ – (၁၁း၅)*

က – သူသည် သူတို့အားများစွာ ပေးကမ်းခဲ့သည် (၁၁း၆–၇ )

ခ – သူသည် သူတို့ထဲမှ မည်သည့်အရာမှ ပြန်မယူခဲ့ (၁၁း၇–၉ )

၄. အသင်းတော်အပေါ် သူသတိပေးမှု

က – သူတို့၏ ရန်သူများ

– *သူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏တမန် ဖြစ်ယောင်ဆောင်၍ လှည့်ဖြား တတ်သော အမှုစောင့်ဖြစ်ကြ၏ – (၁၁း၁၃)*

ခ – ရန်သူများ၏ မူလ (၁၁း၁၄ )

ဂ – ရန်သူများ၏ လုပ်ရပ်များ (၁၁း၂၀ ) (ချည်နှောင်ခြင်းတရားများ )

၅. အသင်းတော်အတွက် သူရခဲ့သော ဒုက္ခခက်ခဲများ (၁၁း၂၃–၃၃ ) (တ ၉း၂၆ )

က – ပင်ပန်းဆင်းရဲမှု (၁၁း၂၃–၂၇ )

ခ – အရိုက်နှက်ခံရမှုများ

(၁) ငါးကြိမ်အဖမ်းခံရရာ၌ တကြိမ်လျှင် ၃၉ ချက် ကြာပွတ်ဖြင့်အရိုက်ခံရသည် (၁၁း၂၄ )

(၂) သုံးကြိမ် ကြိမ်လုံးဖြင့် အရိုက်ခံရသည် (၁၁း၂၅ )

ဂ – ဂဲနှင့်တကြိမ် အပစ်ခံရမှု (၁၁း၂၅ )

ဃ – သုံးကြိမ် သင်္ဘောပျက်မှု (၁၁း၂၅ )ထိုအထဲမှတကြိမ်၌ ၊ နေ့နှင့်တညပင်လယ်ထဲ မျှော် နေခဲ့သည်။

င – အကြိမ်ကြိမ်ခရီးပန်းရမှု (၁၁း၂၆ )

စ – အန္တရာယ်ဆိုးများ ကျရောက်မှု (၁၁း၂၆ )

(၁) မြစ်ဖြတ်ကူးမှု အန္တရာယ်များ

(၂) ဒါးပြ အန္တရာယ်များ

(၃) မိမိလူမျိုးများ၏ ရန်ပြုမှုများ

(၄) တပါးအမျိုးသား၏ ရန်ပြုမှုများ

(၅) ဖေါက်ပြန်သောဟန်ဆောင်ခရစ်ယန်များ၏ ရန်ပြုမှုများ

ဆ – အကြပ်တည်းကြားမှ ခဲရာခဲဆစ်ပြေးရမှု (၁၁း၃၂–၃၃ )

ဇ – အခြားအမျိုးမျိုးသော ဒုက္ခများ

(၁) ရေငတ် ၊ အစာငတ်ခဲ့ရမှု (၁၁း၂၇ )

(၂) အဝတ်ချည်းစည်းရှိခဲ့ရမှု (၁၁း၂၇ )

(၃) အအိပ်ပျက် ၊ အနားပျက်ခဲ့ရမှု (၁၁း၂၇ )

ဈ – အသင်းတော်များကို စိုးရိမ်စွာ စောင့်ရှောက်ခဲ့ရမှု (၁၁း၂၈ )

ဃ၊ သူ၏ ခံစားခဲ့ရသောတန်ခိုးလက္ခဏာများမှာ အထူးကောင်းမွန်သည်

၁. ပေါလုခံစားခဲ့ရသော ထူးဆန်းသည့် ရူပါရုံ (၁၂း၁–၄ )

၂. ပေါလု၏ ခွန်အား (၁၂း၇–၁၀ ) – ပေါလုသည် အောင်မြင်မှုအမျိုးမျိုးကြောင့် မာနမရှိစေရန် – ဘုရားရှင်က ရောဂါပေးထားသည်။

သူ၌ မျက်စိရောဂါ (အလင်းတန်းမြင်စဉ်က ) ရှိခဲ့သည်ဟု မှတ်ယူနိုင်သည်၊ (ဂလာ၆း၁၁ ) (စာလုံးကြီး )

၃. ပေါလု၏ အထူးတန်ခိုးလက္ခဏာသက်သေ (၁၂း၁၂ ) (သူသည် တမန်တော်တဦးရှိသောတန်ခိုး လက္ခဏာများရှိသည်။ )

င၊ သူ၏ အနာဂတ်၌ တွေ့ဆုံစည်းဝေးမည့်အမှုသည် အထူးကောင်းမွန်လိမ့်မည်။

ကောရိန္တု အသင်းတော်သည် လမ်းမှားလုပ်သောကြောင့် ပထမသြဝါဒစာဖြင့် ရှင်ပေါလုဆုံးမခဲ့သည်။ သူတို့သည် နောင်တရ၍ အပစ်ဒုစရိုက်ကို စွန့်လိုက်ပြီးဖြစ်သည်။ သို့ဖြစ်၍ ယခုသူတို့နှင့်ရှင်ပေါလု ပြန်လည်တွေ့ဆုံမည့် အကြောင်းရာသည် အထူးကောင်းမွန်ပေလိမ့်မည်။

– *ဤတတိယအကြိမ်တွင် သင်တို့ဆီသို့ ငါလာမည်ဖြစ်၍ သက်သေခံနှစ်ဦးသုံးဦးအားဖြင့် စကားရှိသမျှတို့ သည် တည်ရလိမ့်မည် – (၁၃း၁)*

၁. ပေါလု၏ ရည်ရွယ်ချက်

- *ဤတတိယအကြိမ် သင်တို့ဆီသို့သွားခြင်းငှါ ငါသည်အသင့်ရှိ၏။ သင်တို့ကိုနှောင့်ရှက်မည်ဟု အကြံမရှိ။ သင်တို့ဥစ္စာကို ငါရှာသည်မဟုတ်။ သင်တို့ကိုသာရှာ၏။ သားသမီးတို့သည် မိဘအတွက် ဥစ္စာကို ဆည်းပူးရသည်မဟုတ်။ မိဘတို့သည် သားသမီးတို့အတွက် ဆည်းပူးရ၏ - (၁၂း၁၄)*

၂. ကောရိန္သု အသင်းတော်၏ ပြင်ဆင်ထားရမည့်အချက် (၁၃း၅ ၊ ၁၁-၁၄ )

# ဂလာတိဩဝါဒစာ

ဤဩဝါဒစာကို ရှင်ပေါလုသည် (အေဒီ ၅၇ )တွင်ရေးခဲ့သည်၊ ရှင်ပေါလုသည် ပထမအကြိမ်ရပ်ဝေးသာသနာပြုထွက်ရာတွင် ပိသိဒိပြည်၏ အန္တိအုတ်မြို့ ၊ ဣကောနိမြို့ ၊ လုတ္တရမြို့ ၊ ဒေရဗေမြို့ ၊ ပံဖုလိပြည်၊ အတ္တလိမြို့များသို့ရောက်ခဲ့သည်။ များစွာသောသူများ ကယ်တင်ခြင်းကိုလက်ခံကြ၍ ရှင်ပေါလုသည် ထိုဒေသများသို့ ဒုတိယအကြိမ်နှင့်တတိယအကြိမ်များတိုင်အောင် ထပ်မံသွားရောက်၍ သူတို့နှင့်အတူအတန်ကြာနေထိုင်ခဲ့သည် ယုဒလူတို့က ဂလာတိဒေသရှိ ခရစ်ယာန်များအား အရေဖျားလှီးခြင်းမှစသော မောရှေ၏တရားအမျိုးမျိုးကိုလိုက်နာရမည်ဟု သွန်သင်ကြသည်။ (တ၁၅း၁) သို့ဖြစ်၍ ထိုမှားယွင်းသော သွန်သင်ချက်သည် ထိုဒေသများ၌ ပြန့်နှံ့သွားရာ ခရစ်ယာန်များသည် ယုဒဘာသာ၏ စရိုက်များကိုပါတွဲလုပ်ရသည့် အချေသို့ဆိုက်ရောက်ခဲ့သည်။

ရှင်ပေါလု၏ သွန်သင်ချက်များကြောင့် ခရစ်ယန်ဖြစ်လာသူတို့သည် ရှင်ပေါလုကိုတမန်တော်အဖြင့်မသိမှတ်လိုသည်သာမက စွန့်ပြစ်သည့်အချေသို့ရောက်ခဲ့သည်။ - ဤ ဩဝါဒစာသည် ရှင်ပေါလုက ဂလာတိဒေသ များရှိ ခရစ်ယာန်များကို ဆုံးမအပြစ်တင်ထားသောစာဖြစ်သည်။ (၁း၂) - ရှင်ပေါလုက ၄င်းတို့အား ရှုပ်ထွေးမှုမရှိသော ခရစ်တော်၏တရား၌ ဆည်းကပ်ကြရန် သတိပေးနှိုးဆော်ထားသည်။ ဤဩဝါဒစာက ယုဒဘာသာ၏ လွဲမှားမှုများကို အဓိပ္ပါယ်ဖွင့်ဆို၍ - မိမိတို့သည် ဖြောင့်မတ်ခြင်းတရားကို ယုံကြည်ခြင်းအားဖြင့် ရရှိနိုင်ကြောင်းကို တင်စားပွဲထုတ်သွားခဲ့သည်။

## ၁။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းမှဖြစ်သည်။ အခြေခံအချက် ( ဂလာ ၁း ၁-၅ )

- *သခင်ယေရှုခရစ်နှင့် ခမည်းတော်ဘုရားထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ ထိုသခင်သည် ငါတို့အဘတည်းဟူသော ဘုရားသခင်၏အလိုတော်နှင့်အညီ ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကိုကယ်နှုတ်ခြင်းငှါ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ်အပ်ပေးတော်မူ၏။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင် - (၁း၃-၅)*

## ၂။ ဖြောင့်မတ်ခြင်းတရားသည်ယုံကြည်ခြင်းမှဖြစ်သည်။ လမ်းလွဲသွေဖီချက် ( ၁း၆-၉ )

- *ခရစ်တော်၏ကျေးဇူးအားဖြင့် သင်တို့ကို ခေါ်တော်မူသောသူနှင့် ဤမျှလောက်မြန်မြန်ခွာ၍ သင်တို့သည် အခြားသောဧဝံဂေလိတရားကို ခံယူကြသောကြောင့် ငါသည် အံ့ဩခြင်းရှိ၏ / သို့သော်လည်း သင်တို့အား ငါတို့ဟောပြောသောဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်၄င်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန် ဟောပြောသော်၄င်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကို ခံစေ - (၁း၆၊ ၈)*

## ၃။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းမှဖြစ်သည်။ ဗျာဒိတ်ထားချက် ( ၁း၁၀ - ၂း၁၀ )

က၊ တခုတည်းသောအချုပ်အခြာ ဗျာဒိတ်ထားချက် (၁း၁၁ -၁၂ ၊ ၁၇-၁၉ )

- *ညီအကိုတို့ ငါဟောပြောသောဧဝံဂေလိတရားသည် လူတို့၏တရားမဟုတ်။ လူထံမှာ ငါခံရသည်မဟုတ်။ ယေရှုခရစ်၏ဗျာဒိတ်တော်မှတပါး အခြားသောဥပဒေသကို ငါမခံမည်အကြောင်း သင်တို့အား ငါကြားလိုက်ရ၏ - (၁း၁၁-၁၂)*
- *ငါ့အရင် တမန်တော်ဖြစ်နှင့်သောသူတို့ရှိရာ ယေရုရှလင်မြို့သို့လည်းမသွား အာရပ်ပြည်သို့ချက်ခြင်းသွား၍ တဖန် ဒမာသက်မြို့သို့ပြန်လေ၏။ ထိုနောက် သုံးနှစ်လွန်ပြီးမှ ပေတရုကို အကျွမ်းဝင်လိုသောငှါ ယေရုရှလင်မြို့သို့သွား၍ သူနှင့်အတူ ဆယ်ငါးရက်နေ၏။ သူနှင့် သခင်ဘုရား၏ညီတော် ယာကုပ်မှတပါး အခြားသောတမန်တော်တယောက်ကိုမျှ ငါမတွေ့မမြင် - (၁း၁၇-၁၉)* **(သူ ဘယ်တမန်တော်ဆီကမှ သွန်**

သင်ချက် ခံယူလာသူမဟုတ် -- ယေရှုခရစ်ကိုယ်တိုင်မှ ခံယူလာသူဖြစ်ကြောင်း)

ခ၊ ဤ ဗျာဒိတ်ထားချက်ကို မိမိလိုအပ်ခဲ့ပုံ (၁း၁၃-၁၄ )

ဂ၊ ဤ ဗျာဒိတ်ထားချက်ကို ရည်ရွယ်မှု (၁း၁၅-၁၆ )

– *သားတော်၏ ဧဝံဂေလိတရားကို တပါးအမျိုးသားတို့၌ ဟောပြောစေမည်အကြောင်း မိမိအလိုတော်နှင့်အညီ သားတော်ကို ငါ့အားပြတော်မူသောအခါ ငါသည် အသွေးအသားနှင့် တိုင်ပင်ခြင်းကိုမပြု – (၁း၁၆)*

ဃ၊ ဤဗျာဒိတ်ထားချက်ကို တာဝန်ယူခဲ့ပုံ (၂း၁ – ၂ ၊ ၉ )

– *ထိုနောက် တဆယ်လေးနှစ်လွန်ပြီးမှ ငါသည် တိတုကိုခေါ်၍ ဗာနဗနှင့်အတူ ယေရှုရှလင်မြို့သို့ တဖန်သွားလေ၏။ ဗျာဒိတ်တော်အတိုင်းပင် သွားသည်ဖြစ်၍ တပါးအမျိုးတို့၌ ဟောပြောသောဧဝံဂေလိတရားကို ထိုအခါ ငါကြားပြောလေ၏။ ထိုသို့ဆိုသော် ငါဆောင်ရွက်ခဲ့ပြီးသောအမှုနှင့် နောက်၌ဆောင်ရွက်လတ္တံ့သောအမှုကို အချည်းနှီးမဖြစ်စေခြင်းငှါ အသရေထင်ရှားသောသူတို့အားသာ တိတ်ဆိတ်စွာကြားပြော၏ – (၂း၁-၂)*

င၊ ဤ ဗျာဒိတ်ထားချက်ကို လက်ခံရရှိသူ – – တပါးအမျိုးသားများ (၂း၇-၈)

စ၊ ဤ ဗျာဒိတ်ထားချက်၏ ရန်သူ – – အသွေးသားညီအကိုများ (၂း၃-၅)

## ၄။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်မှုဖြစ်သည်။ ဆန့်ကျင်မှုတခု ( ၂း၁၁-၁၄ )

– *သင်သည် ယုဒလူဖြစ်လျက်ပင် ယုဒထုံးစံအတိုင်းမကျင့်ဘဲ တပါးအမျိုး၏ထုံးစံအတိုင်းကျင့်လျှင်၊ တပါးအမျိုးသားတို့သည် ယုဒထုံးစံအတိုင်းကျင့်စေခြင်းငှါ အဘယ်ကြောင့် သူတို့ကို အနိုင်အထက်ပြုသနည်း – (၂း၁၄ ခ)*

## ၅။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်မှုဖြစ်သည်။ ရှင်းလင်းချက် ( ၂း၁၅-၁၉ )

– *ပညတ်တရား၏အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်နိုင်ရာ – (၂း၁၆)*

## ၆။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်မှုဖြစ်သည်။ ပြောင်းလဲနိုင်မှု (၂း၂၀-၂၁ )

– *ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏ – (၂း၂၀)*

## ၇။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းမှုဖြစ်သည်။ အကျိုးအကြောင်းပြ တင်ပြချက် အခန်းကြီး ( ၃ နှင့် ၄ ) သည် – ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းမှုဖြစ်သည်ဆိုသည့်အချက်ကို ပြည့်ပြည့်စုံစုံ လုံလောက်အောင် ရှင်းလင်းတင်ပြချက်များဖြစ်သည်။

က၊ ရှင်ပေါလု၏ ကိုယ်ပိုင်အဖြစ်ပျက်များနှင့် နှိုင်းယှဉ်၍ အကျိုးကြောင်းတင်ပြချက် (၃း၁-၅၊ ၄း၁၂ -၂၀ )

၁. ရှင်ပေါလုက သူတို့အားဖြောင့်မတ်ခြင်းတရားကို သူတို့အစမည်သို့ရခဲ့ပုံကို သတိရစေသည် (၃း ၁ – ၅ )

၂. ရှင်ပေါလုက သူတို့အားဖြောင့်မတ်ခြင်းတရားကို မိမိမည့်ကဲသို့ရရှိခဲ့သည်ကို တင်ပြခဲ့သည် (၄း၁၂ – ၂၀ )

ခ၊ အာဗြာဟံ၏ ဘဝသက်တာနှင့် ပတ်သက်၍အကျိုးအကြောင်းတင်ပြချက် (၃း၆-၉ )

ဂ၊ ပညတ်တရားနှင့်ပတ်သက်၍ အကျိုးကြောင်းတင်ပြချက် (၃း၁၀ – ၄း၁၁ )

၁. ပညတ်တရားနှင့်အပြစ်သား (၃း၁၀-၁၂ )

– *ဘုရားသခင့်ရှေ့တော်၌ ပညတ်တရားအားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်နိုင်ဟု ထင်ရှားလျက်ရှိ၏ – (၃း၁၃ က)*

၂. ပညတ်တရားနှင့် ဂတိတော် (၃း၁၅-၂၆ )

က – ပညတ်တရားသည် ဂတိတော်ကို မပြောင်းလဲပစ်နိုင်ပါ (၃း၁၅–၁၈ )
ခ – ပညတ်တရားသည် ဂတိတော်ထက် အဆင့်နိမ့်သည် (၃း၁၉–၂၀ )– ပေါလုကအကြောင်းပြသည်မှာ ဘုရားရှင်သည် ပညတ်တရားကိုကောင်းကင်တမန်များအားဖြင့် ကြားခံထားခဲ့သော်လဲ ယုံကြည်ခြင်း ဂတိတော်ကိုမူကား လူအာဗြာဟံအားတိုက်ရိုက်ပေးခြင်းဖြစ်သည်။
ဂ – ပညတ်တရားသည် ဂတိတော်ကိုဆန့်ကျင်ဘက်ပြုသည်ကား မဟုတ်ချေ (၃း၂၁–၂၆ )

၃. ပညတ်တရားများ
က – ပညတ်တရားသည် ဂတိတရားပေးပြီး နှစ်ပေါင်း ၄၃၀ကျော်မှ ဘုရားကပေးခြင်းဖြစ်သည် ( ၃း၁၇ )
ခ – ပညတ်တရားကို အပြစ်ကိစ္စကြောင့် ထည့်သွင်းရခြင်းဖြစ်သည် ( ၃း၁၉ )
ဂ – ပညတ်တရားကို ကောင်းကင်တမန်များအားဖြင့် ပြဋ္ဌါန်းခြင်းဖြစ်သည် ( ၃း၁၉ )
ဃ – ပညတ်တရားသည် အထိန်းတခုဖြစ်သည် ( ၃း၂၃–၂၄ )

၄. ပညတ်တရားနှင့် ခရစ်တော်
က – ခရစ်တော်သည် ကျွနုပ်တို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနှုတ်ခဲ့သည် ( ၃း၁၃ )
ခ – ခရစ်တော်သည် ထိုရွေးနှုတ်မှုကို ဘုရားရှင်၏သတ်မှတ်ချိန်၌ လူ့အဖြစ်ကိုယူခဲ့သည်( ၄း၄–၅ )
ဂ – ခရစ်တော်သည် ကျွနုပ်တို့အား ဘုရားရှင်၏ အမွေခံသားဖြစ်ခွင့်ကို အာမခံခဲ့သည် (၄း၁–၇)

၅. ပညတ်တရားနှင့် ယုံကြည်သူများ ( ၃း၂၅–၂၉ )
၆. ပညတ်တရားနှင့် ဂလာတိဒေသ လူများ ( ၄း၈၁၁ )

## ၈။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းမှဖြစ်သည်။ နမူနာများ ( ၄း၂၁–၃၁ )

ဤအခန်း၌ ပေါလုသည် ဓမ္မဟောင်းမှ ဟာဂရနှင့်စာရာအမည်ရှိ အမျိုးသမီး ၂ဦးအဖြစ်အပျက်ကို နမူနာပြသွားသည်။ မောရှေ၏ ပညတ်တော်များနှင့် ဘုရားရှင်၏ကျေးဇူးတော်များကို ယှဉ်ပြခြင်းဖြစ်သည်။

<u>က</u>၊ ဟာဂရ ( ပညတ်တရား၏ နမူနာပြ )
၁. သူမသည် အနှောင်အဖွဲ့ခံ အမျိုးသမီးဖြစ်သည်
၂. သူမသည် အာဗြဟံ၏ အသွေးအသား တောင့်တမှုနှင့်ဆိုင်သော မယားဖြစ်သည်
၃. သူမ၏သား ဣရှမေလသည် ရိုးရိုးသာမန် မွေးဖွါးလာခြင်းဖြစ်သည်
၄. ထိုသားသည် အာဗြဟံ၏ ဒုတိယသားဣဇက်ကို ညှင်းဆဲသည်။
၅. သူမ၏သားသည် အာဗြဟံ၏ အမွေခံသားဖြစ်စရာ အခွင့်အရေးမရှိချေ
၆. ဟာဂရသည် သိနတောင်နှင့်တူသည် ၊ ကျွန်ဖြစ်သောကြောင့်သားလဲ ကျွန်ဖြစ်သည်။ အစ္စရေးတို့သည်လဲ ကျွန်ဖြစ်ခဲ့ရဘူးပြီး။
၇. ဟာဂရသည် ယေရုရှလင်နှင့် အလားသဏ္ဍာန်တူသည် – ရှင်ပေါလုအချိန်များ၌ အစ္စရေးနိုင်ငံသည်ရောမတို့၏ ကျွန်ဖြစ်နေခဲ့သည်။

<u>ခ</u>၊ စာရာ (ကျေးဇူးတရား၏ နမူနာပြ )
၁. သူမသည် လွပ်လပ်သောအမျိုးသမီးဖြစ်သည်။
၂. သူမသည် ဝိညာဉ်တော်၏ တောင်းဆိုမှုကြောင့် အာဗြဟံ၏မယားဖြစ်ခဲ့သည်။
၃. သူမ၏သားဣဇက်သည် ထူးခြားစွာမွေးဖွားလာသူဖြစ်သည်။
၄. သူမ၏သားသည် ဣရှမေလ၏ ညှင်းဆဲမှုကိုခံရ၏
၅. သူမ၏သားသည် အာဗြဟံ၏ အမွေခံသားဖြစ်ခွင့်ရှိသူဖြစ်သည်။
၆. စာရာသည် ဂတိတော်အသစ်နှင့် အလားသဏ္ဍာန်တူသည်၊ သူသည်သားကိုလွပ်လပ်စွာ မွေးဖွားခဲ့သူဖြစ်သည်။
၇. သူသည် ကောင်းကင်ဘုံ ယေရုရှလင်မြို့သစ်နှင့် အလားသဏ္ဍာန်တူသည်။

## ၉။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းမှ ဖြစ်ပေါ်သည်။ တောင်းဆိုချက် ( ၅း၁ – ၆း၁၈ )

<u>က</u>၊ လွပ်လပ်သောသားဖြစ်ကြောင်း အာမခံသည် (၅း၁–၁၈ )
၁. ဣသရေလတို့၏ ပညတ်တရားဝန်ပိမှုကျွန်အဖြစ်မှ လွတ်မြောက်စေသည်။ (၅း၁–၁၂)

– *ထိုကြောင့် ခရစ်တော်သည် ငါတို့ကိုလွှတ်တော်မူသော လွတ်ခြင်းအခွင့်၌တည်နေသဖြင့် ကျွန်ခံရာထမ်းဘိုးကိုထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့် – (၅း၁)*

၂. ကျနုပ်တို့ကို လွပ်လပ်မှုဖြစ်စေသည်။ (၅း၁၃)

၃. ဘုရားရှင်၏ ချစ်ခြင်းမေတ္တာတွင်းသို့ ထည့်တော်မူသည်။ (၅း၁၄)

ခ၊ ဝိညာဉ်တော်၏ အကျိုးကျေးဇူး ရရှိကြောင်းအာမခံသည်။ (၅း၁၅–၂၃)

၁. ကျနုပ်တို့ရင်တွင်းမှ ဝိညာဉ်၏ သိသာထင်ရှားပြမှု (၅း၁၆–၂၆)

က – မူလဇစ်မြစ် – အသွေးသားတောင်းဆိုမှု (၅း၁၉–၂၁)

ခ – နောက်ဖြစ်လာမှု – ဝိညာဉ်တော်၏ အလို (၅း၂၂–၂၃ )

၂. ကျနုပ်တို့၏ တာဝန်ကို သိသာထင်ရှားပြမှု (၆း၁–၆ )

၃. ကျွနုပ်တို့မျိုးစေ့ကို သိသာထင်ရှားပြမှု (၆း၇–၁၀ )

– *ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည် – (၆း၇–၈)*

၄. ကျနုပ်တို့၏ တာဝန်နှင့်အမျိုးအစားကို ထုတ်ဖေါ်ဝန်ခံချက် (၆း၁၄–၁၇ )

– *ငါဖြစ်လျှင် ငါတို့သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတပါး အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏ / ယခုမှစ၍ အဘယ်သူမျှ ငါ့ကို မနှောင့်ရှက်စေနှင့်။ ငါ့ကိုယ်၌ သခင်ယေရှု၏ ဒဏ်ချက်ရာကို ငါဆောင်၏ – (၆း၁၄၊ ၁၇)*

## ဖေက်သြဝါဒစာ

ဤသြဝါဒစာကို ရှင်ပေါလုသည် ရောမမြို့တွင် အကျဉ်းကျခံနေရစဉ် (အေဒီ ၆၂ )ခုနှစ်တွင် ရေးခဲ့ခြင်းဖြစ်သည်။ ထိုသြဝါဒစာကို တုခိတ်မှတဆင့် ဖေက်မြို့သို့ ပို့လိုက်ခြင်းဖြစ်သည်၊ (၆း၂၀–၂၁ ) ၊ ဖေက်သြဝါဒစာကဲ့သို့ပင် ရှင်ပေါလုသည် ဖိလိပ္ပိသြဝါဒစာ၊ ကောလောသဲသြဝါဒစာ၊ ဖိလေမုန်သြဝါဒစာတို့ကိုလဲ ထိုရောမအကျဉ်းထောင်မှပင် ရေးခဲ့ခြင်းဖြစ်သည်၊ ရှင်ပေါလုသည် ဖေက်မြို့၌ (၃ )နှစ်ခန့်နေ၍ သာသနာပြုခဲ့ဘူးသည်။ (တ ၂၀ း ၃၁ )ဖေက်မြို့သည် အာတေမိ (ဒိုင်ယာနာ )နတ်ရုပ်ထုနှင့်ထိုနတ်၏ ဗိမ္မာန်ရှိရာအရပ်နှင့်ထိုအရာများကို ကိုးကွယ်ရာမြို့ဖြစ်သည် . . . . ဖေက်သြဝါဒစာက ယုံကြည်သူများကို ခရစ်တော်၏ကိုယ်အဖြစ်ဖွင့်ဆိုသောသြဝါဒစာဖြစ်သည်၊ ကောလောသဲသြဝါဒစာ၌မူ ဦးခေါင်းအဖြစ်တင်စားထားရာ – ဦးခေါင်းမှာခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်သည်ကိုဆိုလိုခြင်းဖြစ်သည်။

ဖေက်သြဝါဒစာ၏ အဓိကသွန်သင်ချက်များမှာ အပြစ်သားဘဝမှအံ့သြဘွယ်ရွေးနှုတ်ခံရခြင်း၊ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းခံရခြင်း၊ ယုံကြည်သူများသည် တလုံးတဝတည်းဖြစ်ခြင်း၊အစ္စရေးနှင့်တပါးအမျိုးသားများကြား ကာရံထားသောတံတိုင်းကိုဖြိုဖျက်ခြင်းနှင့် ချီဆောင်ခြင်းခံရမည့်ကိစ္စကို ကြိုတင်အသင့်ပြင်ခြင်းတို့ ဖြစ်သည်။

### ၁။ အသင်းတော်( ယုံကြည်သူများ )သည် ခန္ဓာကိုယ်တခုနှင့် အလားသဏ္ဌာန်တူသည်။ ( ၁ )

– *အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံစေတော်မူသောသူ၏ ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ် ဖြစ်သသတည်း – (၁း၂၃)*

က၊ ထိုခန္ဓာကိုယ် (ယုံကြည်သူများ ) ကိုဖန်းဆင်းခြင်း (၁း၁–၄ )

၁. ဤကိစ္စသည် ခမည်းတော်ဘုရားရှင်၏ အစီအစဉ်ဖြစ်သည် (၁း၁–၆ )

– *ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်၏တမန်တော်ဖြစ်သော ငါပေါလုသည် ဖေက်မြို့၌နေသော သန့်ရှင်းသူတည်းဟူသော ယေရှုခရစ်ကိုယုံကြည်သော သူတို့ကို ကြားလိုက်ပါ၏။ သခင်ယေရှုခ*

*ရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်သင်တို့၌ရှိပါစေသော – (၁း၁–၂)*

**က – ခမည်းတော်ဘုရားသည် ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့၏**

**(၁) ရွေးချယ်ခံသည့် အချိန်ကာလ –** *ဤကမ္ဘာမတည်မရှိမီ* **– ကာလကတည်းက (၁း၄)**

**(၂) ရွေးချယ်ခံရထားခြင်း၏ အကြောင်းရင်း –** *ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အားပေးသနားတော်မူသော – (၁း၄)*

**ခ – ခမည်းတော်ဘုရား၏ ကျွန်ုပ်တို့ကိစ္စကို ကြိုတင်စီစဉ်ထားချက်။**

**(၁) နည်းလမ်း = ယေရှုခရစ်အားဖြင့် (၁း၆ )**

**(၂) အခြေခံ = အလိုတော်ရှိသော စေတနာဖြင့် (၁း၆ )**

**(၃) အကြောင်းရင်း = ငါတို့အားပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းသရေကို ချီးမွမ်းစေရန် (၁း၆ )**

**၂. ရွေးချယ်မှုကိစ္စကို သားတော်အားဖြင့် ရင်းနှီးဝယ်ယူခဲ့ရသည်။ (၁း၇–၁၂ )**

**က – သားတော်၏အသွေးဖြင့် ကျနုပ်တို့ကို ဝယ်ယူခဲ့ရသည်။**

– *ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းအထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏ – (၁း၇–၈)*

**ခ – သားတော်၏နာမ၌ တနေသောအခါ ကျွန်ုပ်တို့စုပေါင်းစေမည်၊**

– *ထိုနက်နဲသောအရာဟူမူကား ကာလအချိန်စေ့စုံခြင်း၏ သာသနာတွင် ကောင်းကင်ပေါ် မြေကြီးပေါ်ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူလိမ့်သတည်း – (၁း၁၀)*

**ဂ – အနာဂတ်၌ ကျွန်ုပ်တို့သည် သားတော်၏ဘုန်းတော်ကို ချီးမွမ်းကြရန်အတွက်ဖြစ်သည်**

– *မိမိစေတနာ၏ အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သောသူ၏ ကြံစည်ခြင်းရှိသည်အတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။ အကြောင်းမူကား ခရစ်တော်ကိုမြော်လင့်နှင့်သော ငါတို့အားဖြင့် ဘုန်းတော်ကို ချီးမွမ်းစေခြင်းအကြောင်း ဖြစ်သတည်း – (၁း၁၁–၁၂)*

**၃. ရွေးချယ်ခံရသူတို့ကို သန့်ရှင်းသောဝိညာဉ်တော်သည် သွန်သင်၍စောင့်ရှောက်မည်။ (၁း၁၃–၁၄ )**

*လုပ်ဆောင်ပုံ –*

– *သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကို ကြားနာရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံရကြပြီ – (၁း၁၃)*

*ဘာကြောင့်လုပ်ဆောင်ရသည် –*

– *ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စားရန်(စရံ)ဖြစ်တော်မူ၏ – (၁း၁၄)*

**ခ၊ ထိုခန္ဓာကိုယ်ယုံကြည်သူများသည် ဘုရားရှင်အတွက် သီးသန့်ဖြစ်ခြင်း (၁း၁၅–၂၃ )**

**၁. အသင်းတော်သည် ဘုရားရှင်၏ ဘုန်းတော်ကိုသိရန် ရှင်ပေါလုဆုတောင်းခဲ့သည်၊**

– *ဆုတောင်းသောအချက်ဟူမူကား ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကိုသိခြင်းအလို့ငှါ ပညာကိုငှင်း၊ ထိုးထွင်းသောဉာဏ်ကို ငှင်း၊ သင်တို့အား ပေးပါမည်အကြောင်း  – (၁း၁၇)*

**၂. အသင်းတော်သည် ဘုရားရှင်၏ ဘုန်းတော်ကိုသိကြရန် ရှင်ပေါလုဆုတောင်းခဲ့သည်။**

**က – ဘုရားရှင်၏ သန့်ရှင်းသူများအဖြစ်နှင့် ရှုမြင်တတ်ကြရန် (၁း၁၈–၁၉ )**

**ခ – ဘုရားရှင်၏ သားတော်အဖြစ်နှင့် ရှုမြင်တတ်ကြရန် (၁း၂၀–၂၁ )**

**ဂ – ဘုရားရှင်၏ အသင်းတော်အဖြစ်နှင့် ရှုမြင်ကြရန် (၁း၂၂–၂၃ )**

## ၂။ အသင်းတော်သည် ဗိမ္မာန်တော်နှင့်အလားသဏ္ဍာန်တူသည်။ (၂ )

– *ထိုတိုက်ထောင့် အမြစ်ကျောက်ကား ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့် တတိုက်လုံးသည် စေ့စပ်၍ကြီးပွါးသဖြင့် သခင်ဘုရားအဘို့အလို့ငှါ သန့်ရှင်းသော ဗိမ္မာန်တော်ဖြစ်သည် – (၂း၂၁)*

**က၊ အတိတ်က ကျွန်ုပ်တို့သက်တာဟောင်း (၂း၁–၃ ၊ ၁၁ ၊ ၁၂ )**

၁. အပြစ်၌သေလျက်ရှိသည် (၂း၁)
၂. စာတန်၏ ဩဇာအောက်၌ရှိသည် (၂း၂)
၃. ကိုယ့်အလိုတပ်မက်ခြင်း၏ ကြီးကိုင်မှုအောက်၌ရှိသည် (၂း၃)
၄. ခရစ်တော်နှင့်ခြားနားလျက်ရှိသည် (၂း၁၂)
၅. ဘုရား၏ ဂတိတော်မှ ဖယ်ထားခြင်းခံကြရသည် (၂း၁၂)
၆. လောကထဲ၌ မျှော်လင့်ချက်ကင်းမဲ့လျက်ရှိသည် (၂း၁၂)

ခ၊ ဘုရားရှင်၏ လုပ်ဆောင်မှု (၂း၄–၆)

– *သို့သော်လည်း ကရုဏာတော်နှင့်ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့် ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းးကင်အရပ်၌ နေရာပေးတော်မူပြီ – (၂း၄–၆)*

ဂ၊ မည်သည့်အကြောင်းကြောင့် ဘုရားရှင်လုပ်ဆောင်ပေးခဲ့သနည်း (၂း၇)

– *အကြောင်းမူကား ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြု၍ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်း ဖြစ်သတည်း – (၂း၇)*

ဃ၊ ဘုရားရှင်မည်ကဲ့သို့ လုပ်ဆောင်ပေးခဲ့သနည်း (၂း၈ ၊ ၉ ၊ ၁၃)

၁. ဘုရားရှင်၏ ကျေးဇူးတော်ဖြင့်။

– *ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ – (၂း၈–၉)*

၂. ခရစ်တော်၏ အသွေးဖြင့်။

– *သင်တို့သည် အထက်က ဝေးလျက်ရှိသော်လည်း ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ ရောက်ကြပြီ – (၂း၁၃)*

င၊ ယခုကျွန်ုပ်တို့မည်ကဲ့သို့ ဖြစ်ခဲ့ပြီနည်း (၂း၁၀ ၊ ၁၄–၂၂)

၁. ကျွန်ုပ်တို့ဘုရားရှင် အလိုတော်ကို ဖေါ်ဆောင်သော လူစုဖြစ်ခဲ့ပြီး (၂း၁၀)
၂. ကျွန်ုပ်တို့သည် ဘုရားရှင်၏ သားသမီးများဖြစ်ခွင့်ရသဖြင့် အစ္စရေးများနှင့်အဖေါ်ဖြစ်ခဲ့ပြီး (၂း၁၄– ၁၈)
၃. ကျွန်ုပ်တို့သည် ဘုရားရှင်ဗိမ္မာန်တော်၏ အစိတ်ပိုင်းများဖြစ်ကြပြီ (၂း၁၉–၂၂)

## ၃။ အသင်းတော်သည် နက်နဲသောအရာနှင့် အလားသဏ္ဌာန်တူသည် ( ၃ )

– *ထိုစကားကိုဘတ်ရွတ်လျှင် ခရစ်တော်၏ နက်နဲသောအရာ၌ ငါလေ့ကျက်သည်ကို သင်တို့သည် သိရကြမည် – (၃း၄)*

က၊ ထိုနက်နဲသောအရာအပေါ် ကြိုတင်အရိပ်အမြွက်ပြောဆိုချက်

၁. ဓမ္မဟောင်းကျမ်း၌ ထုတ်ဖေါ်ပြောဆိုခဲ့မှုမရှိ။

– *အခြားသောကာလတို့၌ လူမျိုးတို့အား ပြတော်မမူ – (၃း၅)*

၂. ဓမ္မသစ်ကျမ်း၌ ထုတ်ဖေါ်ပြောဆိုမှုရှိခဲ့သည်။

– *ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ – (၃း၅)*

ခ၊ ထိုနက်နဲသော အရာ၏သဘော

– *တပါးအမျိုးသားတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးသားတို့နှင့်အတူ အမွေခံ၍၊ တလုံးတဝ တကိုယ်တည်းဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သော ဂတိတော်ကို ဆက်ဆံရကြသတည်း – (၃း၆)*

ဂ၊ ထိုနက်နဲသောအရာကို ထင်ရှားစေခြင်း (၃း၁–၄၊ ၇–၉)

– *ခရစ်တော်၏ ကြွယ်ဝပြည့်စုံခြင်း၏ဧဝံဂေလိတရားကို တပါးအမျိုးသားတို့အား ဟောပြောခြင်းငှါ၎င်း၊ အလုံးစုံတို့ကို ယေရှုခရစ်အားဖြင့် ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာနှင့်စပ်ဆိုင်သော သာသနာသည် အဘယ်သို့ဖြစ်သည်ကို လူအပေါင်းတို့အားထင်ရှားစေခြင်းငှါ၎င်း – (၃း၉)*

ဃ၊ ထိုနက်နဲသောအရာ၏ အခြေခံ အကြောင်းပြုချက်

– *ငါတို့သခင် ယေရှုခရစ်ကိုအကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ – (၃း၁၁)*

င၊ ထိုနက်နဲသောအရာ အတွက်ရည်ရွယ်ချက် (၃း၁၁)

၁. ဘုရားသခင် – – – – – – သိကြရန် (၃း၁၁)
၂. ဘုရားရှင်၏ ထူးဆန်းသော ပညာတော်ကို ကောင်းကင်အရပ်တို့၌ အထွဋ်အမြတ်အာဏာစက် (ကောင်းကင်တမန်များ )သိရှိလာကြရန် –
(ခရစ်ယန်တိုင်း၌ ကောင်းကင်တမန်များ စောင့်ရှောက်လျက်ရှိသည်။ – ၃း၁၁ )

ဓ၊ ထိုနက်နဲသောအရာ၏ အကျိုးဖြစ်ထွန်းမှု
၁. ယုံကြည်သူများသည် ဘုရားရှင်၏ပလ္လင်သို့ တိုးဝင်ခွင့်ရစေသည် (၃း၁၂ )
၂. ယုံကြည်သူများသည် ဘုရားရှင်၏ ဝိညာဉ်တော်အားဖြင့် ခိုင်မာမြဲမြံမှု ဖြစ်စေသည် (၃း၁၆ )
၃. ယုံကြည်သူများအား ဘုရားရှင်၏ ချစ်ခြင်းမေတ္တာကို သိရှိနားလည်လာစေသည် (၃း၁၇–၁၉ )
၄. ယုံကြည်သူများသည် ဘုရားရှင်၏ တန်ခိုးတော်ကိုတောင်းခံနိုင်ခွင့် ရရှိလာသည် (၃း၂၀ )
၅. ယုံကြည်သူများသည် ဘုရားရှင်၏ ဘုန်းတော်ကိုထင်ရှားစေနိုင်သည် (၃း၂၁ )

## ၄။ အသင်းတော်သည် လူသစ်တဦးနှင့်အလားသဏ္ဍာန်တူသည် (၄ )

က၊ လူသစ်၏ အနေအထား
၁. တလုံးတဝတည်းဖြစ်၍ မဟာကြိုးခိုင်မှု (၇ )ခုဖြင့် ပေါင်းစပ်လျက်ရှိသည် (၄း၄–၆ )
က – ကိုယ်တကိုယ်
ခ – ဝိညာဉ်တဝိညာဉ်
ဂ – မြော်လင့်ခြင်းတခု
ဃ – တဆူတည်းသောဘုရား
င – တခုတည်းသော ယုံကြည်မှု
စ – တခုတည်းသော ဗတ္တိဇံ
ဆ – တခုတည်းသော အဖဘုရားရှင်
၂. တလုံးတဝတည်းဖြစ်အောင်ပြုလုပ်ပေးသူ – ကျွန်ုပ်တို့၏ မဟာကယ်တင်ရှင် (၄း၇–၁၆ )
က – သူ၏စုဝေးမှု (၄း၈–၁၀ )
ခ – သူ၏ ဆုကျေးဇူးပေးမှု (၄း၇ ၊ ၁၁ )
ဂ – သူ၏ ရည်မှန်းချက်ပန်းတိုင် (၄း၁၂–၁၆ )
(၁) ကျွန်ုပ်တို့အား အဆင့်သင့်ဖြစ်နေရန် (၄း၁၂ )
(၂) ကျွန်ုပ်တို့အား တလုံးတဝတည်းဖြစ်နေစေရန် (၄း၁၃ )
(၃) ကျွန်ုပ်တို့ကို ခိုင်မြဲနေစေရန် (၄း၁၄–၁၆ )

ခ၊ လူသစ်၏ ကြိုးစားအားထုတ်မှု
၁. သူ၏ လုပ်ဆောင်ချက် (၄း၁–၃ ၊ ၁၇–၁၉ )
က – သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကြိုးစားသည် (၄း၁၃ )
ခ – လောကသားများကဲ့သို့ လျှပ်ပေါ်ကြပါ (၄း၁၇–၁၉ )
၂. သူ၏မှာကြားချက် (၄း၁၅ ၊ ၂၅ ၊ ၂၉ ၊ ၃၁ )
၃. သူ၏ လုပ်ဆောင်မှုများ (၄း၂၂ ၊ ၂၆–၂၈ ၊ ၃၀ )
က – လူဟောင်းပုံစံကို ချွတ်ပယ်ပါ (၄း၂၂ )
(၁) အမျက်ထွက်မလွယ်စေနှင့် (၄း၂၂ )
(၂) စာတန်အားနေရာမပေးပါနှင့် (၄း၂၇ )
(၃) သူ့ဥစ္စာမခိုးဝှက်ပါနှင့် (၄း၂၈ )
(၄) သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေနှင့် (၄း၃၆ )
ခ – လူသစ်အဖြစ် ယူတင်ဝတ်ဆောင်ပါ (၄း၂၃–၂၅ ၊ ၂၉ ၊ ၃၁ )

## ၅။ အသင်းတော်သည် သတို့သမီးနှင့် အလားသဏ္ဍာန်တူသည် (၅ )

– *ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏ – (၅း၂၃)*

က၊ သတို့သမီး = သူမ (အသင်းတော် )၏ တာဝန် (၅း၁–၂၃ )
၁. သီးခြားခွဲထွက်နေထိုင်ရန် (၅း၁–၁၃ )
က – ဘုရားရှင်အတွက်ဖြစ်သည် (၅း၁–၂ ၊၈–၁၀ )
ခ – လောကသားများမှ ခွဲထွက်ခြင်းဖြစ်သည် (၅း၃–၇ ၊ ၁၁–၁၃ )

၂. အမြော်အမြင်သတိရှိရန် (၅း၁၅–၁၆ )
၃. ဝိညာဉ်တော်နှင့် ပြည့်ဝရန် (၅း၁၇–၁၈ )
၄. သီချင်းဆိုရန် (၅း၁၉ )
၅. ကျေးဇူးတော်ချီးမွမ်းပါ (၅း၂၀ )
၆. နိမ့်ချခြင်းရှိပါ (၅း၂၁–၂၂ )

ခ၊ သတို့သား – သူ၏ အသင်းတော် (သတို့သမီး )အပေါ်ချစ်ခင်မှု (၅း၂၃–၃၃ )

၁. ဤ ချစ်ခြင်းသည် – သတို့သားနှင့်သတို့သမီးလက်ထပ်၍ ချစ်သကဲ့သို့ဖြစ်ကြောင်း ရှင်းလင်းပြခဲ့သည်။ (၅း၂၃ ၊ ၂၄ ၊ ၂၈–၃၃ )
၂. ဤ ချစ်ခြင်းကို လက်ဝါးကားတိုင်တွင် အသေခံပေးခြင်းဖြင့် သက်သေပြခဲ့သည် (၅း၂၅ )
၃. ဤ ချစ်ခြင်းသည် ခရစ်တော်ကြွလာ၍ အသင်းတော်ကိုချီဆောင်ချိန်၌ပြည့်စုံလိမ့်မည်(၅း၂၆–၂၇)
   က – အညစ်အကြေးနှင့်ကင်းသော သတို့သမီး – လောကီညစ်ညမ်းမှုမရှိခြင်း
   ခ – အပြစ်ကင်း၍ အသရေပျက်မှု ကင်းသောသတို့သမီး – အသွေးသားညစ်ညူးမှုမရှိခြင်း (၂၆–၂၇ ( ကျမ်းစာဖြင့်အပြစ်စစ်ဆေးမှု ) )

## ၆။ အသင်းတော်သည် စစ်သားတဦးနှင့် အလားသဏ္ဍာန်တူသည်

– *မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့ – (၆း၁၁)*

က၊ လေ့ကျင့်မှု (၆း၁၉ )

၁. မိဘနှင့်သားသမီး နမူနာ (၆း၁–၄ )
   က – တပ်သားကဲ့သို့ – သားသမီးသည် မိဘစကားနားထောင်သည်။
   ခ – အရာရှိကဲ့သို့ – မိဘသည် သားသမီးကို ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့
၂. သခင်နှင့်ကျွန် နမူနာ (၆း၅–၉ )
   က – ကျွန်သည် သခင်ကိုနာခံသကဲ့သို့ – ကျွန်တို့သည် ခရစ်တော်ကိုနာခံရမည်။
   ခ – သခင်သည် ကျွန်ကိုပြုစုစောင့်ရှောက်သကဲ့သို့ ကျွန်တို့သည် ခရစ်တော်ကိုပြုစုစောင့်ရှောက်ရမည်။

ခ၊ ရှေ့တန်းတိုက်ပွဲ (၆း၁၀–၂၄ )

၁. ကျုနုပ်တို့၏ရန်သူ – စာတန်
   က – သူ၏ တပ်ဖွဲ့
      – *အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၄င်း၊ အာဏာစက်တို့နှင့်၄င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၄င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၄င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏ – (၆း၁၂)*
   ခ – သူ၏ကောက်ကျစ်မှု
      – *မာရ်နတ်၏ ပရိယာယ် – (၆း၁၁)*
   ဂ – သူ၏ ကြမ်းကြုပ်သော နည်းဗျူဟာ
      – *မာရ်နတ်ပစ်ခတ်သော မီးစက်လက်နက် – (၆း၁၆)*
၂. အောင်ပွဲရရန် ကျွန်ုပ်တို့ကြိုးစားရမည့် အချက်များ
   က – နားထောင်ခြင်းရှိပါ (၆း၁၀ )
   ခ – မယိုင်မလဲ ရပ်တည်ပါ (၆း၁၁ ၊ ၁၄ )
   ဂ – ဆုတောင်းပါ (၆း၁၈ )
   ဃ – အစဉ်သတိရှိပါ (၆း၁၈ )
   င – အားမလျှော့ပါနှင့် (၆း၁၈ )
၃. ကျွန်ုပ်တို့လက်နက် – – ဘုရားရှင်၏ လက်နက်စုံ (၆း၁၁ )
   က – သစ္စာခါးပန်း (၆း၁၄ )
   ခ – ဖြောင့်မတ်ခြင်း ရင်အုပ်တန်ဆာ (၆း၁၄ )
   ဂ – ဧဝံဂေလိခြေစွပ် (၆း၁၅ )
   ဃ – ယုံကြည်ခြင်းလွှား (၆း၁၆ )

င – ကယ်တင်ခြင်း သံခမောက် (၆း၁၇ )
စ – ဝိညာဉ်တော်ဒါး (၆း၁၇ )
၄. ကျွန်ုပ်တို့အတွက် နမူနာပြသူ – – ပေါလုနှင့်တုခိတ် (၆း၁၉–၂၄ )
က – ပေါလု – သံကြိုးခတ်ထားခံရသော သံတမန် (၆း၁၉–၂၀ )
ခ – တုခိတ် – လာမည့်သံတမန် (၆း၂၁ ၊ ၂၂ )

# ဖိလိပ္ပိသြဝါဒစာ

ဖိလိပ္ပိသြဝါဒစာကို (အေဒီ ၆၂ )ခုနှစ်တွင် ရောမမြို့၌ အကျဉ်းချခံနေရသော ရှင်ပေါလုက အကျဉ်းထောင်တွင်းမှ ရေးခဲ့ခြင်းဖြစ်သည်။ (၁း၁၃ ၊ ၄း၂၂ ) – ပေါလုသည် ဖိလိပ္ပိ (မက်ဆီဒိုးနီးယန်းမြို့တော် )မာကေဒေါနိမြို့ရှိ ခရစ်ယန်များကိုအထူးချစ်ခင်လေသည်။ ထိုမြို့၌ပေါလုနှင့်သိလတို့သည် အကျဉ်းကျခဲ့ဘူးသည် (တမန် ၁၆ း ၂၀–၂၅ )

ဤသြဝါဒစာသည် ဖိလိပ္ပိအသင်းသားများက အကျဉ်းကျနေသောရှင်ပေါလုထံသို့ အကူအညီပေးခဲ့မှုကိုရှင်ပေါလုကကျေးဇူးတင်၍ တုံ့ပြန်ရေးသားထားသောစာဖြစ်သည်။ ဖိလိပ္ပိအသင်းသားတို့သည် ရှင်ပေါလုထံသို့ ငွေကြေးနှင့်အခြားအသုံးဆောင်များကို ဧပဖြာဒိတ်မှတဆင့် ပေးပို့လှူတန်းခဲ့ဘူးသည် (၄း၁၀ ၊ ၁၆–၁၈ ) –– ပေါလုသူတို့အားအချစ်ပိုခဲ့မှုကို ဖော်ပြပါကျမ်းပိုဒ်များအရသိနိုင်သည် (၁း၃၊ ၇ ၊ ၈ ၊ ၂း၁၂ ၊ ၄း၁ )

ရှင်ပေါလုသည် ထိုအကျဉ်းထောင်၌ ဆင်းရဲနွမ်းပါးခြင်းနှင့်ငတ်ပြတ်ခြင်းကို ကြုံတွေ့ရသော်လဲ တုန်လှုပ်ခြင်းမရှိဘဲ ဝမ်းမြောက်ငြိမ်သက်ခြင်း၌ တည်မြဲခဲ့လေသည်၊ ဖိလိပ္ပိခရစ်ယန်များအားလည်း မည်သည့်အခက်ခဲများကြုံတွေ့ပစေ မတုန်လှုပ်ဖဲ ကြံကြံခိုင်ရပ်တည်သွားကြရန် တိုက်တွန်းခဲ့လေသည်။ ဘုရားရှင်သည် ပေါလုမှတဆင့် ကျွန်ုပ်တို့အား အရာကိစ္စတိုင်းကို ယေရှုခရစ်အားဖြင့် ပြည့်ဝစုလင်နိုင်ကြောင်းသိစေခဲ့လေသည်။

## ၁။ ခရစ်တော်သည် အသက်တာ၏ အကျိုးဖြစ်သည် ( ဖိ ၁ )

– *ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏၊ သေလျှင်မူကား သာ၍အကျိုးရှိ၏ – (၁း၂၁)*

က၊ ပေါလုသည် ဘုရားရှင်၏ ကွယ်ကာစောင့်မမှုအောက်၌ ငြိမ်သက်ခြင်းရရှိ၏ (၁း၁–၁၂ )
၁. ပေါလုမှသန့်ရှင်းသူများသို့ နှုတ်ခွန်းဆက်စကား (၁း၁–၂ )
၂. ပေါလုမှသန့်ရှင်းသူများသို့ ကျေးဇူးတင်စကား (၁း၃–၈ )
၃. ပေါလုမှသန့်ရှင်းသူများအတွက် ဆုတောင်းချက် (၁း၉–၁၁ )
၄. ပေါလုမှသန့်ရှင်းသူများသို့ ရှင်းပြချက် (၁း၁၂ )
ခ၊ ပေါလုသည် မဟာဒုက္ခကြားမှ ဝမ်းမြောက်လျက်ရှိသည် (၁း၁၃–၂၀ )
၁. သူ၏ သံကြိုးနှင့်ချည်နှောင်ထားခံရမှု (၁း၁၃ )
၂. သူ၏ ယုံကြည်မှုအတိုင်းအတာ (၁း၁၃ )
၃. သူမိတ်ဆွေများ၏ ရဲစွမ်းသတ္တိ (၁း၁၄ )
၄. သူ့အားဖျက်ဆီးစေလိုသူများ၏ မကောင်းလုပ်ရပ် (၁း၁၅–၁၇ )
၅. သူ၏နိဂုံးချုပ် ပြောဆိုချက် (၁း၁၈ )
၆. သူ၏ အနာဂတ်အပေါ် စိတ်ချမှု (၁း၁၉ – ၂၀ )
ဂ၊ ပေါလုသည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့်ဆက်လက် အမှုတော်ဆောင်နိုင်လိမ့်မည် (၁း၂၁ –၂၉ )
၁. ဘုရားရှင်၏ တမန်တော်သို့ဘုရားရှင်၏ အလိုတော် (၁း၂၂–၂၆ )
က – သူ၏ သေလွန်၍ခရစ်တော်နှင့် နေချင်သည့်ဆန္ဒ (၁း၂၃ )
ခ – သူ၏လောကတွင် ဆက်လက်နေ၍ သန့်ရှင်းသူများကို ဝိညာဉ်ရေးရာဦးဆောင်ပေးမည့် ဆုံးဖြတ်ချက် (၁း၂၄ )
၂. ဖိလိပ္ပိခရစ်ယန်များသို့ ဘုရားရှင်၏ အလိုတော် (၁း၂၇–၃၀ )

## ၂။ ခရစ်တော်သည် သက်တာ၏ နမူနာကောင်းဖြစ်သည် ( ဖိ ၂ )

– *ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့ – (၂း၅)*

ကၤ အောက်ပါပြောင်မြောက်သော အရည်သွေးရှိကြရန်အတွက် နှိုးဆော်ချက် (၂း၁–၄ )

၁. ဤ အချက်သည် အသုံးချ၍ရနိုင်သော အချက်များဖြစ်ကြသည် (၂း၁–၂ )

၂. ဤ အချက်များကို ကြိုးစားအားထုတ်ရမည် (၂း၂–၄ )

ခၤ နမူနာပြ၍ တိုက်တွန်းနှိုးဆော်ချက်များ (၂း၅–၃၀ )

၁. ခရစ်တော်၏ နမူနာ (၂ း၅–၈ )

က – ခရစ်တော်သည် ကောင်းကင်ဘုံရှိ ဘုန်းတော်ရှင်ဖြစ်သည်၊ (၂း၆–၇ )

ခ – ခရစ်တော်သည် ဂုဏ်ကျက်သရေကို စွန့်ခဲ့သည်၊

ဂ – ခရစ်တော်သည် လူသားအဖြစ်ကိုယူခဲ့သည်၊

ဃ – ခရစ်တော်သည် အစေခံအဖြစ်ခံယူခဲ့သည် (ရောမ၏ကျွန် )

င – ခရစ်တော်သည် နိမ့်ချခြင်းခံယူခဲ့သည် (၂ း၈ )

စ – ခရစ်တော်သည် သေခြင်းတရားကို ခံယူခဲ့သည် (၂း၈ )

ဆ – ခရစ်တော်သည် လက်ဝါးကားတိုင်၌ အသက်စွန့်ခဲ့သည် (၂ း၈ )

၂. ခမည်းတော်ဘုရား၏ နမူနာ (၂း၉–၁၁ )

၃. ရှင်ပေါလု၏ နမူနာ (၂း၁၂–၁၈ )

က – ရှင်ပေါလု၏ စွန့်လွှတ်မှု (၂း၁၆–၁၇ )

ခ – ရှင်ပေါလု၏ နမူနာပြ တိုက်တွန်းချက် (၂း၁၂–၁၅ ၊ ၁၈ )

(၁) မိမိရထားသော ကယ်တင်ခြင်းအပေါ် အလုပ်လုပ်ဆောင်ကြရန် (၂ း၁၂–၁၄ )

(၂) ထွန်းလင်းတောက်ပသူများ ဖြစ်ကြရန် (၂း၁၅ )

၄. တိမောသေ၏ နမူနာ (၂း၁၉–၂၄ )

က – အသင်းတော်အတွက်သူသည် သိုးထိန်းတဦးကဲ့သို့ အစေခံလုပ်ကိုင်သည် (၂း၂၀ )

ခ – တမန်တော်များအတွက်သူသည် သားတဦးကဲ့သို့ အစေခံလုပ်ကိုင်သည် (၂ း၂၂ )

၅. ဧပဖြောဒိတ်၏ နမူနာ (၂ း၂၅ – ၃၀ )

က – သူ၏ လုပ်ကိုင်ဆောင်ရွက်မှု (၂ း၂၅ )

ခ – သူ၏ နာမကျန်းဖြစ်မှု (၂ း၂၇ )

ဂ – သူ၏ စွန့်လွှတ်အနစ်နာခံမှု (၂ း၃၀ )

## ၃။ ခရစ်တော်သည် အသက်တာ၏ ဆုလဒ်ကြီးဖြစ်သည် ( ဖိ ၃ )

– *ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကို ရခြင်းငှါ၊ ပန်းတိုင်သို့ ငါလိုက်ပြေး၏ – (၃း၁၄)*

ကၤ ဆုရရှိမှုဆုံးရှုံးရသူများ (၃း၁–၃ ၊ ၁၃၊ ၁၉ )

၁. မည်သူများဖြစ်သည် – ယုဒလူများ (၃း၂ )

၂. သူတို့ဘာဖြစ်ကြသည် – ခရစ်တော်နှင့်ကားတိုင်ကို ရန်ပြုကြသည် (၃း၁၈ )

၃. သူတို့၏ လမ်းဆုံးရာ – ဖျက်ဆီးခံရမည် (၃း၁၉ )

ခၤ ဆုလဒ်၏တန်ဖိုး (၃း၄–၆)၊ ပေါလုသည် ခရစ်ယာန်ဖြစ်လာသောအခါ ၄င်း၏ အယူဝါဒဟောင်းမှ များစွာသောစနစ်တို့ကိုစွန့်ပစ်ခဲ့ရလေသည်။

– *ငါသည် ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်းကိုခံရ၏။ ဣသရေလအမျိုး၊ ဗယာမိန်အနွယ်ဖြစ်၏။ ဟေဗြဲလူမှဆင်းသက်သော ဟေဗြဲလူစစ်ဖြစ်၏။ တရားအားဖြင့် ဖာရိရှဲဖြစ်၏။ စိတ်အားကြီးခြင်းကိုမေးသော် ငါသည် အသင်းတော်ကို ညှင်းဆဲသောသူဖြစ်၏။ ပညတ်တရားအားဖြင့်ရသော ဖြောင့်မတ်ခြင်းကို မေးပြန်သော် ငါသည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်၏ – (၃း၅–၆)*

ဂၤ ထိုဆုလဒ်၏ သရုပ (၃း၇ –၁၇ ၊ ၂၀–၂၁ )

၁. ပေါလုသည် အသိဉာဏ်အသစ်ကိုရရှိခဲ့သည် (၃း၇–၈ )

၂. ပေါလုသည် ဖြောင့်မတ်ခြင်းတရားအသစ်ကိုရရှိခဲ့သည် (၃း၉ )

၃. ပေါလုသည် စွမ်းအားအသစ်ကို ရရှိခဲ့သည် (၃း၁၀ )

၄. ပေါလုသည် ပန်းတိုင်အသစ်ကို ရရှိခဲ့သည် (၃း၁၁–၁၇ )
၅. ပေါလုသည် မျှော်လင့်ခြင်းအသစ်ရရှိခဲ့သည် (၃း၂၀–၂၁ )

## ၄။ ခရစ်တော်သည် အသက်တာ၏ ခွန်အားဖြစ်သည် ( ဖိ ၄ )

– *ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏ – (၄း၁၃)*

က၊ ထိုခွန်အားသည် ညီညွတ်မှုကို ဖြစ်စေနိုင်သည် (၄း၁–၃ )
ခ၊ ထိုခွန်အားသည် ကြီးမားကျယ်ပြန့်စေနိုင်သည် (၄း၄–၅ )
ဂ၊ ထိုခွန်အားသည် ကြံ့ခိုင်တောင့်တင်းမှုကို ဖြစ်စေနိုင်သည် (၄း၆–၇ )
ဃ၊ ထိုခွန်အားသည် စင်ကြယ်မှုကိုဖြစ်စေနိုင်သည် (၄း၈ )
င၊ ထိုခွန်အားသည် နမူနာကောင်းများ ဖြစ်စေနိုင်သည် (၄း၉ )
စ၊ ထိုခွန်အားသည် ရောင့်ရဲတင်းတိမ်မှုကို ဖြစ်စေနိုင်သည် (၄း၁၀–၁၃ )
ဆ၊ ထိုခွန်အားသည် သဘောကျလက်ခံမှုကို ဖြစ်စေနိုင်သည် (၄း၁၅–၁၆ )
ဇ၊ ထိုခွန်အားသည် သန့်ရှင်းမှုကို ဖြစ်စေနိုင်သည် (၄း၁၈ )
ဈ၊ ထိုခွန်အားသည် စုံလင်ပြည့်စုံမှုကို ဖြစ်စေနိုင်သည် (၄း၁၉ )
ည၊ ထိုခွန်အားသည် ဘုန်းတန်ခိုးရှိမှုကို ဖြစ်စေနိုင်သည် (၄း၂၀ )

# ကောလောသဲသြဝါဒစာ

ကောလောသဲသြဝါဒစာကို (အေဒီ ၆၂ ) ခုနှစ်တွင် ရှင်ပေါလုက ရောမမြို့အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရစဉ် ရေးခဲ့ခြင်းဖြစ်သည်၊ (၁း၂၄ ၊ ၄း၁၈ )– ထိုစာကိုတုခိတ်မှတဆင့် ပေးပို့ခြင်းဖြစ်သည်၊တုခိတ်သည် ဧဖက်အသင်းတော်သို့လဲ စာပို့ပေးခဲ့သူဖြစ်သည် (ဧ ၆း၂၁–၂၄ ) ကောလောသဲသြဝါဒစာနှင့် ဧဖက်သြဝါဒစာကို တုခိတ်ကတချိန်တည်းတွင် ပို့ခဲ့သည်ဟုယူဆနိုင်သည် ၊ တုခိတ်နှင့်အတူ သြနေသိမ်သည်လဲလိုက်ပါသွားခဲ့သည် (၄း၉ )

## ၁။ ကယ်တင်ရှင်ခရစ်တော် ယေရှု၏ဘုရားရှင်ဖြစ်ခြင်းနှင့် တန်ခိုးအာဏာတော်များ ( ကော ၁ )

က၊ ထိုတန်ခိုးအာဏာတော်များကို ကျေးဇူးတင်ခြင်း
၁. အောက်ပါတို့သည် ရှင်ပေါလုဆုတောင်းချက်များဖြစ်သည် (၁း၁–၁၄ )
က – သူသည်ကောလောသဲအသင်းတော်၏ ကောင်းသတင်းကိုကြားရသဖြင့် အဖဘုရားသခင်အားကျေးဇူးတင်ခဲ့သည်။ (၁း၃–၅ )
ခ – သူသည်ကောလောသဲအသင်းတော်၏ လုပ်ကိုင်လှုပ်ရှားမှုများတိုးတက်ရန်အတွက်ဆုတောင်းခဲ့သည်။ (၁း၉ )
၂. ရှင်ပေါလု၏ သွန်သင်ချက်များ (၁း၂၃ – ၂၉ )
ခ၊ ထိုဘုရားဇာတိတော်နှင့်ဆိုင်သော တန်ခိုးအာဏာတော်များအပေါ်နားလည်ခံယူချက်
၁. ခရစ်တော်နှင့်ခမည်းတော်ဘုရားပတ်သက်မှု
– *ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏ / အကြောင်းမူကား ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကျိန်းဝပ်စေခြင်းငှါငင်း – (၁း၁၅၊ ၁၉)*
၂. ခရစ်တော်နှင့်အသင်းတော် ပက်သက်မှု
– *အသင်းတော်တည်းဟူသော ကိုယ်၏ ဦးခေါင်းဖြစ်တော်မူ၏။ အစရာရာ၌ထူးမြတ်ခြင်းငှါ မူလအရင်း*

*ဖြစ်၍ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏ – (၁း၁၈ )*

၃. ခရစ်တော်နှင့်စကြာဝဠာပတ်သက်မှု ။

က– သူသည် စကြာဝဠာကို ဖန်းဆင်းခဲ့သည် (၁း၁၆ )

ခ– သူသည် စကြာဝဠာကို ထောက်ပံ့ထားသူဖြစ်သည် (၁း၁၇ )

ဂ– သူသည် စကြာဝဠာကိုပြန်၍ သင့်မြတ်အောင် စေ့စပ်ပေးသူဖြစ်သည် (၁း၂၀–၂၂ )

## ၂။ ဖေါက်ပြန်သူများ၏ အန္တရာယ်နှင့်မှောက်မှားအောင်လုပ်သည့်လုပ်ရပ်များ(ကော ၂ )

က၊ မှောက်မှားအောင်လုပ်မှု၏ စရိုက်လက္ခဏာ နည်းလမ်းများ

၁. ဖြားယောင်းသောစကားများ (၂း၄ )

၂. အတွေးအခေါ်များ (၂း၈ )

၃. အချည်းနှီးသော ပရိယာယ်များ (၂ း၈ )

၄. လူ့လောက မိရိုးဖလားများ (၂ း၈ )

၅. လေ့နံဒါးထစ် နည်းဥပဒေများ

– *ထိုကြောင့် စားသောက်ခြင်းအမှု၊ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြော မစီရင်စေနှင့် – (၂း၁၆)*

၆. ကိုယ့်ကိုယ်ကို တလွဲနှိမ့်ချမှု (၂ း၁၈ ၊၂၃ )

၇. ကောင်းကင်တမန်ကို ကိုးကွယ်ခြင်း (၂း၁၈ )

၈. ရူပါရုံများ (၂ း၁၈ )

၉. လူ့ပညတ်အဆိုအမိန့်များ (၂ း၂၀–၂၃ )

ခ၊ ထိုမှောက်မှားအောင် လုပ်မှုများတွက် အဖြေ

၁. ယေရှုသခင်သည် မည်သူဖြစ်သည်ကိုသိပါ၊

– *ထိုနက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏ / အကြောင်းမူကား ဘုရားသခင်၏ဇာတိ အဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏ – (၂း၃၊ ၉)*

၂. ယေရှုသည် သင့်အတွက်ဘာလုပ်ပေးသည်ကိုသိပါ၊

– *သင်တို့နှင့် လောဒိကိ မြို့သူမြို့သားတို့မှစ၍ ငါ့မျက်နှာကိုမမြင်ဘူးသော သူရှိသမျှတို့သည် မေတ္တာခြင်းထုံးဖွဲ့၍ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့်ကင်းစင်သော ဉာဏ်၏စည်းစိမ်အပေါင်းနှင့်ပြည့်စုံ၍ စိတ်နှလုံး သက်သာစေမည်အကြောင်း အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှါ အလိုရှိ၏ – (၂း၁–၂)*

က – ကျွန်ုပ်တို့ကို အသက်ရှင်စေသည် (၂ း၁၃ )

ခ – ကျွန်ုပ်တို့၏ ပညတ်ချက် ဝန်အမျိုးမျိုးကို ပယ်ဖျက်ပေးသည် (၂ း၁၄ )

ဂ – ကျွန်ုပ်တို့အပေါ် စာတန်၏ လုပ်ယူထားမှု အားလုံးကိုကားတိုင်တော်အားဖြင့် ပြန်လုယူသည် (၂း၁၅ )

ဃ – ကျွန်ုပ်တို့ကို ကြီးပွားဖွံ့ဖြိုးရင့်သန်စေသည် (၂ း၁၉ )

၃. မိမိသည် မည်သူဖြစ်သည်ကိုသိပါ (၂ း၁၀ ၊ ၁၂ )

၄. မိမိသည် ခရစ်တော်အတွက် ဘာလုပ်ရမည်ကိုသိပါ (၂ း၆ ၊ ၇ )

## ၃။ သန့်ရှင်းသူတို့၏ တာဝန်နှင့်ပြုလုပ်ရမည့်အလုပ်များ ( ကော ၃ – ၄ )

က၊ ဘုရားရှင်၏ သားတော်နှင့်ဆက်ဆံပါ (၃း၁–၄ )

ခ၊ ဘုရားရှင်၏ နှုတ်ကပတ်တော်နှင့်ဆက်ဆံပါ (၃း၁၆ )

ဂ၊ ဘုရားရှင်၏ အမှုတော်မြတ်နှင့်ဆက်ဆံပါ (၃း၁၇ )

၁. ရှောင်ပယ်ရမည့်အချက်များ (၃း၅–၉ )

– *ယခုမူကား ထိုအမှုအလုံးစုံတို့ကိုငှ၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးသောစကားကို သုံးခြင်းတို့ကိုငှ၊ သင်တို့နှုတ်မှ ပယ်ရှင်းကြလော့။ အချင်းချင်း မုသာစကားကို မပြောမသုံးကြနှင့်။ အကြောင်းမူကား သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍ – (၃း၈–၉)*

၂. ဆောင်ရမည့်အချက်များ (၃း၁၀–၁၂ ၊ ၁၄ )

– *ထိုကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့၊*

*သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့ / စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့ – (၃း၁၂၊ ၁၄)*

ဃ၊ ဘုရားရှင်၏ ငြိမ်သက်ခြင်းနှင့် ဆက်ဆံပါ (၃း၁၅ )

– *သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးစေ။ ထိုသို့အလိုငှါ သင်တို့သည် တလုံးတကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည်ဖြစ်၍ ကျေးဇူးတော်ကိုသိသောစိတ်ရှိကြလော့ – (၃း၁၅)*

င၊ ဘုရားရှင်ထံဆက်သွယ် ဆုတောင်းခြင်းနှင့်ဆက်ဆံပါ (၄း၂–၄ )

၁. ရှင်ပေါလုမှ ဆုတောင်းရန် မိန့်မှာချက် (၄း၂ )

၂. ရှင်ပေါလုမှ မိမိအတွက်ဆုတောင်းရန် တောင်းဆိုချက် (၄း၃–၄ )

စ၊ ကျွန်ုပ်တို့၏ ဘုရားရှင်အတွက် ကောင်းသောပုံသက်သေပြခြင်းဖြင့် ဆက်ဆံပါ

၁. မယုံကြည်သူများရှေ့တွင် ပြရမည့်ပုံသက်သေ (၄း၅–၆ )

၂. မိမိအိမ်အတွင်း ပြရမည့်ပုံသက်သေ (၃း၁၈–၂၁ )

က – ဇနီးမယားများသို့ မှာကြားချက် (၃း၁၈ )

ခ – ခင်ပွန်းသည်များသို့ မှာကြားချက် (၃း၁၉ )

ဂ – သားသမီးများသို့ မှာကြားချက် (၃း၂၀ )

ဃ – ဖခင်လုပ်သူများသို့ မှာကြားချက် (၃း၂၁ )

၃. အလုပ်အကိုင်လုပ်ရာ၌ ပြရမည့်ပုံသက်သေ (၃း၂၂–၂၅ )

၄. အသင်းတော်အတွင်း၌ ပြရမည့်ပုံသက်သေ (၃း၁၃ )

ဆ၊ ဘုရားရှင်၏ အမှုတော်ဆောင်များနှင့် ဆက်ဆံပါ (၄း၇–၁၈ ) – ရှင်ပေါလုသည် ဤ ဩဝါဒစာကို လူပုဂ္ဂိုလ် (၈ )ဦး နှုတ်ခွန်းဆက်မှုကို သိစေရင်းတောင်းဆိုချက်တခုကို ပြုလုပ်ရင်းအဆုံးသတ်ခဲ့သည်၊

၁. ကောလောသဲ အသင်းတော်သို့ နှုတ်ခွန်းဆက်သော လူ (၈ )ဦး

က – တုခိတ် (၄း၇ )

ခ – ဩနေသိမ် (၄း၉ )

ဂ – အာရိတ္တာခု (၄း၁၀ )

ဃ – မာကု (၄း၁၀ )

င – ယုတ္တု ယေရှု (၄း၁၀ )

စ – ဧပဖြာ (၄း၁၂–၁၃ )

ဆ – လုကာ (၄း၁၄ )

ဇ – ဒေမ (၄း၁၄ )

၂. ကောလောသဲအသင်းတော်သို့ တောင်းဆိုချက်

– *ဤစာကို သင်တို့ဘတ်ပြီးမှ လောဒိကိမြို့အသင်းတော်ကို ဘတ်စေကြလော့။ ထိုမြို့မှရသောစာကိုလည်း သင်တို့ဘတ်ကြလော့ – (၄း၁၆)*

# သက်သာလောနိတ်ဩဝါဒစာ (ပထမစောင် )

ဤဩဝါဒစာကို ပေါလု ၊ သိလနှင့်တိမောသေတို့က အေဒီ ၅၂ ခုတွင်ရေးခဲ့ခြင်းဖြစ်သည်။ ထိုအသင်းတော်မှခရစ်ယန်များကလည်း အထက်ပါသုံးဦးကို သိကျွမ်းကြသည် (၁ း၁ )သက်သာလောနိတ်အသင်းတော်ကို ရှင်ပေါလုတည်ထောင်ခဲ့သည် (တ ၁၇ း၁–၁၀ ) ထိုမြို့၌ရှင်ပေါလုလုပ်ဆောင်ခဲ့မှုများကိုကျွန်ုပ်တို့စုံစေ့စွာမသိရသော်လဲ (တ ၁၇ း၂ )အရ ရှင်ပေါလုသည် ရက်သတ္တ(၃)ပါတ်(သို့ )ဥပုသ်သုံးကြိမ်တိုင်အောင်နေခဲ့သည်ဟု သိရှိနိုင်ပေသည် သက်သာလောနိတ်ဩဝါဒစာ ပနှင့်ဒုသည် ရှင်ပေါလု၏ အဦးဆုံးရေးခဲ့သော ဩဝါဒစာဖြစ်မည်ဟု နားလည်နိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစာနှစ်စောင်သည် တစောင်နှင့်တစောင် အချိန်အလွန်ကွာခြားမှုမရှိခြင်းနှင့်ထိုအချိန်များသည် ပေါလု ၊ သိလနှင့်တိမောသေတို့ ကောရိန္သုမြို့၌ရှိနေချိန် ဖြစ်သောကြောင့်ဖြစ်သည်။(တ ၁၈ း၅ )– မကြာမီကပင်ပေါလုသည် သက်သာလောနိတ်မြို့မှထွက်လာခဲ့ခြင်းလဲဖြစ်

သည်။

ပေါလုသည်သက်သာလောနိတ်မြို့၌ခဏသာနေ၍ထွက်ပြေးခဲ့ရသည် အဘယ်ကြောင့်ဆိုသော်ယုဒလူတို့သည် လူစုလူဝေးစေ၍ ပေါလုတို့အားဒုက္ခပေးကြသောကြောင့်ဖြစ်သည်။ (တ ၁၇ း၁–၉ ) နောက်ပိုင်းတွင်ပေါလုသည် သိလနှင့်တိမောသေတို့ကို ထိုမြို့သို့ပို့လိုက်သည် (၃ း၁–၂ ) အသင်းတော်သည်လဲ တိုးတက်ခဲ့သည်။

ဤ ဩဝါဒစာ၏ ရည်ရွယ်ချက်မှာ ခရစ်ယန်များသည် ခရစ်တော်ဒုတိယအကြိမ် ပြန်ကြွလာမည့်အကြောင်းကို နားလည်သဘောပေါက်ကြရန်နှင့်အချင်းချင်းတယောက်ကိုတယောက်စိတ်သက်သာရာ ရကြစေရန်ဖြစ်သည်။

အောက်ပါကျမ်းပိုဒ်များသည် ခရစ်တော်ဒုတိယအကြိမ် ပြန်ကြွလာမည့်အကြောင်းကို ဖေါ်ပြထားချက်များဖြစ်သည်။ (၁ း၉–၁၀ / ၂ း၁၉–၂၀ / ၃ း၁၃ / ၄ း၁၄–၁၈ / ၅ း၂၃ )

## ၁။ အသင်းတော်၏ နာမည်သတင်း (၁ သက် ၁ )

က၊ တက်ကြွ၍ ခွန်အားရှိသော အသင်းတော်ဖြစ်သည် (၁ း၁–၄ )

– *သင်တို့သည် ယုံကြည်သောစိတ်နှင့် အကျင့်ကိုကျင့်ခြင်း၊ ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်း၊ ငါတို့သခင်ယေရှုခရစ်ကို မြော်လင့်သောစိတ်နှင့် တည်ကြည်ခြင်းတို့ကို ငါတို့သည် အစဉ်မပြတ်အောက်မေ့လျက် – (၁း၃–၄)*

ခ၊ ရွေးချယ်ခံထားရသော အသင်းတော်ဖြစ်သည် (၁ း၄ )

– *ဘုရားသခင်ချစ်တော်မူသောညီအကိုတို့ သင်တို့ခံရသော ရွေးကောက်တော်မူခြင်းကို သိလျက် – (၁း၄)*

ဂ၊ ပုံသက်သေကောင်း ပြသောအသင်းတော်ဖြစ်သည် (၁ း၅–၇ )

၁. ပေါလုမှအသင်းတော်သို့ ပုံသက်သေကောင်းပြခဲ့မှု (၁ း၅–၆ )

၂. သူတို့မှလောကကို ပုံသက်သေကောင်းပြမှု (၁ း၇ )

ဃ၊ ဧဝံဂေလိဟောသော အသင်းတော်ဖြစ်သည် (၁ း၈ )

င၊ မျှော်လင့်ခြင်းရှိသော အသင်းတော်ဖြစ်သည် (၁ း၉–၁၀ ) ဤကျမ်းပိုဒ်၌ ရှင်ပေါလုသည် အသင်းသားများ၏ ဝိညာဉ်ရေးရာစွမ်းဆောင်မှု (၃ )ချက်ကိုဖေါ်ပြခဲ့သည်။

၁. အတိတ်ကာလ – *ရုပ်တုဆင်းတုကိုပစ်ပယ်၍ ဘုရားသခင်ထံ ပြောင်းလဲကြသည် – (၁း၁၀)*

၂. ပစ္စုပ္ပန်ကာလ – *အသက်နှင့်ပြည့်စုံလျက် မှန်တော်မူသော ဘုရားသခင်၏အမှုတော်ကို သင်တို့သည် ဆောင်ခြင်းငှါ – (၁း၉)*

၃. အနာဂတ်ကာလ – *ရောက်လတ္တံ့သောဘေးဒဏ်မှ ငါတို့ကိုကယ်နှုတ်သော သခင်ယေရှုတည်းဟူသော သေခြင်းမှထမြောက်စေတော်မူသော သားတော်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည် – (၁း၁၀)*

## ၂။ အသင်းတော်၏ လုပ်ရှားဆောင်ရွက်မှုများ ( ၂ – ၃ )

က၊ သက်သာလောနိတ်အသင်းတော်မှ သိုးထိန်း၏ တက်ကြွမှု။ (ရှင်ပေါလုမိမိကိုယ်ကိုပြောဆိုခဲ့မှု )

၁. မိမိသည် ဒုက္ခဝေဒနာခံသော ခရီးသွားတဦးဖြစ်သည် (၂ း၁–၂ )

၂. မိမိသည် သစ္စာရှိသော ဘဏ္ဍာထိန်းဖြစ်သည် (၂ း၃–၆ )

၃. မိမိသည် နို့ထိန်းမိခင်ဖြစ်သည် (၂ း၇–၈ )

၄. မိမိသည် ပင်ပန်းစွာ အလုပ်လုပ်သူဖြစ်သည် (၂ း၉ )

၅. ပုံသက်သေကောင်းပြသူဖြစ်သည် (၂ း၁၀ )

၆. သားအတွက်စိတ်ပူသောအဘဖြစ်သည် (၂ း၁၁–၁၂ )

၇. အောက်မေ့သတိရတတ်သော အကိုဖြစ်သည် (၂ း၁၇ )

၈. မျှော်လင့်ခြင်းကောင်းရှိသော ဝိညာဉ်ကယ်တင်သူဖြစ်သည် (၂ း၁၉–၂၀ )

၉. သာသနာပြုများ စေလွှတ်တတ်သူဖြစ်သည် (၃ း၁–၅ )

၁၀. အလွန်ဆုတောင်းတတ်သူဖြစ်သည် (၂ း၁၃ / ၃ း၇–၁၃ )

က – ဖွဲလုံ့လရှိသောသူ၏ ဆုတောင်းချက်များ

– *ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်းကြ၏ – (၂း၁၃)*

– *နေ့ညဉ့်မပြတ် အလွန်တရာ ဆုတောင်းပဌနာပြု၍ နေကြ၏ – (၃း၁၀)*

ခ – ဆုတောင်းရခြင်း၏ ရည်ရွယ်ချက်

– *သင်တို့မျက်နှာကိုမြင်၍ သင်တို့ယုံကြည်ခြင်း လိုသေးသမျှကို စုံလင်စေမည်အကြောင်း ငါတို့သည် နေ့ညဉ့်မပြတ် အလွန်တရာ ဆုတောင်းပဌနာပြု၍ နေကြ၏ – (၃း၁၀)*

ခ၊ သက်သာလောနိတ်အသင်းတော်မှ သိုးများ၏တက်ကြွမှု

– *အဘယ်သို့နည်းဟူမူကား ယုဒပြည်၌ ယေရှုခရစ်၏ဘာသာကိုခံယူသော ဘုရားသခင်၏သင်းဝင်သူတို့သည် ယုဒလူတို့လက်မှ ဆင်းရဲခံရသကဲ့သို့ ညီအကိုတို့ သင်တို့သည် မိမိတို့အမျိုးသားချင်းတို့လက်မှ ထိုနည်းတူ ခံရသောအားဖြင့် ယုဒပြည်၌ရှိသော တပည့်တော်ကဲ့သို့သောသူဖြစ်ကြ၏ – (၂း၁၄)*

ဂ၊ သက်သာလောနိတ်အသင်းတော်မှ မြွေဆိုးများ (ရှင်ပေါလု၏ ရန်သူများ)

၁. ယုဒလူများ (၂း၁၅၊ ၁၆)

၂. စာတန် (၂း၁၈)

## ၃။ အသင်းတော်၏ ရွှေ့ပြောင်းရမှု ( ချီဆောင်ခံရခြင်း ) ( ၄ )

က၊ ဤရွှေ့ပြောင်းမှုအတွက် လုံ့ဆော်ခြင်း။

၁. ကျနုပ်တို့သည် ဘုရားရှင်၏ အလိုတော်ကိုသိရှိရမည် (ဘုရားရှင်ကျွန်ုပ်တို့အပေါ်ဖြစ်လိုသည့်အစီစဉ် (၄း၃)

၂. ကျနုပ်တို့သည် ဘုရားရှင်၏ လမ်းတော်ကိုသိရှိရမည့် (ဘုရားရှင်သည် ကျနုပ်တို့လုပ်ဆောင်ကြရမည့်နည်းလမ်းပြထားမှု )

က– မိမိကိုယ်တိုင်သို့ – – – – သန့်ရှင်းပါ (၄း၃–၅)

ခ – သန့်ရှင်းသူများသို့ – – – – ချစ်ပါ (၄း၆–၁၀)

(၁) သန့်ရှင်းမှုကို ရှင်းလင်းစွာဖွင့်ပြပါ (၄း၆–၉)

(၂) သန့်ရှင်းရခြင်း၏ အကြောင်းရင်း (၄ း၇–၈ )

ဂ – အပြစ်သားများသို့ – – – – ဖြောင့်မတ်မှုပြပါ (၄ း၁၁–၁၂ )

ခ၊ ဤ ရွှေ့ပြောင်းရမှုဖြစ်စဉ်များ (၄း၁၃–၁၈)

၁. သိရှိစေခြင်း

– *ညီအကိုတို့ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း အိပ်ပျော်သောသူတို့၏ အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ – (၄း၁၃)*

၂. ယုံကြည်စိတ်ချရမှု

– *ယေရှုသည် သေပြီးမှတဖန် ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင် ထိုနည်းတူ ယေရှု၌အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင် ပို့ဆောင်တော်မူလိမ့်မည် – (၄း၁၄)*

၃. ဗျာဒိတ်ပေးထားမှု

– *သခင်ဘုရား၏ ဗျာဒိတ်တော်အားဖြင့် တဖန် ငါတို့ဆိုသည်ကား သခင်ဘုရားကြွလာတော်မူသောအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အိပ်ပျော်ပြီးသောသူတို့၏ အရင်အဦး နေရာကျရကြမည်မဟုတ် – (၄း၁၅)*

၄. ပြန်ကြွလာခြင်း

– *သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ – (၄း၁၆ က)*

၅. ရှင်ပြန်ထမြောက်ကြခြင်း

– *ခရစ်တော်၌ သေလွန်သောသူတို့သည် အဦး ထမြောက်ကြလိမ့်မည် – (၄း၁၆ ခ)*

၆. ချီဆောင်ခံရခြင်း

– *ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခံခြင်းကို ခံရ – (၄း၁၇)*

၇. ပြန်လည်ပေါင်းဆုံကြခြင်း

– *ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည် – (၄း၁၇)*

၈. စိတ်ချစေခြင်း

– *သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်း တယောက်ကိုတယောက် သက်သာစေကြလော့ – (၄း၁၈)*

## ၄။ အသင်းတော်၏ တာဝန်ယူရမှု (၅ )

က၊ ဘုရားရှင်၏ အလိုတော် (သူအလိုရှိသောကျွန်ုပ်တို့လုပ်ဆောင်မှု ) (၅ း၁–၂၂ )

၁. အဆင်သင့်ရှိနေပါ (၅ း၁–၈ )

က – လာမည့် ပုံသဏ္ဍာန်

– *သူခိုးသည် ညဥ့်အခါလာသကဲ့သို့ သခင်ဘုရား၏နေ့ရက်သည် လာလိမ့်မည်ကို သင်တို့သည် သေချာစွာသိကြ၏ – (၅း၂)*

**ခ – အကျိုးသက်ရောက်မှု ရှိမည့်သူများ**

**(၁) အလင်း၏ သားသမီးများ (၅ း၄ ၊ ၆ ၊ ၈ )**

**(၂) မှောင်မိုက်၏ သားသမီးများ (၅ း၃–၇ )**

**၂. ကူညီဖေးမကြပါ (၅ း၉ – ၁၁ ၊ ၁၄ )**

**က – လုပ်ဆောင်ပေးရမည့် ကိစ္စများ**

– *အမျက်တော်ကိုခံစေခြင်းငှါ ဘုရားသခင်သည် ငါတို့ကို ခန့်ထားတော်မူသည်မဟုတ်။ ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ပိုင်ရစေခြင်းငှါ ခန့်ထားတော်မူ၏။ ငါတို့သည် နိုးလျက်ရှိသည်ဖြစ်စေ၊ အိပ်ပျော်သည်ဖြစ်စေ၊ ထိုသခင်နှင့်အတူ အသက်ရှင်မည်အကြောင်း ငါတို့အဘို့ အသေခံတော်မူပြီး – (၅း၉–၁၀)*

**ခ – လုပ်ဆောင်ပေးရမည့်သူများ**

– *ထိုကြောင့် သင်တို့သည် ယခုပင်ပြုသည်နည်းတူ အချင်းချင်းတိုက်တွန်း၍ တယောက်ကိုတယောက် တည်ဆောက်ကြလော့ / တဖန်တုံ ညီအကိုတို့ မတရားစွာပြုသောသူတို့ကို သတိပေးကြလော့၊ စိတ်ငယ်သောသူတို့ကို အားပေးကြလော့၊ အားနည်းသောသူတို့ကို ထောက်မကြလော့ ခပ်သိမ်းသောသူတို့အား ရှည်သောစိတ် ရှိစေကြလော့ –(၅း၁၁၊ ၁၄)*

**၃. သနားကြပါ (၅ း၁၅ )**

**၄. ဂရုစိုက်ကြပါ (၅ း၁၂–၁၃ )**

**၅. ဝမ်းမြောက်ကြပါ (၅ း၁၆ )**

**၆. ဆုတောင်းကြပါ (၅ း၁၇ )**

**၇. ကျေးဇူးတင်ကြပါ (၅ း၁၈ )**

**၈. သတိရှိကြပါ (၅ း၁၉–၂၂ )**

**က – ဘုရားရှင်၏ ဝိညာဉ်တော်နှင့်ပါတ်သက်၍ (၅ း၁၉ )**

**ခ – ဘုရားရှင်၏ ဆုကျေးဇူးနှင့်ပါတ်သက်၍ (၅ း၂၀ )**

**ဂ – ဘုရားရှင်၏ နှုတ်ကပါတ်တော်နှင့်ပါတ်သက်၍ (၅ း၂၁ )**

**ဃ – ဘုရားရှင်၏ အမှုတော်မြတ်နှင့်ပါတ်သက်၍ (၅ း၂၂ )**

**ခ၊ ဘုရားရှင်၏ ငြိမ်သက်ခြင်း (သူကျွန်ုပ်တို့အားဘာလုပ်လိမ့်မည် ) ၅ း၂၃–၂၈ )**

– *ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်ကိုယ်တော်တိုင်လည်း သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော။ သင်တို့ကို ခေါ်တော်မူသောသူသည် သစ္စာနှင့်ပြည့်စုံသည်ဖြစ်၍ ထိုသို့ပြုတော်မူလိမ့်မည် – (၅း၂၃–၂၄)*

# သက်သာလောနိတ်ဩဝါဒစာ (ဒုတိယစောင် )

ဤဩဝါဒစာကို ရှင်ပေါလုသည်(၁သက်)ပထမစောင်၊ရေးအပြီးမကြာမီပင် ရေးခဲ့ခြင်းဖြစ်သည် (အေဒီ၅၃) ဤဩဝါဒစာ၌ “ သခင်ဘုရား၏နေ့ရက် ” (၂ း၂ )အလျှင်အမြန်ရောက်လာမည်ဟုလွဲမှားစွာ နားလည်သူများအား လမ်းမှန်ဖြစ်အောင် ရှင်းပြချက်များနှင့်အခြားသွန်သင်ချက်များပါဝင်သည်။ ရှင်ပေါလုက ပထမဦးစွာချီဆောင်ခြင်းဖြစ်သည်၊ ၎င်းနောက်ဒုစရိုက်လူ / ပျက်စီးခြင်း၏သား (၂ း၃ ) ပေါ်လာမည့်ဘေးဒါဏ်ကြီးကာလ (၇ )နှစ်နှင့်ကြုံတွေ့မည်ဟု ဤဩဝါဒစာ၌ ရှင်းပြခဲ့သည်၊ ၎င်းပြင်ရှင်ပေါလုက အသင်းတော်ကို အမှီပြု၍စားသောက်နေသောလဲ – အလုပ်မလုပ်ဖဲ သူတပါးအမှု၌ ရောနှောသောသူများကို အပစ်တင်ခဲ့သည်၊
သူက “ အလုပ်မလုပ်သောသူသည် အစာမစားရ ” ဟု ပညတ်ခဲ့သည်။

## ၁။ ရှင်းလင်းချက် – ဘုရားရှင်၏လမ်းတော် (သိုးထိန်းများအားပေးချက် ) (၂သက် ၁ )

ဤကျမ်းပိုဒ်၌ ရှင်ပေါလုကယုံကြည်သူများအား လူဆိုးများကဒုက္ခပေးနိုင်ခွင့်ကိုဘုရားရှင်ပေးထားကြောင်းရှင်းပြထားသည်။

က၊ ဘုရားရှင်နှင့် နှိပ်စက်ညှင်းပန်းခံရခြင်းကိစ္စ

၁. ယုံကြည်သူနှင့် ဒုက္ခခံရမှု ရသောအကျိုးအမြတ်၊ (ကျွန်ုပ်တို့အမြတ်တောင်ရသည် )

က – သန့်ရှင်းခြင်းအကျိုးအမြတ်

(၁) ဘုရားရှင်အပေါ် ယုံကြည်မှု တိုးပွားစေသည် (၁ း၃ )

(၂) ယုံကြည်သူများအပေါ် အချစ်တိုးပွားစေသည် (၁ း၃ )

(၃) အခြားသူများသို့ ကောင်းသောနမူနာဖြစ်စေသည် (၁ း၄ )

ခ – ပြင်ဆင်ထားနိုင်ခွင့်အကျိုးအမြတ်

– *သင်တို့သည် ဘုရားသခင်၏နိုင်ငံတော်အတွက် ဆင်းရဲခံရ၍ ထိုနိုင်ငံတော်ကို ဝင်စားထိုက်သည်ဟု မှတ်တော်မူခြင်းကို ခံရစေခြင်းငှါ တရားသဖြင့် ဘုရားသခင်စီရင်တော်မူသောအမှုသည် ထိုသို့သောအားဖြင့် ထင်ရှားလျက်ရှိ၏ – (၁း၅)*

၂. ကယ်တင်ရှင်နှင့်နှိပ်စက်ညှင်းပန်းခံရခြင်းမှရသာ အကျိုးအမြတ် (သူဘုန်းတော်ဝင်စားခဲ့သည် ) (၁ း၁၀ – ၁၂ )

ခ၊ ဘုရားရှင်နှင့်နှိပ်စက်ညှင်းပန်းသူများ (၁ း၇–၁၀ )

## ၂။ ဘေးဒါဏ်ကြီးကာလ –– ဘုရားရှင်၏အမျက်တော်ကာလ (ပရောဖက်များအားဖြင့် ဗျာဒိတ်ထားမှု ) (၂ )

က၊ ဘုရားရှင်၏ နေ့ရက်၌ဖြစ်ပျက်မည့်အကြောင်းအရာများ ဖေါ်ပြချက် (၂ း၁–၁၂ )

ခရစ်တော်၏ နေ့ရက်သည် လာမည့်ဘေးဒါဏ်ကြီးကာလ၏ အချိန် (၇ )နှစ်ကိုဆိုလိုသည်။

၁. ဘုရားရှင်၏ နေ့ရက်နှင့်အသင်းတော် (၂ း၁–၃ )

က – ကယောက်ကယက်ဖြစ်ခြင်း (၂ း၁–၂ ) ကောလဟာနများ

ခ – ရှင်းလင်းတင်ပြခြင်း (၂ း၃ )

၂. ဘုရားရှင်၏ နေ့ရက်နှင့်အန္တိခရစ် (၂ း၃–၅ ၊ ၈–၉ )

က – သူ၏အမည်နာမများ

(၁) ဒုစရိုက်လူ (၂ း၃ )

(၂) ပျက်စီးခြင်း၏သား (၂ း၃ )

(၃) ဝှက်ထားလျက်ရှိသော အဓမ္မအရာ (၂ း၇ )

(၄) အဓမ္မလူ (၂ း၈ )

ခ – သူ၏အယောင်ဆောင်မှု (၂ း၄ )

ဂ – သူ၏လှည့်ဖြားမှု ပရိယာယ်များ (၂ း၉–၁၀ )

ဃ – သူ၏နိဂုံး (၂ း၈ )

၃. ဘုရားရှင်၏ နေ့ရက်နှင့် ဆီးတားချုပ်ချယ်မှု (၂ း၆–၇ )

မှတ်ချက် – ဆီးတားချုပ်ချယ်သူဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်ကို ဆိုခြင်းဖြစ်သည်။

၄. ဘုရားရှင်၏ နေ့ရက်နှင့်မယုံကြည်သူများ (၂ း၁၀–၁၂ )

ခ၊ ဘုရားရှင်၏ သားသမီးများ ကြိုတင်စီစဉ်ထားမှု အပေါ်ဖေါ်ပြချက် (၂ း၁၃–၁၇ )

၁. ကျွန်ုပ်တို့၏ကယ်တင်ခြင်း၏အစဦးဆုံးကာလ –ဘုရားရှင်၏အစဦးစွာရွေးချယ်မှုမှစသည် (၂ း၁၃)

၂. ကျွန်ုပ်တို့၏ကယ်တင်ခြင်းရရှိမှုနည်းလမ်း– အမှန်တရားကိုယုံကြည်ခြင်းဖြင့်သန့်ရှင်းသောဝိညာဉ်ကဝိညာဉ်ကိုသန့်ရှင်းစေသောကြောင့်ရရှိသည် (၂ း၁၃ )

၃. ကျွန်ုပ်တို့ရရှိသော ကယ်တင်ခြင်း၏ ပန်းတိုင် .. ခရစ်တော်၏ ဘုန်းကိုပိုင်ဆိုင်ရမည်။

၄. ကျွန်ုပ်တို့ရရှိသော ကယ်တင်ခြင်းအပေါ် တာဝန်ရှိမှု ..ဤဩဝါဒစာကိုငှင်း ၊ နှုတ်ကပတ်တော်ကိုငှင်း ၊ စွဲမြဲစွာကိုင်စွဲမှတ်သားရမည် (၂ း၁၅ )

## ၃။ သတ်မှတ်ပြဋ္ဌာန်းခြင်း – ဘုရားရှင်၏အလိုများ (၃ )

က၊ ပေါလု၏ တောင်းဆိုချက် (၃ း၁–၂ )
ခ၊ ပေါလု၏ စိတ်ချယုံကြည်မှု (၃ း၃–၅ )
ဂ၊ ပေါလု၏ အပြစ်တင်ပြောဆိုချက် (၃ း၆–၁၈ )
  ၁. အပြစ်တင်မှုခံရသူများ
    က – စည်းကမ်းဥပဒေမလိုက်နာသူ (၃ း၆ ၊ ၁၁ )
    ခ – သူတပါးကိစ္စဝင်ရှုတ်သူ (၃ း၁၁ )
    ဂ – အားလပ်လေလွင့်နေသူ (၃ း၇–၁၀ )
      (၁) ပေါလုပြသော ပုံသက်သေ (၃ း၇–၉ )
      (၂) ပေါလု၏ ဥပဒေ (၃ း၁၀ )
    ဃ – နားထောင်နာခံခြင်းမရှိသူ (၃ း၁၄ )
  ၂. ဤအပြစ်တင်မှု အပေါ်သတ်မှတ်ခြင်း နည်းလမ်းအဆင့်ဆင့် ။
    က – ပထမအဆင့် – ထိုသူကိုမှတ်သားထားပါ (၃ း၁၄ )
    ခ – ဒုတိယအဆင့် – သတိပေးဆုံးမပါ (၃ း၁၂ ၊ ၁၅ )
    ဂ – တတိယအဆင့် – အပေါင်းအသင်းမပြုဘဲ ဖယ်ရှားထားပါ (၃ း၆ ၊ ၁၄ )
    ဃ – စတုတ္တအဆင့် – မုန်းတီးအာဃာတမထားပါနှင့် (၃ း၁၅ )

# တိမောသေသြဝါဒစာ (ပထမစောင် )

ဤသြဝါဒစာကို ရှင်ပေါလုသည် အေဒီ၆၅ တွင် ရေးခဲ့ခြင်းဖြစ်သည်။
တိမောသေသည် " ဥနိတ် " အမည်ရှိသောအစ္စရေးမိခင်နှင့်ဂရိအမျိုးသားဖခင်တို့၏သားဖြစ်သည်၊ တိမောသေ၏အဖွား " လောဣ " သည်လဲ ခရစ်ယန်ဖြစ်သည်၊ (၂တိ ၁ း၅ )

ရှင်ပေါလုလုတ္တရမြို့၌ တရားဟောရာမှတိမောသေသည် ယုံကြည်သူဖြစ်လာခဲ့သည်။ ပေါလုသည်သူ့ကိုအရေဖျားလှီးခြင်းပေးခဲ့သည် (တ ၁၆ း၃ ) ၎င်းနောက်ပေါလုသည် သူ၏ဧဝံဂေလိခရီးထွက်မှု၌ တိမောသေကိုပါခေါ်ဆောင်ခဲ့သည်။

ရှင်ပေါလု၏ သြဝါဒစာ (၃ )စောင်ကို " သင်းအုပ်များသို့ပေးသောသြဝါဒများ " ဟုနားလည်နိုင်သည်၊ ၎င်းတို့မှ တိမောသေသြဝါဒစာပ / ဒု နှင့်တိတုသြဝါဒစာတို့ဖြစ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသြဝါဒစာ (၃ )စောင်သည် – ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဘုရားအမှုဆောင်များသို့သီးသန့်ဦးတည်ရေးထားသောကြောင့်ဖြစ်သည်။

ရှင်ပေါလုမှ တိမောသေသို့ပေးသော ဤသြဝါဒကိုဖေက်မြို့မှ မာကေဒေါနိပြည်သို့သွားပြီးနောက် သို့မဟုတ် (၁ း၃ / တ ၂၀ း၁ ) ရောမအကျဉ်းသားဘဝမှ ပထမအကြိမ်လွတ်လာပြီးသည့်နောက်ရေးခဲ့ခြင်းဖြစ်သည်ဟု နားလည်နိုင်ပေသည်။ ငယ်ရွယ်သူတိမောသေသည် ရှင်ပေါလု၏ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် ဖြစ်နိုင်ပေသည်၊ အဘယ်ကြောင့်ဆိုသော် သူ့သြဝါဒစာများ၌ ပေါလုက "ငါ့ချစ်သား " ဟုတိမောသေအားဒေသန္တရာအသင်းတော်၏ သင်းအုပ်တာဝန်များနှင့် ပါတ်သက်၍အထူးသင်ကြားပေးခဲ့သည်။

အသင်းတော်/ အသင်းသားများနှင့်မည်သို့ အလုပ်လုပ်ကိုင်ရမည်၊ အခြားသူများသို့မည်သို့သင်ကြားဆင့်ဆိုသည့် အချက်များပါဝင်သည်။

နိဒါန်း – ဤသြဝါဒစာသည် ကိုယ်ရေးကိုယ်တာစာစောင် ၊ ဘုရားရှင်၏မိသားစုသို့ဦးတည်ရေးသောစာစောင်ကဲ့သို့ ဖြစ်နေသည်ကို တွေ့နိုင်ပေသည်။

– *သင်ရှိရာသို့ ငါမြန်မြန်လာမည်ဟု မြော်လင့်ခြင်းရှိသော်လည်း တာရှည်စွာနေလျှင် သင်သည် ဘုရားသခင်၏အိမ်တော်၌ အဘယ်သို့ ကျင့်ကြံပြုမူရမည်ကို သိစေခြင်းငှါ ဤသို့ ငါရေး၍ပေးလိုက်၏။ ထိုအိမ်တော်ကား အသက်ရှင်တော်မူသောဘုရားသခင်၏အသင်းတော်ဖြစ်၏။ ထိုအသင်းတော်ကား သမ္မာတရား၏ အမှီတကဲဖြစ်၏၊ သမ္မာတရား၏ တည်ရာလည်းဖြစ်၏ – (၃း၁၄–၁၅)*

## ၁။ ရှင်ပေါလုနှင့်ဘုရားရှင်၏မိသားစု (၁ း၁ )

- ကျ၊ သူသည် တမန်တော်ဖြစ်သည် (၁ း၁ )
- ခ၊ သူသည် ဝိညာဉ်ရေးရာ ဖခင်ဖြစ်သည် (၁ း၂ )
- ဂ၊ သူသည် အတိတ်က ဘုရားရှင်ကိုဆန့်ကျင်သောလူဆိုး တယောက်ဖြစ်ခဲ့သည် (၁ း၁၃ )
- ဃ၊ သူသည် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံခဲ့ရသော အပစ်သားဖြစ်သည် (၁ း၁၄ )
- င၊ သူသည် နမူနာပုံသက်သေနှင့်အထိန်းမှတ်ပြရုပ်ဖြစ်သည် (၁ း၁၆ )
- စ၊ သူသည် ဒုက္ခများသော အမှုဆောင်ဖြစ်သည် (၄ း၁၀ )
- ဆ၊ သူသည် တိုက်တွန်းနိုးဆော်တတ်သူဖြစ်သည် (၄ း၁၃ )
- ဇ၊ သူသည် ဓမ္မဆရာတဦးဖြစ်သည်
  - ၁. သူ၏ ကြေညာချက် – သတင်းကောင်း (၁ း၁၁ )
  - ၂. သူ၏ သာသနာပြုရာဒေသ – – တပါးအမျိုးသားများ (၂ း၇ )
  - ၃. သူ၏ဆရာ – – ကယ်တင်ရှင်ခရစ်တော် (၁ း၁၂ )

## ၂။ တိမောသေနှင့်ဘုရားရှင်၏ မိသားစု

- က၊ တိမောသေ၏ မိမိကိုယ်အပေါ်မိမိတာဝန် ယူရမှုများ –
  - ၁. ဇဖက်မြို့၌ နေပါ (၁ း၃ )
  - ၂. ကောင်းမကောင်းပိုင်းခြား၍ အကောင်းကိုလိုက်ပါ (၁ း၁၉ )
  - ၃. ကိုယ့်ကိုယ်ကိုဝေဖန် ဆန်းစစ်တတ်ပါ (၄ း၁၆ )
  - ၄. ကိုယ့်ဒေသနာအပေါ် ကိုယ်ပြန်တည်ပါ (၄ း၁၆ )
  - ၅. ကိုယ့်ကိုယ်ကို ထိန်းသိမ်းပါ (၄ း၇–၈ )
  - ၆. နမူနာကောင်းပြပါ (၄ း၁၂ )
  - ၇. ရရှိသောဆုကျေးဇူးကို အသုံးပြု၍ ပိုတိုးပွားအောင်လုပ်ပါ (၄ း၁၄–၁၅ )
  - ၈. ကိုယ်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ (၅ း၂၃ )
  - ၉. ငွေကြေးကို မတတ်မမက်ပါနှင့် (၆ း၁၀ )
  - ၁၀. ကောင်းသောအရာအမျိုးမျိုးကို စွကြိုင်ရှောက်ပါ (၆ း၁၁ )
  - ၁၁. စစ်သူရဲကဲ့သို့ဖြစ်ပါ (၁ း၁၈ ၊ ၆ း၁၂–၁၄ )
  - ၁၂. ဘက်မလိုက်ဖဲ သမ္မာသမက်ကျ မျှတပါ (၅ း၁၂ )
- ခ၊ တိမောသေ၏ လူအများအပေါ် တာဝန်ယူရမှုများ
  - ၁. အသင်းတော်၌ ဒေသနာဟောကြားမှုနှင့်ပါတ်သက်၍ ၊
    - က – သမ္မာကျမ်းစာအပေါ်မူတည် အဓိကထားပြောပါ (၄ း၆ ၊ ၁၁ ၊၁၃ )
    - ခ – လူ့အတွေးအခေါ်နှင့်လူဇာတ်လမ်းဒဏ္ဍာရီများ ငြင်းခုံမှုများကို ရှောင်ပါ (၁ း၄ ၊ ၆ း၂၀ )
  - ၂. အသင်းတော်၌ ဆုတောင်းမှုနှင့်ပါတ်သက်ရန်
    - က – လူအားလုံးအတွက်ဆုတောင်းပါ (၂ း၁–၄ )
    - ခ – အရာအားလုံးအတွက် ကျေးဇူးတင်ဘုံတောင်းပါ (၄ း၄ –၅ )
  - ၃. အသင်းတော်၌ အမျိုးသမီးများနှင့်ပါတ်သက်၍ ၊
    - က – သူတို့၏ တာဝန် (၂ း၉ )
    - ခ – သူတို့အပေါ် ကန့်သတ်ထားမှု (၂ း၁၂ ၊ ၁၃ ၊၁၄ )
      - *– မိန်းမသည် ဆုံးမဩဝါဒပေးခြင်း၊ ယောကျ်ားကို အစိုးတရပြုခြင်းအခွင့်ကိုငါမပေး။ သူသည် တိတ်ဆိတ်စွာနေအပ်၏ – (၂း၁၂)*
    - ဂ – သူတို့ကယ်တင်ခံရမှု (၂ း၁၅ ) ဧဝမှ ယေရှုကိုဖွားမြင်ခြင်းကို ရည်ညွှန်းသည်။
  - ၄. အသင်းတော်၌ မုဆိုးမများနှင့်ပါတ်သက်၍ ၊
    - က – အသက်၆၀ကျော်သူ သားမြေးမရှိသူကိုအသင်းတော်က ကျွေးမွေးပြုစုရမည်။(၅ း၃ ၊၅ း၉ )
    - ခ – သားမြေးရှိသောမုဆိုးမဖြစ်ပါက ထိုသားမြေး (ခရစ်ယန် )များ ထိုမုဆိုးမကို လုပ်ကျွေး ရမည်။ (၅ း၄ ၊ ၁၆ )
    - ဂ – ငယ်ရွယ်သောမုဆိုးမ (၅ း၆ ၊ ၁၁–၁၅ )
      - (၁) အိမ်ထောင်သစ်ထူ၍ သားမွေးပါ (၅ း၁၄ )
      - (၂) ကာမဂုဏ်လွန်ကျူးခြင်း၊ အပြစ်ဖြစ်စေခြင်းများမှ လမ်းလွဲနိုင်သည် (၅ း၁၁–၁၃ )

၅. အသင်းတော်၌ အသက်ကြီးသူ ခရစ်ယန်များနှင့်ပါတ်သက်၍ (၅ း၁–၂ )
၆. အသင်းတော်၌ သင်းထောက်တို့နှင့်ပါတ်သက်၍
က – ရွေးချယ်ရာ၌ အထူးသတိထားပါ
– *အဘယ်သူ၏အပေါ်၌ လက်ကို အလျင်တဆောမတင်နှင့်။ သူတပါးအပြစ်၌ မဆက်ဆံနှင့်။ ကိုယ်ကိုကိုယ် စင်ကြယ်စေလော့ – (၅း၂၂)*
ခ – မြှောက်စားပါ (၅ း၁၇–၁၈ )
ဂ – အပြစ်တင်ရာ၌ သက်သေစုံသည့်အထိ စောင့်ဆိုင်းပါ (၅ း၁၉ )
၇. အသင်းတော်၌ ချမ်းသာကြွယ်ဝသူများနှင့် ပါတ်သက်၍ (၆ း၆ – ၁၀ ၊ ၁၇–၁၉ )
က – သူတို့၏ယုံကြည်ခြင်းသို့ – ဘုရားရှင်ကိုကိုးစားပါ – ရွှေငွေကိုမကိုးစားပါနှင့် (၆ း၁၈ )
၈. အလုပ်သမားများနှင့်ပါတ်သက်၍ (၆ း၁–၂ )
က – မိမိအလုပ်ရှင်သည် မယုံကြည်သူဖြစ်ပါက (၆ း၁ )
ခ – မိမိအလုပ်ရှင်သည် ယုံကြည်သူဖြစ်ပါက (၆ း၂ )

## ၃။ အသင်းတော်အရာရှိများနှင့် ဘုရားရှင်၏မိသားစု (၃ း၁–၁၃ )

က၊ သင်းအုပ်များ၌ ရှိရမည့်အရည်ချင်း (၃ း၁–၇ )
– *သင်းအုပ်အရာကို တောင့်တသောသူသည် ကောင်းသောအမှုအရာကို တောင့်တသည်ဟူသောစကားသည် မှန်သောစကားဖြစ်၏ – (၃း၁)*
၁. အမျိုးသားဖြစ်ရမည် (၃ း၁–၂ )
၂. အပြစ်တင်ခွင့်မရှိသူဖြစ်ရမည် (၃ း၂ )
၃. မယားတယောက်တည်း ရှိရမည် (၃ း၂ )
၄. ထိန်းထိန်းသိမ်းသိမ်း ဣန္ဒြေစောင့်သူဖြစ်ရမည် (၃ း၂ )
၅. သမ္မာသတိ ရှိသူဖြစ်ရမည် (၃ း၂ )
၆. လျောက်ပတ်လျော်ကန်သော အမှုကို ပြုသူဖြစ်ရမည် (၃ း၂ )
၇. ဧည့်သည်ဝတ်ကိုပြုတတ်သောသူ ဖြစ်ရမည် (၃ း၂ )
၈. ဆုံးမသြဝါဒ ပေးတတ်သူဖြစ်ရမည် (၃ း၂ )
၉. သေရည်သေရက်မသောက်သူ ဖြစ်ရမည် (၃ း၃ )
၁၀. သူတပါးကို ရိုက်ပုတ်သူမဖြစ်ရ (၃ း၃ )
၁၁. မစင်ကြယ်သော စီးပွားကိုမတတ်မက်ရ (၃ း၃ )
၁၂. စိတ်ဖြေညင်းရမည် (၃ း၃ )
၁၃. ငွေမမက်သောသူဖြစ်ရမည် (၃ း၃ )
၁၄. မိမိအိမ်ကို အုပ်ချုပ်နိုင်သူဖြစ်ရမည် (၃ း၄ )
၁၅. ဘာသာဝင်လူသစ်မဖြစ်ရ (၃ း၆ )
၁၆. နမူနာကောင်းပြ၍ မယုံကြည်သူများနှင့်သိပ်မရောနှောသူဖြစ်ရမည် (၃ း၇ )

ခ၊ သင်းထောက်၌ရှိရမည့် အရည်အချင်း
– *အကြောင်းမူကား သင်းထောက်အမှုကို ကောင်းစွာရွက်ဆောင်သောသူတို့သည် မိမိတို့အဘို့ ကောင်းသော အရာကိုငှင်း၊ ယေရှုခရစ်၏ယုံကြည်ခြင်း၌ ရဲရင့်ခြင်းကိုငှင်း အမြတ်ရကြ၏ – (၃း၁၃)*
၁. တည်ကြည်ဖြောင့်မတ်သူဖြစ်ရမည် (၃ း၈ )
၂. လျှာနှစ်ခွမရှိသူ ဖြစ်ရမည် (၃ း၈ )
၃. သေရည်သေရက်မသောက်သူဖြစ်ရမည် (၃ း၈ )
၄. ငွေမမက်သူဖြစ်ရမည် (၃ း၈ )
၅. ယုံကြည်ချက်ပြတ်သား၍ စွဲလမ်းနေသူဖြစ်ရမည် (၃ း၉ )
၆. လူသစ်မဖြစ်ရ (၃ း၁၀ )
၇. တည်ကြည်သောမယား ရှိသူဖြစ်ရမည် (၃ း၁၁ )
၈. မယားတယောက်တည်းရှိရမည် (၃ း၁၂ )
၉. မိမိအိမ်ကိုအုပ်ချုပ်တတ်သူ ဖြစ်ရမည် (၃ း၁၂ )

## ၄။ မှားယွင်းစွာသွန်သင်သူများနှင့် ဘုရားရှင်၏မိသားစု

က၊ သူတို့၏ အတွေးခေါ်ယူဆများ

– *ဝိညာဉ်တော်သည် အတည့်အလင်း ဗျာဒိတ်ထားတော်မူသည်ကား၊ မင်္ဂလာဆောင်ခြင်းအမှုကို မပြုရဟူ၍ ၄င်း၊ ယုံကြည်၍ သမ္မာတရားကိုသိသောသူတို့သည် ကျေးဇူးတော်ကိုသိသောစိတ်နှင့်တကွ သုံးဘို့ရာ ဘုရားသခင် ဖန်ဆင်းတော်မူသောအစာမျိုးကို ရှောင်ရမည်ဟူ၍၄င်း၊ ပညတ်ထားကြလိမ့်မည် – (၄း၁၊ ၃)*

ခ၊ သူတို့၏ နည်းဗျူဟာများ

၁. ဆင်ခြေဆင်လက်များ (၁း၄၊ ၆၊ ၄း၇)

၂. သဲသဲမဲမဲ အလွဲလှုပ်ရှားနေမှုများ (၆း၄–၅)

ဂ၊ သူတို့၏ ကျူးလွန်မှုများ

၁. သူတို့သည် လမ်းမှားဥပဒေများကို ကိုင်စွဲကြ၏ (၁ း၇–၁၀ )

၂. သူတို့၏ ခွင့်ပြုချက်သည် သူတို့၏ကိုယ်ပိုင်အတွေးခေါ်များဖြစ် သူတို့ကိုယ်သူတို့ ပြန်ပျက်စီးစေသည် (၄ း၂ )

၃. သူတို့သည်အသင်းတော်ကို သူတို့အကျိုးစီးပွားအတွက် ခုတုံးလုပ်ကြသည် (၆ း၅ )

၄. သူတို့သည် အတွေးခေါ်နှင့်သိပ္ပံအတတ်များဖြင့် ယုံကြည်မှုကိုဆန့်ကျင်ကြသည် (၆ း၂၀–၂၁ )

## ၅။ ကယ်တင်ရှင်နှင့် ဘုရားရှင်၏မိသားစု

ပေါလုသည် ဤဩဝါဒစာ၌ ခရစ်တော်၏ ဆောင်ရွက်ခဲ့မှုများကို အတိုခြုံး၍ ပြောပြခဲ့သည်။

က၊ သူ၏ လူ့အဖြစ်ယူမှု

– *ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ ပေါ်ထွန်းတော်မူပြီး – (၃း၁၆)*

ခ၊ သူ၏ ရည်ရွယ်ချက်

– *ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှါ ဤလောကသို့ ကြွလာတော်မူသည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သော စကားလည်းဖြစ်၏။ အပြစ်ရှိသောသူတို့တွင် ငါသည် အကြီးဆုံးဖြစ်သည် – (၁း၁၅)*

လူအပေါင်းတို့ကို ကယ်မတော်မူ၍ (၄ း၁၀ )

ဂ၊ သူ၏ ဘုန်းတန်ခိုးတော် (၁ း၁၇ )

ဃ၊ သူ၏ ပြောင်မြောက်သော လုပ်ဆောင်ချက်များ (၃ း၁၆ )

င၊ သူ၏ ဒုက္ခစရိယာနှင့်သေခြင်း (၂ း၆ ၊ ၆ း၁၃ )

– *လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ – (၂း၆)*

စ၊ သူ၏ ရှင်ပြန်ခြင်း

– *ဝိညာဉ်တော်အားဖြင့် ထင်ရှားပြီ – (၃း၁၆)* (ရော ၁း၄ ကိုရည်ညွှန်းသည်)

ဆ၊ သူ၏ ကောင်းကင်ဘုံသို့ တက်ကြွခြင်း

– *ဘုန်းအသရေနှင့်တကွ အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူပြီ – (၃း၁၆)*

ဇ၊ သူ၏ ကြားဝင်ပြန်ဖြေမှု (၂ း၅ )

ဈ၊ သူ၏ တဖန်ကြွလာခြင်း (၆ း၁၄ )

ည၊ သူ၏ မိလေနီလနစ် ၁၀၀၀ အုပ်စိုးမှု

– *မရဏာနှင့် ကင်းလွတ်သောသူ တပါးတည်းဖြစ်တော်မူထသော၊ အဘယ်သူမျှ မချဉ်းကပ်နိုင်သောအလင်းထဲ၌ နေတော်မူထသော၊ အဘယ်သူမျှမမြင်ဘူးရာ မမြင်နိုင်ရာ ဖြစ်တော်မူထသော၊ မင်္ဂလာရှိသော တပါးတည်းသောအရှင် ဖြစ်တော်မူထသော၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင် – (၆း၁၅)*

# တိမောသေဩဝါဒစာ ( ဒုတိယစောင် )

ဤဩဝါဒစာသည် ရှင်ပေါလုမှတိမောသေသို့ ရေးသောစာဖြစ်သည်၊ ရှင်ပေါလုသည် ရောမမြို့အကျဉ်းကျခံနေရပြီး (၁း၈ ၊ ၁၆၊ ၂ း၉ )သေဒါဏ်အပေးခံခဲ့ရသည်၊ သေရချိန်နီးရသောအခါ၌ နှုတ်ဆက်ခြင်းဖြစ် ဩဝါဒစာကိုရေးခဲ့ခြင်းဖြစ်သည်၊ တိမောသေအား မိမိကိုလာတွေ့ရန်လဲမှာခဲ့သည်။ သို့ဖြစ်၍ ဤ တိမောသေဩဝါဒစာဒုတိယစောင်သည် သမ္မာကျမ်းစာပါ ရှင်ပေါလု၏ နောက်ဆုံးဩဝါဒစာစောင်ဖြစ်သည်။

ဤဩဝါဒစာ၌ ရှင်ပေါလု၏ ဝမ်းမြောက်ဘွယ်မျှော်လင့်ချက်ကိုကျွန်ုပ်တို့တွေ့သည် – ထိုမျှော်လင့်ချက်ကား ငိုကြွေးဘွယ်သေခြင်းအပေါ် ရွှင်လန်းဝမ်းမြောက်စွာ အောင်ပွဲခံနိုင်ချက်ပင်ဖြစ်သည် – ၄င်းပြင် ဘုရားရှင်၏ အမှုတော်ကိုဆောင်ရွက်ရာ၌ လုပ်ဆောင်ရမည့်အချက်အမျိုးမျိုးနှင့်ကျွန်ုပ်တို့ခေတ်၌ ဖြစ်ပေါ်မည့်မကောင်းမှု လက္ခ

ဏာအဖြစ်ပျက်များစွာအပေါ်လည်း ကြိုတင်သတိပေးဆုံးမမှာကြားခဲ့သည် (၃ ) – ၄င်းပြင်သူ၏ ကောင်းကင်ဘုံသို့ အပြန်ခရီးအတွက်အသင့်ဖြစ်နေပုံနှင့် သူမရှိတော့သည့်နောက် အသင်းတော်များနှင့်ပါတ်သက်၍ တိမောသေမည်သို့မည်ပုံ အလုပ်ဆက်လုပ်မည်ကိုလည်း သင်ကြားပေးခဲ့သည်၊

## ၁။ ဓမ္မဆရာပေါလု (၂တိ ၁ )

– *ထိုတရားကို ဟောပြောသောသူအရာ၌၄င်း၊ တမန်တော်အရာ၌၄င်း၊ တပါးအမျိုးသားတို့၏ ဆရာအရာ၌၄င်း၊ ငါ့ကို ခန့်ထားတော်မူပြီ – (၁း၁၁)*

**က၊ ဓမ္မဆရာနှင့်သူ၏တပည့် (တိမောသေ )**

၁. သူ၏တိမောသေသို့ သိစေမှု

က – သူသည် တိမောသေအတွက် ဆုတောင်းပေးသည် (၁း၃ )

ခ – သူသည် တိမောသေ၏ မျက်ရည် (ဒုက္ခအခက်ခဲ ) သိရှိနားလည်သည် (၁း၄ )

၂. သူ၏ တိမောသေအပေါ် စိတ်ချမှု

– *သင်၏အဖွားလောဣ၊ အမိ ဥနိတ်၌ အရင်တည်သော ယုံကြည်ခြင်းတည်းဟူသော ငါသဘောကျသည်အတိုင်း သင်၌လည်းတည်သော ယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်၄င်း၊ နေ့ညမပြတ် ဆုတောင်းပဌနာပြုသည်တွင် သင့်ကို မခြားမလပ် အောက်မေ့သည်ဖြစ်၍၊ ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း ကိုယ်ကိုကိုယ်သိသောစိတ် စင်ကြယ်ခြင်းနှင့်တကွ ငါကိုးကွယ်သောဘုရားသခင်၏ကျေးဇူးတော်ကို ငါချီးမွမ်း၏ – (၁း၅)*

၃. သူ၏ တိမောသေအပေါ် အကြံပေးလမ်းညွှန်းမှု

က – သင်၌ရှိသောဝိညာဉ်ဆုကျေးဇူးကို အသုံးချမြှင့်တင်ပါ (၁း၆–၇ )

ခ – ရှက်ကြောက်ခြင်း မဖြစ်ပါနှင့်

(၁) ခရစ်တော်၏ သက်သေ

– *ငါတို့သခင်ဘုရား၏သက်သေကို၄င်း ထိုသခင်ကြောင့် အကျဉ်းခံရသောသူဖြစ်သော ငါ့ကို၄င်း၊ ရှက်ကြောက်ခြင်းမရှိနှင့် – (၁း၈)*

(၂) ခရစ်တော် သက်သေခံသူ၏ သက်သေ

– *အကျဉ်းခံရသူဖြစ်သော ငါ့ကို၄င်း၊ ရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင်ပေးတော်မူသော တန်ခိုးကိုရသည်အတိုင်း ဧဝံဂေလိတရားနှင့်ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့ – (၁း၈)*

ဂ – ကြားခဲ့ရသော ဒေသနာကိုစွဲလမ်းပါ။

– *ငါ့ထံ၌ကြားရပြီးသော စင်ကြယ်သောတရားစကား အချုပ်အခြာကို ယေရှုခရစ်၌ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွ စွဲလမ်းလော့ – (၁း၁၃)*

ဃ – သစ္စာရှိစွာ အမှုဆောင်ပါ

– *သင်၌အပ်ထားသောအရာမြတ်ကို ငါတို့၌ကျိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စောင့်ရှောက်လော့ – (၁း၁၄)*

**ခ၊ ဓမ္မဆရာနှင့်သူကိုယ်တိုင်**

၁. သူ၏ အတိတ်ကာလက အမှုဆောင်လုပ်ဆောင်ပါဝင်ခဲ့မှုကို ပြန်လည်သုံးသပ်ချက်

က – တမန်တော် တပါး (၁း၁ )

ခ – ဖခင်တဦး (၁း၁ )

ဂ – အစေခံတဦး (၁း၃ )

ဃ – အကျဉ်းသားတဦး (၁း၈ )

င – ဓမ္မဆရာတဦး (၁း၁၁ )

စ – ဆရာတဦး (၁း၁၁ )

ဆ – ဒုက္ခသည်တဦး (၁း၁၂ )

၂. သူသည် သေချာသောမျှော်လင့်ချက်တခုကို လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သည် (၁း၁၂ )

၃. သူ၏ လမ်းလွဲသောမိတ်ဆွေတုတချို့ကြောင့် သူစိတ်မကောင်းဖြစ်ရသည် (၁း၁၅ )

၄. သူ၏ မှန်ကန်သောမိတ်ဆွေများကြောင့် သူဝမ်းမြောက်ရသည် (၁း၁၆–၁၈ )

**ဂ၊ ဓမ္မဆရာနှင့် သူ၏ ကယ်တင်ရှင် (၁း၉–၁၀ )**

## ၂။ ပုံသက်သေကောင်းပြသော ပေါလု (၂ )

*– သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသောအရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်း ငါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့ – (၂း၂)*

ဤ အခန်း၌ ရှင်ပေါလုက မိမိဘုရားရှင်အမှုဆောင်ရွက်ခဲ့ရပုံကို အသွင်မတူသောဘဝအမျိုးမျိုးဖြင့် ပုံနှိုင်းဥပမာပေး ဖော်ပြခဲ့သည်။

က၊ စစ်သူရဲကဲ့သို့ (၂း၃–၄ )
ခ၊ အားကစား သမားကဲ့သို့ (၂း၅ )
ဂ၊ လယ်သမားကဲ့သို့ (၂း၆ )
ဃ၊ ဒုက္ခသည်ကဲ့သို့ (၂း၉–၁၃ )
  ၁. ပေါလု၏ ဒုက္ခများ (၂း၉ )
  ၂. ပေါလုဒုက္ခရောက်ရခြင်း၏ အကြောင်းရင်း – ထောင်တွင်းလူများရွေးကောက် (ကယ်တင်ခြင်း ) ခံကြရရန် (၂း၁၀ )
  ၃. ပေါလုဒုက္ခမှရသောဆု (၂း၁၁–၁၃ )
င၊ သွန်သင်သူ ဆရာကဲ့သို့ (၂း၁၄ )
စ၊ ကျောင်းသားကဲ့သို့ (၂း၁၅–၁၉ ၊၂၃ ) (အမှုဆောင်ရာ၌ ဆရာအမိန့်ရှိသေသော ကျောင်းသားကဲ့သို့)
  ၁. သူသည် ဘုရားနှုတ်ကပါတ်တော်ကို သင်ကြားခဲ့သည် (၂း၁၅ )
  ၂. လူ့အတွေးခေါ်များကို ရှောင်ရှားခဲ့သည် (၂း၁၆–၁၉ ၊၂၃ )
ဆ၊ တန်ဖိုးရှိသော တန်ဆာကဲ့သို့ (၂း၂၀–၂၂ )
ဇ၊ အစေခံ ကျွန်ကဲ့သို့ (၂း၂၄–၂၆ )

## ၃။ ပရောဖက် ပေါလု (၃ )

*– နောင်ကာလ၌ ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်ကြလော့ / ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား သူတပါးကိုငှငြား၊ ကိုယ်ကိုငှငြား လှည့်ဖြား၍ ဆိုးညစ်ခြင်း၌ တရွေ့ရွေ့ တိုးပွားကြလိမ့်မည် – (၃း၁၊ ၁၃)*

က၊ နောက်ဆုံးသောနေ့များ၌ အောက်ပါမကောင်းမှုလက္ခဏာများ တိုးပွားလာမည်။
  ၁. ထိုမကောင်းမှု ပရိယာယ်ပြုသူ၏ လက္ခဏာများအချို့
    က – ကိုယ်ကိုချစ်သူ (၃း၂ )
    ခ – ငွေကိုချစ်သူ (၃း၂ )
    ဂ – ဝါးကြွားသောသူ (၃း၂ )
    ဃ – ထောင်လွှားစော်ကားသောသူ (၃း၂ )
    င – သူများအသရေကို ရှုတ်ချသူ (၃း၂ )
    စ – မိဘစကားနားမထောင်သူ (၃း၂ )
    ဆ – ကျေးဇူးမသိတတ်သူ (၃း၂ )
    ဇ – သန့်ရှင်းခြင်းမရှိသူ (၃း၂ )
    ဈ – ချစ်ခြင်းမေတ္တာမရှိသူ (၃း၃ )
    ည – ရန်ညိုးဖွဲ့တတ်သူ (၃း၃ )
    ဋ – ဂုန်းတိုက်ချောစားသူ (၃း၃ )
    ဌ – ကိုယ်ကျင့်ခြွေမရှိသူ (၃း၃ ၀
    ဍ – ပြင်းထန်သောသူ (၃း၃ )
    ဎ – သူတော်ကောင်းကို မုန်းသောသူ (၃း၃ )
    ဏ – သစ္စာဂတိ မတည်သူ (၃း၄ )
    တ – သတိပေးခြင်းကိုမခံသောသူ (၃း၄ )
    ထ – မာန်မာနကြီးသူ (၃း၄ )
    ဒ – ဘုရားထက် ကာမဂုဏ်ကိုချစ်သူ (၃း၄ )
    ဓ – ဘုရားဝတ်ပြုဟန်ဆောင်၍ ဘုရားကိုငြင်းသူ (၃း၄ )
  ၂. အခြားသာဓကများ

– *ဒုစရိုက်အပြစ်ဝန်ကို ထမ်းရွက်၍၊ အထူးထူးအပြားပြားသော လောဘကိလေသာ သွေးဆောင်ရာသို့ လိုက်၍ အစဉ်သင်သော်လည်း သမ္မာတရားကိုလေ့ကျက်ခြင်းသို့ အလျှင်းမရောက်နိုင်သော မိန်းမမိုက်တို့ကို၊ အိမ်ထဲသို့ဝင်၍ ဖမ်းသွားသောသူတို့သည် ထိုသူတို့အဝင်ဖြစ်ကြ၏။ ယန္နေနှင့်ယံဗြေသည် မောမောရှေကိုဆီးတားသကဲ့သို့ ထိုသူတို့သည် သမ္မာတရားကိုဆီးတားကြ၏။ စိတ်နှလုံးယိုယွင်း၍ ယုံကြည်ယောင်ဆောင်သောသူဖြစ်ကြ၏ – (၃း၆–၈)*

ခ၊ ထိုနောက်ဆုံးနေ့ ရောဂါများအတွက် ကုသဆေး (၃း၁၀–၁၇ )

၁. ဘုရားအမှုကို ဆက်လက်ဆောင်ရွက်ပါ (၃း၁၀–၁၂ )

၂. ဘုရားနှုတ်ကပါတ်တော်ကို ဆက်လက်လေ့လာပါ (၃း၁၄–၁၇ )

က – ဘုရားနှုတ်ကပါတ်တော်က တိမောသေကို ငယ်ရွယ်စဉ်ဘဝကပင် ဦးဆောင်ခဲ့ပုံ

– *ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငှင်း သိမှတ်သည်နှင့် အထက်ကသင်၍ နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့ – (၃း၁၅)*

ခ – ဘုရားရှင်၏နှုတ်ကပါတ်တော်က တိမောသေ ဓမ္မဆရာဖြစ်ချိန်၌ ဦးဆောင်ကူညီခဲ့ပုံ

– *ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏ – (၃း၁၇)*

## ၄။ အကျဉ်သားပေါလု ( ၄ )

– *ငါ့ကို ယဇ်ပေါ်မှာ လောင်းရသောအချိန်ရှိပြီ – (၄း၆)*

က၊ သူ၏နောက်ဆုံးညွှန်ကြားချက် ( ၄း၁–၂၊ ၅ )

၁. ဘုရား၏နှုတ်ကပါတ်တော်ကို ဟောကြားပါ ( ၄း၁–၂ )

၂. ဘုရားရှင်၏သာသနာကို ချဲ့ထွင်ပါ ( ၄း၅ )

ခ၊ သူ၏ နောက်ဆုံးသတိပေးချက် ( ၄း၃–၄ )

ဂ၊ သူ၏ နောက်ဆုံးသက်သေခံချက် ( ၄း၆–၇ )

ဃ၊ သူ၏ နောက်ဆုံးစီမံဆောင်ရွက်မှု ( ၄း၁၀၊ ၁၂ )

၁. တိတုကို ဒါလမာတိပြည်သို့ စေလွှတ်သည် ( ၄း၁၀ )

၂. တုခိတ်ကို ဧဖက်မြို့သို့ စေလွှတ်သည် ( ၄း၁၂ )

င၊ သူ၏ နောက်ဆုံးတောင်းဆိုချက် ( ၄း၉၊ ၁၁၊ ၁၃၊ ၁၉ )

၁. တိမောသေကို သူ့ထံသို့လာပါ

၂. တိမောသေ – အောက်ပါလူတို့ /ပစ္စည်းတို့ကို ခေါ်ခဲ့/ယူခဲ့ပါ

– ယောဟန်၊ မာကု

– သူ့ဝတ်လုံ

– သူ့စာစောင်

– ဓမ္မဟောင်းကျမ်းစာလိပ်

၃. ပြစ်ကိလနှင့်အာကုလ၊ ဩနေသိဖော်အိမ်သားများကို တိမောသေမှတဆင့် နှုတ်ဆက်လိုက်ပါ ( ၄း၁၉ )

စ၊ သူ၏ နောက်ဆုံးဝမ်းနည်းမှု

၁. သူ့ရန်သူကို ကျိန်ခဲ့သည် ( ၄း၁၄–၁၅ )

၂. သူ့မိတ်ဆွေများ သူ့ကိုစွန့်ပစ်ခဲ့သည် ( ၄း၁၀–၁၆ )

ဆ၊ သူ၏ နောက်ဆုံးကျေးဇူးတော်ချီးမွန်းခြင်း

၁. ဘုရားရှင် သူ့ကိုလုပ်ပေးခဲ့မှု – ခွန်အားနှင့်ပြည့်စေခဲ့သည် ( ၄း၁၇ )

၂. ဘုရားရှင် သူ့ကိုလုပ်ပေးမည့်အရာ –

– သူ့ကိုဆုပေးမည် ( ၄း၈ )

– သူ့ကို ကောင်းကင်ဘုံ၌ သိမ်းဆည်းမည် ( ၄း၁၈ )

# တိတုသြဝါဒစာ

ဤသြဝါဒစာကို ပေါလုသည် AD ၆၇ တွင်ရေးခဲ့သည်။ တိတုသည် ဂရိ( ဟေသလ )လူမျိုးဖြစ်၍ ပေါလုမှ တဆင့် ယုံကြည်သူဖြစ်လာခဲ့သူဖြစ်သည်။ မောရှေ၏ဥပဒေနှင့် တပါးအမျိုးသားများကိစ္စ ဆွေးနွေးပွဲတွင် ရှင်ပေါလုနှင့်အတူ ယေရုရှလင်မြို့သို့ တက်ရောက်ခဲ့သူဖြစ်သည်။ ပေါလုကသူ့အား ကရေတေ( ဂရိ )ကျွန်း၌ အသင်းတော်တည်ဆောက်အုပ်ချုပ်ရန် တာဝန်ပေးခြင်းကိစ္စမှလွဲ၍ တိတုအကြောင်း ကျနုပ်တို့ များစွာမသိရပေ။

ဤသြဝါဒစာတိုလေးသည် တိမောသေသို့ ရှင်ပေါလုပေးခဲ့သော သြဝါဒစာနှင့် အလားသဏ္ဍာန်တူ၏။ တိတုသည် ပေါလု၏ စိတ်ချရသောလုရင်းဖြစ်၍ ပေါလုကသူ့အား "ငါ၏အပေါင်းအဖော်"ဟု ခေါ်ဝေါ်ခဲ့သည်( ၂ ကော ၈း၂၃ )။ ရှင်ပေါလု အားငယ်၊ မကျန်းမာနေချိန်၌ တိတုသည် ပေါလုရှိရာ ကောရိန္သုမြို့သို့လာ၍ အားပေးကြည့်ရှုခဲ့သည်( ၂ကော ၂း၁၃၊ ၇း၆၊ ၁၃ )။ ဤသြဝါဒစာ၌ ဓမ္မအမှုဆောင်များ၊ မိသားစုများနှင့် ပြည်သူလူထုများသို့ သြဝါဒပြုချက်များ ပါဝင်သည်။

## ၁။ တိတုနှင့်တမန်တော် ( တိတု ၁း၁-၄ )

- က၊ ပေါလုသည် ဘုရားရှင်၏အစေခံဖြစ်သည် ( ၁း၁-၂ )
  - ၁. တမန်တော်အဖြစ် အမှုဆောင်သည် ( ၁း၁၂ )
  - ၂. တရားဟောဆရာဖြစ်သည် ( ၁း၃ )
- ခ၊ တိတုသည် ပေါလု၏သား( ယုံကြည်မှု )ဖြစ်သည် ( ၁း၄ )

## ၂။ တိတုနှင့်သင်းအုပ်ဆရာများ ( ၁း၅-၁၆ )

*- ငါသည် သင့်ကို မှာထားခဲ့နှင့်သည့်အတိုင်း ကရေတေကျွန်း၌ မစုံလင်သမျှတို့ကိုပြင်ဆင်၍ မြို့၊ ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ ထိုကျွန်း၌ သင့်ကို ငါထားခဲ့သတည်း - (၁း၅)*

- က၊ သင်းအုပ်များရှိရမည့် အရည်အချင်း
  - ၁. အပြစ်တင်ခွင့် ကင်းလွတ်သူဖြစ်ရမည်( ၁း၆ )
  - ၂. မယားတယောက်တည်းရှိရမည်( ၁း၆ )
  - ၃. သားသမီးတို့သည် ယုံကြည်သူဖြစ်၍ နာခံခြင်းနှင့် ကာမဂုဏ်လွန်ကျူးခြင်း မရှိသူဖြစ်ရမည်။ (၁း၆)
  - ၄. ကိုယ့်အလိုလိုက်သူ မဖြစ်ရ( ၁း၇ )
  - ၅. စိတ်တိုသောသူ မဖြစ်ရ( ၁း၇ )
  - ၆. သေရည်နှင့်မပျော်မွေ့သူ ဖြစ်ရမည်( ၁း၇ )
  - ၇. ရိုက်ပုတ်တတ်သူ မဖြစ်ရ( ၁း၇ )
  - ၈. ငွေကိုတပ်မက်သူ မဖြစ်ရ( ၁း၇ )
  - ၉. ဧည့်ဝတ်ကျေပွန်သူ ဖြစ်ရမည်( ၁း၈ )
  - ၁၀. အကောင်းကို တပ်မက်ခင်တွယ်သူဖြစ်ရမည်( ၁း၈ )
  - ၁၁. အိန္ဒြေရှိရမည်( ၁း၈ )
  - ၁၂. ဖြောင့်မတ်မှန်ကန်ရမည်( ၁း၈ )
  - ၁၃. သန့်ရှင်းသူဖြစ်ရမည်( ၁း၈ )
  - ၁၄. ကာမဂုဏ်ကို ချုပ်တည်းနိုင်သူဖြစ်ရမည်( ၁း၈ )
  - ၁၅. နှုတ်ကပါတ်တော်ကို သင်ကြားတတ်မြောက် စွဲလန်းသူဖြစ်ရမည်( ၁း၉ )
- ခ၊ ထိုအရည်အချင်း ရှိရခြင်း၏အကြောင်းရင်း
  - ၁. ယုံကြည်မှုလမ်းလွဲသူများကို လမ်းမှန်သွန်သင် ဆုံးမနိုင်ရန်( ၁း၉၊ ၁၃ )
  - ၂. လှည့်ဖျားသူများ၏ လှည့်ကွက်များကို ချေပဖော်ထုတ်နိုင်ရန်
    - က - သူတို့ မည်သူဖြစ်သည်ကို သိနိုင်သည်( ၁း၁၀၊ ၁၂ )

ခ – သူတို့၏ ဆိုးယုတ်မှုကို သိနိုင်သည်( ၁း၁၁၊ ၁၅၊ ၁၆ )

## ၃။ တိတုနှင့်အသင်းတော် ( ၂း၁ – ၃း၁၁ )

ကျ၊ ဦးခေါင်း – ကယ်တင်ရှင်ခရစ်တော်

၁. ခရစ်တော်လုပ်ဆောင်ခဲ့မှု

က – သူ လူ့အဖြစ်ယူခဲ့သည်( ၂း၁၁၊ ၃း၄ )

ခ – သူ အသေခံခဲ့သည်( ၃း၅၊ ၆ )

ဂ – သူ ဒုတိယအကြိမ်ကြွလာမည်( ၂း၁၃ )

ခ၊ အမွေခံများ – ယုံကြည်သူများ

၁. ယုံကြည်သူသိုးများ၏ တာဝန်ရှိမှုများ

က – အသက်ကြီးသူ အမျိုးသားများ( ၂း၂ )

ခ – အသက်ကြီးသူ အမျိုးသမီးများ( ၂း၃ )

ဂ – ငယ်ရွယ်သူအမျိုးသမီးများ(၂း၄၊ ၅ )

ဃ – ငယ်ရွယ်သူအမျိုးသားများ(၂း၆ )

င – အစေခံများ(၂း၉၊၁၀ )

၂. သိုးထိန်း(အမှုဆောင်)များ၏တာဝန်ရှိမှုများ

က– တရားဟောသွန်သင်သူအဖြစ်အမှုဆောင်ပါ (၂း၁ ၊၁၅ ၊၃း၁ – ၃ ၊ ၈ ၊၉ )

ခ– နမူနာကောင်းပြ၍ အမှုဆောင်ပါ (၂ း၇–၈ )

ဂ– စင်ကြယ်အောင်လုပ်၍ အမှုဆောင်ပါ (၃း၁၀–၁၁ )

## ၄။ တိတုနှင့်အနာဂတ် (၃း၁၂–၁၅ )

ကျ၊ တိတုနေရာ၌ “ အာတေမ ”နှင့် “ တုခိတ် ”ဝင်ရောက်အမှုဆောင်မည် (၃း၁၂ )

ခ၊ တိတုနိကောပလိမြို့သို့သွား၍ နာမကျန်းသူ ပေါလုကိုတွေ့ဆုံမည် (၃း၁၂ )

ဂ၊ ဇေနနှင့် အာပေါလုတို့၏ တာဝန်များကို ကူညီရမည် (၅း၁၀ ၊၁၃ )

# ဖိလေမုန်သြဝါဒစာ

ရှင်ပေါလုသည် ရောမမြို့၌အကျဉ်းကျခံနေရစဉ် သခင်ဖိလေမုန်ထံမှပြေးလာသူ (ကျွန်ပြေး ) သြနေသိမ်ကိုယုံကြည်သူဖြစ်လာစေနိုင်ခဲ့သည်၊ ပေါလုသည် သြနေသိမ်၏အရှင်ဖိလေမုန်ထံသို့ စာတစောင်ရေး၍ပို့ခဲ့သည် စာ၌သြနေသိမ်ကို ကျွန်အဖြစ်မှလွှတ်ပစ်၍ ညီအကိုတဦးကဲ့သို့ ဆက်ဆံပါရန်တောင်းခံခဲ့သည် – သြနေသိမ်ပေးရမည့်အကြွေးများကိုလဲ မိမိဆပ်ပေးပါမည်ဟု ဂတိပေးခဲ့သည်၊ ပေါလုသည် မိမိဤ အကျဉ်းထောင်မှ ပြန်လွှတ်မည်ကို သေချာစွာသိရှိမျှော်လင့်လျှက်ရှိသည် (၂၂ )

## ၁။ ဖိလေမုန်၏ ချီးကျူးဘွယ်ရာ အချက်များကိုဖွင့်ဆိုခြင်း ( ၁း၁–၇ )

ကျ၊ ဖိလေမုန်သည် ပေါလု၏မိတ်ဆွေကောင်းဖြစ်သည်။

၁. ပေါလု၏ ရောမမြို့မှ မိတ်ဆွေဖြစ်သည် ( ၁း၁–၂ )

၂. ခရစ်ယန်များ၏ မိတ်ဆွေဖြစ်သည် ( ၁း၅၊ ၇ )

ခ၊ ဖိလေမုန်သည် မိသားစုရှိသူဖြစ်သည် ( ၁း၂ )

## ၂။ သြနေသိမ်အတွက် ကြားဝင်တောင်းဆိုခြင်း ( ၁း၈–၁၇ )

– *ချည်နှောင်ခြင်းကိုခံစဉ်တွင် ငါဖြစ်ဘွားစေသောသား – (၁း၁၀)*

က၊ ကြားဝင်တောင်းဆိုရခြင်း၏ နောက်ခံသမိုင်း
ဩနေသိမ်သည် သခင်ဖိလေမုန်၏ ဝရမ်းပြေးကျွန်ဖြစ်သည်၊ ရောမအကျဉ်းထောင်၌ ပေါလုနှင့် တွေ့ဆုံ၍ခရစ်ယန်အဖြစ် ပြောင်းလဲခဲ့သူဖြစ်သည်။ ၎င်းနောက်ထောင်မှလွတ်ရာ ရှင်ပေါလုကသူ့ကိုသခင်ကောင်းဖိလေမုန်ထံပြန်ပို့၍ ဖိလေမုန်ကသူ့အား ကျွန်အဖြစ်မှလွတ်၍ ညီအကိုအဖြင့်ပြန်ဆက် ဆံပါရန် တောင်းဆိုခဲ့သည်။
ခ၊ တောင်းဆိုချက်များ
၁. သင့်အကျိုးအတွက်သူ့ကိုခွင့်လွှတ်ပါ ( ၁း၁၁–၁၅ )
၂. သူ့အကျိုးအတွက် သူ့ကိုခွင့်လွှတ်ပါ ( ၁း၁၆ )
၃. ငါ့အကျိုးအတွက် သူ့ကိုခွင့်လွှတ်ပါ ( ၁း၉၊ ၁၇၊ ၁၈ )

## ၃။ ပေါလု၏ကတိနှင့်အာမခံချက် ( ၁း၁၉–၂၅ )

– *ဆပ်ပေးမည်ဟု ငါပေါလုသည် ကိုယ်လက်နှင့်ရေးထား၏။ သို့ရာတွင် သင်၏ကိုယ်တည်းဟူသော ကြွေးကိုပင် ငါ့အား ဆပ်ပေးရသောအကြောင်း ရှိသည်ဟု ငါမဆို – (၁း၁၉)*

က၊ သူ၏ ဖိလေမုန်အပေါ် ယုံကြည်မှု ( ၁း၂၁ )
ခ၊ သူ၏ ဖိလေမုန်အပေါ်တောင်းဆိုမှု ( ၁း၂၂ )

# ဟေဗြဲဩဝါဒစာ

ဤဩဝါဒစာကို မည်သူရေးသားခဲ့သည်ကို သေချာစွာမသိနိုင်သော်လည်း ရှင်ပေါလုရေးသားခဲ့သည်ဟု မှတ်ယူစရာအကြောင်းများရှိ၍နေသည်။ ဤဩဝါဒစာသည် ဟေဗြဲ(ဂျူး)လူမျိုးများအား ဦးတည်ရေးခဲ့ခြင်း ဖြစ်သည်။ ဤဩဝါဒစာသည် ရောမ/ကောရိန္တုဩဝါဒစာတို့ကဲ့သို့သော ခရစ်ယာန်အသင်းတော်များကို ဦးတည်၍ရေးခဲ့ခြင်းမဟုတ်သလို တိမောသေ/တိတုဩဝါဒစာတို့ကဲ့သို့ တဦးတယောက်ကိုဦးတည်၍ ရေးခဲ့သော ဩဝါဒစာလည်းမဟုတ်ပေ။ ဤဩဝါဒစာသည် ရှင်ယာကုပ်ဩဝါဒစာကဲ့သို့ တကမ္ဘာလုံးရှိ ဟေဗြဲ(ဂျူး)လူမျိုးများကို ဦးတည်၍ရေးခဲ့ခြင်းဖြစ်ပေသည်။

## ၁။ ယေရှုခရစ်တော်သည် လူပုဂ္ဂိုလ်ထက် ပိုမိုသာလွန်အဆင့်မြင့်သည်။ ( ဟေဗြဲ ၁း၁ – ၅း၁၀ )

က၊ သူသည် ပရောဖက်များထက် အဆင့်မြင့်သည်။( ၁း ၁–၃ )
၁. အဖခမည်းတော် ကြေငြာခဲ့သောကြောင့်ဖြစ်သည်။( ၁း ၁–၂ )
၂. အဖခမည်းတော် သရုပ်ဖော်ရှင်းပြထားသောကြောင့်ဖြစ်သည်။( ၁း ၂၆၊ ၃ )
က– သူသည် အရာအားလုံးကို ဖန်ဆင်းသူဖြစ်သည်။
ခ– သူသည် အရာအားလုံးကို တာဝန်ခံထားသူဖြစ်သည်။
ဂ– သူသည် အရာအားလုံး၏ အမွေခံဖြစ်သည်။
ဃ– သူသည် ဘုန်းကြီးတော်မူသော ဘုရားရှင်ဖြစ်ကြောင်း ရှင်းလင်းပေါ်လွင်သူဖြစ်သည်။
င– သူသည် ကျွန်ုပ်တို့ကို အပြစ်မှကယ်ချွတ်သူဖြစ်သည်။
စ– သူသည် ကျွန်ုပ်တို့အပြစ်များအတွက် ကြားဝင်ဖြန်ဖြေဆောင်ရွက်သူဖြစ်သည်။
ခ၊ သူသည် ကောင်းကင်တမန်တို့ထက် အဆင့်မြင့်သည်။( ၁း ၄၊ ၂း ၁၈ )
၁. သူ၏ဘွဲ့နာမတော်ကြောင့်ဖြစ်သည်။( ၁း ၄ )

၂. သူ၏အဆင့်အတန်းကြောင့်ဖြစ်သည်။( ၁း ၉၊ ၁၃ )
၃. သူ၏ ဘုရားရှင်နှင့် ဆက်ဆံပုံကြောင့်ဖြစ်သည်။( ၁း ၅ )
၄. သူ၏အုပ်ချုပ်စိုးပိုင်ခွင့် ဩဇာကြောင့်ဖြစ်သည်။( ၁း ၈ က )
၅. သူ၏အမှန်တရားကြောင့်ဖြစ်သည်။( ၁း ၈ ခ )
၆. သူ၏ယုံကြည်စိတ်ချရသောသူ ဖြစ်ခြင်းကြောင့်ဖြစ်သည်။( ၁း ၁၀–၁၂ )
၇. သူ၏ ရွေးနှုတ်ကယ်တင်သော အလုပ်လုပ်ဆောင်မှုကြောင့်ဖြစ်သည်။( ၂း ၁–၁၈ )
က– ရွေးနှုတ်ကယ်တင်မှုအပေါ် သတိပေးနိုးဆော်ထားချက်များ( ၂း ၁–၃ )
ခ– ရွေးနှုတ်ကယ်တင်မှုအပေါ် သက်သေခံထားချက်များ( ၂း ၃၊ ၄ )
ဂ– ရွေးနှုတ်ကယ်တင်မှုအတွက် အလုပ်လုပ်ဆောင်မှု
(၁) ခရစ်တော်သည် ဤလောကသို့ကြွလာ၍ ပျက်စီးဆုံးရှုံးသွားရတော့မည့် အဆင့်နိမ့်သော ယခင်ဘဝအနေအထားဟောင်းမှ အဆင့်မြင့်သော ဘဝအနေအထားသစ် ဖြစ်စေခဲ့သည်။ ( ၂း ၅–၉ )
(က) ကျနုပ်တို့၏ယခင် အဆင့်နိမ့်သောဘဝအနေအထား( ၂း ၅–၈ က )
(ခ) အဆင့်နိမ့်သော ဘဝအနေအထား၌ မပြည့်စုံမှု( ၂း ၈ ခ )
(ဂ) အဆင့်နိမ့်သော ဘဝအနေအထားမှ ပြန်လည်အဆင့်မြင့်စေခဲ့မှု( ၂း ၉ )
(၂) ခရစ်တော်သည် ဤလောကသို့ကြွလာ၍ ဘုရားရှင်နှင့်ကျွန်ုပ်တို့အကြား ပြန်လည်မိတ်သဟာယ ဖြစ်စေခဲ့သည်။( ၂း ၁၀–၁၈ )
(က) သူ၏ဝေဒနာခံခဲ့သော လုပ်ဆောင်မှု( ၂း ၁၀ )
(ခ) သူ၏သန့်ရှင်းစင်ကြယ်စွာလုပ်ဆောင်မှု( ၂း ၁၁ )
(ဂ) သူ၏သီချင်းဆို၍လုပ်ဆောင်မှု( ၂း ၁၂ )
(ဃ) သူ၏စာတန်အပေါ် ချိုးဖဲ့ဖျက်ဆီးနိုင်ခဲ့သောလုပ်ဆောင်မှု( ၂း ၁၄–၁၅ )
(င) သူ၏သနားဂရုဏာကြီးသော လုပ်ဆောင်မှု၊ သူသည် ကျွန်ုပ်တို့လူသားများ၏ သဘာဝကိုနားလည်ခဲ့သလို ကျွန်ုပ်တို့အဘယ်အရာလိုအပ်နေသည်ကိုလည်း နားလည်ခဲ့ပေသည်။( ၂း ၁၆–၁၈ )
ဂ၊ သူသည် မောရှေထက်အဆင့်မြင့်သည်။( ၃း ၁–၄း ၇၊ ၉–၁၆ )
၁. မောရှေသည် ဘုရားရှင်အိမ်တော်၏အစေခံဖြစ်သည်။( ၃း ၅ )
၂. မောရှေသည် သူ၏အစ္စရေးလူမျိုးတို့ကို ငြိမ်သက်ခြင်း ချမ်းသာရာနေရာ(ကာနန်ပြည်)သို့ မပို့ဆောင်နိုင်ခဲ့။
က– အစ္စရေးတို့၏အပြစ်များ( ၃း ၇–၁၀ )
ခ– အစ္စရေးတို့အပေါ်စီရင်ချက်။ "သူတို့သည် ငါ၏ချမ်းသာထဲသို့မဝင်ရကြ"( ၃း ၁၁ )
၃. ခရစ်တော်သည် အိမ်တော်ရှင် အဖဘုရားသခင်၏ တဦးတည်းသောသားဖြစ်သည်။( ၃း ၃–၆ )
၄. ခရစ်တော်သည် သူ၏လူများကို ငြိမ်သက်ချမ်းသာခြင်း ချမ်းသာရာနေရာသို့ပို့ဆောင်နိုင်ခဲ့သည်။
က– ငြိမ်သက်ချမ်းသာရာနေရာဆိုသည့် အဓိပ္ပါယ်ရှင်းလင်းချက်– ဖန်ဆင်းခြင်း( ၄း ၃–၅ )
ခ– ငြိမ်သက်ချမ်းသာရာနေရာသို့ ကြိုးစား၍အချိန်မီဝင်ရန်သတိပေးထားမှု(၃း ၁၂–၁၅၊ ၉–၁၁)
(ဣသရေလများကား ကာနန်ပြည်ဝင်ခိုင်းချိန်က မဝင်ချင်ကြသဖြင့် တော၌သေကြ ရ၏။ ဝင်ခိုင်းချိန် မဝင်သောကြောင့် သေရခြင်းဖြစ်သည်။ ဝင်ခိုင်းချိန် ဝင်ကြဘို့လိုသည်။)
ဂ– ငြိမ်သက်ချမ်းသာနေရာကို ချီးမွန်းထားခြင်း– ထိုချမ်းသာကို အဘယ်သို့ဝင်နိုင်မည်နည်း? အဖြေ– ဘုရားရှင်၏နှုတ်ကပါတ်တရားတော်ကို ကြားနာလက်ခံခြင်းဖြင့် ရရှိနိုင်သည်။ ( ၄း ၂၊ ၁၂၊ ၁၃ )
ဃ– ငြိမ်သက်ချမ်းသာနေရာ၌ လွတ်လပ်မှု ( ၄း ၁၄–၁၆ )
ဃ၊ သူသည် ယောရှုထက်ပိုအဆင့်မြင့်သည်။( ၄း ၈–၁၆ )
င၊ သူသည် ယဇ်ပရောဟိတ်အာရုန်ထက် အဆင့်မြင့်သည်။( ၅း ၁–၁၀ )
၁. ခရစ်တော်သည် အောက်ပါအချို့အချက်များ၌ အာရုန်နှင့်တူသည်။
က– ခရစ်တော်သည် ဘုရားဖြစ်သော်လည်း လူအဖြစ်ယူခဲ့သူဖြစ်၍ လူသားထဲမှ ယဇ်ပရောဟိတ်ဖြစ်ခဲ့ရသဖြင့် အာရုန်နှင့်အလားတူ၏။( ၅း ၁ )
ခ– သူသည် အပြစ်ဖြေပူဇော်သက္ကာများကို ဆက်ကပ်ပူဇော်ခဲ့သူဖြစ်သဖြင့် အာရုန်နှင့်တူသည်။ ( ၅း ၁–၃ )
ဂ– သူသည် လူသားတို့အပေါ် သနားကြင်နာမှု၊ နားလည်သည်းခံမှု ရှိခဲ့သူဖြစ်သဖြင့် အာရုန်နှင့်အလားတူသည်။( ၅း ၂ )

ဃ– သူသည် ခန္ဓာကိုယ်၌အားနည်းပင်ပန်းနွမ်းရိခြင်းဖြစ်ခဲ့သဖြင့် အာရုန်နှင့်တူခဲ့သည်။(၅း ၂ )
င– သူသည် ဘုရားရှင်ရွေးချယ်ခဲ့သူဖြစ်သဖြင့် အာရုန်နှင့်တူခဲ့သည်။( ၅း ၄ )
စ– သူသည် ဆုတောင်းပဋ္ဌနာပြုခဲ့သူဖြစ်သဖြင့် အာရုန်နှင့်တူခဲ့သည်။( ၅း ၇ )
ဆ– သူသည် သင်ကြားခြင်း၊ နာခံခြင်းရှိခဲ့သူဖြစ်သဖြင့် အာရုန်နှင့်တူခဲ့သည်။( ၅း ၈ )
ဇ– သူသည် ဒုက္ခဝေဒနာခံခဲ့ခြင်းဖြစ်၍ အာရုန်နှင့်တူခဲ့သည်။( ၅း ၈ )
၂. ခရစ်တော်သည် အောက်ပါအချက်များ၌ အာရုန်နှင့်သဏ္ဍာန်တူညီမှုမရှိခဲ့ချေ
က– သူသည်မိမိအပစ်အတွက်ပူဇော်ခဲ့သူဖြစ်သဖြင့်အာရုန်နှင့်မတူခဲ့ပေ ( ၅ း ၃ )
ခ– သူသည် ဘုရားသားတော် အာရုန်နှင့်မတူခဲ့ပေ ( ၅ း ၅ )
ဂ– သူသည် ထာဝရယဇ်ပုရောဟိတ်မင်းနှင့်ဘုရားဖြစ်သဖြင့် အာရုန်နှင့်မတူခဲ့ပေ ( ၅ း ၆ )
ဃ– သူသည်မေလခိဇေဒက်ကဲ့သို့သောယဇ်ပုရောဟိတ်မင်းနှင့်တူခဲ့သဖြင့် အာရုန်နှင့်မတူခဲ့ပေ ( ၅ း ၁၀ )
င– သူသည် ထာဝရကယ်တင်ရှင်ဖြစ်သဖြင့်အာရုန်နှင့် မတူခဲ့ပေ ( ၅ း ၉ )

## ၂။ စုံလင်ပြည့်စုံ၍ ပိုမိုကောင်းမွန်ရန်တိုက်တွန်းချက် ( ၅ း ၁၁– ၆ း ၂၀ )

က၊ ဝိညာဉ်ပိုင်းစုံလင်တိုးတက်မှု၏ ရန်သူ ( ၅ း ၁၁ – ၆ း ၈ )
၁. မရင့်ကျက်ခြင်း ( ၅ း ၁၁ – ၆ း ၃ )
က– မရင့်ကျက်ရခြင်း၏ အကြောင်းအရင်း ( ၅ း ၁၁ –၁၄ )
ခ– မရင့်ကျက်ခြင်းကို ကုသနည်း ( ၆ း ၁ – ၃ )
၂. မရင့်ကျက်ခြင်း၏ အမှုအရာများ ( ၆ း ၄ – ၈ )
က– စိတ်မတည်ငြိမ် ဇဝေဇဝါမှုနှင့်ရောထွေးနေခြင်း ( ၆ း ၄ – ၆ )
ခ– အသီးမသီးခြင်း ( ၆ း ၇ – ၈ )
ခ၊ ဝိညာဉ်ပိုင်း စုံလင်တိုးတက်မှု၏မိတ်ဆွေ ( ၆ း ၉ – ၂၀ )
၁. ယုံကြည်ပြီး ယုံကြည်မှုအပေါ် လိုက်ရောက်လုပ်ဆောင်မှု ( ၆ း ၉ – ၁၂ )
၂. ဘုရားရှင်၏ဂတိတော်ကို မြော်လင့် ယုံကြည်စိတ်ချမှု ( ၆ း ၁၃ – ၁၈ ) ( မဝင်ရသေးသောနေရာအတွက် ဂတိတော်နှင့်ကျိန်ခြင်း ၂ ခု )
၃. ခရစ်တော်ကို ယုံကြည်မျှော်လင့်ခြင်း၌ မြဲမြံမှု( ၆ း ၁၉ ၊ ၂၀ )

## ၃။ စုံလင်ကောင်းမွန်သူ ယဇ်ပုရောဟိတ် မေလခိဇေဒက် ( ၇ – ၁၀ )

မေလခိဇေဒက်အကြောင်း ( ကမ္ဘာ ၁၄း၁၇–၂၀ ) – ယေရှုကိုယ်တိုင်ဖြစ်သည်။

က၊ အောက်ပါတို့သည် ယဇ်ပုရောဟိတ်အာရုန်မှသည် မေလခိဇေဒက် စသောသူတို့၏ အကြောင်းများဖြစ်သည်။ ( ကြီး ၇ )
၁. သူသည် ရှင်ဘုရင်ဖြစ်သောယဇ်ပုရောဟိတ်ဖြစ်သည် ( ၇ း ၁ – ၂ )
( သူသည် တရားမင်း၊ ငြိမ်သက်ခြင်းမင်း၊ ရှာလင်( ယေရုရှလင်–ငြိမ်းချမ်းရေး )မင်းဖြစ်သည် )
၂. သူသည် အချိန်ကာလ အတိုင်းအဆုံးမရှိသော ယဇ်ပုရောဟိတ်ဖြစ်သည် ( ၇ း ၃ ) ( ယေရှု )
၃. သူသည် အခွင့်အာဏာရှိသော ယဇ်ပုရောဟိတ်ဖြစ်သည် ( ၇ း ၄ – ၁၀ )
က– အာဗြဟံသည် မေလခိဇေဒက်အား ဆယ်ဘို့တစ်ဖို့လှူခဲ့သည်
ခ– အာဗြဟံသည် ယဇ်ပုရောဟိတ်လေဝိအမျိုး၏ ဖခင်ဖြစ်သည်၊ အာဗြဟံမှ ယဇ် ပု ရောဟိတ်မျိုး လေဝိပေါ်ထွက် လာခဲ့သည်။ ( ၇ း ၅ )
ဂ– ယဇ်ပရောဟိတ်မျိုး လေဝိမပေါ်ထွန်းခင်အချိန်၌ပင် အာဗြဟံသည် ၁၀ ပုံ ၁ ပုံကို မေလခိဇေဒက်အားလှူခဲ့သည် ( ၇း ၉–၁၀ )
ဃ– ယဇ်ပရောဟိတ် မေလခိဇေဒက်သည် ယဇ်ပရောဟိတ်လေဝိမျိုးထက် အဆင့်မြင့် သည်။ အဘယ်ကြောင့်ဆိုသော် လေဝိက မေလခိဇေဒက်ကို လှူရသောကြောင့် ဖြစ်သည်။
၄. သူသည် သီးခြားလွတ်လပ်သော ယဇ်ပရောဟိတ်ဖြစ်သည်။( ၇း ၁၁–၁၅ )
က– ပညတ်ဥပဒေနှင့်မပတ်သက်ဘဲ သီးခြားလွတ်လပ်နေသည်။( ၇း ၁၁–၁၂ )
ခ– လေဝိလူမျိုးအနွယ်စုနှင့်မပါတ်သက်ဘဲ လွတ်လပ်နေသည်။( ၇း ၁၃–၁၅ )
၅. သူသည် ထာဝရတည်ရှိသည့် ယဇ်ပရောဟိတ်ဖြစ်သည်။( ၇း ၁၆–၁၇ )

၆. သူသည် စုံလင်ပြည့်စုံသော ယဇ်ပရောဟိတ်ဖြစ်သည်။( ၇း ၁၉၊ ၂၅ )
 က– ထိုစုံလင်ပြည့်စုံခြင်း၏ အကြောင်းအရာ( ၇း ၁၉ )
ခ– ထိုစုံလင်ခြင်း၏ စွမ်းဆောင်နိုင်မှု( ၇း ၂၅ )
၇. သူသည် အာမခံသော ယဇ်ပရောဟိတ်ဖြစ်သည်။ ( ၇း ၂၀–၂၂ )
၈. သူသည် အစဉ်မပြတ် ဆက်လက်ဆောင်ရွက်နေသည့် ယဇ်ပရောဟိတ်ဖြစ်သည်။ ( ၇း ၂၃ )
၉. သူသည် မပြောင်းလဲသော ယဇ်ပရောဟိတ်ဖြစ်သည်။( ၇း ၂၄ )
၁၀. သူသည် သန့်ရှင်းသော ယဇ်ပရောဟိတ်ဖြစ်သည်။
၁၁. သူသည် အားလုံးအတွက် လိုလေသေးမရှိ လုံလောက်ပြီးပြည့်စုံသော ယဇ်ပရောဟိတ် ဖြစ်သည်။ (၇း ၂၇ )
၁၂. သူသည် အထူးသီးသန့် ယဇ်ပရောဟိတ်ဖြစ်သည်။( ၇း ၂၈ )

ခ၊ အောက်ပါ ပိုမိုအဆင့်မြင့်သည့်ကျမ်းများတို့သည် ပဋိညဉ်တရားဟောင်းမှ ပဋိညဉ်တရားသစ်သို့ပြောင်းလဲသည့်အကြောင်းအရာများဖြစ်သည်။( ခဏ်း ၈ )
၁. ပဋိညဉ်ပညတ်တရားဟောင်း
က– ကြားဝင်ဖြန်သူမောရှေ( ၈း ၅ )
ခ– ချွင်းချက်ပါသော ပဋိညဉ်ပညတ်တရား( ၈း ၇၊ ၉ )
၁. သက်တမ်း– အစ္စရေးများနာခံခဲ့သည့်အချိန်တလျှောက်လုံး
၂. သက်တမ်းကုန်ဆုံးချိန်– အစ္စရေးများမနာခံတော့သည့်အချိန်( ၈း ၉ )
ဂ– အပြစ်တင်ချက်
"အပြစ်တင်၍မိန့်တော်မူသည်"( ၈း ၈ )
ဃ– သေနေသောကျောက်ပြားပေါ်၌ ရေးခဲ့သည်။( ၈း ၉ )
၂. ပဋိညဉ်ပညတ်တရားသစ်
က– ကြားဝင်ဖြန်ဖြေသူ– ယေရှုခရစ်တော်( ၈း ၁–၄ )
ခ– ချွင်းချက်မရှိသော ပဋိညဉ်တရား( ၈း ၆ )
ဂ– တရားမျှတ၍ ဂရုဏာနှင့်ပြည့်စုံသည်။( ၈း ၁၂ )
ဃ– ရှင်သန်သော စိတ်ဝိညဉ်ပေါ်၌ရေးခဲ့သည်။( ၈း ၁၀–၁၁ )
၁. ဘုရားရှင် အထူးလူမျိုးဖြစ်ကြောင်း ထုတ်ဖော်ပြသခြင်းဖြစ်သည်။( ၈း ၁၀ )
၂. ဘုရားရှင်၏ ဗျာဒိတ်တော်စကားများကိုရရှိကြောင်း ထုတ်ဖော်ပြသခြင်းဖြစ်သည်။ ( ၈း ၁၁ )

ဂ၊ အောက်ပါတို့သည် ကောင်းကင်ဘုံနှင့် မြေပြင်ပေါ်များအကြား ပိုမိုသန့်ရှင်းစင်ကြယ် ရှင်းလင်းစေသည့် အခြေအနေကို ဖြစ်ပေါ်စေသည်။( ကြီး ၉ )
၁. မြေကြီးပြင်ရှိတဲတော်
က– ဤလောက၌ရှိသည်။( ၉း ၁ )
ခ– ရုပ်ပိုင်းဆိုင်ရာ အပြင်ပန်းအတွက် ပူဇော်သောနေရာ လုပ်ဆောင်မှုသာဖြစ်သည်။ ( ၉း ၁၀ )
ဂ– ခေတ္တခဏနေရာသာဖြစ်သည်။( ၉း ၈ )
ဃ– တကယ်ဖြစ်လာမည့်ကိစ္စအတွက် ကြိုတင်ပုံရိပ်နိမိတ်ပြုခြင်း နေရာသာဖြစ်သည်။ ( ၉း ၈–၉ )
င– လူတိုင်းမဝင်နိုင်သောနေရာဖြစ်သည်။( ၉း ၇ )
စ– လူလက်ဖြင့်တည်ဆောက်ထားသောနေရာသာဖြစ်သည်။( ၉း ၂၄ )
ဆ– တိရစ္ဆာန်အသွေး သွန်းဖြန်းရာနေရာဖြစ်သည်။( ၉း ၁၃ )
ဇ– နေ့စဉ်ပူဇော်ရသောနေရာဖြစ်သည်။( ၉း ၆၊ ၂၅ )
ဈ– ပူဇော်သူ အမှုဆောင်သူမှာလည်း အပြစ်ရှိသောယဇ်ပရောဟိတ်သာဖြစ်သည်။( ၉း ၇ )
ည၊ ပြီးပြည့်စုံအောင် အပြစ်မချွတ်နိုင်ပေ။( ၉း ၉ )
ဋ၊ မဖျော်လင့်နိုင်သောနေရာဖြစ်သည်။( ၉း ၁၀ )
၂. ကောင်းကင်ဘုံရှိတဲတော်
က– ကောင်းကင်ဘုံ၌ရှိသည်။( ၉း ၂၃ )
ခ– နာမ်ပိုင်းဆိုင်ရာ အတွင်းသဘောအတွက် ပူဇော်သောနေရာဖြစ်သည်။( ၉း ၉ )(၉း ၁၄)
ဂ– အမြဲတမ်းတည်ရှိမည့်နေရာဖြစ်သည်။( ၉း ၁၂ )
ဃ– အမှန်တကယ်မုချရှိသောနေရာဖြစ်သည်။( ၉း ၂၄ )

င– ယုံကြည်သူလူတိုင်း ဝင်နိုင်သောနေရာဖြစ်သည်။( ၄း ၁၆၊ ၁၀း ၁၉ )
စ– ဘုရားရှင်ကိုယ်တိုင် တည်ဆောက်ထားသောနေရာဖြစ်သည်။( ၉း ၂၄ )
ဆ– ခရစ်တော်၏ အသွေးဖြန်းထားသောနေရာဖြစ်သည်။( ၉း ၁၂ )
ဇ– တကြိမ်တည်း၊ တခါတည်းသာ ပူဇော်ရာနေရာဖြစ်သည်။( ၉း ၁၂ )
ဈ– ပူဇော်ခံသူသည် အပြစ်ကင်း သန့်ရှင်းသူဖြစ်သည်။( ၉း ၁၄ )
ည– အပြစ်အားလုံးကို ကယ်ချွတ်နိုင်သော နေရာဖြစ်သည်။( ၉း ၁၂ )
ဋ– အသေအချာ မျှော်လင့်စိတ်ချနိုင်သောနေရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်–
၁. ယေရှုခရစ်တော်၏ အတိတ်လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။( ၉း ၂၈ က )
၂. ယေရှုခရစ်တော်၏ ပစ္စုပ္ပန်လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။( ၉း ၂၄ )
၃. ယေရှုခရစ်တော်၏ အနာဂတ်လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။( ၉း ၂၈ ခ )

ဃ၊ ပုမိုကောင်းမွန်သော ပူဇော်သက္ကာ၊ တိရစ္ဆာန်သိုးသူငယ်မှ ဘုရားရှင်၏သိုးသူငယ်သို့( ကြီး ၁၀ )
၁. သိုးထိန်းနှင့်သူ၏ပူဇော်ခြင်း ( ၁၀း ၁–၁၈ )
က– သူ၏(ယေရှု)ပူဇော်ခြင်းကို လိုအပ်နေပုံ( ၁၀း ၁–၄ )
ခ– သူ(ယေရှု)၏ နားခံပုံ( ၁၀း ၅–၉ )
ဂ– သူ(ယေရှု)ပူဇော်ခြင်း၏ အကျိုးသက်ရောက်မှု( ၁၀း ၁၀–၁၄ )
၁. သူ့ကိုလက်ခံယုံကြည်သူတို့သည် ထာဝရစင်ကြယ်ခြင်းသို့ ရောက်ကြရ၏။(၁၀း၁၀၊ ၁၄)
၂. သူ၏အဖဘုရားသခင်သည် သူ(ယေရှု၏)ပူဇော်ခြင်းကို ကျေနပ်အားရ လက်ခံတော်မူ၏။( ၁၀း ၁၁၊ ၁၂၊ ၁၃ )
ဃ– သူ(ယေရှု)၏ ပူဇော်ခြင်းကို သက်သေခံချက်( ၁၀း ၁၅–၁၈ )
၂. သိုးထိန်း(ယေရှု)နှင့် သူ၏သိုးများ(ယုံကြည်လက်ခံသူ)( ၁၀း ၁၉–၃၉ )
က– ယုံကြည်သူများသည် ရဲဝံ့စွာဆုတောင်းနိုင်ခွင့်ရရှိသည်။( ၁၀း ၁၉ )
ခ– ယုံကြည်သူများသည် အတိတ်ကပြစ်မှုများအတွက် စိတ်ပူစရာမလိုဘဲ စိတ်ချနိုင်ခွင့်ရရှိသည်။( ၁၀း ၂၂ )
ဂ– ယုံကြည်သူများသည် စိတ်ချရွှင်လန်းတက်ကြွစွာဖြင့် အမှုတော်ဆောင်နိုင်ခွင့်ရှိသည်။ ( ၁၀း ၂၃၊ ၂၅ )
ဃ– အခြားယုံကြည်သူများကိုလည်း တိုက်တွန်းနှိုးဆော်ကူညီနိုင်သည်။(၁၀း ၂၄ )
င– ငြင်းပယ်သောသူတို့အတွက် သတိပြုစရာအချက်( ၁၀း ၂၆–၃၁ )
စ– ယုံကြည်ပြီးနောက် ဒုက္ခအခက်အခဲများ ကြုံတွေ့နိုင်သည်ကိုလည်း သတိပြုရပေမည်။ ( ၁၀း ၃၂–၃၄ )
ဆ– ခရစ်တော်ယေရှု၏ ဒုတိယအကြိမ်ကြွလာမည်ကို စိတ်ချလက်ချနေနိုင်သည်။( ၁၀း ၃၅ –၃၇ )
ဇ– ယုံကြည်ခြင်းကြီးစွာဖြင့် ဝိညာဉ်ရေးရာခွန်အားရှိရန် တိုက်တွန်းသည်။( ၁၀း ၃၈–၃၉ )

## ၄။ ယုံကြည်ခြင်းသည် အရာအားလုံးတို့ထက် အရေးကြီးသည်။

က၊ ယုံကြည်သူလူများ( ၁၁ )

– *ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်သည်။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းဖြစ်သည် – (၁၁း၁)*

၁. ပါဝင်သူများ–
က– အာဗေလ( ၁၁း ၄ )
ခ– ဧနောက်( ၁၁း ၅ )
ဂ– နောဧ( ၁၁း ၇ )
ဃ– အာဗြဟံ( ၁၁း ၈–၁၀၊ ၁၇–၁၉ )
င– စာရာ( ၁၁း ၁၁၊ ၁၂ )
စ– ဣဇာတ်( ၁၁း ၂၀ )
ဆ– ယာကုပ်( ၁၁း ၂၁ )
ဇ– ယောသပ်( ၁၁း ၂၂ )
ဈ– မောရှေ၏မိဘားစု( ၁၁း ၂၃ )

ည– မောရှေ( ၁၁း ၂၄–၂၉ )
ဋ– ယောရှု( ၁၁း ၃၀ )
ဌ– ရာခပ်( ၁၁း ၃၁ )
ဍ– ဂိဒေါင်( ၁၁း ၃၂ )
ဎ– ဗာရက်( ၁၁း ၃၂ )
ဏ– ရှံဆုံ( ၁၁း ၃၂ )
တ– ယေဖသ( ၁၁း ၃၂ )
ထ– ဒါဝိဒ်( ၁၁း ၃၂ )
ဒ– ရှမွေလ( ၁၁း ၃၂ )

၂. သူတို့လုပ်ခဲ့သည့်အလုပ်များ
 က– မုန်ကန်၍ လျောက်ပတ်ဖွယ် မြတ်သည့်ယဇ်ကို ပူဇော်ခဲ့သည်။( ၁၁း ၄ )
ခ– မသေဘဲနှင့် ဘဝပြောင်းရ၏။(၁၁း ၅ )
ဂ– ရေလွှမ်းမိုးခြင်းဘေးမှ လွတ်ကင်းခဲ့ကြသည်။( ၁၁း ၇ )
ဃ– နယ်မြေများကို အမွေခံခဲ့ရကြသည်။( ၁၁း ၈ )
င– အိုချိန်အရွယ်၌ ပင် သားသမီးများမွေးနိုင်ခဲ့ကြသည်။( ၁၁း ၁၁ )
စ– အနာဂတ်ကို ကြိုတင်ဟောပြောနိုင်ခဲ့ကြသည်။( ၁၁း ၂၀–၂၁ )
ဆ– ရှင်ဘုရင်ကို အာခံခဲ့ကြသည်။( ၁၁း ၂၃ )
ဇ– ကာမဂုဏ်ခံစားခြင်းအမှုများကို စွန့်ပစ်နိုင်ခဲ့ကြသည်။( ၁၁း ၂၄–၂၆ )
ဈ– အီဂျစ်ပြည်ကို စွန့်ခွာခဲ့ကြသည်။( ၁၁း ၂၇ )
ည– ပသခါပွဲကို ပြုလုပ်ခဲ့ကြသည်။( ၁၁း ၂၈ )
ဋ– ပင်လယ်နီကို ဖြတ်ကူးခဲ့ကြသည်။( ၁၁း ၂၉ )
ဌ– မြို့ကိုပြိုလဲနိုင်စေခဲ့ကြသည်။( ၁၁း ၃၀ )
ဍ– နိုင်ငံများကို အောင်နိုင်ကြသည်။( ၁၁း ၃၃ )
ဎ– အမှန်တရားကို စီရင်ခဲ့ကြသည်။( ၁၁း ၃၃ )
ဏ– ဂတိတော်အတိုင်း ဝင်စားနိုင်ခဲ့ကြသည်။( ၁၁း ၃၃ )
တ– ခြင်္သေ့ပါးစပ်ကို ပိတ်နိုင်ခဲ့ကြသည်။( ၁၁း ၃၃ )
ထ– ပူပြင်းသောမီးကို ငြိမ်းသတ်နိုင်ခဲ့ကြသည်။( ၁၁း ၃၄ )
ဒ– ဒါး လက်နက်ဘေးဒဏ်မှ လွတ်ခဲ့ကြသည်။( ၁၁း ၃၄ )
ဓ– အားနည်းမကျန်းမာရာမှ အားပြည့်ကျန်းမာနိုင်ခဲ့ကြသည်။( ၁၁း ၃၄ )
န– တပါးအမျိုးသားတပ်များအပေါ်၌ အောင်မြင်မှုရကြသည်။( ၁၁း ၃၄ )
ပ– မိမိ၏လူများ သေရာမှပြန်ရှင်သည်ကို တွေ့ရကြသည်။( ၁၁း ၃၅ )

၃. သူတို့၏ ရဲရင့်တည်ကြည်စွာ ခံနိုင်ရည်ရှိမှုများ
က– ပြင်းစွာသောညှင်းဆဲခြင်းကိုခံခဲ့ကြသည်။( ၁၁း ၃၅ )
ခ– အကဲ့ရဲ့ခံခဲ့ကြသည်။( ၁၁း ၃၆ )
ဂ– အရိုက်ခံခဲ့ကြသည်။( ၁၁း ၃၆ )
ဃ– ချည်နှောင်ထောင်သွင်း အကျဉ်းကျခံခဲ့ကြသည်။( ၁၁း ၃၆ )
င– ဂဲနှင့်အပေါက်ခံခဲ့ကြသည်။( ၁၁း ၃၇ )
စ– လွှနှင့်အပိုင်းပိုင်း အဖြတ်ခံခဲ့ကြသည်။( ၁၁း ၃၇ )
ဆ– စုံစမ်းနှောက်ယှက်ခြင်းအမျိုးမျိုးခံခဲ့ကြသည် ။( ၁၁း ၃၇ )
ဇ– အဆုံးစွန်သော ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် သေဒဏ်ကိုခံခဲ့ကြသည်။( ၁၁း ၃၇–၃၈ )

၄. အဘယ်ကြောင့် ဤကဲ့သို့ ဒုက္ခကိုခံခဲ့ကြသနည်း ?
*– အကြောင်းမူကား ဘုရားသခင် တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့ကို မြော်လင့်သတည်း။ ယခုဆိုခဲ့ပြီးသောသူ အပေါင်းတို့သည် ဂတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကိုမခံရဘဲ အဝေးက မြော်မြင်လျက်၊ စိတ်နှလုံးနှင့်ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းသူ တနိုင်ငံသား၊ ဧည့်သည် အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျက်၊ ယုံကြည်ခြင်းစိတ်နှင့် သေလွန်ကြ၏ – (၁၁း၁၀၊ ၁၃)*

ခ၊ နမူနာသက်သေယူ လိုက်လျှောက်သင့်ရမည့် ယုံကြည်ခြင်း( ၁၂ )
၁. ဘုရားရှင်၏ ပြုမူဆောင်ရွက်မှု( ၁၂း ၁–၃ )
က– ဖွဲရှိစွာဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။( ၁၂း ၁ )

ခ– ယေရှုကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။( ၁၂း ၂–၃ )
၂. ဘုရားရှင်ထံမှ အကဲဖြတ်ဆုံးမခြင်း( ၁၂း ၄–၁၁ )
က– ဘုရားရှင်ဆုံးမရခြင်း၏ အကြောင်းအရင်း( ၁၂း ၆–၈ )
ခ– ဆုံးမခံရပြီးမှုအပေါ် ထားရမည့်သဘောထား
(၁) ဂရုမစိုက်ဘဲမနေပါနှင့်။( ၁၂း ၅ )
(၂) စိတ်မပျက်ပါနှင့်။( ၁၂း ၅ )
(၃) ထိုဆုံးမမှုမှသင်ခန်းစာယူပါ။( ၁၂း ၉–၁၀ )
၃. ဘုရားရှင်၏ နိုင်ငံအတွက် အသင့်ပြင်ဆင်ပေးခြင်းဖြစ်သည်။( ၁၂း ၁၂–၂၉ )
က– ခိုင်ခန့်တည့်မတ်စွာရပ်တည်ပါ။( ၁၂း ၁၂–၁၄ )
ခ– သင့်တင့်လျောက်ပတ်စွာ ရပ်တည်ပါ။( ၁၂း ၁၅–၁၇ )
(၁) နေထိုင်မှုသတိပြုပါ။( ၁၂း ၁၅ )
(၂) အမှားအယွင်းပြုလုပ်သူများကိုရှောင်ပါ။( ၁၂း ၁၆–၁၇ )
ဂ– အထက်သို့မျှော်ကြည့်ပါ။( ၁၂း ၁၈–၂၄ )
(၁) သိနတောင်ပေါ်မှရသော ပညတ်တရားလက်အောက်မှ(၁၂း ၁၈–၂၁)(ထွက်၁၉း ၁၂–၁၉)
(၂) ကျေးဇူးတော်အားဖြင့် အသက်တာအသစ်ရသော ဇိအုန်တောင်ပေါ်သို့ မျှော်ကြည့်ဆင်ခြင်ပါ။( ၁၂း ၂၂–၂၄ )
ဃ– ပညာဉာဏ်သတိရှိပါ။( ၁၂း ၂၅–၂၇ )
င– ရွှင်လန်းဝမ်းမြောက်ပါ။( ၁၂း ၂၈–၂၉ )
ဂ၊ ယုံကြည်ခြင်းအပေါ် အမြဲတမ်းအလုပ်လုပ်ဆောင်ကြိုးစားခြင်း( ကြီး ၁၃ )
၁. သခင်ယေရှု ဘယ်လိုလုပ်ခဲ့သနည်း?( ၁၃း ၈ )
က– သူသည် ကျွန်ုပ်တို့ယုံကြည်သူများအတွက် အသေခံခဲ့သည်။( ၁၃း ၁၂ )
ခ– သူသည် ကျွန်ုပ်တို့အတွက် သန့်ရှင်းရာဌာနသို့ အရင်ဝင်တော်မူသည်။( ၁၃း ၂၀–၂၁ )
၂. ယုံကြည်သူ(ခရစ်ယာန်)များ လုပ်ရမည့်အလုပ်
က– အချင်းချင်း ချစ်ခြင်းမေတ္တာရှိရမည်။( ၁၃း ၁–၂ )
ခ– သနားခြင်းဂရုဏာရှိပါ။( ၁၃း ၃ )
ဂ– သန့်ရှင်းစင်ကြယ်မှုရှိပါ။( ၁၃း ၄ )
ဃ– ရောင့်ရဲသောစိတ်ရှိပါ။( ၁၃း ၅ )
င– ရဲရင့်သောစိတ်ရှိပါ။( ၁၃း ၆ )
စ– အကြီးအကဲကို လေးစားရိုသေမှုရှိပါ။(အသင်းတော်၏ ခေါင်းဆောင်များကိုဆိုလိုသည်။)
(၁) သူတို့၏လုပ်ရှားပုံများကို လေ့လာပါ။( ၁၃း ၇ )
(၂) သူတို့ကိုလေးစား၍ သူတို့၏မှန်ကန်သောသွန်သင်မှုများကို ကြိုးစားလိုက်နာပါ။( ၁၃း ၁၇ )
ဆ– မဖေါက်မပြန် သစ္စာရှိပါ။( ၁၃း ၉ )
ဇ– မျှော်လင့်စိတ်ချလျက်ရှိပါ။( ၁၃း ၁၃–၁၄ )
ဈ– ဆက်ကပ်ပူဇော်ပါ။( ၁၃း ၁၅၊ ၁၆ )

# ရှင်ယာကုပ်ဩဝါဒစာ

ဤဩဝါဒစာကို ရှင်ယုဒက(အေဒီ ၄၅)ခုနှစ်တွင် ယေရုရှလင်မြို့မှ ကစင့်ကလျားထွက်သွားကြရသော ဂျူးခရစ်ယာန်များကို ဦးတည်၍ရေးခဲ့ခြင်းဖြစ်သည်။ ရှင်ယုဒသည် ယောဟန်၏အကိုမဟုတ်ပေ (တ ၁၂း၁–၂ ) ရှင်ယုသည် ခရစ်တော်ယေရှု၏ ညီဖြစ်နိုင်သည် (ဂလာ ၁း၁၉ ) (မဿဲ ၁၃း၅၅ )၌ “ ယောသေ၊ ရှိမုန်၊ ယုဒ

ဟုဆိုထားရာယုဒမှာ ဤကျမ်းရေးသူဖြစ်သည်။ ရှင်ယုဒသည် ယေရုရှလင်မြို့အသင်းတော် စည်းဝေးပွဲကြီး၌ ဂေါင်းဆောင် တဦးလဲဖြစ်ခဲ့ပေသည်၊ (တ ၁၅း၂ ၊ ၁၃–၂၁ )
ရှင်ယုဒသည် ခရစ်တော်ကားတိုင်တွင် အသေခံပြီး နောက်ပိုင်းတွင်မှ ယုံကြည်လာသူဖြစ်သည်။

ဤဩဝါဒစာက ယုံကြည်ခြင်းနှင့်အကျင့်တရား၊ လျှာကြောင့်မှားယွင်းသောအပြစ်၊ ဆုတောင်းခြင်းမှ ရောဂါပျောက်ကင်းစေခြင်းစသည်တို့ကို အဓိကထားရေးသားခဲ့ပေသည်

ဤဩဝါဒစာ၌ " စုံလင်ခြင်း "(ရင့်ကျက်ခြင်းကိုဆိုလိုသည်)ဆိုသည့်စကားရပ်ကို အကြိမ်များစွာသုံးထားသည်ကိုတွေ့နိုင်သည်။ ထိုကြောင့် ဤရှင်းလင်းချက်၌ " ရင့်ကျက်ခြင်း " ဆိုသည့် စကားလုံးကိုအဓိကထား အသုံးပြုသွားရပါမည်။

## ၁။ ဒုက္ခအခက်ခဲများ ကြုံတွေ့ရခြင်းက ရင့်ကျက်သောသူဖြစ်စေသည် (ယာ ၁း ၁–၁၅ )

က၊ ဒုက္ခအခက်ခဲ၏ နောက်ခံအကြောင်းရင်း . ဘုရားရှင်နှင့်စာတန်တို့၏ လုပ်ဆောင်မှုကြောင့် ခရစ်ယာန်သည် ဒုက္ခများကြုံတွေ့ရခြင်းဖြစ်သည်။
- ၁. ဘုရားရှင်သည် ကျနုပ်တို့ကို အကုန်အစင်သန့်ရှင်းစေရန်နှင့် ခိုင်ခံ့မာကြောစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ကိုပိုမို တိုးတက်စေလိုသည်။ (၁း၂ ၊ ၁၂ )
- ၂. စာတန်သည် ကျနုပ်တို့ကို ဖေါက်ပြန်မှောက်မှားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ စာတန်သည် ကျနုပ်တို့ကို ခါးသည်းစွာဒုက္ခရောက်စေလိုသည် (၁း၁၃–၁၅ )

ခ၊ ဒုက္ခခက်ခဲခြင်း၏ အကျိုးကျေးဇူး
- ၁. ကြိုးစားတတ်သည့်အကျင့် ဖြစ်ပေါ်လာစေသည် (၁း၃ ၊၄ )
- ၂. ကောင်းကင်ဘုံ၌ ဆုသရဖူကို ရရှိစေသည် (၁း၁၂ )

ဂ၊ ဒုက္ခခက်ခဲခြင်းသို့ အဖြေတုံ့ပြန်မှု
- ၁. ဖြစ်သင့်သည့်အရာ
  - က – ကျွန်ုပ်တို့သည် ထိုဒုက္ခများကြောင့် ဘုရားရှင်၏ ဂုဏ်တော်ကိုချီးမွမ်းကြသည် (၁း၂ )
  - ခ – ထိုဒုက္ခများကြောင့် ဘုရားရှင်ကိုဆုတောင်းလာကြသည် (၁း၅ )
  - ဂ– သီးခံတတ်လာသည် (၁း၁၂ )
- ၂. မဖြစ်သင့်သည့်အရာ
  - က – ကျွန်ုပ်တို့သည် ရေလှိုင်းကဲ့သို့ မဖြင့်သင့် (၁း၆–၈ )
  - ခ – ကျွန်ုပ်တို့သည် မြက်ပွင့်ကဲ့သို့ မဖြင့်သင့် (၁း၉–၁၁ )

## ၂။ နှုတ်ကပတ်တော်ကို လေ့လာခြင်းက ရင့်ကျက်သောသူ ဖြစ်စေသည် (၁း၁၆–၂၅ )

က၊ နှုတ်ကပတ်တော်ရေးသူ == အဖဘုရားသခင် (၁း၁၇ )

ခ၊ နှုတ်ကပတ်တော်၏ အကျိုးကျေးဇူး (၁း၁၈ )

ဂ၊ နှုတ်ကပတ်တော်၏ သတိပေးမှု (၁း၁၉–၂၂ )
- ၁. ကျွန်ုပ်တို့၏ ပြောစကားများသည် သန့်ရှင်းရမည် (၁း၁၉ )
- ၂. ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည် သန့်ရှင်းရမည် (၁း၂၀ ၊ ၂၂ )

ဃ၊ ပုံပမာခိုင်းနှိုင်းချက် (၁း၂၃–၂၄ )

င၊ နှုတ်ကပတ်တော်၌ စိတ်ချနိုင်သူ (၁း၂၅ )

## ၃။ အမှန်တရားကို လုပ်ဆောင်ခြင်းက ရင့်ကျက်သောသူဖြစ်စေသည် (၂း၁–၁၃ )

က၊ ပညတ်တရားသည် မှုမမှန်သောဘက်လိုက်မှုကို ဆန့်ကျင်သည် (၂ း၁–၈ )
- ၁. လောကသားများ၏ နမူနာ (၂း၂–၄ )
- ၂. ကောင်းကင်ဘုံသားများ၏ နမူနာ (၂း၅ )

ခ၊ မှုမမှန်သော ဘက်လိုက်ခြင်း၏ အကျိုးဆက် (၂း၉–၁၃ )
- ၁. ပညတ်တော်ကို လွန်ကျူးသူဖြစ်သည် (၂း၉–၁၁ )
- ၂. ပညတ်တော်၏ တရားစီရင်ခြင်းကို ခံရမည့်သူဖြစ်သည် (၂း၁၂–၁၃ )

## ၄။ ခရစ်ယာန်တို့၏ ဘုရားရှင်အမှုတော်ကို ဆောင်ရွက်ခြင်းအလုပ်သည် ရင့်ကျက်

သောသူဖြစ်စေသည်။ (၂း၁၄–၁၆ )

က၊ ပြဿနာ – – အချို့သူများက ရှင်ပေါလု၏ဩဝါဒများနှင့် ရှင်ယာကုပ်၏ဩဝါဒများသည် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟုဆိုကြသည် (၂း၁၄–၂၆ )

၁. ရှင်ပေါလု၏ ဩဝါဒ

– *ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ – (ဧ ၂း၈–၉)*

၂. ရှင်ယာကုပ်၏ ဩဝါဒ

– *ငါ့ညီအကိုတို့ တစုံတယောက်သောသူက ငါသည် ယုံကြည်ခြင်းရှိ၏ဟုပြောလျက် အကျင့်ကိုမကျင့်ဘဲ နေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော / လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်။ အကျင့်အားဖြင့်ရောက်သည်ကို သင်တို့ သိမြင်ရကြ၏ – (၂း၁၄၊ ၂၄)*

ခ၊ ရှင်းလင်းမှု

၁. ရှင်ပေါလု၏ဆိုလိုချက်မှာ အမြင့်ဆုံးသောဘုရားရှင်နှင့် ကျနုပ်တို့ကြားတွင်ရရှိခဲ့သော ကျနုပ်တို့၏ ဖြောင့်မတ်ခြင်းတရားဖြစ်သည်။ ထိုတရားကြောင့် ကျနုပ်တို့ ဘုရား၏ထာဝရအသက်ကိုရ၏။

၂. ရှင်ယာကုပ်၏ ဆိုလိုချက်မှာ အတိုင်းအတာတရပ်တခုအထိသာ နားလည်နိုင်သော လူသား များနှင့်ကျနုပ်တို့အကြား နားလည်နိုင်သည့် ဖြောင့်မတ်ခြင်းတရားကိုဆိုလိုသည်။ ( ကျနုပ်တို့ယုံကြည်သော်လည်း သူတပါးမသိနိုင်။ ကျနုပ်တို့လူသားများသိအောင် အကျင့်ဖြင့်ပြသမှသာလျှင် လျှင် သူတပါးသိနိုင်သည် )

( ရှင်ပေါလုက ဘုရားနှင့်လူကိုဆိုလို၍ ရှင်ယာကုပ်က လူနှင့်လူကို ဆိုလိုခြင်းဖြစ်သည် )

ဂ၊ နမူနာပုံစံ

၁. ဘုရားရှင်ကိုသိရှိယုံကြည်နာလည်သော်လည်း နှလုံးသားထဲ၌လက်မခံသောသူ (၂ )ဦး နမူနာ ။

က – ဆင်းရဲသားအဖြစ်ပျက် (၂း၁၅–၁၆ )

ခ – စာတန်၏ အဖြစ်ပျက် (၂း၁၉ )

၂. ဘုရားရှင်ကိုသိရှိယုံကြည်၍ နှလုံးသားထဲ၌ လက်ခံသူ(၂ )ဦး နမူနာ ။

က – အာဗြာဟံ (၂း၂၁–၂၃ )

ခ – ရာခပ် (၂း၂၅ )

ဃ၊ အရေးကြီးသောအချက်

– *အကျင့်ကင်းသောယုံကြည်ခြင်းသည် တပါးတည်းဖြစ်သောကြောင့် အသေဖြစ်၏ – (၂း၁၇)*

( လူတို့သည် ကျနုပ်တို့ရရှိထားပြီးဖြစ်သော ယုံကြည်ခြင်းကို မမြင်နိုင်သဖြင့် သူတို့မြင်နိုင်အောင် အကျင့်ဖြင့်ပြသရမည် )

## ၅။ မှန်ကန်သောစကားကို ပြောဆိုခြင်းသည် ရင့်ကျက်သူဖြစ်စေသည် (၃း၁–၁၈ ၊ ၁း၂၆–၂၇ )

က၊ လျှာ၏အရေးကြီးပုံ (၃း၂ )

ခ၊ လျှာကိုသရုပ်ဖေါ်ခွဲခြမ်းခြင်း

၁. လျှာ၏ ထိန်းချုပ်နိုင်စွမ်း

က – မြင်းဇက်ကြိုးကဲ့သို့ အစွမ်းရှိ၏ (၃း၃ )

ခ – သင်္ဘော၏ တက်မကဲ့သို့ အစွမ်းရှိ၏ (၃း၄ )

ဂ – အနည်းငယ်သောမီးသကဲ့သို့ အစွမ်းရှိ၏ (၃း၅ )

၂. လျှာ၏ ဖျက်ဆီးနိုင်စွမ်း (၃း၅ )

ဂ၊ လျှာ၏ ဆိုးညစ်ခြင်း (၃း၅–၆ ၊ ၁း၂၆ )

၁. လျှာသည် ကျွန်ုပ်တို့ဘုရားရှင်အား သက်သေခံမှုကိုဖျက်ဆီးနိုင်သည် (၁း၂၆ )

၂. လျှာသည် ကျွန်ုပ်တို့ဘုရားရှင်၏ အတူလျှောက်လှမ်းနေမှုကို ညစ်ညူးစေသည်။ (၃း၆ )

ဃ၊ လျှာ၏ ဆုံးမ၍မရနိုင်မှု (၃း၇–၈ )

င၊ လျှာ၏ ရှေ့နောက်မညီညွတ်မှု (၃း၉–၁၂ )

၁. ကိုးလိုးကန့်လန့်ပြောဆိုခြင်း (၃း၉–၁၀ )

၂. ဆင်ခြင်သုံးသပ်ချက်

*– စမ်းရေပေါက် တပေါက်တည်းအထဲက ချိုသောရေနှင့်ခါးသောရေ ထွက်တတ်သလော။ ငါ့ညီအကိုတို့ သင်္ဘောသဖန်းသည် သံလွင်သီးကိုသီးနိုင်သလော။ စပျစ်ပင်သည် သင်္ဘောသဖန်းသီးကို သီးနိုင်သလော။ ထိုအတူ ငန်သောရေသည် ချိုသောရေကို မဖြစ်စေနိုင် – (၃း၁၁–၁၂)*

စ၊ လျှာသို့ဆုံးမစကား

၁. ဘုရားရှင်၏ ပညာတော်ကိုရှာဖွေပါ၊ ပြောဆိုပါ (၃း၁၃ ၊ ၁၇ ၊၁၈ )

၂. နတ်ဆိုး၏ လှည့်ဖြားမှုကိုငြင်းဆိုပါ ၊ ပစ်ပယ်လိုက်ပါ (၃း၁၄–၁၆ )

## ၆။ ဘုရားရှင်ထံ နှိမ့်ချရိုကျိုးခြင်းသည် ရင့်ကျက်သူဖြစ်စေသည် (၄း၁–၇ )

က၊ ထိုကိစ္စအတွက် ကျွန်ုပ်တို့မည်သည့်အရာကို ရှောင်ရမည်နည်း

၁. ကာယတပ်မက်မှု (၄း၁–၃ ၊ ၁၁–၁၂ ၊ ၁၆–၁၇ )

၂. လောကတပ်မက်မှု (၄း၄–၅ )

၃. နတ်ဆိုး (၄း၇ )

ခ၊ ထိုကိစ္စအတွက် ကျနုပ်တို့ မည်သည့်အရာကို ဆောင်ရမည်နည်း ။

၁. ဘုရားရှင်၏ ကျေးဇူးတော် (၄း၆ )

၂. ဘုရားရှင်၏ ကတိတော်

က – ဘုရားရှင်ချဉ်းကပ်လိမ့်မည် (၄း၈ )

ခ – ဘုရားရှင်မြင့်တင်ပေးလိမ့်မည် (၄း၁၀ )

၃. ဘုရားရှင်၏ လမ်းပြမှု (၄း၁၃–၁၅ )

## ၇။ မိမိကိုယ်ကိုဆက်ကပ်ခြင်းသည် ရင့်ကျက်သူဖြစ်စေသည် (၅း၁–၆ )

က၊ ချမ်းသာကြွယ်ဝသူများအတွက် ထိန့်လန့်စရာ (၅း၁ )

ခ၊ ချမ်းသာကြွယ်ဝမှုများ ပုပ်ပျက်စီးခြင်း (၅း၂ ၊ ၅ )

ဂ၊ ချမ်းသာကြွယ်ဝသူများ၏ ကလိန်ကျ ညစ်ပတ်မှု (၅း၄–၆ )

ဃ၊ ချမ်းသာကြွယ်ဝသူများသို့ အပစ်ဒါဏ်စီရင်ခြင်း (၅း၃ )

## ၈။ မြဲမြဲခိုင်ခံ့မှုသည် ရင့်ကျက်သူဖြစ်စေသည် (၅း၇–၁၁ )

က၊ အတိတ်ကာလမှ နမူနာ –– ယောဘနှင့်သူ၏ ဒုက္ခ (၅း၁၀–၁၁ )

ခ၊ ပစ္စုန်ပ္ပန်ကာလ နမူနာ – လယ်သမားနှင့်သူ၏ အသီးအနှံ (၅း၇ )

ဂ၊ အနာဂတ်ကာလ နမူနာ – ခရစ်တော်နှင့်သူ၏ ဒုတိယအကြိမ်ကြွလာခြင်း (၅း၈–၉ )

## ၉။ အသနားခံဆုတောင်းခြင်းသည် ရင့်ကျက်သူဖြစ်စေသည် ။ (၅း၁၂–၁၈ )

က၊ ဆုတောင်းသူ၏ အချိန်ကာလများ၊ မည်သည့်အချိန်တွင်ဆုတောင်းရမည်နည်း

၁. ဒုက္ခရောက်ချိန် (၅း၁၃–၁၄ )

၂. ရွှင်လန်းဝမ်းမြောက်ချိန် (၅း၁၃ )

ခ၊ ဆုတောင်းရခြင်း၏အကြောင်းအရင်း . အဘယ်ကြောင့်ဆုတောင်းရသနည်း

၁. ဆုတောင်းခြင်းသည် အနာရောဂါကိုကုသပျောက်ကင်းစေနိုင်သည် (၅း၁၄–၁၅ )

၂. ဆုတောင်းခြင်းသည် ပြန်လည်လန်ဆန်းခွန်အားတက်လာစေသည် (၅း၁၆ )

၃. ဆုတောင်းခြင်းသည် လူမတတ်နိုင်သောအရာများကို ပြီးပြည့်စုံ အောင်မြင်စေသည် (၅း၁၇–၁၈ )

## ၁၀။ ဝိညာဉ်များကို ကယ်တင်ခြင်းသည် ရင့်ကျက်သူဖြစ်စေသည် ( ၅း၁၉–၂၀ )

*– အပြစ်ရှိသောသူကို မှားယွင်းသောလမ်းမှ ပြန်စေသောသူသည် ဝိညာဉ်ကို သေခြင်းမှကယ်တင်၍ များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်သည်ဟု ထိုသူသည် သိမှတ်စေ – (၅း၂၀)*

# ရှင်ပေတရုဩဝါဒစာ ပထမစောင်

ဤ ဩဝါဒစာကို (အေဒီ ၆၀နှင့်၇၀ကြားတွင် ရှင်ပေတရုဗာဗုလုန်မြို့မှ ရေးခဲ့ခြင်းဖြစ်သည် ရှင်ပေတရုသည် အရေဖျားလှီးခြင်းခံသော ဂျူးများအတွက် တမန်တော်တဦးဖြစ်သည် (ဂလာ ၂း၇–၈ ) – ရှင်ပေါလုသည် ကားတပါးအမျိုးသားများအတွက် တမန်တော်ဖြစ်သည် ရှင်ပေါလုသည် တပါးအမျိုးသားများရှိရာ ဂရိနှင့်ရောမသို့ သာသနာပြုခရီးသွားခဲ့သည် ရှင်ပေတရုသည် ဗာဗုလုန်မြို့သို့သွားခဲ့၍ ဩဝါဒစာ (၂ )စောင်ရေးခဲ့လေသည်။ (၅း၁၃ ) ‧ ဗာဗုလုန်မြို့ဟုဆိုရာ၌ ရောမမြို့ကိုဆိုလိုခြင်းမဟုတ်ပေ၊ သမ္မာကျမ်းစာဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းတွင်(၂၇၀ )ကြိမ်ဖော်ပြခဲ့သော ဗာဗုလုန်ကိုဆိုလိုခြင်းဖြစ်သည် ‧ ဤ ဩဝါဒပါ ဗာဗုလုန်သည် ရှင်ယောဟန်ရေးသားခဲ့သည်၊ ဗာဗုလုန်မြို့နှင့်မသက်ဆိုင်သလို ထိုဗျာဒိတ်ကျမ်းကိုမရေးမီနှစ် (၃၀ ) ခန့်တွင်ရေးသားခဲ့ခြင်းဖြစ်ပေသည်။

သမ္မာကျမ်းစာ၏ မည်သည့်ကျမ်းပိုဒ်ကမျှ ရှင်ပေတရုသည် ရောမမြို့သို့သွားခဲ့ကြောင်း မဖော်ပြခဲ့ပေ ကျမ်းပိုဒ်ပေါင်းများစွာက ရှင်ပေတရုသည် ရောမမြို့၌မနေခဲ့ဘူးကြောင်းသာ ဖော်ပြခဲ့သည်၊ ရော ၁၆၌ ရှင်ပေါလုသည် ရောမမြို့ရှိ ခရစ်ယန်များစွာတို့ကို အမည်နှင့်တကွ နှုတ်ဆက်ခဲ့သော်လဲ ရှင်ပေတရုအမည်ကိုမူ မတွေ့မြင်ရချေ ‧ ရှင်ပေါလုရောမမြို့သို့ရောက်ချိန်ကလဲ ရှင်ပေတရုမရှိခဲ့ချေ (တ ၂၈း၁၆–၂၄) ရှင်ပေါလုရောမမြို့အကျဉ်းထောင်မှရေးခဲ့သော ဩဝါဒစာများတွင်လဲ ရှင်ပေတရုရောမမြို့၌ရှိသည်ဟူ၍ ဆိုစဉ်းမျှမပါခဲ့ချေ ‧ ရောမအကျဉ်းထောင်မှ ပေါလုရေးခဲ့သော တိမောသေဩဝါဒစာ ဒုတိယစောင်ကို (၄း၁၁ )၌ လုကာတယောက်သာငါနှင့်ရှိသည်ဟုရေးခဲ့သည်။

ရှင်ပေတရုကား သူ၏ညီဖြစ်သူ အန္ဒြေကြောင့်ခရစ်တော်ထံရောက်ခဲ့သူဖြစ်သည် (ယော ၁း၄၁–၄၂ ) ‧ ခရစ်တော်ကိုစတင်လက်ခံချိန်၌ ရှင်ပေတရုသည် ဂါလိလဲနယ်၌ တံငါသည်အဖြင့်အသက်မွေးနေသူဖြစ်သည်၊ သူသည် ခရစ်တော်၏ရွေးကောက်သောတပည့်တော် (၁၂ )ဦးအနက် ပထမဦးဆုံးသူဖြစ်သည် ယေရှုသည် ပေတရု၏ယုံကြည်မှုအပေါ်တွင် အသင်းတော်တည်ဆောက်ခဲ့သည် ယုံကြည်ခြင်းကားကျောက်ဖြစ်သတည်း – ပေတရုအပေါ်တွင်မတည်ဆောက်ခဲ့ပါ (၁ကော ၃း၁၁ )

ဤ ဩဝါဒစာ၏ ရည်ရွယ်ချက်မှာ ခရစ်ယန်တို့၏မျှော်လင့်ချက်သည် အသက်ရှင်သန်နေသောမျှော်လင့်ချက်ဖြစ်သည် ၊ မဖေါက်ပြန်မပျက်ဆီးနိုင်သော အရာဖြစ်သည် ၊ မလွဲဧကန်ရမည့်အမွေလဲဖြစ်သည်ကို ရည်ရွယ်ဖေါ်ပြခဲ့သည် ။ ဤ ဩဝါဒစာ၏ မှာကြားချက်နှင့်မိတ်ဆက်ခြင်းများစွာတို့၌ ခရစ်ယန်အသစ်များကို ယုံကြည်ခြင်းခိုင်မြဲတက်ကြွစေရန်ကူညီကြဖို့ မေတ္တာရပ်ခံချက်များပါရှိသည်။

## ၁။ ဘုရားရှင်၏ ကယ်တင်ခြင်း

*နှုတ်ကပတ်တော်၏ အသေးစိတ်ဖေါ်ပြထားချက် (၁ပေ ၁)*

ကျ၊ ကျွန်ုပ်တို့ရရှိသော ကယ်တင်ခြင်း၏ အခြေခံအရင်းအမြစ် – – စုံလင်သောသုံးပါးတဆူ
- ၁‧ ခမည်းတော်ဘုရား၏ ရွေးကောက်ခြင်း (၁း၂ )
- ၂‧ သားတော်၏ ဝယ်ယူခြင်း (၁း၂ )
- ၃‧ ဝိညာဉ်တော်၏ သန့်ရှင်းစေခြင်း (၁း၂ )

ခ၊ ကျွန်ုပ်တို့ခံစားရရှိသော ကယ်တင်ခြင်း၏ ကောင်းချီးမင်္ဂလာ (၁း၃–၄ )
- ၁‧ ရှင်သန်နေသောမျှော်လင့်ခြင်း (၁း၃ ) (ခရစ်တော်အသက်ရှင်နေသည် )
- ၂‧ နောက်ဆုံးသောမျှော်လင့်ခြင်း (၁း၄ ) (ရွှေငွေမဟုတ် ကောင်းကင်ဘုံ )

ဂ၊ ကျွန်ုပ်တို့ခံစားရရှိသော ကယ်တင်ခြင်းကို အာမခံထားမှု (၁း၅ )

ဃ၊ ကျွန်ုပ်တို့ခံစားရရှိသည့် ဒုက္ခဆင်းရဲများ (၁း၆–၉ )
- ၁‧ ထိုဒုက္ခများသည် မလွဲမသွေကျရောက်မည် (၁း၆ )
- ၂‧ ထိုဒုက္ခများ၏ အကျိုးကျေးဇူး
  - က – ခရစ်တော်အပေါ် ယုံကြည်မှုခိုင်ခံ့စေသည် (၁း၇ )
  - ခ – ခရစ်တော်အပေါ် အချစ်များပြားစေသည် (၁း၈ )

င၊ ကျွန်ုပ်တို့ရရှိသော ကယ်တင်ခြင်းနှင့် ဓမ္မဟောင်းကာလပရောဖက်များ (၁း၁၀–၁၂ )
- ၁‧ ပရောဖက်များစေ့စေ့စပ်စပ်စစ်ဆေးကြခြင်း (၁း၁၀ )

၂. ပရောဖက်များသိလိုသောအကြောင်းရာ – – – ခရစ်တော်၏ဝိညာဉ် (၁း၁၁ )
၃. ပရောဖက်တို့၏ အတိုချုပ်မှတ်သားချက် (၁း၁၁–၁၂ )
က – ခရစ်တော်၏ ပထမကြွလာခြင်းအပေါ်သူတို့ဟောပြောကြားချက်
*– ခရစ်တော် ခံရတော်မူသော ဆင်းရဲခြင်း – (၁း၁၁)*
ခ – ခရစ်တော်၏ ဒုတိယကြွလာခြင်းအပေါ် သူတို့ဟောကြားချက်
*– ဝင်စားတော်မူသော ဘုန်းစည်းစိမ် – (၁း၁၁)*
ဃ၊ ကျွန်ုပ်တို့ခံစားရရှိသော ကယ်တင်ခြင်းနှင့် ကောင်းကင်တမန်များ (၁း၁၂ )
င၊ ကျွန်ုပ်တို့ခံစားရရှိသောကယ်တင်ခြင်းနှင့် သင့်တော်သောလုပ်ဆောင်သင့်သည့်အချက်များ (၁း၁၃ –၁၇)
၁. ကျွန်ုပ်တို့သဋ္ဌိဋ္ဌာန် (၁း၁၃ )
၂. ကျွန်ုပ်တို့ ငြင်းပယ်ရမည့်အချက် (၁း၁၄ )
၃. ကျွန်ုပ်တို့ သန့်ရှင်းရမည် (၁း၁၅–၁၆ )
စ၊ ကျွန်ုပ်တို့ခံစားရရှိသော ကယ်တင်ခြင်းကို ကြီးမားစွာတန်ဘိုးပေးခဲ့ရမှု (၁း၁၈–၂၂ )
၁. ကြီးမားသောတန်ဖိုး – – – – – – – ခရစ်တော်၏အသွေး (၁း၁၈–၁၉ )
၂. ကြီးမားသော အစီစဉ် (၁း၂၀ )
ဆ၊ ကျွန်ုပ်ခံစားရရှိသောကယ်တင်ခြင်းကို သယ်ဆောင်လာသူ = ဘုရား၏နှုတ်ကပတ်တော် (၁း၂၃–၂၅ )

## ၂။ ဘုရားရှင်၏ ကယ်တင်ခြင်း

*သန့်ရှင်းသူတို့၏ တာဝန်များ (၂း၁ – ၃း၁၂ )*

က၊ ကျွန်ုပ်တို့မှ ဘုရားရှင်နှုတ်ကပတ်တော်အပေါ် တာဝန်သိစွာ တုံ့ပြန်ရမည့်အချက် (၂း၁ ၊ ၂ )
ခ၊ ကျွန်ုပ်တို့မှ ဘုရားရှင်၏သားတော်အပေါ် တာဝန်သိစွာ တုံ့ပြန်ရမည့်အချက်များ (၂း၃ – ၁၀၊ ၂၁ )
၁. ဆက်စပ်ပက်သက်နေမှု
က – ခရစ်တော်သည် အောက်ပါသူတို့အတွက် အောက်ပါအတိုင်း
(၁) မယုံကြည်သူများ ။ ။ ထိမိ၍လဲစရာကျောက် ၊ မှားယွင်းစရာကျောက်(၂း၇–၈ )
(၂) ယုံကြည်သူများ ။ ။ အသက်ကျောက်မြစ် ၊ တိုက်ထွင့်ဖျား ရောက်သော ကျောက်(၂ း၅ – ၇ )
ခ – ခရစ်ယာန်တို့သည် အောက်ပါနှင့် အတိုင်းဖြစ်ကြသည်။
(၁) အသက်ရှင်နေသောကျောက် (၂ း၅ )
(၂) ရွေးချယ်ခံရသော အမျိုးအနွယ် (၂ း၉ )
(၃) ယဇ်ပရောဟိတ်မင်းမျိုး (၂း၉ ) (ဘုရားရှင်နှင့်တိုက်ရိုက်ဆက်သွယ်နိုင်မည် )
၂. လိုက်နာရန် စည်းကမ်းများ
က – ကျွန်ုပ်တို့သည် ဘုရားရှင်လက်ခံနိုင်မည့် ဝိညာဉ်ရေးရာနှင့်ပါတ်သက်သော နစ်သက်ဖွယ် ယဇ်ကို ပူဇော်ရမည် ( ၂ း၅ )
ခ – ကျုနုပ်တို့သည် ဘုရားရှင်၏ဘုန်းတော်ကို ကြေညာရမည် ( ၂း၉ )
ဂ – ကျုနုပ်တို့သည် ကိုယ်တော်၏ ခြေတော်ရာကို လျှောက်လိုက်ရမည် ( ၂း၂၁၊ ၂၅ )
ဂ၊ ကျုနုပ်တို့သည် မယုံကြည်သူများသို့ ကောင်းသော ကိုယ်၊ နှုတ်အမူအရာ ပြရမည် ( ၂း၁၂ )
ဃ၊ ကျုနုပ်တို့သည် အစိုးရ၊ အုပ်ချုပ်သူများကို လေစား၍ ကောင်းသော ကိုယ်၊ နှုတ်အမူအရာ ပြရမည်။ ( ၂း၁၃–၁၇ )
င၊ ကျုနုပ်တို့သည် ကျုနုပ်တို့၏ငယ်သားများကို ကောင်းသောကိုယ်၊ နှုတ်အမူအရာပြရမည်( ၂း၁၈–၂၀ )
စ၊ ကျုနုပ်တို့သည် မိမိအိမ်တွင်းမိသားစု၌ ကောင်းသော ကိုယ်၊ နှုတ်အမူအရာ ပြရမည် ( ၃း၁–၁၂ )
၁. ဇနီး ( ၃း၁–၆ )
က– နေထိုင်ပုံနှင့် ဟန်ပန်သဘောထား ( ၃း၁–၂ )
ခ– ဝတ်စားဆင်ယင်မှု ( ၃း၃–၄ )
ဂ– နမူနာများ ( ၃း၅–၆ )
၂. ခင်ပွန်း ( ၃း၇ )
၃. ပြည့်စုံသောမိသားစု ( ၃း၈–၁၂ )

## ၃။ ဘုရားရှင်ကယ်တင်ခြင်း

*ဒုက္ခခက်ခဲခြင်းမှရနိုင်သော အကျိုးကျေးဇူးများ (၃း၁၃ – ၄း၁၉)*

က၊ ဒုက္ခခက်ခဲများသည် အပြစ်သားကို ဖြောင့်မတ်သူဖြစ်အောင် လုပ်ခြင်းဖြစ်သည်
- ၁. ခရစ်တော်၏ ကားတိုင်ပေါ်၌ လုပ်ဆောင်ခဲ့ပုံ ( ၃း၁၈ )
- ၂. ခရစ်တော်၏ မြေအောက်ကမ္ဘာ၌ လုပ်ဆောင်ခဲ့ပုံ ( ၃း၁၉–၂၀ )
- ၃. ခရစ်တော် ကောင်းကင်ဘုံ၌ လုပ်ဆောင်ခဲ့ပုံ ( ၃း၂၂ )

ခ၊ ဒုက္ခခက်ခဲများသည် ယုံကြည်သူကို သန့်စင်စေသည်
- ၁. ကောင်းသောယုံကြည်သူနှင့် ပါတ်သက်၍
  - က– နှုတ်ကပါတ်တော်၌ ရင့်သန်ရန် သူ့အား ပေးခြင်းဖြစ်သည် ( ၄း၁၊ ၁၄–၁၉ )
  - ခ– နှုတ်ကပါတ်တော်မှ အဖြေရရန် သူ့အား ပေးခြင်းဖြစ်သည် ( ၃း၁၅–၁၇ )
- ၂. သွေးသားတပ်မက်သော ယုံကြည်သူနှင့်ပါတ်သက်၍
  - က– သွေးသားတပ်မက်ခြင်းမှ အမြင်မှန်သိမြင်နောင်တရ၍ အမှန်တရားဆီသို့ပြန်လာရန်(၄း၁၅)
  - ခ– ဘုရားရှင်၏ သန့်ရှင်းမှု စည်းအတွင်းသို့ ပြန်လာရန် ( ၄း၁၇–၁၈ )

ဂ၊ ဒုက္ခအခက်အခဲအားဖြင့် ခရစ်တော်၏ ပြန်ကြွလာခြင်းကို မြော်လင့်သူဖြစ်လာသည် ( ၄း၇ )

ဃ၊ ဒုက္ခအခက်အခဲကြောင့် အမှားကို ခွဲခြား သိမြင်လာသည် ( ၄း–၅ )

င၊ ဒုက္ခအခက်အခဲများက အနာဂတ်ယုံကြည်သူများကို စစ်ဆေးပွဲ၌ အကျိုးရှိစေသည် (၄း၁၂–၁၃ )

စ၊ ဒုက္ခအခက်ခဲများက မြေပြင်ရှိအသင်းတော်ကို တလုံးတဝတည်း ညီညွတ်စေသည် (၄း၈–၁၀ )

ဆ၊ ဒုက္ခအခက်ခဲများကြောင့် ဘုရားရှင်ကို ဂုဏ်တော်ချီးမွမ်းရာဖြစ်စေသည် (၄း၁၁ ၊ ၁၆ )

## ၄။ ဘုရားရှင်၏ ကယ်တင်ခြင်း

*အမှုတော်ဆောင်ရခြင်းသည် ဝမ်းမြောက်ဖွယ်ဖြစ်သည် (၅း၁–၁၄)*

က၊ သိုးထိန်းကဲ့သို့ အမှုတော်ဆောင်ခြင်း (၅ း၁ – ၁၄ )
- ၁. တာဝန်ကြီးသည် (၅ း၁ – ၃ )
- ၂. ပြန်စစ်ဆေး၍ ဆုပေးမည် (၅ း ၄ )

ခ၊ အစေခံခဲ့သို့သော အမှုတော်ဆောင်ပါ (၅ း ၅ – ၇ )
- ၁. ယုံကြည်သူအချင်းချင်း အစေခံကဲ့သို့ဆက်ဆံပါ (၅ း ၅ )
- ၂. ကယ်တင်ရှင်ကို ရိုကျိုးနှိမ့်ချစွာ ဆက်ဆံပါ (၅ း၆ ၊ ၇ )

ဂ၊ စစ်သားသို့အမှုတော်ဆောင်ပါ (၅ း၈ – ၁၁ )
- ၁. လုယက်ဖျက်ဆီးသောင်းကျန်သူ
  - – *သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိသည် – (၅း၈)*
- ၂. အစီစဉ်ချထား ပြင်ဆင်မှု
  - – *လူပြည်အရပ်ရပ်တို့၌ရှိသော သင်တို့ညီအကိုများတို့သည် ထိုသို့သောဆင်းရဲကို ခံရကြသည်ဟု သိမှတ်လျက် ယုံကြည်ခြင်း၌တည်၍ မာရ်နတ်ကို ဆီးတားကြလော့ – (၅း၉)*
- ၃. မှာကြားချက်
  - – *ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ထာဝရဘုန်းအသရေတော်သို့ ခေါ်တော်မူသော ခပ်သိမ်းသောကျေးဇူးကိုပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသောသင်တို့ကို စုံလင်တည်ကြည် ခိုင်ခံ့ မြဲမြံစေတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင် – (၅း၁၀–၁၁)*

# ရှင်ပေတရုဩဝါဒစာ (ဒုတိယစောင် )

ဤ ဩဝါဒစာကို ရှိမုန်ပေတရု လက်မှတ်ရေးထိုးရေးသားထားခဲ့ခြင်းဖြစ်သည်။ သူက သူ၏ဩဝါဒပထမစောင်ကို ဖတ်ရှုသူများအား မိမိသည်သခင်ယေရှုနှင့်အတူရှိခဲ့ဘူးသူဖြစ်ကြောင်း ၊ တောင်ပေါ်၌ယေရှုအဆင်းသဏ္ဍာန်ပြောင်းချိန်၌ မိမိကိုယ်တိုင်ယေရှုနှင့်အတူရှိကြောင်းများ သိစေခဲ့သည် (၁း၁၆–၁၈ )

ဤ ဩဝါဒစာကို ရှင်ပေတရုက အာရှမိုင်းနား (အနောက်အာရှ )ရှိ ခရစ်ယန်များသို့ မိမိမသေမီအချိန်ကလေးတွင်ရေးခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည် (၁း၁၄ ) ဤ ဩဝါဒစာသည် ရှင်ပေတရု၏ နောက်ဆုံးသောဩဝါဒစာဖြစ်သည် အားလျော်စွာသူ၏နောက်ဆုံးနှုတ်ဆက်ခြင်းနှင့် ခရစ်ယန်များသို့နောက်ဆုံးမှာကြားချက်များပါဝင်သည်၊ ယုံကြည်သူများသို့ ယုံကြည်ခြင်းခိုင်မြဲကြရန် ၊ သန့်ရှင်းစင်ကြယ်ကြရန်နှင့် မျှော်လင့်ခြင်းကြီးမားကြ၍ ခရစ်တော်၏ ကျေးဇူးတော်၌ တိုးတက်ကြရန်မှာကြားခဲ့သည်။

ဤ ဩဝါဒစာကိုပထမစောင်ကဲ့သို့ပင် ဗာဗုလုန်မြို့မှရေးသားခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်နိုင်ပေသည်၊ ရှင်ပေတရုသည် ဌါနေသို့မပြန်ကြသော ဗာဗုလုန်မှဂျူးများသို့ ဧဝံဂေလိတရားဟောပြောရန် ဗာဗုလုန်မြို့၌ နေခြင်းဖြစ်သည်။

တမန်တော်ဝတ္တု (၁၅း၇ )နောက်ပိုင်းမှစ၍ရှင်ပေတရုသည် ယေရုရှလင်မြို့တဝိုက်သို့ပြန်ခဲ့ကြောင်းတကြိမ်တခါမျှ မတွေ့ရတော့ချေ၊ ရှင်ပေတရုမည်သည့်နေရာ၌ မည်သို့မည်ပုံသေဆုံးခဲ့သည်ကိုကား ကျွန်ုပ်တို့မသိရှိရပေ

ဤ ဩဝါဒစာ၌ နောက်ဆုံးသောနေ့ခံစားရမည့် ဒဏ်ကာလကြီး၌ရှိသော ယုံကြည်ခြင်းအစစ်မှန်အကြောင်း ရှင်းပြရေးသားထားခဲ့သည်။

## ၁။ ဘုရားရှင်၏တန်ခိုးတော်အကြောင်း ကြေညာမောင်းခတ်ခြင်း (၁း၁–၃ )

– *ငါတို့ကို ဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသောဘုရားကို သိသောဉာဏ်အားဖြင့် ငါတို့အား အသက်ရှင်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သော အရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ – (၁း၃)*

## ၂။ ဘုရားရှင်၏ ဂတိတော်များကို ထုတ်ဖော်ချီးမွမ်းခြင်း

– *အလွန်ကြီးမြတ်၍ အဘိုးထိုက်သောဂတိများကို ငါတို့၌ အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုဂတိတော်များကိုအမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကတိကို ဆက်ဆံရသောသူ ဖြစ်ကြမည်အကြောင်းတည်း – (၁း၄)*

**က၊ ဂတိတော်များ**

– *ထိုသို့အလိုငှါ သင်တို့သည် ယုံကြည်ခြင်း၌ သီလကိုငှင်း၊ သီလ၌ ပညာကိုငှင်း၊ ပညာ၌ ကာမဂုဏ်ချုပ်တည်းကိုငှင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်းကိုငှင်း၊ သည်းခံခြင်း၌ ဘုရားဝတ်ကိုပြု၍ မွေ့လျော်ခြင်းကိုငှင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအကို စုံမက်ခြင်းကိုငှင်း၊ ညီအကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုငှင်း၊ အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့ – (၁း၅–၇)*

**ခ၊ ထိုဂတိတော်များပေးရခြင်း၏ အကြောင်းရင်း (၁း၈–၉ )**

**၁. ခရစ်တော်ကို သိကျွမ်းခြင်း၌ အကျိုးရှိစေရန် (၁း၈ )**

**၂. လူကန်းမဖြစ်စေရန် (၁း၉ )**

## ၃။ ဘုရားရှင်၏ ခေါ်တော်မူခြင်းကို ဆန်းစစ်ခြင်း ( ၁း၁၀–၁၂ )

– *ညီအကိုတို့ သင်တို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှါ သာ၍ ကြိုးစားအားထုတ်ကြလော့။ သို့ပြုလျှင် ရွေ့လျော့ခြင်းနှင့် အစဉ်ကင်းလွတ်သည် – (၁း၁၀)*

## ၄။ ဘုရားရှင်၏ တမန်တော်သို့ ဗျာဒိတ်ပေးခြင်း

– *ငါတို့သခင်ယေရှုခရစ်သည် ဗျာဒိတ်ပေးတော်မူသည်အတိုင်း ငါတည်းခိုရာတဲကို မကြာမမြင့်မှီ ငါပစ်သွားရမည်အရာကို ငါသိမှတ်၍ ဤတဲ၌ရှိနေစဉ်ကာလပတ်လုံး သင်တို့ကိုသတိပေး၍ နှိုးဆော်အပ်သည်ဟု သဘောရှိ၏ – (၁း၁၃–၁၄)*

## ၅။ ဘုရားသားတော်၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း ( ၁း၁၆–၁၈ )

– *ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်ကိုင်၎င်း၊ ကြွလာတော်မူခြင်းကိုင်၎င်း၊ သင်တို့အားကြားပြောသောအခါ ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီစကားကိုမလိုက်၊ ဘုန်းအာနုဘော်တော်ကို ကိုယ်တိုင်မြင်သောသူဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟူသော အသံတော်သည် ထူးမြတ်သောအရောင်အဝါတော်ထဲက ထိုသခင်သို့ရောက်သောအခါ ခမည်းတော်ဘုရားသခင့်အထံတော်မှ ဂုဏ်အသရေ ဘုန်းအာနုဘော်ကို ခံရတော်မူ၏။ ကောင်းကင်ကရောက်လာသော ထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာ သခင်ဘုရားနှင့်အတူရှိသောအခါ ကြားရကြ၏ –*

## ၆။ ဘုရားရှင်၏ နှုတ်ကပတ်တော်နှင့်ပါတ်သက်သော နှိုးဆော်ချက် (၁း၁၉–၂၁ )

က၊ ဤ အရာသည် အလွန်အရေးကြီးသည် (၁း၁၉ )
ခ၊ ဤ အရာသည် အနက်အဓိပ္ပါယ်များဖြင့်ပြည့်စုံသည် (၁း၂၀ )
ဂ၊ ဤ အရာသည် အသိပေးမှုများဖြစ်သည် (၁း၂၁ )

## ၇။ ဘုရားရှင်၏ ရန်သူများ ( ၂း၁ – ၃း၄ )

– *ချစ်သူတို့ ဤဒုတိယသြဝါဒစာကို သင်တို့အား ယခုငါရေး၍ပေးလိုက်၏။ သန့်ရှင်းသောပရောဖက်တို့သည် အထက်ကဟောပြောသောစကားများကိုင်၎င်း၊ ကယ်တင်တော်မူသောအရှင် သခင်ဘုရား၏ တမန်တော်ဖြစ်သော ငါတို့၏ပညတ်ကိုင်၎င်း သင်တို့သည်အောက်မေ့စေခြင်းငှါ ဤစာနှစ်စောင်၌ သင်တို့၏ ကြည်ဖြူသောစိတ်ဝိညာဉ်တို့ကို ငါသတိပေး၍ နှိုးဆော်၏ – (၃း၁–၂)*

က၊ ထိုရန်သူများကိုသာ ထင်ရှားစေခြင်း
- ၁. အတိတ်ကာလ
  - က – ကောင်းကင်တမန်ဆိုးများ (၂း၄ )
  - ခ – နောဧကာလရှိလူများ (၂း၅ )
  - ဂ – လောတနေရက်မှ လူများ (၂း၆–၉ )
  - ဃ – မိစ္ဆာပရောဖက်များ (၂း၁ ၊ ၁၅ ၊၁၆ )
- ၂. အနာဂါတ်ကာလ
  - က – မိစ္ဆာဆရာများ (၂ း၁ )
  - ခ – ပျက်ယယ်ပြုတတ်သူများ (၂း၁ ၊ ၁၅ ၊၁၆ )

ခ၊ ထိုရန်သူများ၏ ဆိုးညစ်မှုများ
- ၁. သြဝါဒအသစ်ကို သွန်သင်ကြခြင်း (၂ း၁ )
- ၂. ခရစ်တော်ကိုငြင်းပယ်ကြသည် (၂း ၁ )
- ၃. သွေးသားတက်မက်မှုနှင့်ညစ်ညူးသောအကျင့်ကို ကျင့်ကြသည် (၂ း၂–၁၀ ၊ ၁၄ )
- ၄. သမ္မာတရားမှ လမ်းလွဲသူများဖြစ်ကြသည် (၂ း၂ )
- ၅. လောဘကြီးသော ဇာတိပကတိလူဖြစ်ကြသည် (၂ း၃ )
- ၆. ကိုယ်ကျိုးရှာသမားဖြစ်ကြသည် (၂ း၃ )
- ၇. အာဏာရှိသူများကို မထင်မဲ့မြင်ပြုကြသည် (၂ း၁၀ ) (တိုင်းပြည် ဥပဒေကိုမလိုက်ကြ )
- ၈. ကိုယ့်အလိုလိုက်သောသူဖြစ်ကြသည် (၂း၁၀ )
- ၉. အသိဉာဏ်မဲ့သော တိရစ္ဆာန်ကဲ့သို့ ဖြစ်ကြသည် (၂ း၁၂ )
- ၁၀. မသိနားမလည်ဘဲ ငြင်းခုံသူများဖြစ်သည် (၂း၁၂ )
- ၁၁. အပျော်အပါးလိုက်စားသူများဖြစ်ကြသည် (၂ း၁၃ )
- ၁၂. လမ်းမှားပို့သူများဖြစ်သည် (၂း၁၃ )
- ၁၃. မကောင်းမှုဖြင့် အရာရာကိုအကောင်းမြင်သူများဖြစ်သည်၊ (မိမိလုပ်ရပ်ကို အားပေးပါက ဘုရားအားလုံးကို ကိုးကွယ်သည် ) (၂း၁၄ )
- ၁၄. မှန်သောလမ်းမှ ခွဲထွက်သူများဖြစ်သည် (၂ း၁၅ )
- ၁၅. မတည်ငြိမ်သော တိမ်များဖြစ်သည် (၂ း၁၇ )
- ၁၆. ရေမရှိသောရေတွင်းဖြစ်သည် (၂ း၁၇ )
- ၁၇. ပျက်ယယ်ပြုသူများဖြစ်သည် (၂ း၁၈ )

၁၈. လွတ်ပြီဟုပြောသောလဲ မကောင်းမှု၏ ကျွန်ဖြစ်နေသေးသူဖြစ်သည် (၂း၁၉ )
၁၉. မိမိသိထားသော လမ်းမှန်ကိုစွန့်ပစ်သူ (၂း၂၁ )
၂၀. ခွေးဝက်ဖြစ်သည် (၂း၂၂ )
၂၁. ခရစ်တော်ပြန်ကြွလာမည့်ကိစ္စကို ပျက်ယယ်ပြုသူများဖြစ်သည် (၃း၃-၄ )
၂၂. အတိတ်ကာလမှ ကျမ်းစာပါ အဖြစ်ပျက်များကို မေ့လျော့နေသော လူပိန်းများဖြစ်သည် (၃း၅ )

## ၈။ အတိတ်ကာလကမ္ဘာကို ဘုရားရှင်အပြစ်ဒါဏ်စီရင်ခဲ့ခြင်း

*- ရှေးကာလက မိုးကောင်းကင်ကိုင်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သောမြေကြီးကိုင်း၊ ဘုရားသခင်၏နှုတ်က ပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့် ဖြစ်ဘူးသောလောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမြှုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ - (၃း၅-၆)*

## ၉။ ပစ္စုပ္ပန်ကမ္ဘာကို ဘုရားရှင်ချေမှုန်းဖျက်ဆီးမည့်အကြောင်း (၃း၇-၁၂ )

*- မိုးကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက် အရည်ကျိုခြင်းကိုခံရသော နေ့တည်းဟူသော ဘုရားသခင်၏နေ့ ရောက်လိမ့်မည်ဟု သင်တို့သည် မြော်လင့်တောင့်တလျက် သန့်ရှင်းသောအကျင့်ကို ကျင့်ခြင်း ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူ ဖြစ်အပ်ကြသနည်း - (၃း၁၂)*

## ၁၀။ ကမ္ဘာသစ်ကို ဘုရားရှင်ဖန်ဆင်းမည့်အကြောင်း (၃း၁၃-၁၈ )

က၊ ထိုကမ္ဘာသစ်ကို မျှော်လင့်ခြင်း (၃း၁၃-၁၄ )
ခ၊ ထိုကမ္ဘာသစ်အတွက် ပြင်ဆင်ထားရန်
၁. သမ္မာကျမ်းစာကိုလေ့လာပါ (၃း၁၅-၁၇ )
၂. ခရစ်တော်နှင့်အတူကြီးပွားပါ

*- ကျေးဇူးတော်၌၄င်း၊ ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၄င်း၊ ကြီးပွါးကြလော့။ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေ ရှိတော်မူစေသတည်း။ အာမင် - (၃း၁၈)*

# ရှင်ယောဟန်ဩဝါဒစာ ပထမစောင်

ဤဩဝါဒစာ၏ အကြောင်းအရာဖေါ်ပြချက်များသည် မိသဟာယဖြစ်ခြင်းကိုအထူးရည်ရွယ်သည်

## ၁။ ထိုမိသဟာယဖြစ်ခြင်း၏ မြစ်ဖျားခံရာအစ

က၊ ယေရှုခရစ်တော်၏ လူ့အဖြစ်ကိုယူခြင်း (၁း၁-၂ ၊ ၃း၅ ၊၈ )
ခ၊ ယေရှုခရစ်တော်၏ အသေခံ၏ ပြစ်ကြွေးပေးဆပ်ခြင်းဖြင့် ကြားဝင်ဖြန်ဖြေပေးခြင်း (၂ း၂ ၊၃း၁၆ ၄း၉ - ၁၀ ၊၁၄ )

## ၂။ ထိုမိသဟာယဖြစ်ခြင်း၏ ရည်ရွယ်ချက်။

က၊ ကျနုပ်တို့သည် ခမည်းတော်ဘုရားရှင်အား ပိုမိုသိရှိလာနိုင်ရန်
၁. ခမည်းတော်ဘုရားရှင်သည် အလင်းဖြစ်တော်မူသည် (၁း၅ )
၂. ခမည်းတော်ဘုရားရှင်သည် ဖြောင့်မတ်သူဖြစ်တော်မူသည် (၃း၇ )

၃. ခမည်းတော်ဘုရားရှင်သည် အလုံးစုံကို သိရှိတော်မူသည် (၃း၂၀ )
၄. ခမည်းတော်ဘုရားရှင်သည် ချစ်ခြင်းမေတ္တာတော်ရှင် ဖြစ်တော်မူသည် (၄း၈ ၊ ၁၆ )
၅. ခမည်းတော်ဘုရားရှင်သည် မျက်စိဖြင့်မြင်၍ မရသောအရှင်ဖြစ်တော်မူသည် (၄း၁၂ )
၆. ခမည်းတော်ဘုရားရှင်သည် အသက်ဖြစ်တော်မူသည် (၅း၁၁-၁၂ )

ခ၊ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားရှင်ကို ချစ်လာနိုင်ရန်နှင့်သူ၏ ချစ်ခြင်းမေတ္တာကိုလဲ နားလည်သဘောပေါက်လာနိုင်ရန်ဖြစ်သည် (၃း၁၆ ၊ ၄း၁၉ )
ဂ၊ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားရှင်၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အချင်းချင်း၌လဲ ပြည့်ဝစုံလင်ဖြစ်ပေါ်ပွားများလာနိုင်စေရန်ဖြစ်သည် (၂း၅ ၊ ၄း၁၂ )
ဃ၊ ကျွန်ုပ်တို့သည် ဘုရားရှင်၏မိသားစု (အသင်းသားညီအကို ) ကိုချစ်နိုင်ရန် (၃း၁၁ ၊၂၃ ၊၄း၇ ၊၁၁ )
င၊ ကျွန်ုပ်တို့သည် စုံလင်သောဝမ်းမြောက်ခြင်းအတွက် အတွေ့အကြုံများရရှိကြစေရန် (၁း၄ )
စ၊ ကျွန်ုပ်တို့သည် စိတ်ချမှုရရှိစေရန်
၁. ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့်ပတ်သက်၍ (၅း၁၃ )
၂. ကျွန်ုပ်တို့၏ ဆုတောင်းချက်များနှင့်ပတ်သက်၍ (၃း၂၂ ၊၅း၁၄ ၊၁၅ )

## ၃။ မိသဟာယဖွဲ့ခြင်း၌ လိုက်နာရမည့်စည်းကမ်း

က၊ အလင်းနှင့်ရှောက်ပါ (၁း၇ )
ခ၊ ကျွန်ုပ်တို့အပြစ်ရှိကြောင်း ဝန်ခံအသိမှတ်ပြုပါ (၁း၈ )
ဂ၊ ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချတောင်းပန်ပါ (၁း၉ )
ဃ၊ ပညတ်တော်များကို ထိန်းသိမ်းလိုက်နာပါ (၂း၃-၈ ၊၅း၂-၃ )
၁. ပညတ်ဟောင်း (၂း၇ ) မိမိကိုယ်ကိုချစ်သကဲ့သို့ တပါးသူကိုချစ်ပါ(ဝတ် ၁၉း၃၄ ၊တရား ၁၀း၁၉ )
၂. ပညတ်သစ် . ခရစ်တော်သင့်ကိုချစ်သလို တပါးသူအပေါ်ချစ်ပါ

– *တဖန်တုံ ပညတ်သစ်ကို သင်တို့အား ငါရေးထား၏။ ထိုသခင်အားဖြင့်၎င်း၊ သင်တို့အားဖြင့်၎င်း၊ အသစ်မှန်ပေ၏။ အကြောင်းမူကား မှောင်မိုက်ပျောက်လွင့်၍ မှန်သောအလင်းသည် ထွန်းတောက်လျက်ရှိသည် – (၂း၈)*

င၊ ခရစ်တော်၌ တည်ပါ (၂း၂၈ )
စ၊ လောကီအညစ်အကြေးနှင့်ကင်းအောင်နေပါ (၃း၁၇ )
ဆ၊ မိမိညီအကို၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးပါ (၃း၁၇ )

## ၄။ မိသဟာယဖြစ်မှု အပေါ်စစ်ဆေးခြင်း

က၊ ချီဆောင်ခံရချိန်၌ စစ်ဆေးပွဲ၌ မိမိသည် လောက၌နေစဉ်အခါ ကြိုးစားသန့်ရှင်းခဲ့ပါသလား ?

– *ချစ်သူတို့ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည်မြင်ရကြလတံ့။ ထိုသို့ မြော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ် သန့်ရှင်းစေတတ်၏ – (၃း၂-၃)*

ခ၊ မိမိသည် အပြစ်များကိုမပြတ်ပြုလုပ်၍ မွေ့ပျော်နေပါသလား ?

– *ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်ကို သင်တို့သည်သိလျှင် ဖြောင့်မတ်ခြင်းတရားကို ကျင့်သောသူမည်သည်ကား ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူဖြစ်သည်ကို သိရကြ၏ – (၂း၂၉)*

ဂ၊ မိမိသည် ငါ့ညီအကို (ယုံကြည်သူ )များကို မုန်းတီးပါသလား ?

– *တစုံတယောက်သောသူက ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအကိုကိုမုန်းလျှင် ထိုသူသည် မုသာကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအကိုကိုမချစ်လျှင် မမြင်သေးသော ဘုရားသခင်ကို အဘယ်သို့ ချစ်နိုင်မည်နည်း – (၄း၂၀)*

ဃ၊ မိမိသည် မိမိညီအကို (ယုံကြည်သူ )များကို ကူညီလိုသည့် ဆန္ဒရှိပါသလား (၃း၁၇ )
င၊ မိမိသည် မိမိညီအကို (ယုံကြည်သူ )များကို တကယ်ချစ်ပါသလား

– *မိမိညီအကိုကိုချစ်သောသူသည် အလင်း၌တည်နေ၏။ ထိမိ၍လဲစရာအကြောင်းသည် ထိုသူ၌မရှိ –(၂း၁၀)*

စ၊ မိမိသည် ဘုရားရှင်ကို တကယ်ချစ်ပါသလား

– *ငါတို့သည် ဘုရားသခင်ကိုချစ်၍ ပညတ်တော်တို့ကိုစောင့်ကြလျှင် ဘုရားသခင်၏သားတို့ကို ချစ်ကြသည်ကို ငါတို့သိရကြ၏ – (၅း၂)*

ဆ၊ မိမိသည် အခြားသော “ ဘုရားအမှုဆောင်များကိုချစ်ပါသလား

- *ငါတို့မူကား ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ဘုရားသခင်ကိုသိသောသူသည် ငါတို့စကားကို နားထောင်တတ်၏။ ဘုရားသခင်နှင့်မစပ်ဆိုင်သောသူသည် ငါတို့စကားကို နားမထောင်တတ်။ ထိုအရာကို ငါတို့သည်ထောက်၍ သမ္မာဝိညာဉ်ကိုငှင်း၊ မိစ္ဆာဝိညာဉ်ကိုငှင်း သိရကြ၏ – (၄း၆)*

ဇ၊ မိမိသည် အမြဲတစေကြောင့်ရှုံ့တတ်သူဖြစ်ပါသလား

- *ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ။ သံဝေဂသည် ပူပန်ခြင်းဝေဒနာကို ဖြစ်စေသောကြောင့် စုံလင်သောမေတ္တာသည် သံဝေဂကိုပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့်မပြည့်စုံသေး – (၄း၁၈)*

ဈ၊ မိမိသည် မှားယွင်းသောဒေသနာဟောသူ မိမိထံသို့လာရန်ယုံကြည်ခြင်းလမ်းလွဲစေခွင့် ပေးခဲ့ပါသလား?

- *ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား လူဇာတိအားဖြင့် ကြွလာတော်မူသောယေရှုခရစ်ကိုဝန်ခံသော ဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်စပ်ဆိုင်၏။ လူဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကိုဝန်မခံသော ဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်မစပ်ဆိုင် – (၄း၂–၃ က)*

ည၊ မိမိသည် ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်ဟု သေချာစိတ်ချယုံကြည်ခဲ့ပါသလား ?

- *သားတော်ကို ငြင်းပယ်သောသူမည်သည်ကား ခမည်းတော်ကိုမသိ။ သားတော်ကို ဝန်ခံသောသူမည်သည်ကား ခမည်းတော်ကိုသိ၏ – (၂း၂၃)*

ဋ၊ မိမိသည် သခင်ယေရှုခရစ်တော်၏ လုပ်ကိုင်ဆောင်ရွက်ခဲ့ပုံများကို မှန်ကန်စွာယုံကြည်ပါသလား ?

- *ကိုယ်တော်သည် ငါတို့၏အပြစ်များကို ဆောင်သွားခြင်းငှါ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏ / မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူဖြစ်သောကြောင့် အကြင်သူသည် ဒုစရိုက်ကိုပြု၏၊ ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ ဘုရားသခင်၏သားတော်သည် ထင်ရှား ပေါ်ထွန်းတော်မူ၏ – (၃း၅–၈)*

ဌ၊ မိမိ၌ သန့်ရှင်းသော ဝိညာဉ်တော်ကျိန်းဝပ်သည်ကို အသိမှတ်ပြုဝန်ခံပါသလား ?

- *ပညတ်တော်တို့ကို စောင့်သောသူသည် ဘုရားသခင်၌တည်၏။ ထိုသူ၌လည်း ဘုရားသခင်တည်တော်မူ၏။ ငါတို့အားပေးတော်မူသော ဝိညာဉ်တော်ကို ငါတို့အမှီပြု၍ ဘုရားသခင်သည် ငါတို့၌ တည်တော်မူသည်ကို သိရကြ၏ – (၃း၂၄)*

## ၅။ မိသဟာရဖြစ်မှုကို ဆက်လက်တည်မြဲရန်ထားခြင်း

က၊ ဤ မိသဟာယဖြစ်မှုကို ကောင်းကင်ဘုံရှိဘုရားရှင်၏ သားတော်ယေရှုအားဖြင့်ဆက်လက်တည်မြဲနေသည်။

၁. ယေရှုသည် ကျွန်ုပ်တို့အတွက် ကူညီအမှုဆောင်ပေးသောကြောင့်ဖြစ်သည် (၂း၁ )

၂. ယေရှုခရစ်သည် ကျွန်ုပ်တို့၏ ကျွန်ုပ်တို့၏အပြစ်ဖြေရန်အစေခံ သောကြောင့်ဖြစ်သည် (၂ း၂ )

ခ၊ ဤ မိသဟာယဖြစ်မှုသည် သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့၌ကိန်းဝပ်နေသောကြောင့် ဆက်လက်တည်မြဲနေသည် (၂ း၂၀ ၊ ၂၇ )

ဂ၊ ဤ မိသဟာယဖြစ်မှုသည် ကျွန်ုပ်တို့ကမိမိအပြစ်ကို ဝန်ချတောင်းပန်သောကြောင့် ဆက်လက်တည်မြဲနေသည် (၁း၈–၉ )

## ၆။ အသင်းသားမိသားစုများ မိသဟာယဖွဲ့ခြင်း ( ၃း၁ )

က၊ ကလေးငယ် (ယုံကြည်ခါစလူကိုဆိုလိုသည် ) ၂း၁၂–၁၃ )

ခ၊ လူပျို (ယုံကြည်ခဲ့မှုမှာ အတန်ကြာခဲ့ပြီဖြစ်သူ ) (၂ း၁၃–၁၄ )

ဂ၊ အဘ (ခရစ်တော်၌ ယုံကြည်ခြင်းကြီးသူ ) (၂ း၁၃–၁၄ )

## ၇။ မိသဟာယဖြစ်ခြင်း၏ရန်သူ (၂း၁၅ ၊ ၅း၁၉ )

က၊ လောက၏ စနစ်ထုံးစံဆိုးများ

၁. ထိုအကျင့်ဆိုးများကို ပိုင်ခြားခြင်း (၂း၁၆ )

က – ကာယတပ်မက်ခြင်း

ခ – မျက်စိတပ်မက်ခြင်း

ဂ – ကြွားဝါခြင်း

၂. ပျက်စီးခြင်း (၂း၁၇ )

ခ၊ လောကကို လှည့်ပတ်ဖြားယောင်းသူ (၂း၂၆)
၁. သူတို့၏ ပေါ်လာခြင်း (၂း၁၈)
၂. သူတို့ ဖေါက်ပြန်ခြင်း (၂း၁၉)
ဂ၊ မကောင်းဆိုးဝါး ဝိညာဉ်
၁. သူတို့၏ဝါဒ (၂း၂၂)
၂. သူတို့၏ မူလအမြစ် (၄း၁-၃)

## ၈။ ဤ မိသဟာယဖြစ်မှုကို သက်သေခံအသိမှတ်ပြုခြင်း (၅း၆-၈)
က၊ ကောင်းကင်ဘုံ၌ သက်သေခံအသိမှတ်ပြုသည် (၅း၇)
ခ၊ မြေကြီးပေါ်၌ သက်သေခံအသိမှတ်ပြုသည် (၅း၈) (ရေ = ယော ၃း၅)

## ၉။ ဤ မိသဟာယဖြစ်မှုမှ ဖယ်ရှားထားခြင်း (၅း၁၆-၁၇)

## ၁၀။ ဤ မိသဟာယဖြစ်မှုကို အားပေးမှုများ ။
က၊ ထာဝရအသက် ဂတိပေးထားသည် (၂း၂၅)
ခ၊ ခရစ်တော်ယေရှု ဒုတိယအကြိမ်ပြန်လာမည်ကို စိတ်ချမှုဖြစ်စေသည် (၂း၂၈)
ဂ၊ ကိုယ်ခန္ဓာအသစ်ဖြစ်ကြမည်ဟု ဂတိပေးထားသည် (၂း၂၈)
ဃ၊ တရားစီရင်ရာနေ့၌ ရဲရင့်မှုရစေမည် (၄း၁၇)
င၊ ကြောက်ရွံ့ခြင်းကင်းသော သက်တာဖြစ်စေသည် (၃း၁၉ ၊ ၂၁ ၊၄း၁၈)

# ရှင်ယောဟန်ဩဝါဒ ဒုတိယစောင်

ဤ ဩဝါဒစာသည် ရှင်ယောဟန်က ရွေးကောက်ခံရသူ အမျိုးသမီးထံသို့ ရေးသောကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော စာတိုလေးတစောင်ဖြစ်သည်။ ဤ ဩဝါဒစာက ကျွန်ုပ်တို့အားမှားယွင်းသောဩဝါဒမျိုးသွန်သင်သူများကို မည်သို့ဆက်ဆံရမည်ကို၄င်း၊ ခရစ်တော်နှင့်ပတ်သက်သော သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုမယုံကြည်သူများကယ်တင်ခြင်းမခံရသေးကြောင်းကို၄င်းနှင့် ထိုကဲ့သို့သောသူများကို ခရစ်ယန်အဖြစ်မသတ်မှတ်ကြရန်ကို၄င်း သွန်သင်ခဲ့လေသည်။

## ၁။ အရွေးကောက်ခံအမျိုးသမီးကို တမန်တော်ရှင်ယောဟန်က ချီးမွမ်းချက် (၁း၁-၄)

## ၂။ ရှင်ယောဟန်ကချီးမွမ်း ထိုအမျိုးသမီးကို မိန့်မှာချက်
က၊ ချစ်ခြင်းမေတ္တာ၌ ကျင်လည်ရန် (၁း၅)
ခ၊ အမှန်တရား၌ ကျင်လည်ရန် (၁း၆)

## ၃။ ရှင်ယောဟန်က ထိုအမျိုးသမီးကို သတိပေးချက်
က၊ စာတန်ကို သတိထားရန် (၁း၇ ၊ ၉-၁၁)
ခ၊ ကိုယ့်ကိုကိုသတိထားရန် (၁း၈)

## ၄။ တမန်တော်ရှင်ယောဟန်က ထိုအမျိုးသမီးကို နှစ်သိမ့်စေချက် (၁း၁၂-၁၃)

# ရှင်ယောဟန်ဩဝါဒ တတိယစောင်

ဤဩဝါဒစာသည် တမန်တော်ရှင်ယောဟန်က ဧည့်ဝတ်ကျေပွန်သော ဂါယုကိုရေးလိုက်သောစာဖြစ်သည် အသင်းတော်၏ရှေးအကျဆုံးလူကြီးများက ဒုတိယစောင်နှင့်တတိယစောင်ကို ရှင်ယောဟန်ရေးသည်ဟုသက်သေခံကြ၏။ ဤ ဒုတိယစောင်နှင့်တတိယစောင်ကို ရှင်ယောဟန်သည် ပတ်မုကျွန်းတွင်အကျဉ်းကျနေရာမှလွတ်လာချိန် (သို့ )ဗျာဒိတ်ကျမ်းကိုရေးပြီးချိန်၌ ရေးခဲ့သည်ဟု နားလည်နိုင်ပေသည်။

ဤ ဩဝါဒစာ၌ " ဂါယု " ၏ ခရစ်ယန်သက်တာကျေပွန်မှုကိုချီးကျူးထားချက်။ " ဒယောတရပ် " အမည်ရှိသော တလွဲသွန်သင်နေသည့် ဓမ္မဆရာ၏ဝန်ကို သတိထားရန်မှာကြားချက်များနှင့် " ဒေမေတရိ " ဆိုသုကိုချီးကျူးထားချက်များပါဝင်သည်။

## ၁။ ဂါယု၏အောင်မြင်မှုနှင့်သက်သေခံခြင်း၌ တက်ကြွခြင်း (၁း၁–၈ )

ကၢ ရှင်ယောဟန်၏ သူ့အပေါ်ဆုတောင်းချက် (၁း၁–၂ )

ခၢ ရှင်ယောဟန်မှ သူ့အပေါ်ချီးကျူးချက်

၁. သူ၏ သမ္မာတရား၌ သစ္စာရှိစွာ ယုံကြည်တတ်မှု (၁း၃–၄ )

၂. သူ၏ သမ္မာတရားဟောပြောသူများကို ကူညီတတ်မှု (၁း၅–၈ )

## ၂။ ဘဝင်မြင့်သူ " ဒယောတရပ် " ၏ မာန်မာနတတ်ကြွမှု (၁း၉–၁၁ )

ကၢ သူသည် အသင်းတော်၌ အကြီးအမှူးလုပ်လိုသူဖြစ်သည် (၁း၉ )

ခၢ သူသည် ရှင်ယောဟန်နှင့်တမန်တော်များကို နှင်ထုတ်သူဖြစ်သည် (၁း၉ )

ဂၢ သူသည် တမန်တော်များကို အသရေဖျက်ကဲ့ရဲ့သူဖြစ်သည် (၁း၁၀ )

ဃၢ သူသည် သာသနာပြုများကို ဆက်လက်နှင်ထုတ်နေသူဖြစ်သည် (၁း၁၀ )

ငၢ သူသည် ယုံကြည်သူများကို အသင်းတော်မှနှင်ထုတ်သူဖြစ်သည် (၁း၁၀ )

စၢ သူသည် ဘုရားသခင်နှင့် မစပ်ဆိုင်သူဖြစ်၏ (၁း၁၁ )

## ၃။ ဒေမေတရိ၏ ကောင်းသောနမူနာကို ချီးမွမ်းထားခြင်း (၁း၁၂ )

# ရှင်ယုဒဩဝါဒစာ

ရှင်ယုဒသည် ရှင်ယာကုပ်၏ညီဖြစ်ပြီး ယေရှုခရစ်တော်နှင့်လဲတဝမ်းကွဲညီအကိုတော်စပ်သူဖြစ်သည်။ မိခင်ဖခင်မှာယောသပ်နှင့်မာရိတို့ဖြစ်ကြသည်။ ရှင်ယုဒ၊ ရှင်ယာကုပ်နှစ်ဦးစလုံးကပင်မိမိတို့ကိုယ်မိမိယေရှုခရစ်တော်၏ ကျွန်ဟုနှိမ့်ချစွာ သုံးနှုန်းခေါ်ဝေါ်ကြသည်ကိုတွေ့နိုင်သည်။

ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်ကဲ့ကို့ပင် ရှင်ယုဒဩဝါဒစာသည်၊ ခရစ်ယန်တို့အားမှားယွင်းစွာတလွဲသွန်သင်တတ်သူဆရာများ အန္တရာယ်ကိုသတိထားကြရန်၄င်း ယုံကြည်ခြင်းဖြင့် အမှန်တရားအတွက်ရင်ဆိုင်ကြရန် နှိုးဆော်ထားသည်။

ထိုပြင်အီဂျစ်ပြည်၌ ကျွန်အဖြစ်မှလွတ်မြောက်လာသူ အစ္စရေးများထဲမှမယုံကြည်သူများကို ဘုရားရှင်ဖျက်ဆီးခဲ့၍ ထိုအပြစ်ရှိသူများကို နောင်တရားစီရင်မည့်အချိန်ထိထားခဲ့ပုံများ ၊ သောဒုံနှင့်ဂေါမောရမြို့များကိုဖျက်ဆီးခဲ့ပုံများ ၊ သမ္မာတရားကိုသရော်စော်ကားသူများ ၊ ညစ်ညမ်းစွာအိမ်မက်ကိုဟောသူများကို တရားစီရင်မည့်အကြောင်းစသည့်များပါဝင်ကြသည်။ ရှင်ယုဒသည်ဧနောက်၏ခရစ်တော်အုပ်ချုပ်မည့်နှစ်(၁၀၀၀ )နှင့် ထိုကာလ၌ ခရစ်တော်တရားစီရင်မည့်ကိစ္စစသည့် ပရောဖက်ပြုချက်များကိုလဲ သုံးစွဲခဲ့၏။

## ၁။ အယူဝါဒဖေါက်ပြန်မှောက်လှန်ခြင်း ပြဿနာ (ယု ၁း၁–၄ )

ကၢ၊ ရှင်ယုဒ၏ ပဏာမအဖွင့်စကား (၁း၁–၂ )
ခ၊ ရှင်ယုဒ၏ တိုက်တွန်းချက် (၁း၃ )
ဂ၊ ရှင်ယုဒ၏ သတိပေးချက်
– *အခမ္မလူအချို့တို့သည် ပရိယာယ်နှင့် အမှတ်တမဲ့ဝင်ကြပြီး – (၁း၄)*

## ၂။ အယူဝါဒဖေါက်ပြန် မှောက်လှန်မှု၏ သရုပ်သဏ္ဍာန်

က၊ အယူဝါဒဖေါက်ပြန်မှောက်လှန်ခြင်းသည် မကောင်းမှုဖြစ်သည် (၁း၄ )
ခ၊ ဘုရားရှင်၏ ကျေးဇူးတော်ကို လမ်းလွဲအောင်လုပ်ခြင်း အလွဲသုံးစားလုပ်ခြင်းဖြစ်သည် (၁း၄ )
ဂ၊ ခရစ်တော်ကို ငြင်းပယ်သူဖြစ်သည် (၁း၄ )
ဃ၊ အသွေးသားတက်မက်မှုဖြစ်သည် (၁း၈ )
င၊ ကိုယ်ကာယကို ညစ်ညူးစေသူဖြစ်သည် (၁း၈ )
စ၊ အာဏာတော်ကို မခန့်လေးစားပြုသူဖြစ်သည် (၁း၈ )
ဆ၊ အသိပညာမရှိဘဲလျက် ဝေဖန်ခြင်းဖြစ်သည် (၁း၁၀ )
ဇ၊ မစဉ်းစားမဆင်ခြင်တတ်သော တိရိစ္ဆာန်ကဲ့သို့ဖြစ်သည် (၁း၁ )
ဈ၊ ကိုယ်တိုင်အကျင့်ယုတ်၍ သူများကိုမူ အပြစ်တင်တတ်သူဖြစ်သည် (၁း၁၆ )
ည၊ မာနထောင်လွှားခြင်း၏ ဗဟိုလ်ချက်ဖြစ်သည် (၁း၁၆ )
ဋ၊ မိမိအကျိုးစီးပွားအတွက်သူတပါးကို လိမ်ညာမြှောက်ပင့်တတ်သူဖြစ်သည် (၁း၁၆ )
ဌ၊ သင်းခွဲသူများဖြစ်ကြသည် (၁း၁၉ )
ဍ၊ ဇာတိပကတိလူဖြစ်သည် (၁း၁၉ )
ဎ၊ ဝိညာဉ်ကင်းသူဖြစ်သည် (၁း၁၉ )

## ၃။ အယူဝါဒဖေါက်ပြန် မှောက်လှန်ခြင်းနှင့်ပတ်သက်သော အတိတ်သမိုင်းမှ နမူနာ ဖြစ်ရပ်များ။

က၊ အစ္စရေးအမျိုးသားများ – – မယုံကြည်ခြင်းကြောင်း ဖေါက်ပြန်မှုဖြစ်ခဲ့သည် (၁း၅ )
(တော ၁၄း၂၂–၂၃ ၊ ဆာ ၇၈း၁၀–၅၄ ၊ ၁၀၆း၆–၃၃ ၊ ဟေဗြဲ ၃း၈–၁၉ )
ခ၊ ကောင်းကင်တမန်ဆိုးများ – – သစ္စာမစောင့်သောကြောင့် ဖေါက်ပြန်မှုဖြစ်ခဲ့ရသည် (၁း၆ )
(ကမ္ဘာ ၆း၁–၄ ၊ ၁ပေ၃း၁၈–၂၀ ၊ ၂ပေ၂း၄ ၊ ဗျာ ၁၂း၃–၄ )
ဂ၊ သောဒုံနှင့်ဂေါမောရမြို့သားများ – တဏှာရာဂ ဇောတိုက်မှုကြောင့် ဖေါက်ပြန်မှုဖြစ်ခဲ့သည် ( ၁း၇ )
( ကမ္ဘာ ၁၃း၁၃၊ ၁၈း၂၀–၂၁၊ ၁၉း၄–၁၃၊ ၂ပေ ၂း၆ )
ဃ၊ နတ်ဆိုး – – မာနထောင်လွှား၍ ကိုယ့်အလိုလိုက်သောကြောင့် ဖေါက်ပြန်မှုဖြစ်ခဲ့ရသည် ( ၁း၈ )
( ဟေရှာ ၁၄း၁၂–၁၅၊ ယေဇ ၂၈း၁၁–၁၉ )
င၊ ကာဣန – – လွဲမှားသော ကိုးကွယ်နည်းကြောင့် ဖေါက်ပြန်မှုဖြစ်ခဲ့ရသည် ( ၁း၁၁ )
( ကမ္ဘာ ၄း၁–၈၊ ၁ယော ၃း၁၂ )
စ၊ ဗာလမ် – – ငွေကြေးတပ်မက်မှုကြောင့် ဖေါက်ပြန်မှုဖြစ်ခဲ့ရသည် ( ၁း၁၁ )
( တော ၂၂း၁၅–၁၇ )
ဆ၊ ကောရ – – အာဏာတော်ကို ငြင်းဆန်မှုကြောင့် ဖေါက်ပြန်မှုဖြစ်ခဲ့ရသည် ( ၁း၁၁ )
( တော ၁၆း၁–၃ )

## ၄။ အယူဝါဒဖောက်ပြန်မှုကို တင်စားခိုင်းနှိုင်းချက်များ ( ၁း၁၂–၁၃ )

က၊ လှို့ဝှက်သောကျောက်ခဲ( ၁း၁၂ ) – မမြင်နိုင်သော အန္တရာယ်ကောင်၊ အယူဝါဒဖောက်ပြန်သူကို ဆိုလိုသည်။
ခ၊ ရေမရှိသောမိုးတိမ်( ၁း၁၂ ) – မဖြစ်နိုင်သောအရာများကို တောင်းဆိုပြောဆိုနေသည့် အယူ ဖောက်ပြန်သူကို ဆိုလိုသည်။
ဂ၊ အသီးမတင်သောသစ်ပင်( ၁း၁၂ ) – တကယ်ဖြစ်မလာနိုင်သည့်အကြောင်းများကို ပြောဆိုနေသည့် အယူဖောက်ပြန်သူကို ဆိုလိုသည်။
ဃ၊ အထိန်းအကွပ်မရှိသော လှိုင်းတံပိုးရိုင်း( ၁း၁၃ ) – အားစိုက်သော်လည်း အကျိုးမရှိသည့် အယူ

ဖောက်ပြန်သူများ။
င၊ ကြယ်ပျံ ( ၁း၁၃ ) – ဦးတည်ရာမဲ့နေသည့် အယူဖောက်ပြန်သူများကို ဆိုလိုသည်။

၅။ အယူဝါဒဖောက်ပြန်မှုအပေါ် အပြစ်ဒဏ်စီရင်ခြင်း ( ၁း၁၄–၁၅ )
က၊ အကြောင်းကြားသူ – ဧနောက် ( ၁း၁၄ )
ခ၊ အကြောင်းအရာ – တရားစီရင်ခြင်း ( ၁း၁၄–၁၅ )

၆။ အယူဝါဒဖောက်ပြန်မှုကို တွန်းလှန်ကာကွယ်နည်း ( ၁း၂၀–၂၅ )
က၊ ယုံကြည်သူကိုယ်တိုင် ကျင့်ကြံနည်း
က – ဘုရားရှင်၏ နှုတ်ကပါတ်တော်ပေါ်တွင် မိမိကိုယ်ကိုတည်ဆောက်ပါ ( ၁း၂၀ )
ခ – ဘုရားရှင်၏ သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ ဆုတောင်းပါ ( ၁း၂၀ )
ဂ – ဘုရားရှင်၏ မေတ္တာဂရုဏာတော်ကို လက်ကိုင်ပြုပါ ( ၁း၂၁ )
ဃ – ဘုရားရှင် ပြန်ကြွလာမည်ကို စေ့စေ့ကြည့်မျှော်ပါ ( ၁း၂၁ )
င – ဘုရားရှင်၏ ဘုန်းတော် ကျေးဇူးတော်ကို ချီးမွမ်းဝန်ခံပါ ( ၁း၂၅ )
ခ၊ အပြစ်လုပ်တတ်သော ယုံကြည်သူကို ကိုင်တွယ်နည်း ။
က – သူတို့၏မဟာမယုံကြည်မှုနှင့်ပတ်သက်၍ (သနားပါ ) (၁ း၂၂ )
ခ – သူတို့၏မဟာအန္တရာယ် ကျရောက်မှုနှင့်ပတ်သက်၍သနားပါ (၁ း၂၂ )
ဂ – သူတို့၏မဟာဖေါက်ပြန်ခြင်းနှင့်ပတ်သက်၍ ကြိုးစားကယ်တင်ပါ (၁ း၂၃ )
ဂ၊ ဘုရားရှင်နှင့်ယုံကြည်သူလက်ရှိအခြေနေ
က – ဘုရားရှင် ကျွန်ုပ်တို့ကိုဘာလုပ်နေသနည်း ။
*– ထိမိ၍လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်း – (၁း၂၄)*
ခ – ဘုရားရှင်သည် ကျွန်ုပ်တို့ကို မကြာမြင့်မီ၌ ဘာလုပ်မည်နည်း
*– အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသော သင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်း – (၁း၂၄)*

# ဗျာဒိတ်ကျမ်း

*ပထမပိုင်း*
## သိုးသငယ်၏မှာကြားချက်ကို သက်သေခံထွက်ဆိုချက်များ (ဗျာဒိတ်ကျမ်း ၁ မှ ၃ ထိ )

### ၁။ ဘုရားရှင်၏ အစေခံကျွန် ( ဗျာ ၁း၁–၁၀ )
လွန်ခဲ့သောနှစ်ပေါင်း ၁၉၀၀ ကျော်လောက်က ကျွန်းတကျွန်းပေါ်တွင် တကိုယ်တည်း အထီးကျန်နေခဲ့ရသော လူတဦးဆီသို့ ကောင်းကင်ဘုံမှ မှာကြားဗျာဒိတ်ပေးခဲ့မှုတခု –

က၊ မှာကြားချက်၏အစ
ယေရှုခရစ်၏ ဗျာဒိတ်ပေးချက်များကို ဘုရားရှင်ကသူ့အားပေးခဲ့သည် (ဗျာ ၁ း၁ )
ခ၊ မှာကြားချက်များကိုမှတ်သားသူ၊ ဘုရားရှင်၏ကျွန်ယောဟန် (၁ း၁ )

ဂ၊ မှာကြားချက်များ၏ ဆိုလိုရင်းနှင့်သိစေလိုသူများ
သူ၏အစေခံကျွန်များအား သိစေလိုသည့်မကြာမီဖြစ်ပျက်လာမည့်အဖြစ်ပျက်များ(၁း၁) (၂ပေ ၃း၈ )
ဃ၊ မှာကြားချက်များ၏ ဂတိပေးထားမှု
– *ကာလအချိန် ရောက်ခါနီးသောကြောင့် ဤမှာကြားချက်ကို ကြည့်ရှု၊ ဖတ်ရွတ်၊ နားထောင်၍၊ စောင့်ရှောက်သောသူသည် မင်္ဂလာရှိ၏ – (၁း၃)*
င၊ မှာကြားချက်ကိုသိစေလိုသည့်သူများ
အာရှတိုက်ရှိအသင်းတော်(၇ )ပါး (၁ း၄ )
စ၊ မှာကြားချက်ကို ပဏာမနှုတ်ခွန်းဆက်သည့် နာမများ
၁. ခမည်းတော်ဘုရားသခင် (၁ း၄ )
၂. ဝိညာဉ် (၇ )ပါး (သန့်ရှင်းသောဝိညာဉ်တော်နှင့်အဖွဲ့ဝင်များ ? ) (၁ း၄ ) (ဟေရှာ ၁၁ း၂ )
၃. သားတော်ယေရှု (၁ း၅ )
ဆ၊ မှာကြားချက်ပါ ယေရှုခရစ်တော်ကို တင်စားခေါ်ဝေါ်မှု
၁. သူသည်မည်သူဖြစ်သည် (၁ း၅ )
၂. သူသည် ဘာလုပ်ခဲ့သူဖြစ်သည် (၁ း၅–၆ )
၃. သူသည် ဘာလုပ်လိမ့်မည် (၁ း၆ )
ဇ၊ မှာကြားချက်ပါ ဘုရားရှင်၏ တန်ခိုးအာဏာအနေထား (၁း၈ )
ဈ၊ မှာကြားချက်ပေးသည့်နေရာ (ပတ်မုကျွန်း ) (၁း၉ )
ည၊ မှာကြားချက်ပေးခဲ့သည့်နေ (တနင်္ဂနွေနေ ) (၁း၁၀ )

## ၂။ ဘုရားရှင်၏သားတော် (၁ း၁၁–၂၀ )
က၊ အခြေနေအနေအထား (၁း၁၀–၁၁ )
ခ၊ ပုံသဏ္ဌာန် (၁း၁၂–၁၆ )
ဂ၊ ဖျက်ဆီးနိုင်သည့် စွမ်းအား (၁း၁၇ )
ဃ၊ မိမိကိုယ်ကိုထုတ်ဖေါ်ကြေညာချက် (၁း၁၈ )
င၊ ညွှန်ကြားမိန့်မှာချက် (၁း၁၉ )
စ၊ အဓိပါယ် သရုပ်ဖေါ်ရှင်းပြချက် (၁း၂၀ )

## ၃။ ဘုရားရှင်၏ အသင်းတော်များ (ဗျာ ၂ –၃ )
က၊ ဧဖက်အသင်းတော်
၁. မိန့်မှာသူ = ယေရှုကိုယ်တိုင်ဖြစ်သည်။ (၂း၁ )
၂. ချီးကျူးခြင်း= ထိုအသင်းတော်၏ ကောင်းသောလုပ်ဆောင်ချက်များဖြစ်သည်။(ဗျာ ၂း၂–၃ ၊ ၆ )
(တလွဲတယူသန်များ၊ အော့သိဒေါ့၊ တလွဲခွဲထွက်ရေးသမားများ )
၃. ကဲ့ရဲ့ပစ်တင်ခြင်း = ထိုအသင်းတော်၏ မကောင်းသောလုပ်ရပ်များကိုဆိုလိုသည် (ဗျာ ၂ း၄ )
၄. အကြံဉာဏ်ပေးခြင်း = ထိုအသင်းတော်သို့ခရစ်တော်အကြံပေးခဲ့သည် (၂း၅ )
(မှတ်ချက် = ဗာလမ်အယူဝါဒနှင့်နိကောလအယူဝါဒတူညီသည်၊ ယစ်မူးခြင်း၊ မတရားမေထုန်ပြုပြုခြင်း၊ ဘုရားရှင်ကိုလဲကိုးကွယ်ခြင်း၊ဝါဒ ) (ဗျာ ၂ း၁၄ ) (ချစ်ခြင်းမေတ္တာရှော့ခြင်း = ဆိုင်းဘုတ်ချိတ်သည်၊ အသင်းတော်သည် အရက်လဲသောက်သည်၊ မိန်းမလဲလိုက်သည်၊ ဘုရားလဲရှိခိုးသည် – ဝိနည်းအရသာဖြစ်၍ နက်နဲကျစ်လစ်အတွင်းကျိုးစားမှုမရှိ – ခရစ်တော်မကြိုက်၊ အသင်းတော်သည်သတိုးသမီး၊ ခရစ်တော်သည်သတိုးသားဟုကျမ်းစာကဆိုသည် ထို့ကြောင့်သတိုးသားကိုမချစ်သောသတိုးသမီးနှင့်လက်ထပ်ရန်မဖြစ်နိုင် )
၅. ဆိုင်ပြိုင်တိုက်လှန်ရန် လုံ့ဆော်ခြင်း = အသင်းတော်သို့ခရစ်တော်ကတိုက်တွန်းလုံ့ဆော်ခဲ့သည်။ (၂ း၇ ) (မအောင်မြင်သူ မစားရဟုမဆိုလို )
ခ၊ စမုရနအသင်းတော် (၂ း၈–၁၁ )
၁. မိန့်မှာသူ = ယေရှု (၂း၈–၁၁)
၂. ချီးကျူးခြင်း = (၂း၉ ) (ရုပ်ဆင်းရဲသော်လဲနမ်ချမ်းသာနေသည် )
၃. ကဲ့ရဲ့ပစ်တင်ခြင်း (မရှိ )
၄. အကြံဉာဏ်ပေးခြင်း (၂ း၁၀ )
၅. ဆိုင်ပြန်တိုက်လှန်ရန် လှုံ့ဆော်ခြင်း = (၂ း၁၁ )

ဂ၊ ပေရဂံအသင်းတော် (၂ း၁၂–၁၇ )
၁. မိန့်မှာသူ = ယေရှုကိုယ်တိုင်ဖြစ်သည် (၂း၁၂ )
၂. ချီးကျူးခြင်း = (၂း၁၃)
၃. ကဲ့ရဲ့ခြင်း = (၂း၁၄–၁၅)
၄. အကြံဉာဏ်ပေးခြင်း = (၂း၁၆)
၅. ဆိုင်ပြန်တိုက်လှန်ရန် လှုံ့ဆော်ခြင်း = မန္န = ကျမ်းစာ = စားစရာ (ဝိညာဉ် ) ကျောက်ဖြူ = သူရဲကောင်းစာရင်းဝင် (၂း၁၇)
ဃ၊ သွာတိရအသင်းတော် (၂း၁၈–၂၉)
၁. မိန့်မှာသူ = (၂း၁၈)
၂. ချီးကျူးခြင်း = (၂း၁၉)
၃. ကဲ့ရဲ့ခြင်း (၂ း၂၀ ) ( အာဟတ်မင်း၏ဇနီးဆိုး ယေဇဗေလနှင့် နံမယ်တူ၏ )
၄. အကြံဉာဏ်ပေးခြင်း =(၂း၂၄–၂၅)
၅. ဆိုင်ပြန်တိုက်လှန်ရန် လှုံ့ဆော်ခြင်း =(၂း၂၆–၂၈ ) (မိုးသောက်ကြယ် = ယေရှု)
င၊ သာဒိအသင်းတော် (၃း၁–၆)
၁. မိန့်မှာသူ = (၃း၁)
၂. ချီးကျူးခြင်း = (၃း၄)
၃. ကဲ့ရဲ့ခြင်း = (၃း၁)
၄. အကြံဉာဏ်ပေးခြင်း (၃း၂–၃ )
၅. ဆိုင်ပြိုင်တိုက်လှန်ရန် လှုံ့ဆော်ခြင်း (၃း၅ )
စ၊ ဖိလဒေလဖိအသင်းတော် (၃း၇–၁၃ )
၁. မိန့်မှာသူ = (၃း၇ )
၂. ချီးကျူးခြင်း = (၃း၈ )
၃. ကဲ့ရဲ့ခြင်း (မရှိ )
၄. အကြံဉာဏ်ပေးခြင်း (၃း၁၁ ) (အသင်းတော်၌ ကောင်းတာလေးကိုမပျောက်အောင်ကြိုးစားထိန်းသိမ်းပါ )
၅. ဆိုင်ပြိုင်တိုက်လှန်ရန် လှုံ့ဆော်ချက် (၃း၉–၁၀ ၊ ၁၂ ) (တိုင် = အဆောက်အဦး၏အရေးကြီးဆုံးပိုင်း (၃း၁၂ )
ဆ၊ လောဒိကိမြို့အသင်းတော် (၃း၁၄–၂၂ ) = (ယုံချင်ယုံ – မယုံချင်လဲမယုံသူလိုနေကောင်း၏ ) (ကျမ်းမဖတ်၊ သက်သေမခံ၊ ကျမ်းဖတ်လိုက်၊ အရက်သောက်လိုက် ) ဘုရားရှင်နာမယ် ဖျက်နေ သလိုဘဲဖြစ် ) (မကြိုက်ပါ )
၁. မိန့်မှာသူ = ၃း၁၄ )
၂. ချီးကျူးခြင်း (မရှိ )
၃. ကဲ့ရဲ့ခြင်း (၃း၁၅–၁၇ ) (ရုပ်ပြည့်စုံ – ဝိညာဉ်သုညသာရှိ )
၄. အကြံဉာဏ်ပေးခြင်း (၃း၁၈–၁၉ )
၅. ဆိုင်ပြိုင်တိုက်လှန်ရန် လှုံ့ဆော်ခြင်း (၃း၂၀–၂၁ )

## ဒုတိယပိုင်း

## သိုးသငယ်ဖိတ်ခေါ်ပွဲမှ ဝတ်ပြုကိုးကွယ်မှုအခမ်းအနား မြင်ရပုံ (ဗျာ ၄ –၅ )

ဤကဏ္ဍသည် အဖြစ်ပျက်မှန်ကိုသီချင်းနှစ်ပုဒ်ဖြင့်ဘုန်းတော်ချီးမွမ်းခြင်းဖြစ်သည် (ဗျာ ၁–၃သည် အသင်းတော်၊ ဗျာ ၄ မှသည်အနာဂတ် )

### ၁။ ဖန်းဆင်းခြင်းအကြောင်းသီချင်းဖြင့်ချီးမွမ်းဝတ်ပြုခြင်း ( ဗျာ ၄ )

က၊ နေရာ = ကောင်းကင်ဘုံ ( ၄း၁ )
ခ၊ ပုဂ္ဂိုလ်များ
က – ခမည်းတော်ဘုရား ( ၄း၂–၃ )
ခ – ပလ္လင်ပေါ်ထိုင်လူ ၂၄ဦး(၄း၄) (လူစုအသီးသီးတို့၏ခေါင်းဆောင် ဓမ္မဟောင်း ၁၂၊ ဓမ္မသစ် ၁၂)
ဂ – ဘုရားရှင်၏ဝိညဉ်တော် ၇ပါး( ၄း၅ )–( မသိနိုင်ပါ၊ ကောင်းကင်ရောက်မှရှင်းမည် )

ဃ – ဖန်ဆင်းခံသတ္တဝါ ၄ပါး( ၄း၆–၈ )–( ကောင်းကင်တမန်အမျိုးအစားတပါး )

ဂ၊ ချီးမွမ်းကြပုံ ( ၄း၉–၁၁ )

## ၂။ ရွေးနှုတ်ကယ်တင်ခြင်းအကြောင်း သီးချင်းဖြင့်ဝတ်ပြုခြင်း ( ဗျာ ၅ )

ကဲ၊ ကြွေးကြော်ကြေညာခြင်း( ၅း၁–၂ )–( ကောင်းကင်တမန်မှအစ လူသားအဆုံး မည်သူမျှမတတ်နိုင် )

ခ၊ စုံစမ်းရှာဖွေခြင်း ( ၅း၃ )

ဂ၊ မြည်တမ်းငိုကြွေးခြင်း ( ၅း၄ )

ဃ၊ ဖော်ထုတ်ပြသခြင်း ( ၅း၅–၇ )–( ယေရှုကိုဆိုလို )

င၊ ကိုးကွယ်ဝတ်ပြုကြခြင်း ( ၅း၉–၁၄ )

တတိယပိုင်း

## အသနားခံခဲ့သူ သိုးသငယ်၏ အမျက်ဒေါသ

### ၁။ သူသည် တံဆိပ် ၇ ချက်ပါ အပြစ်ဒါဏ်စီရင်ချက်ကို သွန်းလောင်းသည် ( ဗျာ ၆ – ၁၁ )

ကဲ၊ ပထမတံဆိပ်( ၆း၁–၂ )–( နောက်ဆုံးကာလ ၇နှစ်၌ အန္တိခရစ်၏အောင်မြင်မှု )

ခ၊ ဒုတိယတံဆိပ်( ၆း၃–၄ )–( နောက်ဆုံး ၇နှစ်ကာလ၏ စစ်ပွဲများ )

ဂ၊ တတိယတံဆိပ်( ၆း၅–၆ )–( ၁ပြား–လုပ်အားခ–ဂျုံတခွက်–ဈေးကြီး၏ ) နောက်ဆုံးကာလ စီး ပွါး ပျက်ကပ်–ငတ်မွတ်ဘေး၊

ဃ၊ စတုတ္ထတံဆိပ်( ၆း၇–၈ )–( ကမ္ဘာ ၌လူသားများ ဒုက္ခ ၄မျိုးဖြင့်သေမည် ) နောက်ဆုံးကာလ

င၊ ပဥ္စမတံဆိပ်( ၆း၉–၁၁ )–( ယုံကြည်မှုအတွက် အသေခံရသော ဝိညဉ်များ ) နောက်ဆုံးကာလ

၁. သန့်ရှင်းသူများအတွက်ပလင်များ (၆း၉ )

၂. သန့်ရှင်းသူများ၏ ဒေါသအမျက် (၆း၁၀ )

၃. သန့်ရှင်းသူများသို့အဖြေ (၆း၁၁ )

စ၊ ဆဋ္ဌမတံဆိပ် (၆း၁၂–၁၇ )

၁. အဖျက်ဆီးခံရသော ကမ္ဘာ၏မျက်နှာပြင်အခြေနေ (၆း၁၂–၁၄ )

၂. မှောင်အတိကျရောက်သောကမ္ဘာ၏ မိုးကောင်းကင်လေဟာပြင်အခြေနေ (၆း၁၂–၁၄ )

၃. ကမ္ဘာပေါ်ရှိအပြစ်သားများ၏ သွေးပျက်ဖွယ်ရာမြင်ကွင်း (၆း၁၅–၁၇ )

ဆ၊ အကူးအပြောင်းကြားကာလ (၇း၁–၁၇ )

၁. ကမ္ဘာပေါ်ရှိတံဆိပ်ခတ်နှိပ်ခံရသော ဘုရားရှင်၏ကျွန်များ (၇း၁–၈ )

က – တံဆိပ်နှိပ်သူ = ကောင်းကင်တမန် (၇း၂–၃ )

ခ – တံဆိပ်နှိပ်ခံရသူ = အစ္စရေး၁၂ မျိုးမှ လူပေါင်း ၁၄၄ ၀၀၀ ယောက် (၇း၄ )

၂. ကောင်းကင်ဘုံရှိသီချင်းဆိုနေသော ဘုရားရှင်၏ကျွန်များ (၇း၉–၁၇ )

က – သူတို့၏သီချင်း (၇း၁၀ ) ( ချီဆောင်ခံရသူများနှင့်နောက်ဆုံးဒုက္ခ (၇ )နှစ်တွင်းမှ

ခ – သူတို့ကိုထောက်ခံမှု (၇း၁၁ ၊ ၁၂ ) ] လွတ်လာသူများ )

ဂ – သူတို့၏ ဝတ်ပြုပွဲ (၇း၁၅ )

ဃ – သူတို့၏ ကယ်တင်ရှင် (၇း၁၇ )

ဇ၊ သတ္တမတံဆိပ် (ဗျာ ၈–၁၀ ) သတ္တမတံဆိပ်၌ တံပိုး(၇)ကြိမ်မှုတ်ခြင်း ကိစ္စကိုပါတွေ့မြင်ရ၏၊

*တံပိုးမမှုတ်မီ အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နေရကြ၏။ (၈း၁–၅)*

*– သတ္တမတံဆိပ်ကိုဖွင့်သောအခါ ကောင်းကင်ဘုံ၌ နာရီဝက်(ကောင်းကင်ဘုံစံတော်ချိန်) တိတ်ဆိတ်စွာ နေကြ၏ – (၈း၁)*

*တံပိုးမှုတ်ခြင်း (၈း၆)*

*– တံပိုးခုနစ်လုံးရှိသော ကောင်းကင်တမန်ခုနစ်ပါးတို့သည် မှုတ်အံ့သောငှါ မိမိတို့ကိုပြင်ဆင်ကြ၏ – (၈း၆)*

၁. ပထမတံပိုးမှုတ်ခြင်း (၈း၇ ) (သုံးစုတစု သစ်ပင်လောင်ကုန်မည် )

၂. ဒုတိယတံပိုးမှုတ်ခြင်း (၈း၈–၉ ) (သုံးစုတစု လှေပျက် ၊ သုံးစုတစု ရေပျက်၊ သုံးစုတစု ရေ

သတ္တဝါပျက် )သွေးဖြစ်
၃. တတိယတံပိုးမှုတ်ခြင်း (၈း၁၀–၁၁ ) (ရေခါးကုန်ခြင်း ) (လူသေကြ )
၄. စတုတ္တတံပိုးမှုတ်ခြင်း (၈း၁၂ ၊ ၁၃ )
က – ကြောက်မက်ဖွယ်အမှောင်ကျခြင်း (၈း၁၂)
ခ – အနာဂတ်ကျရောက်မည့် ဖျက်ဆီးခံရမှုအကြောင်း ကြေညာခြင်း (၈း၁၃)
(ကျန်တံပိုးသုံးလုံး၏ အဆိုးဆုံးဒုက္ခ)
၅. မဉ္စမတံပိုးမှုတ်ခြင်း (၉း၁–၂)၊ ဤတံပိုးမှုတ်ခြင်းဖြင့် မကောင်းဆိုးဝါးကောင်များပြုလုပ်မည့် ကြောက်စရာကောင်းသော ငရဲအမျှ ပထမပိုင်းအဖြစ်ပျက်များ ကမ္ဘာပေါ်သို့ကျရောက်ပုံ
က – သူတို့နေရာအရပ် (၉း၁–၂)
ခ – သူတို့၏ ခေါင်းဆောင် (၉း၁၁ ) (စာတန် )
ဂ – သူတို့၏ ဆိုးဝါးသောဝေဒနာပေးနိုင်မှု (၉း၃–၅)
– *ထိုကျိုင်းကောင်ဖြစ်စေသော ဝေဒနာသည်ကား ကင်းမြီးကောက်သည် လူကိုထိုးသောဝေဒနာကဲ့သို့ ဖြစ်သတည်း – (၉း၅)*
ဃ – သူတို့၏ ဒုက္ခပေးနိုင်မှုအတိုင်းအတာ (၉း၅–၆ ) (၅လသာ )
င – သူတို့၏ ပုံသဏ္ဍာန် (၉း၇–၁၀)
၆. ဆဋ္ဌမတံပိုးမှုတ်ခြင်း (၉း၁၃–၂၁) ဤ တံပိုးမှုတ်ခြင်းဖြင့် မကောင်းဆိုးဝါးကောင်များပြုလုပ်မည့် ကြောက်စရာကောင်းသော ဒုတိယအဖြစ်ပျက်များ ကမ္ဘာပေါ်သို့ကျရောက်ပုံ ။
က – မကောင်းဆိုးဝါးခေါင်းဆောင် လေးဦး (၉ း၁၃ ၊၁၄ ) (ကောင်းကင်တမန်အဆိုး )
ခ – သူတို့၏အဖွဲ့ (၉း၁၅ )
ဂ – သူတို့၏ နံပါတ် (၉း၁၆ ) (မကောင်းဆိုးဝါးအဖွဲ့စည်းများ ၊ လူဆိုးများ )
ဃ – မကောင်းဆိုးဝါးသူတို့၏ ပုံသဏ္ဍာန် (၉း၁၇ )
င – သူတို့၏ ဒုက္ခပေးနိုင်သည့်စွမ်းအား (၉း၁၉ )
စ – သူတို့ဒုက္ခပေးပြီး နောက်ဆက်တွဲအခြေနေ (၉ း၂၀ ၊၂၁ )
ယောဟန်လက်ထက်၌ လေယာဉ်မမြင်ဘူး = သို့ဖြစ်၍ ငွေရောင်ယဉ်များငှက်ဟုလည်း တင်စားနိုင်သည်။
၇. အကူးအပြောင်းကြားကာလ (၁၀း၁ – ၁၁း၁၄)
သတ္တမတံဆိပ်၏ သတ္တမတံပိုးမမှုတ်မီ (ဆဋ္ဌမတံပိုးမှုတ်ပြီး) အခြေအနေ
က – ကောင်းကင်တမန်၏ အကြောင်းကြားမှု (၁၀း၁–၇)
၁. ကောင်းကင်တမန် သူ၏ ပုံသဏ္ဍာန် (၁၀း၁–၂)
၂. ကောင်းကင်တမန် သူ၏ အသံ (၁၀း၃၊ ၄)
၃. ကောင်းကင်တမန် သူ၏ ပြောကြားချက် (၁၀း၄–၇)
ခ – ဘုရားရှင်၏ တမန်တော်အဖွဲ့ (၁၀း၈–၁၀)
ဂ – ဘုရားရှင်၏ ဗိမ္မာန်တော်အတိုင်းအတာ (၁၁း၁–၂) နောက်ဆုံးသောကာလ၌ (၄၂)လ ရန်သူနင်းလိမ့်မည်။
ဃ – ဘုရားရှင်၏ သက်သေခံများ၏ သာသနာပြုခြင်း (၁၁း၃–၆) (၃)နှစ်ခွဲ – ဣသရေလနှစ် ယောက်သံလွင်ပင်၂ပင်သာသနာပြုမည်။ တန်ခိုးရှိသည်(ဧနောက်နှင့်ဧလိယ – မသေသေး)
င – ဘုရားရှင်၏ သက်သေခံများ၏ အာဇာနည်အဖြစ် အသက်စွန့်ကြရပုံ (၁၁း၇–၁၀)
စ – ဘုရားရှင်၏ သက်သေခံများ၏ သေခြင်းမှ ရှင်ပြန်ပြောင်းလဲကြပုံ (၁၁း၁၁–၁၂)
ဆ – ဘုရားရှင် စီရင်ချက် ထင်ရှားပြပုံ (၁၁း၁၃)
၈. သတ္တမတံပိုးမှုတ်ခြင်း (၁၁း၁၅–၁၉)
က – ကြေညာခြင်း (၁၁း၁၅ ) ယေရှုအကြောင်း
ခ – ကိုးကွယ်ဆည်းကပ်ကြခြင်း (၁၁း၁၆–၁၇ )
ဂ – အညိုးထားကြခြင်း (၁၁း၁၈–၁၉ )

## ၂။ ဘုရားရှင် သူသည် စာတန်နတ်ဆိုးအား ကမ္ဘာကိုအုပ်ချုပ်ရန် ခွင့်ပြုခဲ့သည် (ဗျာ ၁၂ – ၁၃ )

<u>က၊</u> စာတန်နတ်ဆိုးနှင့် ဣသရေလများ ( ဗျာ ၁၂ )
၁. စာတန်နတ်ဆိုး၏ အတိတ်ကာလမှ ဣသရေလတို့အား မုန်းတီးမှုများ (၁၂း၁–၅ )

က – စာတန်နတ်ဆိုး

(၁) ဘုရားရှင်၏ပလင်တော်ကိုခိုးယူရန်ကြိုးစားခဲ့သည် သူ၏မူလပထမအပြစ်၊ (၁၂း၃–၄) (၇နိုင်ငံနှင့်အဖွဲ့ကျမည်) (ကြယ် = ကောင်းကင်တမန်မှနတ်ဆိုးအဖြစ်သို့) (ယေရှု ကိုမွေး)

(၂) ဘုရားရှင်၏သားတော်ကို သတ်ရန် ဗက်လင်မြို့၌ ခလေးအများအပြားကို သတ်ပစ်ခဲ့သည်။ သူ၏အပြစ် (၁၂း၄)

ခ – ဣသရေလလူမျိုးများ

(၁) သူမ၏တိုးတက်မှု – ဣသရေလလူမျိုးများ ယာကုပ်၏သား ၁၂ ယောက်မှ စတင်ဖြစ်ပေါ်ခဲ့ (၁၂း၁)

(၂) သူမ၏ဂုဏ်ထူး – ဣသရေလလူမျိုးမှ မေရှိယ(ယေရှု) ကိုမွေးဖွားပေးခဲ့သည် (၁၂း၂)

၂. စာတန်နတ်ဆိုး၏ အနာဂတ်ကာလတွင် ဣသရေလများအားမုန်းတီးမှု (၁၂း၆–၁၇ )

က – စာတန်၏ ကောင်းကင်ဘုံကိုတိုက်ခိုက်ခြင်း – ကမ္ဘာပေါ် ခက်ခဲရာကာလ ၇ နှစ်၌ စာတန် ကောင်းကင်ဘုံ၌ အမှန် စစ်ဆင်တိုက်ခိုက်မည်။ (၁၂း၇–၁၂)

(၁) သူ့တိုက်ခိုက်မှုကို ကောင်းကင်ဘုံ၏ တုံ့ပြန်မှု (၁၂း၁၀–၁၁)

(၂) သူ့တိုက်ခိုက်မှု ဆုံးရှုံးရခြင်းအပေါ် စာတန်၏တုံ့ပြန်မှု (၁၂း၁၂)

ခ – ကမ္ဘာအပေါ် သူ၏ ယုတ်မာပက်စက်မှု၊ ယခုအခါ စာတန်သည် နည်းလမ်းပေါင်းစုံဖြင့် ဣသရေလအားဖျက်ဆီးရန် လှုံ့ဆော်နှိုးဆွ ခလောက်ဆန်နေသည်။

(၁) စာတန်၏ညှင်းပန်းနှိပ်စက်မှု (၁၂း၁၃၊ ၁၅၊ ၁၇) ( နောက်ဆုံး ၃ နှစ်ခွဲ ) ယေရှုကိုမွေးဘူးသော မိန်းမ = ဣသရေလ ( စာတန် ဣသရေလကိုမုန်းသည် – ယုံကြည်သူ ဣသရေလကို ပိုမုန်းသည် ) ( တစ်နှစ် ၃၆၅၊ ဣသရေလ ၃၆၀ )

(၂) ဘုရားရှင်၏ ကာကွယ်စောင့်ရှောက်မှု၊ တိုင်းတပါးသို့တိမ်းရှောင်ချိန် ဘုရားစောင့်မမည်။ (၁၂း၆၊ ၁၄၊ ၁၆)

ခ၊ ကမ္ဘာနှင့် စာတန်မာရ်နတ် (ဗျာ ၁၃ )

၁. သူ၏တပ်ဖွဲ့ – အန္တိခရစ် (၁၃း၁–၁၀ )

က – အန္တိခရစ်အား အဓိပ္ပါယ်ပုံဖော်မှု (၁၃း၁–၂ ) ပင်လယ် = လူသား ၊ လူသားထဲကလူ၊ ဂျိုးအာဏာ ၊ ဂျိုးများ = နိုင်ငံများ

ခ – အန္တိခရစ်အကြီးအကဲ

နဂါးသည် မိမိတန်ခိုးနှင့်ပလ္လင်ကိုင်း၊ ကြီးစွာသောအာဏာစက်ကိုင်း၊ သားရဲ၌ အပ်ပေး၏။ (၁၃း၂ ) ဒံ ၄း၃–၇ ဗာဗုလုန် ၊ မီဒို ၊ ပါရှား ၊ ဂရိ ၊ ရောမ

ဂ – အန္တိခရစ်၏ ရှင်ပြန်ထမြောက်မှု ? (၁၃း၃ ) ကျဆုံးပြီးသောရောမပြန်ထမည်။

ဃ – အန္တိခရစ်ကိုကိုးကွယ်ကြမှု (၁၃း၄–၈ ) ( ပုပ်ရဟန်းမင်း ? )

င – အန္တိခရစ်၏ တန်ခိုးစွမ်းအား

(၁) သူ၏အာဏာစက်သက်ရောက်မှု = အသီးသီးဘာသာစကားကိုပြောသောလူ၊ အမျိုးအနွယ်ခပ်သိမ်းတို့ကို အုပ်စိုးရသောအခွင့်ကိုရ၏ (၁၃း၇ )

(၂) ထိုအောင်မြင်မှုရမည့် ကာလအချိန်အကြာ = ၄၂ လ (၁၃း၅ )

စ – အန္တိခရစ်၏ “ ဘုရားသခင်ကို ပြစ်မှားပြောဆိုမှု ” (၁၃း၅–၆ )

၂. သူ၏တပ်ဖွဲ့ – မှားယွင်းသောပရောဖက် (၁၃း၁၁–၁၈ )

က – သူ၏တက်ကြွမှု

– *ထိုသားရဲသည် သူ့အရင်ဖြစ်သော ပထမသားရဲ၏ အာဏာရှိသမျှကို သုံးစွဲ၏ – (၁၃း၁၂)*

ခ – သူ၏အဖွဲ့စည်း

– *သေစေတတ်သောဒါဏ်ချက် ပျောက်ခဲ့ပြီးသော ပထမသားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည် ကိုးကွယ်စေခြင်းငှါ ပြု၏ – (၁၃း၁၂)*

ဂ – သူ၏တန်ခိုးပြနိုင်မှု

– *ကြီးစွာသော နိမိတ်လက္ခဏာကိုလည်းပြု၏၊ လူတို့မျက်မှောက်၌ ကောင်းကင်က မြေကြီးအပေါ်သို့ မီးကို ဆင်းစေ၏၊ ပထမသားရဲရှေ့၌ပြုပိုင်သော နမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကို လှည့်ဖြား၏ – (၁၃း၁၃–၁၄)*

ဃ – သူ၏အမှတ်သား

– *ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံသောသူ၊ လွတ်သောသူ အကြီးအငယ်ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှါ၄င်း၊ ထိုတံဆိပ်လက်*

*မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တခုခုကို မခံသောသူတ ယောက်မျှ မရောင်းမဝယ်စေခြင်းငှါငင်း စီရင်၏ – (၁၃း၁၆–၁၈)*

## ၃။ သူ၏တရားစီရင်ချက် ၇ ချက်ပါ ဖလားကိုသွန်းလောင်းခြင်း (ဗျာ ၁၄–၁၆ )

က၊ တရားစီရင်ချက်ဖလားကို မသွန်းလောင်းမှီအောက်ပါအဖြစ်ပျက်များ အရင်ဖြစ်ပေါ်ခဲ့သည်။ (၁၄–၁၅ )

- ၁. ဘုရားရှင်၏ သက်သေခံချက် သိချင်းသိဆိုကြသည် (၁၄း၁–၅ )၄ယ် ၁ ဇိအုန်တောင်ပေါ်သို့ယေရှု ကြွလာ၍ ဣသရေလ ၁၄၄၀၀၀ နှင့်အတူ
- ၂. ဘုရားရှင်၏ကောင်းကင်တမန် မှာကြားနေပုံကိုတွေ့မြင်ရသည် (၁၄း၆–၁၂ ) (ပြည်တန်ဆာ = ခရစ်ယန်ပျက်၊ ခရစ်တော်နှင့်လက်ထပ်မည့်ခရစ်ယန်များ ခရစ်ယန်လမ်းလွဲမှု )
- ၃. ဘုရားရှင်ဝိညာဉ်တော်၏ အာမခံချက် (၁၄း၁၃ )
- ၄. ဘုရားရှင်၏ တမန်များရိတ်သိမ်းနေကြပုံ (၁၄း၁၄–၂၀ )
- ၅. ဘုရားရှင်၏ အောင်မြင်မှုကိုချီးမွမ်းကြခြင်း (၁၅း၁–၄ )
- ၆. ဘုရားရှင်၏ ဗိမ္မာန်တော်ပေါ်ထွက်လာပုံ (၁၅း၅–၈ )

ခ၊ တရားစီရင်ချက်ပါ ဖလားသွန်းလောင်း၍ ဖြစ်ပေါ်လာသည့်အဖြစ်ပျက်များ (၁၆ )

- ၁. ပထမစီရင်ချက်ဖလား (၁၆း၂ )
- ၂. ဒုတိယစီရင်ချက်ဖလား (၁၆း၃ )
- ၃. တတိယစီရင်ချက်ဖလား (၁၆း၄–၇ )
  - က – သွန်းလောင်းပုံ (၁၆း၄–၇ )
  - ခ – တုံ့ပြန်မှု (၁၆း၅–၆ )
- ၄. စတုတ္တဖလား (၁၆း၈–၉ )
  - က – သွန်းလောင်းပုံ
  - ခ – တုံ့ပြန်ပုံ (၁၆း၉ )
- ၅. ပဉ္စမဖလား (၁၆း၁၀–၁၁ )
  - က– သွန်းလောင်းပုံ (၁၆း၁၀ )
  - ခ – တုံ့ပြန်မှု (၁၆း၁၁ )
- ၆. ဆဋ္ဌမဖလား (၁၆း၁၂–၁၆ ) အာဏာသုံးကောင် – စာတန် ၊ အန္တိခရစ် ၊ မိစ္ဆာပရောဖက် (အရှေ့ဘက်လမ်း – အီရတ်၊ အီရန်၊ တရုတ်၊ရုရှား၏အခြားအပိုင်း )
- ၇. သတ္တမဖလား (၁၆း၁၇–၁၉ )
  - က – ကမ္ဘာ့အကြီးဆုံး ငလျင်လှုပ်မည် (၁၆း၁၈–၂၀ )
  - ခ – ကမ္ဘာ့အကြီးဆုံး မိုးသီးကျမည် (၁၆း၂၁ )

## ၄။ သူသည် ကမ္ဘာပေါ်ရှိဘာသာရေးထုံးတမ်းစနစ်များကို ဖျက်ဆီးမည် (ဗျာ ၁၇ )

က၊ ပြည့်တန်ဆာ၏အကြောင်း (၁၇း၁–၆ ) ( ကက်သလစ်အယူအမျိုးနှင့်ရောထား )

- ၁. မကောင်းမှုဖြင့်ပြည့်ဝနေပုံ (၁၇း၂–၅ )
- ၂. လောကစည်းစိမ်ဥစ္စာများဖြင့် တန်ဆာဆင်ထားပုံ (၁၇း၄ ) (ကက်သလစ် (သကဲ့သို့ )
- ၃. သန့်ရှင်းသူတို့၏ အသွေးများဖြင့် သောက်သုံးယစ်မူးနေပုံ (၁၇း၆ ) (ယုံကြည်သူအများကိုသတ်ခဲ့ဘူးပြီး )

ခ၊ ထိုပြည်တန်ဆာ၏ အနာဂတ် (၁၇း၇–၈ ) (တောင် ၇ လုံး = နိုင်ငံ ၇ ခု )

- ၁. ပထမ၌ ထိုပြည်တန်ဆာသည် အန္တိခရစ်၏ အဖွဲ့ဝင်ဖြစ်မည် (၁၇း၇–၉ )
- ၂. နောက်ဆုံး၌ အန္တိခရစ်က ပြည်တန်ဆာကို ဖျက်ဆီးလိမ့်မည် (၁၇း၁၅–၁၇ ) (အန္တိခရစ်က ပုပ်ဂုဟန်း၏ သာသနာကိုဖျက်ဆီးမည် )

## ၅။ သူသည် ကမ္ဘာပေါ်ရှိ နိုင်ငံရေးနှင့်စီးပွားရေးစနစ်များကို ဖျက်ဆီးခြင်း (၁၈ )

ထိုမြို့ကြီးသည် ထိုစနစ်ဆိုးများ၏ ဗဟိုလ်ပြုရာ ဌါနချုပ်ဖြစ်လာမည်

က၊ မြို့၏ ပုံသဏ္ဌာန်အနေထား

– *ဗာဗုလုန်မြို့ကြီး၊ မြို့စွမ်း – (၁၈း၁၀)* ( ဓမ္မဟောင်းကာလ၌ ပထမ ရုပ်တုကိုကိုးကွယ်ရာမြို့ ( မုန်းစ

မြို့ )နောက်ဆုံးချိန်၌မူ မြို့ကြီးဖြစ်လိမ့်မည်။ ( အီရတ်မှဗာဗုလုန်မဟုတ်ပါ )
( စဉ်းစားစရာမှာ ဖာတီကန်ဖြစ်နိုင်သည် )

ခ၊ ထိုမြို့ကိုအပြစ်တင်ပုံနှင့်ဖျက်ဆီးပုံ (၁၈း၁ ၊၂ ၊ ၅ ၊ ၂၁ ) (၄က် = နတ်ဆိုး )

ဂ၊ ထိုမြို့၏ မကောင်းမှုများ

၁. ဘုရားတရားမဲ့၍ လောကီမကောင်းမှုဖြင့် စီးပွားများဖြင့်ပြည့်နှက်နေခြင်း (၁၈း၃ ၊ ၁၁–၁၇ )
၂. မာနထောင်လွှားရန် ဝါးကြွားခြင်း (၁၈း၇ )
၃. မတရားမေထုန်ဖြင့်ပျော်မွေ့ခြင်း (၁၈း၃ )
၄. နတ်ဆိုးဝါဒနှင့် လွဲမှားသောဘာသာအယူကိုယူခြင်း (၁၈း၂ )
၅. မှူးယစ်ဆေးဝါးရောင်းဝယ်ခြင်း (၁၈း၂၃ ) (မူးယစ်ဆေးဝါး = ဂရိ )
၆. လူအရောင်းအဝယ်ပြုခြင်း (၁၈း၁၃ ) (အလုပ်သမားများ၊ ပြည့်တန်ဆာများ )
၇. သတ်ဖြတ်ခြင်း (၁၈း၂၄ )

ဃ၊ ထိုမြို့ကိုဖျက်ဆီးခြင်း

၁. ဖျက်ဆီးခြင်းသူ = ဘုရားရှင်ကိုယ်တိုင် (၁၈း၈ – ၂၀ )
၂. ဖျက်ဆီးမည့်လက်နက် = အလွန်လျှင်မြန်စွာပျက်ဆီးသည်ဟု ကျမ်းစာကဖော်ပြ၏ (၁၈း၈–၁၀ )
ညူကလီယာလက်နက်ဖြစ်နိုင်သည်။
၃. ဖျက်ဆီးအပြီးတုံ့ပြန်မှုများ
က – လောကီသားများဝမ်းနည်းကြမည် (၁၈း၁၁ ၊၁၉ )
ခ – ကောင်းကင်သားများ ဝမ်းမြောက်ကြမည် (၁၈း၂၀ )

## ၆။ သူသည် သူ၏ရန်သူများကို အာမဂေဒုန်အရပ်၌ ချေမှုန်းတော်မူခြင်း (၁၉ )

က၊ ကောင်းကင်ဘုံမှအောင်ပွဲ (၁၉း၁–၁၀ )

၁. ရက်စက်ကြမ်းကြုပ်သော ပြည့်တန်ဆာမကို ဘုရားရှင်ဒါဏ်ခပ်စီရင်ခြင်းအတွက် ဘုန်းတော်ချီးမွမ်းကြသည် (၁၉း၁–၁၀ )
၂. ဘုရားရှင်၏ သတိုးသမီးကညာ (အသင်းတော် ) မင်္ဂလာဆောင်ပွဲအတွက် ဘုန်းတော်ချီးမွမ်းကြသည်။ (၁၉း၆–၁၀ )

ခ၊ ကမ္ဘာမြေပြင်ပေါ်မှ ဘုရားရှင်အားပုန်ကန်မှု (၁၉း၁၁–၂၁ )

၁. အာမဂေဒုန်စစ်ပွဲ – စာတန်၏စစ်သားများကို အောင်မြင်သည့်စစ်ပွဲ (၁၉း၁၅ ၊ ၁၇–၁၉ )
၂. ဂဟန်္နာ – စာတန်နှင့်နောက်လိုက်များအား မီးထဲထည့်ခြင်း (၁၉း၁၉–၂၀ )

စတုတ္ထပိုင်း

# သိုးသငယ်အုပ်စိုးသည့်ခေတ် တည်ဆောက်ခြင်း ( ဗျာ ၂၀ )

## ၁။ မဟာသံကြိုးကြီး (၂၀း၁–၃ )

– *တဖန်တုံ ကောင်းကင်တမန်သည် အနက်ဆုံးသောတွင်း၏ သော့နှင့်သံကြိုးကိုကိုင်လျက် ကောင်းကင်ကဆင်းသက်သည်ကို ငါမြင်၏။ ရှေးမြွေဟောင်း မာရ်နတ်စာတန်တည်းဟူသော နဂါးကိုကိုင်ဖမ်း၍ အနှစ်တထောင်ဘို့ချည်နှောင်လေ၏ – (၂၀း၁–၂ )*

## ၂။ မဟာအုပ်စိုးမှုကြီး (၂၀း၄–၆ )

က၊ ခက်ခဲကာလချိန် ယုံကြည်မှုအတွက် သေလွန်သူများရှင်ပြန်ကြပုံ (၂၀း၄–၆ )
ခ၊ ယုံကြည်သူများအုပ်ချုပ်ရမည့်ကာလ (၂၀း၄ ၊၆ )

## ၃။ မဟာပုန်ကန်မှုကြီး (၂၀း၇–၁၀ )

က၊ ရန်သူ (၂၀း၇ )
ခ၊ မာနထောင်လွှားခြင်း (၂၀း၈ ) (ယုံကြည်သူများ၏ သားသမီးများလက်ထပ်မယူတော့ပြန် )
ဂ၊ တိုက်ခိုက်ခြင်း (၂၀း၉ )
ဃ၊ ရှုံးနိမ့်ခြင်း (၂၀း၁၀ )

၄။ မဟာပလ္လင်ကြီး

<u>က</u>၊ တရားစီရင်သူ (၂၀း၁၁ )
<u>ခ</u>၊ တရားစီရင်ပုံ (၂၀း၁၂–၁၃ )
<u>ဂ</u>၊ အပြစ်ဒါဏ်စီရင်ပုံ (၂၀း၁၄–၁၅ )

<u>ပဥ္စမပိုင်း</u> **သိုးသငယ်၏**

## သတိုးသမီးသို့ဖိတ်ခေါ်မှု (ဗျာ ၂၁ – ၂၂ )

### ၁။ သတိုးသမီး၏ ဘုံဗိမ္မာန် – အံ့ဩဘွယ်ထူးဆန်းသောမြို့ (၂၁း၁–၂၂း၅ )

– *<u>ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်း ငါမြင်၏၊ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွေ့သွားကြပြီ၊ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ၊ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည်၊ မိမိပွန်းဘို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက် ဘုရားသခင့်အထံတော် ကောင်းကင်မှဆင်းသက်သည်ကို ငါမြင်၏ – (၂၁ း၁–၂)</u>*

<u>က</u>၊ နေထိုင်ခွင့်ရှိသူ (၂၁း၈–၂၇ )
<u>ခ</u>၊ မြို့၏တံတိုင်းနံရံ (၂၁း၁၂ ၊ ၁၄ ၊ ၁၇ ၊ ၁၈ )
<u>ဂ</u>၊ မြို့တံခါး (၂၁း၁၂ ၊ ၁၃ ၊ ၂၁ ၊ ၂၅ )
<u>ဃ</u>၊ မြို့၏ပုံသဏ္ဍာန်အနေထား (၂၁း၁၅–၁၆ )
<u>င</u>၊ မြို့အောက်ခံအုတ်မြစ် (၁၂ထပ် (၂၁း၁၉–၂၀ )
<u>စ</u>၊ လမ်းများ (၂၁း၂၁ )
<u>ဆ</u>၊ အလင်းရောင်ရမှု (၂၁း၂၃ ၊ ၂၂ း၅ )
<u>ဇ</u>၊ မြို့တွင်းရှိမြစ် (၂၂း၁ )
<u>ဈ</u>၊ ထူးဆန်းသောအသစ်သစ်ပင် (၂၂ း၂ )
<u>ည</u>၊ ကမ္ဘာသားများနှင့်ဆက်ဆံမှု (၂၁း၂၄–၂၆ ) (ယုံကြည်သူနိုင်ငံသားအသီးသီး )
<u>ဋ</u>၊ ဝတ်ပြုရာနေရာ (၂၁း၂၂ ) (ဗိမ္မာန်တော်မလို )
<u>ဌ</u>၊ ပလ္လင် (၂၂ း၁ )
<u>ဍ</u>၊ လုပ်ရှားမှုများ ကောင်းကင်ဘုံ၌ ဘာလုပ်ကြမည်နည်း ?
၁. ခရစ်တော်ကိုလေ့လာကြမည် . ၂၂ း၄ (မျက်နှာကိုမြင်ချိန်၌ မေးမြန်းစစ်ဆေးကြမည် )
၂. ခရစ်တော်အတွက်အလုပ်လုပ်ကြမည် (၂၂ း၃ )
၃. ခရစ်တော်နှင့်စိုးစံကြမည် (၂၂း၅ )

### ၂။ သတို့သမီး၏ အိမ်ထောင်ဖက် – သစ္စာရှိသောခင်ပွန်း ( ၂၂း၆–၂၁ )

<u>က</u>၊ သတို့သမီးခံစားရမည့် ကောင်းကြီးမင်္ဂလာ
၁. ခရစ်တော်ထံမှ နှစ်သိမ့်မှုရမည် (၂၂း၁၂ ၊၁၄ ) (သရဖူများ )
၂. ခရစ်တော်၏ အနေထား (၂၂း၁၃ ၊ ၁၆ )
၃. ခရစ်တော်၏ မှာကြားချက် (၂၂ း၁၀ )
၄. ခရစ်တော်၏ ပူပန်မှု
က – သူသည် အသက်စမ်းရေအတွက်ပူပန်ခဲ့၏ (၂၂း၁၇ )
ခ – သူသည် နှုတ်ကပတ်တော် ကျမ်းစာစာစောင်တွက် စိတ်ပူခဲ့သည်။ (၂၂း၁၈–၁၉ )
(၁) ကျွန်ုပ်တို့ စာသားထပ်မဖြည့်နိုင်
(၂) ကျွန်ုပ်တို့ စာသားမထုတ်နှုတ်နိုင်

<u>ခ</u>၊ ကျမ်းရေးသူ၏ မှားယွင်းသောလုပ်ရပ် (၁၉း၁၀ ၊ ၂၂ း၈–၉ ) တမန်တော်ယောဟန်သည် ထိုအံ့ဩဘွယ်ရာကိစ္စများကို တွေ့မြင်ကြားသိဖူးတွေ့ရသည့်အတွက် ပြသသူကောင်းကင်တမန်အား ဝတ်ပြုရှိခိုးမည်ပြုရာ – ကောင်းကင်တမန်က လက်မခံဘဲငြင်းခဲ့ရ၏ ။

– *<u>ငါယောဟန်သည် ဤအရာများကိုကြားမြင်၏။ ကြားမြင်ပြီးလျှင် ထိုအရာများကိုပြသော ကောင်းကင်တ</u>*

*မန်၏ခြေရင်း၌ ကိုးကွယ်အံ့သောငှါ ပြပ်ဝပ်၏။ သူကလည်း မပြုပါနှင့်၊ ငါကား သင်၏ လုပ်ဖော်ဆောင်ဖက်ဖြစ်၏။ သင်၏အကို ပရောဖက်တို့နှင့် ဤစာစောင်၏စကားကို စောင့်ရှောက်သောသူတို့၏ လုပ်ဖော်ဆောင်ဖက်လည်းဖြစ်၏။ ဘုရားသခင်ကို ကိုးကွယ်လော့ဟု ပြောဆို၏ – (၂၂း၈–၉)*